

ဗုဒ္ဓဘာသာဝင် လူငယ်တိုင်း သိသင့်သော

# လူသားစစ်စစ် ဗုဒ္ဓ

ဦးရွှေအောင် (ရုက္ခဗေဒ)

စုစည်းတင်ပြသည်

ပဉ္စမအကြိမ်

မြန်မာမိသားစုဖိုရမ် (http://www.myanmarfamily.org)
မှ တင်ဆက်သည်

# လူသားစစ်စစ်ဗုဒ္ဓ

ဦးငွေအောင် (ရက္ခပေဒ)

*Commercial use of this book is strictly prohibited*

## မြန်မာ e-Book မှတ်တမ်း

Scan ဖတ်သူ

amaung344

PDF ဖန်တီးသူ

amaung344

မြန်မာမိသားစုဖိုရမ် (http://www.myanmarfamily.org) မှ တင်ဆက်သည်

ပထမအကြိမ်

၂၀၀၉ ခုနှစ်၊ ဧပြီလ

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၃၂၀၂၆၆၀၅၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၃၂၀၂၅၉၀၆၀၈ |
| ပုံနှိပ်ထုတ်ဝေခြင်း | ပဥ္စမအကြိမ်၊ ၂၀၀၈၊ မေလ။ |
| ပုံနှိပ်သူ | ဒေါ်အိအိဆွေ၊<br>အောင်ချမ်းသာအော့ဖ်ဆက်<br>၁၃/၂၇၊ ရွှေဝါလမ်း၊<br>မာန်အောင်ရပ်ကွက်၊<br>တာမွေမြို့နယ်၊ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးသစ်လွင်<br>ဂန္ဓါမြိုင်စာပေ<br>အမှတ်၁၁၃/ရွှေပြည်သာလမ်း<br>သာကေတ။ |
| မျက်နှာဖုံးဒီဇိုင်း | ဦးလှထွန်းအောင်<br>(A Group Computer) |
| ကွန်ပျူတာစာစီ | Dream City Computer |
| ဖြန့်ချိရေး | ဦးငွေးအောင်<br>တိုက် ၁၊ အခန်း ၃၀၃၊<br>မြခါညိုအိမ်ယာ (၂)<br>(၈)ရပ်ကွက်၊ သာကေတမြို့နယ်၊<br>ရန်ကုန်တိုင်း။<br>ဖုန်း - ၀၉၅၁၀၂၆၇၅ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | 1200 |




# ပထမအကြိမ် အလှူတော်မင်္ဂလာ

"ဗုဒ္ဓဘာသာဝင်လူငယ်တိုင်း သိသင့်သော လူသားစစ်စစ် ဗုဒ္ဓ" စုပေါင်းအလှူတော် စာအုပ်ကို

၁။ ကမ္ဘာအေး နိုင်ငံတော်သံဃမဟာနာယက အလှည့်ကျ ဆရာတော်ကြီးများ၊

၂။ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊

၃။ သာသနာရေးဝန်ကြီးဌာန ဒု-ဝန်ကြီးနှင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ။

၄။ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ပြည်ပသာသနာပြုဌာနခွဲ၊ သုတေသန စာကြည့်တိုက်။

၅။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် စာကြည့်တိုက်။

၆။ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်နှင့် မန္တလေးမြို့)တို့တွင် စာအုပ်အရေအတွက် (၇၀)အုပ် အား ၁၀-၈-၂၀၀၅ ရက်နေ့က လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။

ရန်ကင်း၊ အ.ထ.က (၁)
ရန်ကင်းလမ်းမ၊ ရန်
ရန်ကုန်မြို့

ဤသို့ လှူဒါန်းနိုင်စေရန် အကူအညီပေးကြသော-

- ဦးလေး ဦးသိမ်းဆောင် (ထွန်းလင်းဆေးခန်း) သာကေတ။
- သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွှန့်၊
- သာသနာရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းရွှေ တို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**အလှူတော်စာအုပ် ဖြစ်မြောက်ပြန့်ပွားရေး**
**အကျိုးတော်ဆောင်များ**

## ဒုတိယအကြိမ်အလှူတော်မင်္ဂလာ

**(၃-၉-၂၀၀၆) တနင်္ဂနွေနေ့** အပြည်ပြည်ဆိုင်ရာ စီးပွားရေး အဆောက်အအုံ (IBC) ၆ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့တွင် "ယဉ်ကျေးလိမ္မာ ဓမ္မရသ ကလေးဂျာနယ်"၏ တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဗိုလ်မှူးမြသန်းစံ (အပ္ပမာဒစာစာဉ်)က စီစဉ်ကျင်းပသည့် **ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ၏** ကလေး အထူးတရားပွဲတွင်ကျွန်တော်များ ပေါင်းစုအလှူတော် စာအုပ် ဖြစ်သော

**"ဗုဒ္ဓဘာသာဝင် လူငယ်တိုင်း သိသင့်သော လူသားစစ်စစ် ဗုဒ္ဓ"** စာအုပ်အား အုပ်ရေပေါင်း **(၇၂၆)** အုပ်ကို၊ တရားပွဲလာ (နောင်တချိန်လူကြီး ဖြစ်လာကြမည့်) အလှူခံ ကလေးငယ်များ အား သွားရောက်လှူဒါန်းခဲ့ကြပါသည်။

ဤအလှူတော် ဖြစ်မြောက်စေရေးအတွက်

- ကလေးအထူးတရားပွဲကို ကမကထပြု စီစဉ်ဆောင် ရွက်သော ဗိုလ်မှူးမြသန်းစံ(အပ္ပမာဒစာစဉ်)အားလည်းကောင်း၊

- တရား အလှူချီးမြှင့်ပေ သည့် ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒအားလည်းကောင်း၊
- တရားအလှူခံ ကလေးငယ်များ အား လည်းကောင်း၊
- တရားအလှူခံကလေးငယ်များအား လှူဒါန်းနိုင်ကြစေရန်၊ ဤတရားအလှူတော်စာအုပ်အား ဝိုင်းဝန်းပံ့ပိုး ကူညီလှူဒါန်းချီးမြှင့်ကြသည့် ဓမ္မမိတ်ဆွေသူတော်ကောင်း အပေါင်းတို့အား လည်းကောင်း၊ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**အလှူတော်စာအုပ် ဖြစ်မြောက်ပြန့်ပွားရေး**
**အကျိုးတော်ဆောင်များ**



## ကန်တော့ခန်း

* ✻ တုနှိုင်းမမှီ၊ အနန္တကျေးဇူးတော်ရှင် ဗုဒ္ဓဘုရားရှင်အား လည်းကောင်း၊
* ✻ (၃၁) ဘုံ သံသရာစက်ရဟတ်ကို ရိုက်ချိုး၊ ပျက်စီးစေ၍ မအို၊ မနာ၊ မသေ ဟူသော ချုပ်ငြိမ်းခြင်း (သို့) အသစ်တစ်ဖန်ပြန်လည် မဖြစ်ခြင်း ဆောင်သည့် အမြိုက်နိဗ္ဗာန်ကို ရရှိခံစားနိုင်စေရန် သွန်သင်ညွှန်ပြအပ်သော တရားတော်မြတ်ကို လည်းကောင်း၊
* ✻ ယင်းတရားတော်မြတ်တို့ကို နှစ်ပေါင်း ၂၅၀၀ ကျော်တိုင်အောင်၊ စဉ်ဆက်မပြတ်၊ အသက်၊ ခန္ဓာတို့ကို ပေးဆက်၍၊ မပျောက်မပျက်၊ မယိုမယွင်း၊ အဖြည့်အစွက်မရှိ ဆင့်ကမ်းသယ်ဆောင်ကာ၊ လူသားအပေါင်းအား ဟောကြား သွန်သင် ဆုံးမတော်မူကြသော၊ ရှေ့ဆက်၍လည်း သယ်ပိုးထမ်းရွက်တော်မူကြမည့် သံဃာတော်အရှင်သူမြတ်တို့အား လည်းကောင်း၊

- ဤဘဝ၊ ဤခန္ဓာ၊ ဤရုပ်၊ ဤနာမ်ကို ကျေးမွေးစောင့်ရှောက်သွန်သင်၊ ညွှန်ပြကြသော မိခင်နှင့်ဖခင်တို့အားလည်းကောင်း၊
- ဘဝတစ်လျှောက် သင်ကြား၊ သွန်သင်ဆုံးမအပ်သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ၊ ဆရာသခင် ကျေးဇူးရှင်အပေါင်းတို့အားလည်းကောင်း၊
- ကာယကံ၊ ဝစီကံ၊ မနောကံ ဤကံ (၃)ပါးတို့ဖြင့် လက်ဆယ်ဖြာယှက်မိုး၍ ရှိခိုးကန်တော့ပါသည်။ အနန္တ ကျေးဇူးရှင် အရှင်သူမြတ်တို့ဘုရား။



## ကျေးဇူးတင်ရှိခြင်း

တကယ်တော့... ခုလို စာအုပ်တစ်အုပ်အဖြစ်ထိ၊ ပြုစုဖို့ မရည်ရွယ်ခဲ့ပါ။ ဦးမောင်မောင်စိုးတင့်ရဲ့ "လူတိုင်းအတွက် ပိဋကတ်သုံးပုံ"စာအုပ်မှာပါတဲ့ တုန့်ိုင်းမမိသော မဟာလူသား မြတ်ဗုဒ္ဓခေါင်းစဉ်အောက်က ဗုဒ္ဓဝင်အကျဉ်းချုပ်ကိုဖတ်ပြီး ကျွန်တော်တို့လို ဗုဒ္ဓဘာသာလူငယ်လေးများအတွက် မြတ်စွာဘုရားရှင်နဲ့ ဆိုင်တဲ့ မှတ်တမ်းပုံစံလေး (အချိန်၊ နေ့၊ ရက်၊ နေရာ၊ အကြောင်းအရာအကျဉ်းချုပ်)ကို Legal Art Paper တစ်ရွက်နှင့် ရေ့နောက်ရိုက်ပြီး ဓမ္မဒါနပြုမယ်လို့ပဲ စိတ်ကူးပေါ်ခဲ့မိပါတယ်။ အဲဒီစိတ်ကူးကို ကျွန်တော့်အစ်ကိုလို ခင်တဲ့ ဆရာ ဦးမြင့်အေး (ရူပဗေဒ)ကို ပြောပြတော့–

"ကိုဌေးအောင်ရယ်၊ စာအုပ်လေး တစ်အုပ်လောက်ဖြစ်တဲ့ အထိ ပြုစုပါလား"လို့ပြောတဲ့စကားက နှလုံးသားထဲ စိမ့်ဝင်စီးဆင်းသွားပါတယ်။

သို့သော်လည်း စာတွေအတော်များများကို အချိန်ပေးဖတ်ရမှာရယ်၊ စာအုပ်တစ်အုပ်အနေနှင့်ကျတော့ တာဝန်ကြီးလေးလွန်းတာရယ်တို့ကြောင့် စိတ်ထဲ မဝံ့ရဲလှပါ။

ဒါနဲ့ နည်းနည်း...နည်းနည်း... စ,ရေးရင်းနဲ့ အကျဉ်းလောက် စရေးဖြစ်ပါတယ်။ အဲသည်နောက် ဖတ်လိုက်၊ မှတ်လိုက် ရေးလိုက်နဲ့ ခုအခြေအနေကို ရောက်ရှိလာရပါတယ်။

ကျွန်တော့်ဆန္ဒက၊ နောင်တစ်ချိန် လူကြီးဖြစ်လာကြမည့် ဗုဒ္ဓဘာသာဝင် လူငယ်လေးများကို

- ဗုဒ္ဓဖြစ်စဉ်အခြေခံ အကြောင်းအရာလေးများ သိစေချင်တာရယ်၊
- မြတ်စွာဘုရားရှင်ဆိုတာ ဒဏ္ဍာရီ မဟုတ်ဘူးဆိုတာ အသိရှင်းအောင် သက်သေသက္ခာယနှင့် တင်ပြချင်တဲ့စေကနာရယ်တို့ကြောင့်၊ ဆက်လက်ရေးသား ပြုစုခြင်း အဆုံးသို့တိုင်အောင် ရောက်ရှိခဲ့ရပါတယ်။

ဤစာအုပ်ဖြစ်မြောက်စေဖို့အတွက်–

အကြံဉာဏ်များပေးခြင်း၊ စာအုပ်စာတမ်းများ ညွှန်ပြငှာရမ်းပေးခြင်း၊ ငွေအင်အား၊ စေတနာအင်အားများ ထောက်ပံ့အကူအညီပေးခြင်းပြုကြသော–

ဆရာ ဦးမြင့်အေး (ရူပဗေဒ)၊

ဆရာဦးမျိုးဇော် (သင်္ချာ)၊

ကိုမျိုးမြင့် (မြင့်မေတ္တာ)နှင့် ပုံနှိပ်စက်အဖွဲ့သားများ၊

ညီမဒေါ်မာမာခိုင်၊

ဗုဒ္ဓဂယာမှတ်တမ်းဝင် ဓာတ်ပုံများကို အသုံးပြုခွင့်ပေးသော အစ်ကိုကြီး ဦးခင်မောင်ဌေး (ဒုတိယညွှန်ကြားရေးမှူး၊ နယ်စပ်စည်ပင်)၊



သမိုင်းမှတ်တမ်းဝင် ဓာတ်ပုံများကို လွဲမှားမှု မရှိစေရန် စိစစ်ပေးသည့်အပြင်၊ လိုအပ်သော မှတ်တမ်းဓာတ်ပုံများကိုပါ ပံ့ပိုးအကူအညီပေးသော ဓာတ်ပုံပညာရှင်အစ်ကိုကြီး ကိုသန်းဇော်နှင့်၊

ဓမ္မဒါန အလှူရှင်အသီးသီးတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း နှလုံးသားထက်၌ ကမ္ပည်းမှတ်တမ်း တင်အပ်ပါတယ်။

ဓမ္မမိတ်ဆွေ သူတော်ကောင်းအပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ။

အမျိုးဘာသာ၊ သာသနာအကျိုးကိုလည်း ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေ။

**ဦးဌေးအောင် (ရက္ခဗေဒ)**

## ဝန်ခံချက်

- ဤစာမူသည် စာတတ်အကျော်အမော် ဆရာတော်ကြီးများ၊ စာပေပညာရှင်ကြီးများ၏ အသီးသီးသော ရေးသားဖော်ပြချက်တို့ကို ဖတ်၊ မှတ်၍ စုစည်းတင်ပြခြင်းသာ ဖြစ်ပါသည်။
- ယင်းသို့ တင်ပြရာတွင် ချွတ်ချော်၊ တိမ်းမှားမှုများ ရှိပါက ကျွန်တော့်တွင်သာ တာဝန်ရှိပါသည်။

ဤနေရာမှ တောင်းပန်လိုသည်မှာ–

- ဗုဒ္ဓဘာသာဝင် တစ်ဦးအနေဖြင့် သိသင့်သော၊ သိထိုက်သော၊ လိုက်နာသင့်သော၊ လိုက်နာထိုက်သော အကြောင်းအရာတို့ကို ဗုဒ္ဓဘာသာဝင်လူငယ်လေးများအား သိစေချင်သော စေတနာသန့်သန့်ဖြင့် တင်ပြချင်သောဆန္ဒ အလွန်အမင်းဖြစ်ပေါ်လာပါသောကြောင့် စာပေပညာရှင်ကြီးများ၏ စာပေများမှ၊ ကောက်နုတ်



ဖော်ပြမှုတို့ကို မေတ္တာတော်ရှေ့ထား၍ ခွင့်လွှတ်တော်၊ ခွင့်ပြုတော်မူကြပါရန် ရိုသေလေးစားစွာ လျှောက်ထား တောင်းပန်အပ်ပါသည်။

- ပညာရှင်ကြီးများ၏ အကြံဉာဏ်ပေးမှု၊ ဝေဖန်ထောက်ပြမှုတို့ကို လိုလားနှစ်ခြိုက်စွာ နာခံ၊ လိုက်နာပါမည့် အကြောင်းနှင့်၊
- စာတစ်လုံး၊ စာတစ်ကြောင်းမျှ ရရှိစေသော ဗဟုသုတ အတွက်ပင်လျှင် ဆရာတစ်ဆူအဖြစ် မှတ်ယူ၍၊
- ဆရာသခင်တို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ သိက္ခာဂုဏ်တို့အား ကာယကံ၊ ဝစီကံ၊ မနောကံ ဤကံသုံးပါးတို့ဖြင့် အလေးအမြတ်ထား၍ ရှိခိုးကန်တော့အပ်ပါသည်ခင်ဗျား။

**စာရေးသူ**

## ရည်ရွယ်ချက်

ဤစာမူပြုစုရခြင်းမှာ မြတ်စွာဘုရားရှင်သည်

- လူသားစစ်စစ်ဖြစ်ကြောင်း၊
- အိပ်မက်ဆန်သော၊ ယုတ္တိမတန်သော သမိုင်းဖြစ်စဉ် မဟုတ်ကြောင်း၊ ယနေ့ ဗုဒ္ဓဘာသာဝင်လူငယ်များ သိ၊ ရှိ၊ ခံစား နားလည်နိုင်ကြစေရန် ရည်သန်ပါသည်။
- သမိုင်းဝင်ဓာတ်ပုံများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြရခြင်းသည်လည်း၊
- မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ပြုခဲ့ပြီးသည့် နှစ်ပေါင်း ၂၅၀၀ ကျော်သည့်တိုင်အောင် ယနေ့အချိန်ထိ မြတ်စွာဘုရားရှင်၏
- ဖွားရာနေရာ၊
- တရားကျင့်တော်မူရာနေရာ၊
- သဗ္ဗညုတဘုရားအဖြစ် ဉာဏ်တော်ရရှိရာနေရာ၊



- တရားဒေသနာများ ဖြန့်ချိရာ ဒေသစာရီနေရာများနှင့်
- ပရိနိဗ္ဗာန်ပြုသော နေရာတို့သည် ရုပ်ဝတ္ထုသမိုင်းသက်သေများဖြစ်ကြပြီး၊ ခေတ်အဆက်ဆက်မှ ရှေးဟောင်းသုတေသနပညာရှင်များနှင့် ဗုဒ္ဓဘာသာဝင် သူတော်စင် အသီးသီးတို့၏ ကြိုးပမ်း အားထုတ်မှုကြောင့် အထင်အရှား ဖူးတွေ့နေရခြင်းသည် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များအဖို့ အားတက်စရာ၊ ကြည်နူးစရာ၊ဝမ်းမြောက်ဂုဏ်ယူစရာအတိ ဖြစ်ကြရပါသည်။ သည့်အတွက်ကြောင့်–
- ဗုဒ္ဓဘာသာဝင် လူငယ်အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာအပေါ် ယုံကြည်မှု၊ ကြည်ညိုမှု၊ သဒ္ဓါမှုများ ပိုမိုတိုးလာကြစေရန်နှင့်၊
- ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန် ဗဟုသုတများတိုးပွားနိုင်ကြစေရန် ဤစာမူကို ပြုစုရခြင်း ဖြစ်ပါသည်။

**(စာရေးသူ)**

## သစ္စာစကား

ဤစာမူထုတ်ဝေရာတွင်

- **အမြတ်အစွန်း တစ်ပြားတစ်ချပ်မှ မရယူပါဟု သစ္စာဓိဋ္ဌာန် ပြုပါသည်။**

ဤသစ္စာမှန်ကန်ပါက ဤစာအုပ်ငယ်သည်

- ဗုဒ္ဓဘာသာဝင် လူငယ်အပေါင်းတို့၏လက်ဝယ်သို့ ပျံ့နှံ့ရောက်ရှိ၍ ဖတ်၊ သိ၊ ကြည်ညိုနိုင်ကြပါစေ။
- ရှေ့ဆက်၍ မြတ်စွာဘုရားဟောတော်မူသော ဒေသနာတော်များကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာနိုင်ကြပါစေ။
- ယခု ပစ္စက္ခဘဝမှာပင် နိဗ္ဗာန်ရောက်ကြောင်း တရားကျင့်စဉ်များကို ကျင့်ကြံအားထုတ်နိုင်ကြ၍၊ သစ္စာတရားကို ထိုးထွင်းသိမြင်ကြကာ မြတ်ဗုဒ္ဓသာသနာကို ဆထက်ထမ်းပိုး ပြန့်ပွားအောင် သာသနာပြုနိုင်ကြ



ပါစေသား အရှင်မြတ်ဘုရား။

ဤစာအုပ်သည် ကျွန်တော်နှင့်တကွ (စွန့်လွှတ်ခြင်း) ဝါသနာတူ **ဓမ္မမိတ်ဆွေများ၏ ပေါင်းစုအလှူဖြစ်ပါသည်။**

ဤသို့လှူရာတွင် ကျေးဇူးရှင်သီတဂူဆရာတော် **အရှင်ဉာဏိဿရ** ၏ ဒါနနှင့်ဆိုင်သော ဆုံးမစကားကို မှတ်သားရသည်မှာ–

**"အတ္တသမ္ဘတ္တိနံ ပရေဟိ သာဓာရဏာ ဘာဝဿ အသဟနရသံ"**

**အတ္တသမ္ပတ္တိနံ၊** မိမိပိုင်တာတွေကို။ **ပရေဟိ၊** သူတစ်ပါးတို့နှင့်။ **သာဓာရဏဘာဝဿ၊** ဆက်ဆံသည်ဖြစ်၏အဖြစ်ကို။ **အသဟနရသံ၊** သည်းမခံနိုင်ဘူးဆိုတဲ့ ကိစ္စရှိနေတာကို။ **မစ္ဆရိယံ၊** မစ္ဆရိယဟူ၍။ **ဒဋ္ဌဗ္ဗံ၊** မှတ်ပါ။

(၁) **မစ္ဆရိယ**ဆိုတာ မိမိပိုင်သည်ကို သိုဝှက်ခြင်း သဘောရှိ၏။

(၂) **မစ္ဆရိယ**ဆိုတာ မိမိပိုင်သည်ကို သူတစ်ပါးတို့နှင့် ဆက်သွယ်တဲ့နေရာသည် သည်းမခံဘူးဆိုတဲ့ ကိစ္စကို လုပ်၏။

အဲဒီမစ္ဆရိယဖြစ်တော့ ထိုမစ္ဆရိယသမားမှာ ဘယ်လိုထင်ရှားသလဲ၊ ထိုမစ္ဆရိယရှိတဲ့လူကို ထင်ရှားအောင် ဘယ်လို ကြည့်ရမလဲဆိုတော့–

(၃) **သင်္ကောစန ပစ္စုပဋ္ဌာနံ။။**

ကြည့်လိုက်ပါတဲ့။ တီကောင်ကို ဆားနဲ့တို့လိုက်သလို

ထိုသူ ဖြစ်နေတယ်။ အလှူခံဗျို့ဆိုလို့ရှိရင် နှုတ်ခမ်းကလေးက တွန့်သွားတယ်။ နှာခေါင်းကလေးက တွန့်သွားတယ်။ မျက်လုံးကလေးက အသာကလေး တွန့်သွားတယ်။ ပါးကလေးက ရှုံ့သွားတယ်။ အလှူခံဗျို့ဆိုတာနဲ့ကို တွန့်လိမ်ပြီးတော့ ထွက်သွားတာပဲ။ တီကောင်ကို ဆားနဲ့တို့လိုက်သလိုပါပဲတဲ့။

အဲဒါ စေတသိက်တွေ တွန့်သွားတဲ့အတွက်ကြောင့် ရုပ်ကြီးပါ တွန့်သွားတာ ဟုတ်လား။ စိတ်တွေ စေတသိက်တွေ တွန့်ဆုတ်သွားတဲ့အတွက်ကြောင့် ရုပ်လဲပဲ တွန့်ဆုတ်ပါတယ်။ တကယ် ပြောတာကတော့ စိတ်စေတသိက်တို့၏ တွန့်ဆုတ်ခြင်းကို ပြောတာပါ။ ဒါပေမဲ့ အလှူခံဗျို့ဆိုရင် ပါးစပ်ရှုံ့သွားတာတွေ ရှိတယ်နော်၊ အဲဒါကြောင့် **သင်္ကောစန ပစ္စုပဋ္ဌာန်၊** မစ္ဆရိယသမားမှာ ဘယ် သဘော ထင်ရှားနေသလဲ၊ တီကောင်ကို ဆားနဲ့တို့သလို တွန့် လိမ်နေတဲ့သဘော ထင်ရှားပါတယ်။ အေး **မစ္ဆရိယ**ဆိုတာ ဒီလိုလာတယ်။

**(အရှင်ဉာဏိဿရ၊ ဗုဒ္ဓဝါဒ အခြေခံသဘောတရားများ–၁၈၇)**

မဟာဗောဓိမြိုင်ဆရာတော် **ဝနဝါသီဆေယျာဓမ္မသာမိထေရ်**၏ ဒါနဆိုင်ရာ **ဆုံးမစကား**ကိုလည်း ဤသို့ မှတ်သား နာယူရပါသည်။

- * ကိုယ်မြတ်နိုးတဲ့ပစ္စည်း သူတစ်ပါးပေးမယ်လို့ ကြံစည်ရမှာ အလွန်ခက်လှသတဲ့။
- * ကြံစည်ပြီးနောက် ပေးပါမယ်လို့ ထုတ်ပြောရမှာ



သန်လျက်မျိုပြောရတာထက် ခက်သတဲ့။

- * ပြောပြီးနောက် ကြိုက်ပစ္စည်း လွှတ်လွှတ် စွန့်ကြဲဖို့ကလည်း အတော်ပဲ ခဲယဉ်းလှသတဲ့။
- * စွန့်လွှတ်ပြီးနောက် တွေးမိတိုင်း ပူပန်စိတ်မဖြစ်ဖို့ကသာ၍ ခဲယဉ်းလှသတဲ့။

အထက်ပါ လေးချက်တို့ကို ထောက်ဆလျှင် ဒါနတစ်ခု ပြုခဲ့ဖို့ အင်မတန်ခက်လှပါတယ်။

**(မဟာဗောဓိမြိုင်ဆရာတော်၊ မင်္ဂလာ တရားကထာ –၇၉)**

ဤသို့သော ဒါနဆိုင်ရာအဆုံးအမပြုသည့် ဆရာတော်ကြီးနှစ်ပါးတို့၏ ဩဝါဒကို နှလုံးသည်းပွတ်တွင် သန္နေတည်လျက်။

ကျွန်တော် စာရေးသူနှင့် စပ်သမျှသော ဓမ္မမိတ်ဆွေအပေါင်းတို့၏ ယခုဓမ္မအလှူသည်။

- * **မိမိတို့ ရှာသမျှသော ငွေကြေးအပေါ် တွန့်တိုခြင်းကင်းသော (မစ္ဆရိယကင်းသော)အလှူတော်၊**
- * **မိမိကိုယ်ကျိုးကို လုံးဝစွန့်လွှတ်၍ အများအကျိုးကိုသာ သယ်ပိုးဆောင်ရွက်သော အလှူတော်ဖြစ်ပါသည်။**

သို့ပါသော်လည်း မေးစရာမေးခွန်းတစ်ခု ရှိနေပါသည်။

**ဓမ္မဒါနပြုပါသည် ဆိုပါလျက် ဘယ့်အတွက်ကြောင့် ဤစာအုပ်ကို (အမြတ်အစွန်း လုံးဝမယူသော်လည်း) ငွေကြေးနဲ့ ရောင်းရသလဲ?**

- – ကျွန်တော်ဖြေပါမည်။
- – ကျွန်ုပ်တော်အပါအဝင် ဓမ္မအလှူရှင်များ၏ အလှူငွေများ

နှင့် စာအုပ်တစ်ထောင်ရိုက်လိုက်ပါပြီ။

- ရရှိသော အုပ်တစ်ထောင်ကို နေရာဌာန အသီးသီးသို့ အကုန်လှူလိုက်ပါပြီ။
- သည့်နောက်ပိုင်းတွင်
- နောက်ထပ် ထပ်လှူနိုင်ရန် စာအုပ်ရိုက်ဖို့ငွေလိုလာမည့် ပြဿနာက အသင့်စောင့်ကြိုနေပါသည်။
- ကျွန်တော်က ဒီစာအုပ်လေးကို ဗုဒ္ဓဘာသာဝင် လူငယ်လေးများ လက်ဝယ်သို့ တွင်တွင်ကျယ်ကျယ် ပျံ့နှံ့ရောက်ရှိ စေချင်ပါသည်။ (ဗုဒ္ဓဘာသာ အမည်ခံပါလျှက် ကိုယ့် ဗုဒ္ဓမြတ်စွာအကြောင်း အလုံးစုံမသိတောင်၊ သိသင့်သလောက်တော့ သိထားစေချင်သည့် စေတနာကြောင့်ပါ။)
- တစ်ခါရိုက်ပြီးတာနှင့် ရပ်တန့်ရခြင်းအဖြစ်နှင့် နိဂုံးမချုပ်လိုက်ချင်ပါ။
- **သို့အတွက် ကျွန်တော်တို့ဘက်မှ အမြတ်အစွန်းငါးပြား တစ်စေ့မယူဘဲ (ဖြန့်ချိရေးစာအုပ်ဆိုင်အတွက်တော့ သူတို့ သတ်မှတ်သော ဖြန့်ချိရေးစရိတ်ပေးရပါမည်။)** ၊ ပြန်လည် ရောင်း၍ရသော **ငွေနှင့်၊ လိုရင်လည်း ထပ်မံ ဖြည့်စွက်၍ ထပ်မံပေးလှူဖို့ကိုသာ ရည်ရွယ်ချက်ထားရှိပါသည်။**
- အဆုံးစွန်၊ နောက်တစ်ကြိမ် နောက်တစ်ကြိမ်တို့တွင် စာအုပ်ဖြစ်ပေါ်လာခြင်းနှင့် ကျွန်တော်သေဆုံးခြင်း



အကြား၊ ကျွန်တော်သေဆုံးခြင်းက စောလျှင်-

- စာအုပ်ရောင်းချခြင်းနှင့် စပ်ဆိုင်သမျှ ဓမ္မငွေကြေးများအားလုံးကို **(ငါးပြားတစ်စေ့မကျန်)**၊ တရားနှင့်ဆိုင်ရာ အလှူခံဌာနဆီသို့ ဓမ္မဒါနအလှူရှင်များ၏ အလှူအဖြစ်ပေးပို့ လှူပေးဖို့ ကျွန်တော့်အိမ်သူ အိမ်သားများအား မှာကြားထားပြီး ဖြစ်ပါသည်။
- သည့်အတွက် ဤဓမ္မစာအုပ်ကို ဝယ်ယူဖတ်ရှုသူများသည်လည်း ဤဓမ္မနှင့်ဆိုင်သော အလှူရှင်ပင်ဖြစ်ကြောင်း နားလည်စေချင်ပါသည်။
- သည့်အတွက်ကြောင့်၊
- ဗုဒ္ဓဘာသာဝင် လူငယ်အများ၏ လက်ဝယ်သို့ ဈေးနှုန်းသက်သက်သာသာနှင့် ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ရောက်ရှိနိုင်စေရန် ရည်သန်၍ စာအုပ်၏ ကုန်ကျငွေအတိုင်း ရောင်းရခြင်း ဖြစ်ပါကြောင်းကို ကျေးဇူးရှင်စာဖတ်ပရိသတ်အပေါင်းအား လေးစားစွာတင်ပြအပ်ပါသည်။

**ဓမ္မမိတ်ဆွေ သူတော်ကောင်းအပေါင်း။**
**ကိုယ် စိတ် နှစ်ဖြာ ကျန်းမာ ချမ်းသာ ကြပါစေ။**

**စာရေးသူ**

## ကမ္ဘာ ၆ မျိုး

ဘုရားပွင့်မှု၊ မပွင့်မှုနှင့်စပ်လျဉ်း၍ ကမ္ဘာအမျိုးအစား ၆ မျိုးရှိသည်။

၁။ **သုညကမ္ဘာ** – သဗ္ဗညုဘုရားရှင် **လုံးဝပေါ်ထွန်းမှု မရှိသောကမ္ဘာ။**

၂။ **သာရကမ္ဘာ** – သဗ္ဗညုဘုရားရှင် **တစ်ဆူ**ပွင့်သည့် ကမ္ဘာ။

၃။ **မဏ္ဍကမ္ဘာ** – သဗ္ဗညုဘုရားရှင် **နှစ်ဆူ**ပွင့်သည့် ကမ္ဘာ။

၄။ **ဝရကမ္ဘာ** – သဗ္ဗညုဘုရားရှင် **သုံးဆူ**ပွင့်သည့် ကမ္ဘာ။

၅။ **သာရမဏ္ဍကမ္ဘာ**–သဗ္ဗညုဘုရားရှင် **လေးဆူ**ပွင့်သည့် ကမ္ဘာ၊

၆။ **ဘဒ္ဒကမ္ဘာ** – သဗ္ဗညုဘုရားရှင် **ငါးဆူ**ပွင့်တော်မူသည့် ကမ္ဘာ။

(ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ ပထမတွဲ–၂၅၀)

ယခု ကျွန်ုပ်တို့ သံသရာလည်နေအပ်သော ကမ္ဘာသည် **ဘဒ္ဒကမ္ဘာ**မည်ပေ၏။ အဘယ်ကြောင့်ဆိုမူ **သဗ္ဗညုဘုရားရှင်ငါးဆူ** ပွင့်တော်မူမည် ဖြစ်သောကြောင့်တည်း။

ပွင့်ပြီးသော သဗ္ဗညူဘုရားရှင်ကား (၄) ဆူရှိချေပြီ။

**၁။ ကကုသန်**

**၂။ ကောဏဂုဏ်**

**၃။ ကဿပ**

**၄။ ဂေါတမ**

နောင်ပွင့်မည့် သဗ္ဗညူဘုရားရှင်ကား ငါးဆူမြောက် (နောက်ဆုံး)ဖြစ်သော **အရိမေတ္တယျဘုရားရှင်** ဖြစ်ပါသည်။

ယခု ကျွန်တော်တင်ပြလိုသော သဗ္ဗညုဘုရားရှင်သည် ၃၁ ဘုံသားများဖြစ်ကြသော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွား အလို့ငှာ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ပို့ဆောင်ပေးနိုင်စေရန် လူသားစစ်စစ်ဘဝဖြင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ကိုယ်ကျိုးစွန့်အနစ်နာခံ၍ အများအကျိုးအတွက် ပါရမီတော်များ ဖြည့်ဆည်း ကျင့်ကြံ အားထုတ်တော်မူ၍ သဗ္ဗညုတဉာဏ်တော်ကို ရရှိခဲ့သည့် **"ဂေါတမသဗ္ဗညုဘုရားရှင်"** ဖြစ်ပါသည်။

**(စာရေးသူ)**



ဘုရားအလောင်းတော်သည် လူသားတစ်ဦးအနေဖြင့် မိမိ၏ဖွဲလုံ့လ၊ ဉာဏ်ပညာနှင့် မေတ္တာစေတ်တို့အားဖြင့် အမြင့်မြတ်ဆုံး၊ အပြစ်ကင်းဆုံးဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာ ဘုရားအဖြစ်ကို ရတော်မူသည်။

သို့ဖြင့် မြတ်စွာဘုရားရှင်က လမ်းဖြောင့်၊ လမ်းမှန်ဖြင့်သာ ဤကဲ့သို့သော မြင့်မြတ်သည့်အဖြစ်ကို ရရှိနိုင်သည်ဟု ပြသခဲ့ပေသည်။

ဗုဒ္ဓဘာသာ၏ ထူးခြားသောအင်္ဂါရပ် တစ်ခုမှာ မည်သူမဆို လိုအပ်သောလုံ့လဝီရိယ၊ သို့မဟုတ် အားထုတ်မှုရှိမည်ဆိုပါက ဘုရားအဖြစ်ကိုပင် ရည်မှန်းနိုင်ခြင်းဖြစ်ပေသည်။ ယင်းသည် ဆင့်ကဲဖြစ်စဉ် သဘောမျိုးသာဖြစ်သောကြောင့် မိမိ၏လုံ့လဝီရိယဖြင့် ရယူနိုင်စွမ်းရှိသည်။

**(အရှင်သေဋ္ဌိလ၊ ဗုဒ္ဓဘာသာဝင်လက်စွဲ -၂၃)**

ဗုဒ္ဓမြတ်စွာဘုရားသည် လူသားတို့၏ အကျိုးငှာ၊ စကြဝဠာကြီး၏ သဘာဝ၊ ၎င်း၏ဖြစ်ပေါ်လာပုံနှင့် ပျက်စီးပုံတို့အပြင် ဒုက္ခခပ်သိမ်းတို့ဖြစ်စေခြင်း၏ အကြောင်း၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအကြောင်းတို့ကို ကိုယ်တော်တိုင် ရှာဖွေတွေ့ရှိခဲ့ပေသည်။ ထိုမြတ်စွာဘုရားသည် မိမိကဲ့သို့ပင် သူတစ်ပါးတို့လည်း ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် အမှန်တရားကို တွေ့ရှိကြစေရန် ရည်သန်လျက် မိမိကိုယ်တိုင် မည်ကဲ့သို့ သုတေသနပြုလုပ်ခဲ့သည်တို့ကို ထုတ်ဖော်ပြောကြားခဲ့သည်။

(အရှင်သေဋ္ဌိလ ဗုဒ္ဓဘာသာဝင်လက်စွဲ-၂၅)



## နတ်သုံးမျိုး

နတ်သုံးမျိုးဟူသည်-

(က) **သမ္မုတိဒေဝ** – လူအများခေါ်ဝေါ်သမုတ်ကြသော ရှင်ဘုရင်၊ သားတော်စသည်တို့သည် **သမ္မုတိနတ်** ဖြစ်ကုန်၏။

(ခ) **ဥပပတ္တိဒေဝ** – အထက်ကောင်းကင် ကာမာဝစရ နတ်ပြည် ဗြဟ္မာပြည်တို့၌ ဖြစ်ကုန်သော နတ်ဗြဟ္မာတို့သည် **ဥပပတ္တိနတ်** ဖြစ်ကုန်၏။

(ဂ) **ဝိသုဒ္ဓိဒေဝ**– ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ကဲ့သို့ ကိလေသာအာသဝေါကုန်ခမ်း စင်ကြယ်၍၊ မဂ်ဖိုလ်ကိုရသောသူတို့သည် **ဝိသုဒ္ဓိနတ်** ဖြစ်ကုန်၏။

ထိုပြဆိုခဲ့ပြီးသော နတ်အပေါင်းတို့တွင် ကျွန်ုပ်တို့၏ဗုဒ္ဓရှင်တော်ဘုရားသည် အကြီးဆုံး၊ အမြင့်မြတ်ဆုံး **နတ်ထက်နတ်ဖြစ်သော ဒေဝါတိဒေဝနတ်** ဖြစ်တော်မူ၏။

(မှော်ဇရီယဦးဌေးလှိုင်)
(အိတာလျံဘုန်းတော်ကြီး ဦးလောကနာထ၏ ကမ္ဘာလှည့်တရား-၃၀၅)

## အနိုင်းမဲ့ ကျေးဇူးရှင်

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် **"လောက၏အနိုင်းမဲ့ ကျေးဇူးရှင်"** ဖြစ်၏။ သုမေဓာရှင်ရသေ့ဘဝမှစ၍ သိဒ္ဓတ္ထမင်းသား ဘဝတိုင်အောင် နှစ်ပေါင်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး လောက၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရေးအတွက် ဘုရားဖြစ်ရန် ဟူသော ရည်ရွယ်ချက်မှတစ်ပါး အခြား ဘာကိုမျှမမျှော်လင့်ဘဲ လောကအပေါ် ကြင်နာသော စိတ်ထားသက်သက်ဖြင့် အနစ်နာခံခဲ့၏။ အမှန်အားဖြင့် အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မမေ့ကောင်းသော **"အနိုင်းမဲ့ ကျေးဇူးရှင်"** ဖြစ်၏။

(ဦးရွှေအောင်၊ ဗုဒ္ဓလောကသားတို့၏ အနိုင်းမဲ့ ကျေးဇူးရှင်-၃၅)



## ဗုဒ္ဓဟူသည်

ဗုဒ္ဓဆိုတာ မြန်မာလိုတော့ **သိသောသူ**လို့ ဆိုလိုပါတယ်။

သိတယ်ဆိုတာ ဘယ်သူပဲဖြစ်ဖြစ် သိတန်သလောက် တော့သိကြတာပါပဲ။ နို့ပေမယ့် လူတိုင်းသိတဲ့ အသိနဲ့၊ ဗုဒ္ဓရဲ့အသိနဲ့ကတော့ မတူပါဘူး၊ လူတိုင်းသိတယ်ဆိုတာက အပေါ်ယံကလေးမျှကိုသာ လျှံပြီးသိကြတယ်။ ဗုဒ္ဓကတော့ နက်နက်နဲနဲ ဝေခွဲပြီး သိတော်မူတယ်။ ဗုဒ္ဓက ဘာတွေများ နက်နက်နဲနဲ ဝေခွဲပြီး သိတော်မူသလဲဆိုတော့၊

**အမှန်တရားလေးပါးကို နက်နက်နဲနဲဝေခွဲပြီး သိတော်မူတယ်။**

ဘယ်လို အမှန်တရားတွေကို သိတော်မူတာလည်း ဆိုလျှင်–

**(၁) ဆင်းရဲခြင်း အမှန်ဆိုတာကို သိတော်မူတယ်။**

**(၂) ဆင်းရဲခြင်းရဲ့ အကြောင်းတရားကို သိတော်မူတယ်။**

**(၃) ဆင်းရဲခြင်းရဲ့ ငြိမ်းအေးရာကို သိတော်မူတယ်။**

**(၄) ဆင်းရဲခြင်းကင်းအောင်လုပ်နည်းကို သိတော်မူတယ်။**

ဒီအမှန်တရားလေးပါးကို ပိုင်းခြားထိုးထွင်းပြီး သိတော်မူတဲ့အတွက် **ဗုဒ္ဓ**လို့ခေါ်ကြတယ်။ ဤ**ဗုဒ္ဓ** ဆိုတဲ့ ဘုရားဟာ နတ်ဘုရားလား၊ လူဘုရားလား မေးခဲ့လျှင် နတ်ဘုရားမဟုတ်၊ **လူသားစစ်စစ်ဘုရားပဲ** ဖြစ်ပါတယ်။

(ထီးချိုင့်မြို့၊ တည်တောဆရာတော် သဗ္ဗဝါအစပြစ်ပုံ၊ ဗုဒ္ဓဘာသာဟူသည်၊ အရိယာဟူသည် – ၁၂၀)



**ဗုဒ္ဓ**သည် အမျိုးအားဖြင့် မင်းမျိုး၊
ဇာတ်အားဖြင့် **သာကီဝင်**၊
အနွယ်အားဖြင့် **ဂေါတမ**၊
လူအမည်အားဖြင့် **သိဒ္ဓတ္ထ**၊

ဗုဒ္ဓရဲ့ဘွဲ့တော်က အနွယ်ကိုအစွဲပြုပြီး **ဂေါတမလို့** အမည် တွင်၏။

လောကအားလုံးရဲ့ အကျိုးအားလုံးကို ပြီးစီးစေနိုင်လို့ **သိဒ္ဓတ္ထ**လို့ အမည်တွင်ပေသည်။

(သာမဏေကျော် လူငယ်တို့အတွက် ဗုဒ္ဓအကြောင်း–၄)

## နိယတဗျာဒိတ် ခံယူထိုက်သော အင်္ဂါ ၈ ပါး

(၁) လူသားစင်စစ်ဖြစ်ခြင်း၊
(၂) ယောကျ်ားစင်စစ်ဖြစ်ခြင်း၊
(၃) ထိုဘဝမှာပင် ရဟန္တာအဖြစ်သို့ ရောက်ရှိနိုင်သော ပါရမီကုသိုလ်ထူးနှင့် ပြည့်စုံခြင်း၊
(၄) သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း၊
(၅) ရသေ့/ရဟန်းဖြစ်ခြင်း၊
(၆) အဘိညာဉ် သမာပတ်နှင့် ပြည့်စုံခြင်း၊
(၇) လူသာမန်တို့ ပြုနိုင်ခဲသော ပါရမီကုသိုလ်အထူးကို ပြုလုပ်နိုင်ခြင်း၊
(၈) ဘုရားအဖြစ်ကို ရရှိရန် ဆန္ဒအလွန်ပြင်းပြခြင်း။

- လူသားစစ်စစ်ဖြစ်မှသာ **နိယတဗျာဒိတ်**ကို ခံယူနိုင်သည်။
- နဂါး၊ ဂဠုန်၊ နတ်၊ ဗြဟ္မာဘဝ၌ **နိယတဗျာဒိတ်**ကို မခံယူထိုက်။
- အကြောင်းမှာ လူ့ပြည်၊ လူ့ရွာ၌သာလျှင် ပါရမီတော် ၁၀ ပါး၊ အပြား ၃၀ ကို စေ့စေ့ငငပြည့်ပြည့်ဝဝ ဖြည့်ကျင့်နိုင်ခွင့်ရှိသည်။

**(ဗုဒ္ဓဘာသာ လက်စွဲကျမ်း၊ ပထမတွဲ - ၂၅၅)**



## ဘုရားရှင်တို့၏ ဖြည့်ဆည်းရသည့် ပါရမီကာလများ

(က) **ပညာဓိကဘုရားလောင်း** - ပညာပါရမီကြီးရင့်၍ **လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း** ပါရမီဖြည့်ရသည်။
(ခ) **သဒ္ဓါဓိကဘုရားလောင်း** - သဒ္ဓါတရားလွန်ကဲ၍ ပညာပါရမီအားနည်းသောကြောင့် **ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း** ပါရမီဖြည့်ရသည်။
(ဂ) **ဝီရိယာဓိကဘုရားလောင်း** - လုံ့လ၊ ဝီရိယ အားကြီး၍ သဒ္ဓါနှင့်ပညာပါရမီအားနည်းသောကြောင့် **၁၆ သင်္ချေနှင့် ကမ္ဘာတစ်သိန်း**ပါရမီဖြည့်ကျင့်ရသည်။

**(ဗုဒ္ဓဘာသာလက်စွဲကျမ်း ပထမတွဲ - ၂၅၄)**

**၁။ ဘုရားအလောင်းတော်** – သုမေဓာရသေ့

**၂။ ဘုရားဆုပန်ခြင်းကို ဗျာဒိတ်ပေးသောဘုရား** – ဒီပင်္ကရာဘုရား

**၃။ ဗျာဒိတ်ပေးရာအရပ်** – ရမ္မာဝတီပြည်

**၄။ ပါရမီဖြည့်ရသည့် အချိန်ကာလ (ကမ္ဘာပေါင်း)**
– လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း

မှတ်ချက်။ ။ တစ်သင်္ချေမှာ တစ်နောက်က သုညပေါင်း (၁၄၀) တိတိရှိသည်။

**၅။ တစ်ကမ္ဘာသက်တမ်း**

– အလျားတစ်ယူဇနာ၊ အနံတစ်ယူဇနာ၊ အမြင့်တစ်ယူဇနာရှိတဲ့ သံကိုထောင်ထဲမှာ မုန့်ညင်းစေ့အပြည့်ထည့်ထားရာ၊ ယောကျ်ားက အနှစ်တစ်ရာ, တစ်ရာလွန်မှ မုန့်ညင်းစေ့တစ်စေ့ကို ထုတ်ပစ်တယ်။ မုန့်ညင်းစေ့ပုံကြီးသာ အလွန်မြန်မြန်ကုန်သွားမယ်။ တစ်ကမ္ဘာကတော့ မကုန်သေး၊ တစ်ကမ္ဘာဟာ ဒီလောက်ရှည်လျားတယ်။

သံယုတ်ပါဠိ ပ၊ ၃၉၀။
(သာမဏေကျော်၊ နှစ်ပေါင်း ၂၅၀၀ ကျော်က စကားမြွတ်များ – ၁၁၉)



**၆။ သုမေဓာဘဝဖြစ်စဉ်**

– ထိုသုမေဓာ၏ အမျိုးကား အမိဘက် အဖဘက် (ဆွေ ၇ ဆက်၊ မျိုး ၇ ဆက်) ဆင်းသက်လာခဲ့သော သူဌေးမျိုးဖြစ်၏။

– သုမေဓာ သူဌေးသားကလေးသည် တစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်သောအခါ ပညာဘက်၌ အဆုံးရောက်အောင် တတ်မြောက်လေသည်။ မိဘ ၂ ပါးကား သုမေဓာသတို့သားကလေး ငယ်စဉ်ကပင် ကွယ်လွန်သွားကြ၏။ ဥစ္စာအားလုံးကို ပစ္စည်းထိန်းမင်းကြီးက ထိန်းသိမ်းထား၏။ ပညာတတ်မြောက်၍ ၁၆ နှစ်အရွယ်ရောက်သောအခါ ပစ္စည်းထိန်းမင်းကြီးက ရွှေတိုက် ငွေတိုက်စသော ဘဏ္ဍာတိုက်များကို စာရင်းနှင့်တကွ အပ်နှင်းလေသည်။

– ထိုအခါ "ငါ၏ဆွေမျိုးအဆက်ဆက်တို့ ပစ္စည်းကိုသာ စု၍ သူတို့ပစ္စည်းများကို ယူမသွားနိုင်ကြ"ဟု စဉ်းစားမိသဖြင့် "ငါကား ဤပစ္စည်းတွေကို စွန့်ကြဲပေးကမ်း၍ ရသေ့ရဟန်း ပြုတော့မည်"ဟု ကြံစည်လေသည်။

– ထိုသို့ ကြံစည်ပြီးနောက် ပစ္စည်းအားလုံးကို စွန့်ကြဲဝေငှသော်လည်း မကုန်နိုင်သဖြင့် "အလိုရှိရာ ယူကြတော့"ဟု ပြောဆိုကာ ဘဏ္ဍာတိုက်များကို ဖွင့်ထားခဲ့၍ ဟိမဝန္တာဘက်သို့ ထွက်သွားလေ၏။ ဟိမဝန္တာ

သို့ရောက်သောအခါ **ဝိသကြုံနတ်သား** ဖန်ဆင်းထားသော ကျောင်းသင်္ခန်းနှင့် ရသေ့ရဟန်းအဝတ်ကို တွေ့၍ ရသေ့ရဟန်း ပြုလေသည်။

- ရသေ့ရဟန်းပြုပြီးသောအခါ ကမ္မဋ္ဌာန်း ဘာဝနာကို လွန်စွာကြိုးစားလေရာ ၇–ရက်အတွင်းမှာပင် **ဈာန်**နှင့် **အဘိညာဉ်**ရလေသည်။ (**"ဈာန်"** ရပြီး နောက်ထပ်၍ ကြိုးစားမှ ရအပ်သော တရားထူးကို **"အဘိညာဉ်"**ဟု ခေါ်၏)။ ဈာန်ရလျှင် သေသောအခါ ဗြဟ္မာဘုံ ရောက်ရ၏။ အဘိညာဉ်ပါရလျှင်ကား ဤဘဝမှာပင် မြေလျှိုးမိုးပျံစသော တန်ခိုးများကို ရနိုင်သည်။ သုမေဓာရသေ့လည်း ထိုအဘိညာဉ်တန်ခိုးကြောင့် အထက်ကောင်းကင်၌ ဈာန်ယဉ်မွေ့ကာ သွားလာလှည့်လည်၍ နေလေသည်။
- ထိုသို့ဈာန်အဘိညာဏ်ဖြင့် ပျော်မွေ့နေစဉ် **"ဒီပင်္ကရာ"** မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလာ၏။
- ရမ္မာမြို့သူမြို့သားတို့သည် ဒီပင်္ကရာမြတ်စွာဘုရားနှင့် ရဟန္တာ ၄ သိန်းကို ဆွမ်းကပ်လှူရန် ပင့်ဖိတ်၍ ဘုရားကြွလာမည့်လမ်းကို ပြင်ဆင်နေကြ၏။ ထိုအခါ သုမေဓာရှင်ရသေ့သည် ကောင်းကင်ခရီးဖြင့် လှည့်လည်လာစဉ် ပျော်ပျော်ရွှင်ရွှင် လမ်းပြင်နေကြသော လူအများကိုမြင်၍ ကောင်းကင်မှဆင်းကာ အကြောင်းအရာကို မေးလေသော် ဘုရားကြွလာမည်ဖြစ်၍



လမ်းပြင်နေကြကြောင်းကို ပြောကြသည်။ ထိုအခါ **"ဘုရား"**ဟူသော အသံကို ကြားသည်နှင့် တစ်ပြိုင်နက် အလွန်အားတက် ဝမ်းမြောက်လှသော ကြောင့် ရှင်ရသေ့လည်း တစ်နေရာတောင်း၍ လမ်းပြင်နေလေသည်။

- တန်ခိုးဖြင့်ပြင်လျှင် အမြန်ပြီးမည် ဖြစ်သော်လည်း ကိုယ်ဖြင့် ရင်းနှီးမှသာ၍ အားရသောကြောင့် ကိုယ်တိုင် မြေထမ်း၍ ညွှန်ရှိသောလမ်းကို ဖို့နေစဉ်လမ်းမပြီးခင် ဘုရားရှင် ကြွလာလေသည်။ ထိုအခါ ထိုညွှန်ပြောင်း (ရွှံ့)ပေါ်တွင် ဘုရားရှင် မနင်းစေလိုသောကြောင့် ပါလာသောလျှော်တေ (ရသေ့အဝတ်)နှင့် သားရေနယ်ကို ရွှံ့ညွှန်ပေါ်မှခင်း၍ ထိုအပေါ်မှ မိမိကိုယ်ကို တံတားခင်းသကဲ့သို့ ဝပ်စင်း၍ ကြိုဆိုနေလေသည်။ (မှတ်ချက်–ဤသို့ တံတားကဲ့သို့ဝပ်စင်း၍ နေခြင်းက ဘုရားရှင်နှင့် ရဟန္တာ ၄ သိန်းတို့ နင်းသွားလျှင် ညွှန်တွင်းမှာ နစ်မြုပ်ကြေမွသွားလောက်သည်ကို သိပါလျက် အသက်စွန့်၍ ရဲဝံ့စွာ ဝပ်စင်းနေခြင်းဖြစ်သည်။)
- တံတားအသွင် ဝပ်စင်းနေစဉ် အရှင်ရသေ့ စဉ်းစားသည်မှာ

"ငါသည် ကိလေသာကုန်ခမ်း၍ ရဟန္တာဖြစ်လိုလျှင် ဘုရားရှင်၏ နောက်တော်ပါ သံဃာတော်များ၏

နောက်နားက ရဟန္တာတစ်ပါးအဖြစ်ဖြင့် လိုက်သွားနိုင်လောက်သောအရည်အချင်းရှိ၏။ သို့သော်သတ္တဝါအများကို ကယ်တင်နိုင်လောက်အောင် အစွမ်းသတ္တိရှိပါလျက်တစ်ကိုယ်တည်း၊ အလွတ်ရုန်းသွားခြင်းကားမသင့်လျော်ချေ။ ထို့ကြောင့် ဒီပင်္ကရာ ဘုရားကဲ့သို့ ဘုရားတစ်ဆူဖြစ်အောင် ကြိုးစားတော့မည်"ဟု စိတ်၌ စွဲမြဲစွာ ဓိဋ္ဌာန်လိုက်လေသည်။

- ဒီပင်္ကရာ မြတ်စွာဘုရားသည် ထိုရသေ့၏ ဦးခေါင်းရင်း၌ ရပ်တော်မူ၍–

**"အသက်ကိုစွန့်ကာ ကိုယ်ခန္ဓာကို တံတားကဲ့သို့ ခင်းနေသော ဤရသေ့သည် ငါဘုရားကဲ့သို့ နောင်သောအခါ ဘုရားတစ်ဆူ ဖြစ်လိမ့်မည်"**ဟု ဗျာဒိတ်ပေးတော်မူသည်။

(အရှင်ဇနကာဘိဝံသ–ဘုရားအဖြစ်တော်စဉ်
ဗုဒ္ဓဝင်အမေးအဖြေ – ၆၊ ၇၊ ၈၊ ၉၊ ၁၀)

၇။ ပြည့်ဆည်းရသည့် ပါရမီများ

(၁) **ဒါနပါရမီ** – စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း။

(၂) **သီလပါရမီ** – ၅ ပါး၊ ၈ပါး၊စသော ၁၀ ပါးဆိုင်ရာ သီလများကို စောင့်ထိန်းမှု။

(၃) **နိက္ခမပါရမီ** – စည်းစိမ်ကို စွန့်ခွာ၍ တောထွက်မှု။

(၄) **ပညာပါရမီ** – အရာရာ၌ တတ်သိနားလည်မှု။



(၅) **ဝီရိယပါရမီ** – ကုသိုလ်ကိစ္စတို့၌ မကြောက်မရွံ့ သက်စွန့်ကြိုးပမ်းအားထုတ်မှု။

(၆) **ခန္တီပါရမီ** – သူတစ်ပါးက နှိပ်စက်လျှင် သည်းညည်းခံနိုင်မှုနှင့် အအေးအပူစသော ဒဏ်ကို ခံနိုင်မှု။

(၇) **သစ္စာပါရမီ** – မှန်ကန်ဖြောင့်မတ်စွာ ပြောဆိုလုပ်ကိုင်မှု။

(၈) **အဓိဋ္ဌာန်ပါရမီ**–မိမိရည်မှန်းသော ကောင်းသော အလုပ်၌ "မဖြစ်မနေ"ဟု စွဲစွဲမြဲမြဲ ဖွဲကောင်းမှု။

(၉) **မေတ္တာပါရမီ** – သတ္တဝါတို့အပေါ်၌ ချစ်ခင်သော အားဖြင့် ကောင်းကျိုးလိုလားမှု။

(၁၀)**ဥပေက္ခာပါရမီ** –မုန်းအောင်ပြုသည်ကိုလည်း မမုန်း၊ ချစ်ခင်အောင်ပြုသည်ကိုလည်း မချစ်ဘဲ လျစ်လျူရှုမှု။

- ဤဆယ်ပါး၌ သာမန်ဖြည့်ကျင့်မှုကို **"ပါရမီ"**ဟု ခေါ်၏။
- မျက်စိ၊ နား၊ နှာ၊ အင်္ဂါခြေလက်တို့ကို အပျက်အစီးခံ၍ ဖြည့်ကျင့်မှုကို **"ဥပပါရမီ"**ဟု ခေါ်၏။
- အသက်ကိုပင် မငဲ့ညှာဘဲ လွန်စွာဖြည့်ကျင့်မှုကို **"ပရမတ္ထပါရမီ"**ဟုခေါ်၏။

- ဤပါရမီ (၁၀)ပါး၊ အပြား (၃၀) ကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ဖြည့်ကျင့်တော် မူလေ တော့၏။

(အရှင်ဇနကာဘိဝံသ၊ ရတနာ့ဂုဏ်ရည်-၂၂၆)



## (၁) ဒါနပါရမီဖြည့်ကျင့်ခြင်း

လောက၌ ပေးကမ်းခြင်းဟူသမျှ သာမန်အားဖြင့် **"ဒါန"** ဟု ခေါ်ဆိုနိုင်သော်လည်း ကြည်လင်စင်ကြယ်သော သဒ္ဓါတရားဖြင့် ပေးကမ်းခြင်းကိုသာ **"ဒါနပါရမီ"**ဟု ခေါ်ဆိုနိုင်မည်။ သဒ္ဓါတရား မပါဘဲ ချစ်ကြိုက်၍ပေးခြင်း၊ စိတ်ဆိုး၍ အရွဲ့တိုက် ပေးခြင်း၊ ကြောက်ရွံ့၍ပေးခြင်း၊ မသိနားမလည်၍ အလိမ်အညာ ခံရ၍ ပေးခြင်းတို့သည် ဒါနပါရမီနှင့် မသက်ဆိုင်ချေ။

ဒါနပါရမီတော်ကို ဖြည့်ကျင့်ဆည်းပူးရာ၌ နက်နဲခက်ခဲမှု နှင့် မလွယ်ကူမှုကို အကြောင်းပြု၍ ဘုရားအလောင်းတော်တို့ သည် ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်းကို **ပဉ္စမဟာပရိစ္စာဂ (စွန့်ခြင်းကြီးငါးပါး)**ဟူ၍ အဆင့်ငါးဆင့်ခွဲခြား ဖော်ပြလေ့ရှိ သည်။ ယင်းတို့မှာ-

(၁) **ဓနပရိစ္စာဂ** = သူဌေးသူကြွယ် စည်းစိမ်, မင်းစည်းစိမ် ဟု ဆိုအပ်သော ပစ္စည်းဥစ္စာရတနာတို့ ကို စွန့်လွှတ်လှူဒါန်း၍ ပါရမီတော်ကို ဖြည့်ကျင့်ခြင်း၊

(၂) **ပုတ္တပရိစ္စာဂ=**သားသမီးကို စွန့်လွှတ်လှူဒါန်း၍ ပါရမီတော်ကို ဖြည့်ကျင့်ခြင်း၊

(၃) **ဘရိယပရိစ္စာဂ=**မယားကို စွန့်လွှတ်လှူဒါန်း၍ ပါရမီတော်ကို ဖြည့်ကျင့်ခြင်း၊

(၄) **အင်္ဂပရိစ္စာဂ=**လက်, ခြေ, မျက်စိစသော အင်္ဂါကြီးငယ်ကို စွန့်လွှတ်လှူဒါန်း၍ ပါရမီတော်ကို ဖြည့်ကျင့်ခြင်း၊

(၅) **ဇီဝိတပရိစ္စာဂ=**ကိုယ်အသက်ကို စွန့်လွှတ်၍ ပါရမီတော်ကို ဖြည့်ကျင့်ခြင်း။

**(ဗုဒ္ဓဘာသာလက်စွဲကျမ်း–ပထမတွဲ)**



## သိဝိဇာတ်တော်နှင့် ဒါနပါရမီ

ဘုရားအလောင်းတော်သည် ဖြစ်လေရာဘဝတိုင်း၌ ဒါနပါရမီကို ဖြည့်ကျင့်ခဲ့သည်။ **ဒါနဥပပါရမီတော်**ကို **သိဝိမင်းကြီး**ဘဝ၌ မျက်လုံးကိုထုတ်၍လှူခြင်းဖြင့် ဖြည့်ကျင့်ခဲ့သည်။ ဘုရားအလောင်းတော်သည် **သိဝိမင်း**ဘဝ၌ နေ့စဉ်နှင့်အမျှ သိန်းပေါင်းများစွာကို အကုန်ခံ၍လှူနေရသော်လည်း တင်းတိမ်အားရတော်မမူနိုင်သောကြောင့်၊

**"ငါ့မှာ လှူရိုး လှူစဉ် ဒါန၌ မလှူဖူးတာ မရှိတော့ပြီ၊ ယခုအခါ မျက်လုံးကို အလှူခံလာလျှင် လှူချင်စမ်းပါဘိတော့"**ဟု အကြံဖြစ်လေသည်။

အကြံကို **သိကြားမင်း** သိသဖြင့် မျက်မမြင် ပုဏ္ဏားယောင်ဟန်ဆောင်ပြီးလျှင်မျက်လုံးတစ်ဖက်ကို အလှူခံရန် လာလေသော်–

"ငါ၏အကြံ အထမြောက်တော့မည်"ဟု ဝမ်းမြောက်တော်မူလျက် သမားတော်ကိုခေါ်စေပြီးလျှင် မျက်လုံးတစ်ဖက်ကိုသာ အလှူခံသော်လည်း ၂–ဖက်စလုံးကိုထုတ်၍ ဆက်သဖို့ရန် အမိန့်ပေးတော်မူသောအခါ–

သမားတော်။ ။ အရှင်မင်းမြတ် မျက်လုံးတော်ကို မလှူသင့်ပါ၊ အခြားသောနည်းဖြင့် ဤပုဏ္ဏားကို ချမ်းသာအောင်ထားနိုင်ပါသည်။ ဘုရင်မင်းမြတ်ဆိုသည်မှာ မျက်လုံးကွယ်နေလို့ မတင့်တယ်ပါ။

မင်းတရား။ ။ သမားတော် စကားမများနဲ့၊ မျက်လုံးကိုသာ ထုတ်၍ ဆက်ပါ။ (အမျိုးမျိုးသောနည်းဖြင့် တောင်းပန်သော်လည်း မရသောကြောင့် သမားတော်သည် မျက်လုံးအစုံကို ဆေးဖြင့် သုတ်လိမ်းလိုက်ရာ တစ်ခါတည်းဖြင့် မျက်လုံးများစူ၍ လာလေသည်။

သမားတော်။ ။ အရှင်မင်းမြတ် ပင်ကို အတိုင်းဖြစ်အောင် တတ်နိုင်ပါသေးသည်။ စဉ်းစားတော်မူပါ။

မင်းတရား။ ။ သမားတော် စကားမများနဲ့၊ ထုတ်သာ ထုတ်လိုက်၊ (ထို့နောက် ဆေးဖြင့်ထပ်၍ တို့လိုက်ပြန်ရာ မျက်လုံးတော်နှစ်ဖက်အပြင်သို့ ထွက်၍ မျက်ကြောမျှင်များဖြင့် အောက်သို့ ကျလာလေသည်။)

သမားတော်။ ။ အရှင်မင်းမြတ် စဉ်းစားတော်မူပါ၊ ပင်ကို အတိုင်းဖြစ်အောင် တတ်နိုင်ပါသေးသည်။

မင်းတရား။ ။ (ဆတ်ဆတ်တုန်အောင် နာကျင်သည်ကိုမှု ဂရုစိုက်တော်မမူဘဲ) စကားမများနဲ့ သမားတော် ဖြတ်သာဖြတ်လိုက်ပါ။



ထို့နောက် မည်သည့်နည်းနှင့်မျှ တောင်းပန်၍ မရသောကြောင့် မျက်ကြောများကို ဓားဖြင့်ဖြတ်လျှက် မျက်လုံး ၂ ဖက်ကို ဆက်ရရှာလေသည်။

ထိုအခါ မင်းတရားသည် မျက်စိမမြင်ဘဲလျက် နှစ်သက်ရွှင်ပျစွာ မျက်လုံးတော် ၂-ဖက်ကို ပုဏ္ဏားလက်သို့ လှူတော်မူရှာသည်။ (သိဝိမင်းကား ဘုရားအလောင်း၊ သမားတော်ကား အရှင်အာနန္ဒာအလောင်းတည်း။)

**(အရှင်ဇနကာဘိဝံသ၊ ရတနာ့ဂုဏ်ရည် -၂၃၁)**

## ဝေဿန္တရာဇာတ်တော်နှင့် ဒါနပါရမီ

ဝေဿန္တရာသည် ဖခမည်းတော် ဘုရင်**သိဥ္စည်း**နှင့် မယ်တော် **ဖုဿတီ**မိဖုရားတို့မှ ဖွားမြင်သော သားတော်မင်းသား ဖြစ်သည်။ **ဝေဿန္တရာ**ကို ဖွားမြင်စဉ်က ဘုရင်နှင့်မိဖုရားတို့ မြို့တော်ကို လှည့်လည်ရှုစားစဉ် ကုန်သည်တို့လမ်း၌ ဖွားမြင်သောကြောင့် **ဝေဿန္တရာ**ဟု အမည်တော်တွင်ခြင်း ဖြစ်၏။ **ဝေဿန္တရာ**သည် မွေးဖွားစကပင် စကားပြောနိုင်သူ ဖြစ်သည်။

ဝေဿန္တရာ၏ ဘုန်းကံကြောင့် **"ဥပေါသထ"**မျိုးဖြစ်သော ဆင်ဖြူတော်သည် **ဝေဿန္တရာ** ဖွားမြင်သည်နှင့် တစ်ပြိုင်နက် သိဥ္စည်းဘုရင်မင်းမြတ်၏ နန်းတော်သို့ရောက်လာသည်။ **ဝေဿန္တရာ၏** စီးတော်မင်္ဂလာဆင်အဖြစ် အသုံးပြုနိုင်ရန် ဖြစ်၏။ မင်္ဂလာဆင်တော်၏အမည်ကို **"ပစ္စယ"**ဟု အမည်ပေး၏။ **ပစ္စယ** မင်္ဂလာဆင်တော်၏ ဘုန်းကံကြောင့် စေတုတ္တရာပြည်သည် ရေးကထက် ပို၍ တိုးတက်၏။ ဖွံ့ဖြိုး၏။ နိုင်ငံတကာတို့၏ ရိုသေလေးမြတ်ခြင်းကို ခံရ၏။ ရာသီဥတုမျှတ၏။ မိုးခေါင်ခြင်း ဟူ၍ မရှိချေ။



**ဝေဿန္တရာမင်းသားသည်** ကလေးဘဝကပင် မိမိ၏ အထိန်းတော်တို့အား ကိုးကြိမ်တိုင်တိုင် အဖိုးတစ်သိန်းထိုက်တန်သော မိမိ၏လည်ဆွဲတန်ဆာကို လှူဖူး၏။ ထိုသို့လှူခြင်းကို ဖခမည်းတော်နှင့် မယ်တော်နှစ်ဦးလုံးက သဘောတူ၏။ ကြည်ဖြူ၏။ သာဓုခေါ်၍ အနုမောဒနာပြု၏။ **ဝေဿန္တရာ ရှစ်နှစ်သား အရွယ်တွင် ပြင်ပပစ္စည်းများကို မဆိုထားနှင့်၊ မိမိနှလုံးသားကိုပင် လာရောက်၍ အလှူခံပါကလှူမည်ဟူ၍ အဓိဋ္ဌာန်ပြု၏။ ထိုအခါ မဟာပထဝီမြေကြီးသည် ပြင်းစွာ တုန်လှုပ်၏။** သက်မဲ့ပင်ဖြစ်စေ လောကသည် ဓမ္မဘက်၌ ကြောင့်ကြမှု မနေဘဲ အမြဲတမ်းရပ်တည်သည့် သဘောကို ပြခြင်းဖြစ်၏။

ဤသည်မှာ အလောင်းတော် **ဝေဿန္တရာ၏** ဒါနပါရမီကို မဟာပထဝီမြေကြီး တုန်လှုပ်ခြင်းအားဖြင့် လောကက ပထမဆုံး အကြိမ် အသိအမှတ်ပြုခြင်းဖြစ်ပါ၏။

**ဝေဿန္တရာမင်းသားသည်** မင်းသားတို့တပ်အပ်သော ၁၈ ရပ်သော ပညာရပ်များကို တတ်မြောက်၏။ အသက်အရွယ် ၁၆ နှစ်ရှိသောအခါ စေတတိုင်း၊ မဒ္ဒရာဇ်မင်းကြီး၏သမီးတော် **"မဒ္ဒီဒေဝီ"**နှင့် ထိမ်းမြား၏။ ထို့နောက် ဖခမည်းတော် **သိဥ္စည်း**မင်းကြီးက သားတော်**ဝေဿန္တရာအား** ထီးနန်းကို လွှဲအပ်လေ၏။ ထိုအခါမှစ၍ **ဝေဿန္တရာမင်းကြီးသည်** မိဖုရားခေါင်ကြီး **အဂ္ဂမဟေသီ မဒ္ဒီဒေဝီ**နှင့်အတူ စေတုတ္တရာနိုင်ငံတော်ကို မင်းကျင့်တရားဆယ်ပါး၊ သင်္ဂဟတရားလေးပါး၊ နာယကဂုဏ်ခြောက်ပါး တို့နှင့်အညီ အုပ်ချုပ်၏။ မင်းမိဖုရား နှစ်ပါးစုံမှ သားတော် **"ဇာလီ"**နှင့် သမီးတော် **"ကဏှာဇိန်"** ထွန်းကား၏။

အခါတစ်ပါး၌ **ကလိင်္ဂတိုင်း**နိုင်ငံသည် မိုးခေါင်၏။ ထိုအခါ ဆန်ရေစပါးရှားပါး၏။ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်၏။ နိုင်ငံသည် မငြိမ်မသက်ဖြစ်၏။ ကလိင်္ဂရာဇ်မင်းသည် သူတော်ကောင်းတို့၏ ကျင့်ထုံးအတိုင်း မိုးရွာစေရန် ဥပုသ်သီတင်း စောင့်သုံး၏။ မိုးရွာစေရန် အဓိဋ္ဌာန်ပြု၏။ ထို့အပြင် မင်းကောင်းများအနေဖြင့် ကျင့်သုံးရန် သတ်မှတ်ထားသော ကျင့်ဝတ်များကို ကျင့်၏။ သို့ရာတွင် **ကလိင်္ဂ**တိုင်းနိုင်ငံ၌ မိုးမရွာချေ။ ထိုအခါ မင်းကြီးသည် မည်သို့မျှစွမ်းဆောင်နိုင်ခြင်း မရှိ။ လက်ရှိ အခြေအနေအတိုင်း သာဆိုလျှင် မင်းကြီးနှင့်တကွ နိုင်ငံသူနိုင်ငံသားများအားလုံး တို့သည် လည်စင်း၍ အသေခံနိုင်ရန် အသင့်ပြင်ရုံမှတစ်ပါး အခြားဘာမျှ မတတ်နိုင်တော့။

အကယ်၍ တရားဓမ္မများကို ကျင့်သုံးခြင်းအားဖြင့် မိုးမရွာလျှင် မိုးကိုရွာစေနိုင်သောနည်းရှိ၏။ ထိုနည်းကား ဥပေါသထ မျိုးနွယ် **ပစ္စယဆင်ဖြူတော်ကို** ကလိင်္ဂရာဇ်နိုင်ငံသို့ ရောက်ရှိစေခြင်းအာဖြင့် မိုးကို ရွာစေနိုင်သောနည်းဖြစ်၏။ ထိုနည်းကို ပညာရှိများက သိကြ၏။ အမှန်အားဖြင့် ဥပေါသထဆင်ဖြူတော် ရှိရာအရပ်ဟူသမျှ၌ မိုးရွာ၏။ ဤသည်မှာ ဥပေါသထ ဆင်ဖြူတော်၏ တန်ခိုးဖြစ်၏။

ထိုအခါ ကလိင်္ဂရာဇ်မင်းသည် နိုင်ငံကိုငဲ့၏။ မာန်မတင်း၊ မျက်နှာအောက်ချ၏။ ပညာရှိများ တင်လျှောက်သည့်အတိုင်း ပုဏ္ဏားရှစ်ယောက်တို့ကို သိဝိတိုင်း၊ စေတုတ္တရာပြည့်ရှင် ဘုရင် ဝေဿန္တရာထံသို့ ပစ္စယ ဆင်ဖြူတော်ကို အလှူခံဖို့ စေလွှတ်လိုက်၏။ ပုဏ္ဏားရှစ်ယောက်တို့သည် ဝေဿန္တရာမင်းကြီးထံ လာ



ရောက်၍ **ကလိင်္ဂ**တိုင်းနိုင်ငံ၏ အခြေအနေကို **ဝေဿန္တရာမင်းကြီး** အား အပြည့်အစုံ တင်ပြလျှောက်ထားပြီး ပစ္စယဆင်ဖြူတော်ကို အလှူခံလေ၏။

**ဝေဿန္တရာမင်းကြီး**သည် ကလိင်္ဂတိုင်းနိုင်ငံ၏ ဒုက္ခကို ကြားရသောအခါ များစွာ ကရုဏာရသက်မိသည်။ ထို့ကြောင့် မင်းကြီးသည် ကလိင်္ဂတိုင်းသား အလှူခံပုဏ္ဏားရှစ်ယောက်တို့အား ပစ္စယဆင်ဖြူတော်ကို ရေစက်သွန်းချ၍ လှူလိုက်၏။

**ထိုအခါ မဟာပထဝီမြေကြီးသည် ပြင်းစွာလှုပ်ခြင်းအားဖြင့် ဒုတိယအကြိမ်ကောင်းချီးပေး၏။** ဆင်ဖြူတော်ကို လှူရာတွင် အဖိုးနှစ်သန်းလေးသိန်းထိုက်သော ဆင်တော်၏ အဆင်တန်ဆာ များလည်းပါ၏။ အဖိုးအနဂ္ဃထိုက်သော ပတ္တမြားခြောက်လုံး လည်းပါ၏။ ဆင်ထိန်းများလည်းပါ၏။ ဆင်တော်နှင့်ဆိုင်ရာ အဆောက်အအုံများနှင့်တကွ လှူသောဒါနဖြစ်သောကြောင့် ဤပစ္စယဆင်ဖြူတော်ဒါနကို **"သဗ္ဗသမ္ဘာရဒါန"** ဟူ၍ ဆိုရ၏။

**ဝေဿန္တရာမင်းကြီး** သည် **ပစ္စယ** ဆင်ဖြူတော်ကို **ကလိင်္ဂ**တိုင်းအား သူ့အမြင်နှင့်သူ လှူဒါန်းလိုက်သောအခါ တိုင်းသူပြည်သားများသည် အမျက်ဒေါသပြင်းစွာထွက်ကြ၏။

ထိုအခါ စေတုတ္တရာ တိုင်းသူတိုင်းသားများသည် ဝေဿန္တရာ မင်းကြီး၏ ဖခမည်းတော် သိဥ္စည်းမင်းကြီးထံသို့ သွားရောက်၍ **ဝေဿန္တရာမင်းကြီး**အား နိုင်ငံမှ နှင်ထုတ်ရန် တောင်းဆိုလျှောက်ထားကြ၏။

သိဥ္စည်းမင်းကြီးသည် ဤပြဿနာကို စေတုတ္တရာနိုင်ငံသား များ တင်ပြတောင်းဆိုသည့်အတိုင်း သားတော် **ဝေဿန္တရာ**အား

ဟိမဝန္တာတောင်တန်းရှိ ဝင်္ကပါတောင်သို့ ထွက်ခွာသွားရန် အမိန့်ထုတ်ခြင်းအားဖြင့် ဖြေရှင်းလိုက်၏။

သို့ရာတွင် သားတော် **ဝေဿန္တရာ**က နောက်တစ်ရက် ဆိုင်းငံ့ပြီး ခုနစ်ရာစီလှူရသော အလှူမျိုးကို လှူခွင့်ပြုပါရန် ဖခမည်းတော် သိဥ္စည်းမင်းကြီးအား လျှောက်ထားရာ၊ ခမည်းတော် သိဥ္စည်းမင်းကြီးက ခွင့်ပြုလိုက်၏။ အမှန်အားဖြင့် **ဝေဿန္တရာမင်းကြီး**သည် ပစ္စယဆင်ဖြူတော်ကို လှူခြင်းကြောင့် ပြည်နှင်ဒဏ်ခံရခြင်းဖြစ်၏။ သို့ပါလျက် ခုနစ်ရာစီလှူရသော အလှူကို ယခု လှူချင်ပြန်သေး၏။ **ဝေဿန္တရာမင်းကြီး**၏ အမြင်နှင့် စိတ်ဓာတ်ကား အံ့ဖွယ်ရှိပေစွ။

**ဝေဿန္တရာ**သည် ပစ္စယ ဆင်ဖြူတော်ကိုလှူပြီး နောက်တစ်နေ့တွင် ဖခမည်းတော်၏ ခွင့်ပြုချက်အရ ဖွားဖက်တော်အမတ်ခြောက်သောင်းတို့နှင့်အတူ အလှူမဏ္ဍပ်ခြောက်ခုသို့သွား၍ ဆင် ခုနစ်ရာ၊ မြင်းခုနစ်ရာ၊ ရထားခုနစ်ရာ၊ မိန်းမခုနစ်ရာ၊ နို့ညှစ်နွားမ ခုနစ်ရာ၊ ကျွန်ယောကျ်ား ခုနစ်ရာ၊ ကျွန်မိန်းမခုနစ်ရာ၊ ဤခုနစ်မျိုးကို ခုနစ်ရာစီ စီရင်စေပြီးနောက် အလှူခံတို့အား လှူပြန်၏။

**ဤသို့ လှူရာတွင်လည်း မဟာပထဝီမြေကြီးသည် ပြင်းစွာလှုပ်ခြင်းအားဖြင့် အနုမောဒနာပြုပြန်၏။ ဤအကြိမ်ကား တတိယအကြိမ်ဖြစ်၏။** သဘာဝသည် ဓမ္မဘက်မှ ရပ်တည်ခြင်းဖြစ်၏။

သိဥ္စည်းမင်းကြီး၏ အမိန့်အတိုင်း စေတုတ္တရာပြည်သူပြည်သားများ၏ ဆန္ဒအရ ဝေဿန္တရာမင်းကြီးနှင့်မိသားစုသည် ဝင်္ကပါတောင်သို့သွားရန် မြို့တော်မှထွက်ကြ၏။ အတန်ငယ်



သွားမိသောအခါ မင်းကြီးသည် မိမိစိုးစံရာမြို့ကို ပြန်ကြည့်၏။ နှုတ်ဆက်၏။ **ထိုအခါ မဟာပထဝီမြေကြီးသည် စတုတ္ထအကြိမ် လှုပ်၏။**

သို့နှင့် **ကလိင်္ဂတိုင်း၊ ဒုန္နိဝိဋ္ဌ**ရွာသား **ဇူဇကာပုဏ္ဏား**သည် **ဝေဿန္တရာမင်းကြီး**၏ သားတော်**ဇာလီ**နှင့် သမီးတော် **ကဏှာဇိန်** တို့ကို မိမိ၏အိမ်၌ မိမိ၏ဇနီး **အမိတ္တာပုံ**အတွက် ကျွန်ပြုရန် လာ၍ အလှူခံပြန်၏။ **ဇူဇကာပုဏ္ဏား**သည် **မဒ္ဒီဒေဝီ**မရှိခိုက် မင်းကြီးထံလာ၍ အလှူခံခြင်းဖြစ်၏။ သားတော်ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့သည် ဇူဇကာပုဏ္ဏား လာရောက်၍ မိမိတို့ကို အလှူခံမှန်းသိလျှင် ရေကန်အတွင်းသို့ဆင်း၍ ပုန်းရှောင်နေကြ၏။ သို့ရာတွင် ဖခမည်းတော်မင်းကြီးက ရေကန်သို့ လာရောက်ခေါ်သောအခါ နှစ်ဦးစလုံးထွက်လာကြ၏။ ထို့နောက် မင်းကြီးက သားတော်**ဇာလီ**နှင့် သမီးတော် **ကဏှာဇိန်** ကို **ဇူဇကာပုဏ္ဏား**အား ရေစက်သွန်းချ၍ လှူလိုက်၏။ **ထိုအခါမဟာပထဝီမြေကြီးသည် ပဥ္စမအကြိမ် "သာဓု"ခေါ်သောအားဖြင့် လှုပ်လေ၏။**

**သိကြားမင်း**ကလည်း ပုဏ္ဏားယောင်ဆောင်၍ ဝေဿန္တရာမင်းကြီးထံ လာပြီး မဒ္ဒီဒေဝီကို အလှူခံလေရာ၊ ဝေဿန္တရာမင်းကြီးကလည်း ဝမ်းမြောက်စွာပင် လှူလေ၏။ **ဤအလှူကိုလည်း မဟာပထဝီမြေကြီးက ဆဋ္ဌအကြိမ် သာဓုခေါ်သည့်သဘောဖြင့် ပြင်းစွာ တုန်လှုပ်၏။** ထို့နောက် သိကြားမင်းကလည်း မိမိသည် ပုဏ္ဏားအစစ်မဟုတ်ဘဲ သိကြားမင်းဖြစ်ကြောင်း မဒ္ဒီဒေဝီအား မင်းကြီးကို ပြုစုရန် ပြန်၍ အပ်နှံပါကြောင်း၊ မင်းကြီးအလိုရှိသော

ဆုများကို တောင်းစေလိုကြောင်း မိန့်ကြား၏။ ဝေဿန္တရာမင်းကြီး ကလည်း "စေတုတ္တရာတိုင်းသားများ အမျက်ပြေ၍ ခမည်းတော်မင်းကြီးက မိမိတို့ကို နိုင်ငံသို့ ပြန်ခေါ်ပါစေသတည်း" စသည်ဖြင့် ဆုရှစ်မျိုးကိုတောင်း၏။ သိကြားမင်းကလည်း ဝေဿန္တရာမင်းကြီးတောင်းသော ဆုရှစ်မျိုး ပြည့်စုံမည်ဖြစ်ကြောင်း ပြောကြားပြီး တာဝတိံသာသို့ ပြန်လေ၏။

မြင့်မြတ်သူတို့၏ လုပ်ငန်းပါရမီဟူသည်မှာ အရင်းခံအားဖြင့် တပ်မက်သော တဏှာကိုသတ်ရန် အားထုတ်ခြင်းပင်ဖြစ်ပါ၏။ တဏှာသေရေးသည် မြင့်မြတ်သူတို့၏ ပန်းတိုင်ဖြစ်၏။ တဏှာရှိနေသရွေ့ တပ်မက်စရာများကို တပ်မက်နေမည်ဖြစ်၏။ တပ်မက်စရာများကို တပ်မက်နေသရွေ့လည်း ဤလောကသည် မည်သည့်အခါမှ ငြိမ်းချမ်းလိမ့်မည် မဟုတ်။ ထို့ကြောင့် တဏှာကို ဒုက္ခအရင်းခံအကြောင်း= သမုဒယသစ္စာအဖြစ် မြတ်စွာဘုရားက ဟောကြားတော်မူခြင်းဖြစ်၏။

ထို့ကြောင့် ဤလောကကို တကယ်တမ်း ငြိမ်းချမ်းစေလိုပါလျှင် မြင်မြင်သမျှကို တပ်မက်သော မိမိတို့၏သန္တာန်၌ ကိန်းနေသော တဏှာကိုသတ်ပါမှ ဤလောကသည် ငြိမ်းချမ်းမည်ဖြစ်ပါ၏။ တဏှာကို သတ်ခြင်းဟူသည်မှာ လွယ်သည်တော့ မဟုတ်၊ မလွယ်သော်လည်း လုပ်၍ကားရ၏။ သူတော်ကောင်းဟူသမျှ လုပ်ခဲ့ကြသည်ချည်းဖြစ်၏။ **သို့ရာတွင် မိမိကိုယ်တိုင်က တဏှာပွားအောင် လုပ်နေပါလျက် တဏှာပါးအောင် လုပ်နေသယောင် မလိမ်မိဖို့ အရေးကြီး၏။ ကမ္မနိယာမကမူ အမှန်အတိုင်းသိ၏။ လိမ်၍မရ။ ညာ၍မရ။**



အမှန်အားဖြင့် ပါရမီကုသိုလ်ဟူသည် မည်သည့်အခါမျှ **"အဟောသိကံ"**အဖြစ်သို့ မရောက်သော ကုသိုလ်ဖြစ်၏။

"ပါရမီမဟုတ်သော ကုသိုလ်များသာ **"အဟောသိကံ"** အဖြစ်သို့ရောက်၏။

**(ဦးရွှေအောင်၊ ဗုဒ္ဓလောကသားတို့၏**
**အနှိုင်းမဲ့ကျေးဇူးရှင်–၁၃၃၊ ၁၃၄၊ ၁၃၅၊ ၁၃၆)**

## (၂) သီလပါရမီဖြည့်ကျင့်ခြင်း

မည်သူမဆို ကောင်းသော သုဂတိဘဝသို့ ရောက်ဖို့အတွက် **သီလ**ကိုသာ အားထားရ၏။ **ဒါန**အဆောက်အအုံက မည်မျှကြီးကျယ်နေသော်လည်း သီလမလုံခြုံလျှင် (ဒုစရိုက်မလုံခြုံလျှင်) အပါယ်လေးဘုံက တက်နိုင်ဖွယ် မရှိချေ။ အပါယ်လေးပါး၌ ဖြစ်သမျှသည် သီလကင်းမဲ့မှု၏ လက်ချက်သာတည်း။ မြောက်ကျွန်းသူ ကျွန်းသားတို့သည် ၅–ပါးသီလ အမြဲလုံခြုံနေကြသောကြောင့် တစ်စုံတစ်ယောက်မျှ အပါယ်မကျပေ။ သီလအတွက် ဂတိကောင်းသို့ရောက်ပြီးမှ ဒါနက စည်းစိမ်ဥစ္စာကို ကြွယ်ဝချမ်းသာစေသည်။ ထို့ကြောင့် မြင့်မြတ်လိုသူမှန်လျှင် ဤသီလပါရမီကိုလည်း အရေးတကြီး အားထုတ်ရမည်ဖြစ်သောကြောင့် ဒါန၏ အခြားမဲ့၌ သီလပါရမီကိုဆက်၍ မြင်တော်မူကာ ကိုယ်နှုတ်နှလုံးသုံးပါးကို ကောင်းစွာ စောင့်သုံးလျှက် လုံခြုံသော ကိုယ်ကျင့်သီလဖြင့် နေထိုင်ဖို့ရာ ဆုံးဖြတ်တော်မူသည်။

ယင်းကဲ့သို့ သီလများကို သာမန်အားဖြင့် ဖြည့်ကျင့်ဆည်းပူးရာ၌ **မူလသီလပါရမီ**ဖြစ်သည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို စွန့်လွှတ်၍ ဖြည့်ကျင့်ရသော သီလသည် **သီလပရမတ္ထပါရမီ**မည်၏။



ဘုရားအလောင်းတော်သည်**သင်္ခပါလနဂါးမင်း** ဖြစ်စဉ်က **"ငါ၏အရေ အသား အကြော အရိုးများကို အလိုရှိသူယူစေတော့"** ဟု **မိမိကိုယ်ကိုစွန့်၍** လူတို့သွားလာရာ လမ်း၏အနီး တောင်ပို့ကြီးအပေါ်မှာ သီလ ဆောက်တည်၍ နေပေသည်။ မုဆိုး၏သားတို့သည် ထိုနဂါးကိုမြင်လျှင် အနီးသို့ချဉ်းကပ်၍ အချို့က လှံနှင့်ထိုး၊ အချို့က စို့ဖြင့်နှက်၊ နှာခေါင်းနှစ်ဖက်ကိုထိုး၍ နဖားကြိုးတပ်သကာတပ်ပြီး ဆိုင်းဖြင့် ထမ်းဆောင်သွားကြလေရာ ရန်မူလိုပါလျှင် နှာခေါင်းမှလေကို မှုတ်လိုက်ရုံမျှဖြင့် တောတောင်နှင့်တကွ သမုဒ္ဒရာရေပြင်ကိုပါ မီးဟုန်းဟုန်းထစေနိုင်ပါသော်လည်း **အသက်ကိုစွန့်၍ သီလကိုစောင့်တော်မူရှာပေသည်။**

(အရှင်ဇနကာဘိဝံသ၊ ရတနာ့ဂုဏ်ရည်–၂၂၇၊ ၂၃၁)

## (၃) နေက္ခမ္မပါရမီဖြည့်ကျင့်ခြင်း

လောကီအာရုံ ကာမဂုဏ်ထူထပ်သော လူတို့၏အရပ်၌ အလွန်မြင့်မြတ်သော အထက်တန်းတရားကို မရနိုင်၊ လူသူမခို မြိုင်ညို စိမ့်စမ်း တောတောင်တန်း၌ ပန်းရနံ့တကြိုကြိုနှင့် သမာဓိကို မွေးမြူပြီးလျှင် ဖြူစင်သောသီလဖြင့် တကယ်တမ်း အားထုတ်မှ အထက်တန်းတရားကိုရနိုင်၏။ ထို့ကြောင့်**"နေက္ခမ္မ"** ဟု တောထွက်မှုကိုလည်း ဂရုတစိုက် ပြုကျင့်ထိုက်သည်ဟု ဆုံးဖြတ်ကော်မူသည်။

ဥပမာအားဖြင့် မဟာဇနကဇာတ်တော်၌ ဇနကမင်းကြီး တောထွက်ခြင်း၊ မဃဒေဝဇာတ်တော်၌ မဃဒေဝမင်းကြီး တောထွက်ခြင်း၊ ဟတ္ထိပါလဇာတ်တော်၌ ဟတ္ထိပါလမင်းသားညီနောင်တို့ တောထွက်ခြင်း စသည်ဖြင့် ကာမဂုဏ်တရားမှ ထွက်မြောက်ကျွတ်လွတ်ရန်ဖြည့်ကျင့်တော် မူခဲ့သည်။ ရသေ့ရဟန်းပြုပြီးသော အခါတွင်လည်း ဘဝသံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ဘာဝနာကမ္မဋ္ဌာန်းတရား စီးဖြန်းအားထုတ်၍ နေက္ခမ္မပါရမီတော်ကို ဖြည့်ကျင့်ဆည်းပူးခဲ့သည်။



**ဟတ္ထိပါလမင်းသား အယောဃရမင်းသား**တို့ တောထွက်ခြင်းမှာ လူပျိုဘဝဖြစ်၍ အခက်အခဲမရှိသဖြင့် **မူလနေက္ခမ္မပါရမီ** အဆင့်မျှသာ ဖြစ်သည်။ မဟာဇနကမင်းကြီးတောထွက်ခြင်းနှင့် မဃဒေဝမင်းကြီး တောထွက်ခြင်းတို့သည် မိဖုရား မောင်းမမိဿံတို့ ငိုယိုတားဆီး တောင်းပန်နှောင်ဖွဲ့ကြသည်ကို အနှောင်အဖွဲ့မခံဘဲ စွန့်လွှတ်ထွက်ခွာနိုင်ခြင်းကြောင့် **နေက္ခမ္မဥပပါရမီ** ဆိုသင့်သည်။

**ဇူဠသုတသောမမင်း** ဘဝ၌ တောထွက်ခြင်းကို **နေက္ခမ္မပရမတ္ထပါရမီဟု** အဋ္ဌသာလိနီ အဋ္ဌကထာ၌ ဖွင့်ဆိုထားသည်။ ဇူဠသုတသောမမင်းသည် မိဖုရား၊ မောင်းမမိဿံ မယ်တော် ခမည်းတော် သားတော် ဗိုလ်ပါ ပရိသတ်အပေါင်းတို့က ငိုကြွေး တောင်းပန်နေစဉ်မှာပင် ထိုတောင်းပန်မှုကို လျစ်လျူပြုကာ ဟိမဝန္တာတောအရောက် ဝေးကွာစွာ ထွက်ခွာတော်မူခဲ့သည်ဖြစ်၍ ပိုမိုခက်ခဲသဖြင့် နေက္ခမ္မပါရမီအရာ **ပရမတ္ထပါရမီ**ဟု ခေါ်ဆိုရသည်။

(အရှင်ဇနကာဘိဝံသ - ရတနာ့ဂုဏ်ရည်)
(ဗုဒ္ဓဘာသာလက်စွဲကျမ်း - ပထမတွဲ)

## (၄) ပညာပါရမီ ဖြည့်ကျင့်ခြင်း

အသိအလိမ္မာပညာဉာဏ် ရှိမှသာ **ဒါန သီလ** စသော ပါရမီများ၏ အကျိုးကို သိမြင်၍ ဖြည့်ကျင့်လိုသော စိတ်များ ဖြစ်ပေါ်နိုင်ပေမည်။ “ပညာရဲရင့် ပွဲလယ်တင့်”ဆိုသည့်အတိုင်း တကယ့်ပညာ ရှိသူတို့၏အလယ်မှာ တကယ်ပညာရှိသူသာ တင့်တယ်နိုင်သည်၊ ဘူးလုံး နားမထွင်း အဖျင်း အ,အ ပညာပိုင်းက အောက်တန်းကျနေလျှင် စည်းစိမ်ရှင်ပင် ဖြစ်သော်လည်း အထက်တန်းသို့ မတက်လှမ်းနိုင်၊ ကမ္ဘာကို လွှမ်းမိုး၍ အုပ်စိုးနိုင်သော သတ္တိမှာ ဉာဏ်ပညာသာတည်း၊ မြေလျှိုး၊ မိုးပျံနိုင်သော ဈာန်၊ အဘိညာဉ်ဟူသည်လည်း ဤဉာဏ်ပင်ဖြစ်၏။

တစ်သံသရာလုံးက ပါလာသော ကိလေသာ အာသဝေါတွေကို ကုန်ခန်းစေနိုင်သော တရားဟူသည်လည်း မဂ်ပညာဖိုလ်ပညာပင်ဖြစ်၏။ အချုပ်အားဖြင့် ဘုရားအဖြစ်ဟူသည်မှာ သဗ္ဗညုတဉာဏ်ပညာတော်ကြီးပင်ဖြစ်၏။ ဤပညာပါရမီ ရင့်သန်လာအောင်ကား ထိုထိုကောင်းမှုကို ပြုတိုင်းလည်း မိမိစိတ်က ဉာဏ်ပညာဘက်သို့ ညွှတ်ကိုင်းတောင့်တလျက်ရှိရမည်။



တကယ့်ပညာရှိထံ ချဉ်းကပ်၍ မပြတ်မလတ်စုံစမ်းမေးမြန်းလေ့ရှိရမည်။ ထို့ကြောင့် အလောင်းတော် အရှင်ရသေ့သည် ဤပညာပါရမီကိုလည်း ၄–ကြိမ်မြောက် မြင်တော်မူ၍ ကောင်းစွာဖြည့်ကျင့်တော်မူပြန်သည်။

(အရှင်ဇနကာဘိဝံသ၊ ရတနာ့ဂုဏ်ရည်–၂၂၈)

## (၅) ဝီရိယပါရမီဖြည့်ကျင့်ခြင်း

ပညာက မည်မျှလောက် ရှိနေသော်လည်း လုံ့လဝီရိယ ကင်းမဲ့ပြန်လျှင် စိတ်ကူးနေရုံမျှဖြင့် မည်သည့်အကျိုးကိုမျှ ရလိမ့်မည် မဟုတ်ပါ။ ယခင်က ပညာတွေသည် ဝီရိယအဖော်ကောင်းမှသာ လိုရာအကျိုးကို ပြီးစေနိုင်ပါသည်။ အထက်တန်းရောက်သူဟူသမျှ ဝီရိယကင်းသည့် အပျင်းသမား အပြောသမားမဟုတ်ကြချေ။

ဝီရိယပါရမီ ဖြည့်ကျင့်ရာ၌ မဟာဇနကဇာတ်တော်ကို ဖော်ညွှန်းပြသလေ့ ရှိကြသည်။ **မဟာဇနကမင်းသားသည်** သင်္ဘောပျက်သည့်အချိန်၌ ငိုကြွေးမြည်တမ်းခြင်း၊ နတ်များအားတမ်းတခြင်း လုံ့ဝမပြုဘဲ ကမ်းမမြင်၊ လမ်းမမြင် ပင်လယ်ပြင်ကြီးကို အားအစွမ်းရှိသရွေ့ ကူးခတ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုပြုလုပ်ခဲ့သည်။ ရက်ပေါင်းများစွာ အဆာခံနိုင်စေရန် ထောပတ်ဆီဥများကို စားသုံး၍ မိမိကိုယ်ကို ပင်လယ်ဆားငံရေဖောက်ထွင်းစိမ့်ဝင်မှုမရှိစေရန် တစ်ကိုယ်လုံး ထောပတ်သုတ်လိမ်းသည်။



ဝတ်ထားသော ပုဆိုးခါးထောင်းကျိုက်ကိုလည်း ထောပတ်အပြည့်သုတ်လိမ်းလိုက်သည်။ ထို့နောက် သင်္ဘောပျက်သည့်နေရာမှ အဝေးဆုံး နေရာသို့ရောက်ရှိစေရန် လင်းယဉ်တိုင် ထိပ်ဖျားသို့တက်၍ ဝေးနိုင်သမျှ ဝေးအောင် ခုန်ချလိုက်သည်။

ထို့နောက် ၇–ရက်တိုင်တိုင် မလျှော့သော ဇွဲလုံ့လဖြင့် မရပ်မနားကူးခတ်နေတော့သည်။ ယင်း၏လုံ့လဝီရိယကို ဂုဏ်ပြုချီးမြှောက်သည့်အနေဖြင့် ပင်လယ်စောင့်နတ်သမီး **မဏိမေခလာ**သည် ကယ်တင်ခဲ့ရသည်။

ထို့ပြင် ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းရာ၌ လုံ့လဝီရိယထက်သန်နိုင်မှသာလျှင် သမာဓိရအောင် ဉာဏ်အမြင်ပေါက်အောင်အားထုတ်နိုင်ကြသည်။ လုံ့လဝီရိယနည်းပါးသူများမှာ ဘာဝနာကမ္မဋ္ဌာန်းအားထုတ်ရာ၌ ငိုက်မျဉ်းမေ့လျော့အိပ်ပျော်သွား၍ အပ္ပနာသမာဓိရောက်အောင် စွမ်းဆောင်နိုင်လိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် ပညာနှင့်အတူ ဝီရိယပါရမီကိုလည်း ဖြည့်ကျင့်တော်မူပြန်သည်။

(အရှင်ဇနကာဘိဝံသ၊ ရတနာ့ဂုဏ်ရည်)
(ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ ပထမတွဲ)

## (၆) ခန္တီပါရမီဖြည့်ကျင့်ခြင်း

"ငါ့အပေါ်၌ လူမိုက်ပြုသော စော်ကားမှုကို ငါက ပြန်ပြုလျှင် ငါလဲ သူ့လို လူမိုက် ဖြစ်မှာပဲ"ဟု စိတ်ထဲမှာ တွေးဆ၍ ဒေါသမထွက်ဘဲ၊ စိတ်ပျက်အားငယ်၍လည်းမနေဘဲ စိတ်အေးအေးနှင့် မိမိကသာ အနာခံလိုက်ခြင်းသည် **ခန္တီပါရမီ၏** သဘောတည်း။

## မဟာကပိဇာတ်

ဘုရားအလောင်းတော်သည် အားကောင်းသော မျောက်မင်း ဖြစ်၏။ ပုဏ္ဏားတစ်ယောက်ကား သစ်ပင်တက်ရာ၌ သစ်ခက် ကျိုး၍ ချောက်ထဲကျနေ၏။ ထိုပုဏ္ဏားကို မျောက်မင်းတွေ့၍ ချောက်ထဲမှ [illegible]ယ်တင်လေသည်။ [illegible]ငှ့်နောက် မောပန်းသဖြင့် သူ့ပေါင်ပေါ်[illegible]ခေါင်းအုံးကာ အိပ်ပျော်[illegible]နေရှာသော မျောက်မင်း အသားကို ပုဏ္ဏား[illegible]လို၍ ဦးခေါင်း[illegible] ကျောက်ခဲဖြင့် ထု[illegible]လ သည်။



ထိုအခါ မျောက်မင်းလန့်နိုး၍ သစ်ပင်ပေါ် ခုန်တက်ပြေး ပြီးလျှင် တခြားရန်သူကို မမြင်သောကြောင့် ပုဏ္ဏားထုမှန်းသိလေ သည်။ ထိုသို့သိသော်လည်း အပြစ်တင်ရုံသာတင်၍ ထိုရန်သူ ပုဏ္ဏားကိုပင် မျက်စိလည်ကာ သေရှာမည်ကိုလည်းစိုး (အောက်သို့ လည်း မဆင်းဝံ့သောကြောင့်) သစ်ပင်ချင်း ခုန်ကူးကာ လူသွား လမ်း ရောက်ရအောင် လမ်းပြရှာပါသေးသည်။

## ခန္တီဝါဒီဇာတ်

**ခန္တီဝါဒီ ရှင်ရသေ့**သည် ကလာဗုမင်း၏ ဥယျာဉ်၌နေ၏။ မင်းနှင့် နန်းတော်သူ မိဖုရားတို့သည် ပျော်ပွဲစားထွက်လာကြ၏။ မင်းသည် မိဖုရားငယ်တစ်ယောက်၏ ပေါင်ပေါ်မှာ ခေါင်းအုံး၍ အိပ်ပျော်နေ၏။ အခြားမိဖုရားတို့သည် ဥယျာဉ်၌လှည့်လည် ကြလေရာ ရှင်ရသေ့ကို တွေ့၍ တရားနာနေကြ၏။

ရှင်ဘုရင်အိပ်ရာမှ နိုးလတ်သော် မိဖုရားတွေကို မမြင်၍ မေးရာ၊ ရသေ့ထံ တရားနာနေကြောင်း မိဖုရားငယ်က သံတော် ဦးတင်သဖြင့် စိတ်ဆိုးဆိုးနှင့် လိုက်လာ၏။ ရသေ့ကိုတွေ့လျှင် "အဘယ်ဝါဒရှိသလဲ"ဟုမေး၍"ခန္တီဝါဒရှိသည်"ဟု ဖြေ၏။ ထိုအခါ "သင့်ခန္တီအကြောင်း သိစေမယ်"ဟု ပြော၍ အာ[illegible] သားတို့ကို ခေါ်ပြီးလျှင် လက်ဖြတ်ခြေဖြတ်ခိုင်းလေ၏။

ထိုသို့စော်ကားပြီးနောက် ရှင်ရသေ့၏ မျက်စိကွယ်ရာသို့ [illegible]ရောက်လာသောအခါ ကလာဗုမင်းကို မြေမျိုလေတော့၏။ အလောင်းတော် ရှင်ရ[illegible]လည်း မကြာမီ ဆုံးလေတော့၏။

ဤသို့လျှင် ငါတို့ ဘုရားအလောင်းတော်သည် အသက်ဆုံးသည့်တိုင်အောင် ဒေါသမထွက်၊ စိတ်မပျက်ဘဲ သက်သက်အနာခံကာ ကာလာဗုမင်းကို အနိုင်ယူခဲ့ပေသည်။

(အရှင်ဇနကာဘိဝံသ ဘုရားအဖြစ်တော်စဉ် ဗုဒ္ဓဝင်အမေးအဖြေ–၂၂၊ ၂၃၊ ၂၄)

## ဓမ္မပါလဇာတ်တော်

ဘုရားအလောင်းတော်၏**ဓမ္မပါလ**မင်းသားကလေး ဘဝတုန်းက ခန္တီပါရမီဖြည့်ကျက်တော်မူပုံမှာ ကြားရသူတို့၏ စိတ်နှလုံးကို တုန်လှုပ်စေပါသည်။ ခမည်းတော်သည် ဒေဝဒတ်အလောင်းဖြစ်သော **မဟာပတာပမင်း**ဖြစ်၍ မယ်တော်ကား မိထွေးတော် ဂေါတမီအလောင်းဖြစ်သော **စန္ဒာဒေဝီ**မိဖုရားတည်း။

တစ်နေ့သ၌ မိဖုရားသည် ၇ လအရွယ်မျှသာ ရှိသေးသော သားတော်ကလေးကို ရေမိုးချိုးပေးကာ နံ့သာလိမ်းကျံ၍ အလွန်ပျော်ရွှင်စွာဖြင့် ချော့မြူနေတုန်းဝယ် မိမိအဆောင်တော်သို့ မဟာပတာပမင်း ရောက်လာသည်ကို ခရီးဦးကြို မပြုမိချေ။ ထိုအခါ၌ "သူ့သား ငယ်စဉ်ကပင် ငါ့ကို ဂရုမစိုက်လျှင် သူ့သားကြီးရင့်သောအခါ ငါ့ကို လူထင်တော့မှာ မဟုတ်"ဟု မဆိုင်သောသူ့သားအပေါ်မှာ ရန်သူလုပ်လျက် ပြင်းစွာ အမျက်ထွက်၍ မိမိအဆောင်တော်တို့ ပြန်သွားပြီးလျှင် သူသတ်ယောကျ်ားအာဏာသားတို့ကိုခေါ်၍ သားတော်ကို အယူခိုင်းပြီးနောက် နန်းပြင်မှာ ချထားစေလေသည်။



မိဖုရားသည်လည်း ရှင်ဘုရင်စိတ်ဆိုးသွားသည်ကို သိ၍ ပြင်းစွာ ငိုကြွေးလျက် သားတော်ကလေးနောက်မှ လိုက်လာ၍ အမျိုးမျိုးတောင်းပန်တုန်းမှာပင် လက်ကလေးနှင့် ခြေကလေးများကို အဖြတ်ခိုင်း၏။ ထိုအခါ မိဖုရားက လက်ပြတ်ခြေပြတ်ကလေးများကို ကောက်ယူလျက် ရင်ခွင်မှာ ထားပြီးလျှင်–

"ကိုင်း ယခုဖြင့် သားတော်ကလေး အရှင်မင်းကြီးကို ရန်မပြုနိုင်တော့ပါ၊ သည်ကလေးနှင့်ပင် တော်ရာကိုသွားပြီး လုပ်ကိုင်စားသောက်ပါရစေတော့"ဟု ပြောဆိုကာ သားတော်ကို တောင်းရှာလေသည်၊

**သားကလေးက မိမိဖခင် ရှင်ဘုရင်အပေါ်မှာ စိတ်မျှ မပြစ်မှား၊ လက်ခြေကို ဖြတ်ထားသော်လည်း သနားစဖွယ် မျက်ရည်မျှ မလည်မူ၍ တင့်တယ်သောမျက်နှာဖြင့် သည်းခံခြင်း တရားကိုသာ များများကြီး အသုံးပြုတော်မူရှာပေသည်။**

ထိုမျှနှင့် အားမရသေးဘဲ ဦးခေါင်းကို ဖြတ်ခိုင်းပြန်လေရာ၊ မယ်တော်မှာ မခံသာလှ၍ "မိမိ၏ဦးခေါင်းကိုသာ ဖြတ်လိုက်ပါတော့"ဟု အာဏာသားထံ ချဉ်းကပ်ကာ ဦးခေါင်းကို စင်းထားလေ၏။ သို့သော် မိဖုရားကို မဖြတ်ဘဲ သားတော်လေးကို အဖြတ်လိုက်တွင် မိဖုရားအသဲကွဲ၍ စုတေပွဲဝင်ရှာလေသည်။ မိဖုရားကြီး စုတေပြီးနောက် ဘုရင်လည်း မနေတတ်မထိုင်တတ်ဖြစ်ကာ ရာဇပလ္လင်ပေါ်မှဆင်း၍ နန်းကြမ်းပြင်သို့ လျှောက်လေရာ၊ ပျဉ်ချပ်တွေကွဲရာမှ မြေသို့အကျတွင် မြေတွင်းသို့ဝင်ကာ အဝီစိသို့ သွားရလေတော့သည်။

(အရှင်ဇနကာဘိဝံသ၊ ရတနာ့ဂုဏ်ရည်–၂၃၃)

## ၇။ သစ္စာပါရမီ ဖြည့်ကျင့်ခြင်း

မိမိ၏စည်းစိမ်ဥစ္စာ နာမည်ဂုဏ်သတင်း ထိခိုက်မည့်ကိစ္စများနှင့် တွေ့ကြုံလာသည့်အခါ အမှန်အတိုင်း ပြောဆိုဝံ့သူ ရှားပါးလှသည်။ လိမ်ညာ၍လည်း မပြောလိုသဖြင့် အမှန်အတိုင်း သက်သေမခံဘဲ ရှောင်လွှဲ ရှောင်တိမ်းနေမှုများကို ကြည့်ရှု၍ အမှန်ကို အမှန်အတိုင်း ထုတ်ဖော်ပြောကြားရန် မည်မျှခက်ခဲသည်ကို သိနိုင်ပေသည်။

ထို့ထက်ပိုမို၍ အသက်ဘေးနှင့် ရင်ဆိုင်ရသည့်အခါ အမှန်အတိုင်း ပြောဆိုဝံ့သူ မရှိသလောက် ရှားပါးလှပေသည်။ ဘုရားအလောင်းတော်များသည် စည်းစိမ်၊ အင်္ဂါခြေလက်၊ အသက်ဘေးရန်နှင့် ကြုံနေရသော်လည်း အမှန်အတိုင်းသာလျှင် ပြောဆိုပြုမူခြင်းဖြင့် သစ္စာပါရမီကို ဖြည့်ကျင့်ကြသည်။

သစ္စာပါရမီမှာ တစ်စုံတစ်ခုသော အကျိုးကို မမျှော်လင့်ဘဲ၊ ဘေးရန်ကို မကြောက်မလန့်ဘဲ၊ မုသာဝါဒမှ ရှောင်ကြဉ်လျက် အမှန်အတိုင်း ပြောဆိုသည့်သစ္စာနှင့် တစ်စုံတစ်ခု အကျိုးရရှိစေရန် သစ္စာဆိုခြင်းဟူ၍ နှစ်မျိုးရှိသည်။



ဝိဓူရဇာတ်တော်၌ ကောရဗျမင်းကြီးသည် ဝိဓူရအမတ်ကြီးကို သူ့ မပိုင်ဟု ငြင်းဆိုသည်။ ထိုအခါ ဝိဓူရအမတ်ကြီးအား "သင်သည် ကောရဗျမင်း၏ ကျွန် ဟုတ်, မဟုတ်ဖြေဆိုပါ"ဟု **ပုဏ္ဏကဘီလူး**က မေးသည်။ ဝိဓူရအမတ်ကြီးသည် မိမိသေရမည့်ဘေးကိုသိလျက် "ငါသည် ကောရဗျမင်းကြီး၏ကျွန်ဖြစ်သည်။ ကောရဗျမင်းကြီးသည် ငါ့ကို ပိုင်သည်"ဟု အမှန်အတိုင်း ဝန်ခံ ပြောဆိုလေသည်။

ထိုမှတစ်ပါး မှန်သောသစ္စာစကားကို ဆို၍ ဤသစ္စာစကားကြောင့် မည်သို့မည်ပုံ အကျိုးထူးတရားဖြစ်ထွန်းပါစေဟု သစ္စာဆိုခြင်းသည်လည်း သစ္စာပါရမီ၌ အကျုံးဝင်၏။

သုပ္ပါရကဇာတ်တော်၌ ဘုရားလောင်းသုခမိန်သည် ငါးပါးသီလကို မလွန်ကျူးဖူးကြောင်း သစ္စာဆို၍ သင်္ဘောကို ဗလဝါမုခဝဲသြဃမှ ပြန်လည် ဆုတ်နစ်စေခဲ့သည်။

ငုံးမင်းဇာတ်တော်၌ ဘုရားအလောင်းတော်ငုံးမင်းသည် မှန်သောသစ္စာစကားကိုဆို၍ မီးကွင်းအောင် ပြုနိုင်ခဲ့သည်။

ငါးရံ့မင်းဘဝ၌လည်း သစ္စာဆို၍ မိုးရွာစေနိုင်ခဲ့သည်။

ဤသို့ သစ္စာပြုကာ ဆုတောင်းခြင်းသည်လည်း သစ္စာပါရမီ၌ အကျုံးဝင်သည်။ သစ္စာဓိဋ္ဌာန်ပြုသည်ဟုလည်း သုံးနှုန်းကြသည်။

(ဗုဒ္ဓဘာသာလက်စွဲကျမ်း – ပထမတွဲ)

လိမ်၍ပြောခြင်း၊ ပြောတဲ့အတိုင်း မလုပ်ခြင်းကား လူအများကို အထင်မှားအောင် လှည့်စားခြင်းမည်၏။ ထို့ကြောင့် လူတစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ အထင်မမှားအောင်

မုသားလည်းမပြော၊ ကြွားဝါ၍လည်းမပြောဘဲ၊ ပြုနိုင်သလောက် ပြော၍ ပြောသည့်အတိုင်း ပြုခြင်းသည် သစ္စာပါရမီ၏သဘောတည်း။

(အရှင်ဇနကာဘိဝံသ၊ ဗုဒ္ဓဝင်အဖြေ-၂၄)

## မဟာသုတသောမဇာတ်

အလောင်းတော်၏ **မဟာသုတသောမမင်း**ဖြစ်စဉ်တုန်းက သစ္စာပါရမီကို ဖြည့်ကျင့်တော်မူပုံမှာလည်း အတုယူစရာ ကြည်ညိုစရာ ကောင်းလှပေသည်။ ဗြဟ္မဒတ်မင်းအဖြစ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်နေရာမှ လူသားစားမှုအတွက် တိုင်းပြည်က နှင်ထုတ်ခံရ၍ **"ပေါရိသာဒ"**ဟု ထင်ရှားခဲ့သော နန်းကျဘုရင်သည် ပညောင်ပင်အောက်မှာ နေလျက် တောသွားတောလာ လူအများကို ဖမ်းယူစားသောက်လေ့ရှိ၏။ အခါတစ်ပါးဝယ် အတော်ဝဖြိုးသော ပုဏ္ဏားကို ဖမ်းယူ၍ပြေးစဉ် ရှားငုတ်တိုစူးသဖြင့် မသွားနိုင်၍ လူသားကို မစားရသောကြောင့် ညောင်ပင်စောင့်နတ်အား-

"အရှင်နတ်မင်း ကျွန်ုပ်အနာပျောက်အောင် စောင့်ရှောက်တော်မူပါ ၇-ရက်အတွင်း အနာပျောက်လျှင် တစ်ရာ့တစ်ယောက်သောမင်းတို့၏ အသွေးအသားဖြင့် ယဇ်ပူဇော်ပါမည်"ဟု တိုင်ကြားလေသည်။

အစာမစားရသဖြင့် ၇-ရက်အတွင်းမှာ အနာသွေ့ခြောက်၍ အလိုလို ပျောက်သည်ကို ညောင်ပင်စောင့်နတ်က ကယ်မသည်ဟု ထင်သဖြင့် မဟာသုတသောမမင်းမှ တစ်ပါး အခြားသောမင်းများကို ဖမ်းယူပြီးလျှင် ယဇ်ပူဇော်ရန် ပြင်ဆင်၍ ထားလေသည်။



ထို့နောက် ညောင်ပင်စောင့်နတ်ကလည်း မင်းတို့၏ အသွေးအသားများကို ပူဇော်မခံလိုသောကြောင့် သိကြားမင်း၏ အကြံပေးချက်အရ ကိုယ်ထင်ပြလျက် သုတသောမမင်းသား မပါလျှင် သင်၏ အပူဇော်မခံနိုင်ကြောင်းကို ပြောပြလေ၏။ ထိုစကားအရ သုတသောမမင်းကို မဖမ်းလျှင် မဖြစ်တော့၊ ထို့ကြောင့် သုတသောမမင်း ခေါင်းဆေးမင်္ဂလာပြုမည့်နေ့၌ မင်္ဂလာကန်တော်အတွင်းဝယ် ပုန်းအောင်းလျက် ရေသုံးသပ်အပြီးတွင် ဖြုန်းခနဲထွက်၍ **"ငါဟ-ပေါရိသာဒတဲ့"**ဟု ကျယ်စွာသော အသံကိုပြုလျက် သန်လျက်ကိုဝင့်ကာ သုတသောမမင်းကို ဖမ်း၍ စစ်တပ်အကြားမှ ထွက်သွားလေသည်။

သုတသောမမင်း ခေါင်းဆေးမင်္ဂလာပြုရန် ထွက်လာစဉ်တုန်းက ပုဏ္ဏားတစ်ယောက်သည် တစ်ဂါထာလျှင် တစ်ရာတန်သော ဂါထာ ၄ ပုဒ်ကို ရွှေနားတော်သွင်းလိုကြောင်း ခွင့်တောင်းလေသော်။

"ခေါင်းဆေးမင်္ဂလာပြုပြီး နောက်တစ်ရက်မှ ကြားနာပါမည်"ဟု ဝန်ခံထား၏။ ပေါရိသာဒဖမ်းစဉ် ထိုဝန်ခံချက်ကို သတိရ၍ ညောင်ပင်အောက်သို့ ရောက်သောအခါ ထိုဂါထာ နာယူပြီးလျှင် ပြန်လာခဲ့ပါမည်ဟု ယုံကြည်လောက်အောင် ပြောပြ၍ ပေါရိသာဒထံမှ ခွင့်ရလေသည်။

ထို့နောက် တိုင်းပြည်သို့ပြန်သွား၍ ဂါထာများကို နာယူကာ တစ်ဂါထာကို တစ်ထောင်ကျ ဆုတော်များကို ပေးသနားလေသည်။ ထို့နောက် တိုင်းပြည်ကို ခမည်းတော်ထံ အပ်နှံ၍၊ တိုင်းသူ

ပြည်သားလူအများတို့က တားကြသော်လည်း “ပြန်လာပါမည်” ဟူသော ကတိသစ္စာကိုမဖျက်ဘဲ “ကေန်သတ်မှာပဲ”ဟု သိတော်မူလျက်နှင့် ပေါရိသာဒထံသို့ ဆက်ဆက်ကြီး ပြန်လာတော်မူခဲ့ပေသည်။ **(ဤနေရာ၌ အသက်စွန့်၍ သစ္စာပါရမီဖြည့်ပုံကို သတိထားရာ၏။)**

ပေါရိသာဒလည်း မကြောက်မရွံ့ ရဲဝံ့စွာ ပြန်လာပုံကို အံ့သြ၍“အဘယ်အတွက် မကြောက်ပါလိမ့်မည်နည်း”ဟု စဉ်းစားရာ ထိုနာယူခဲ့သော ဂါထာ၏တန်ခိုးများပင် ဖြစ်ရော့သလားဟု အောက်မေ့၍ ထိုဂါထာများကို နာယူလိုကြောင်း ခွင့်တောင်းလေသည်။

ထိုဂါထာများကို နာယူပြီးသောအခါ စိတ်ပြောင်းသွားကာ

“ထိုဂါထာများကို ပြောပြသည့်အတွက် အလိုရှိရာဆုကို ယူပါ”ဟု တောင်းပန်လေသော်၊ သုတသောမမင်းသည် ဖမ်းထားသောမင်းများကို လွှတ်ဖို့နှင့်တကွ အခြားဆုများကို တောင်း၏။

ထိုအခါ အစကငြင်းသော်လည်း တဖြည်းဖြည်းစိတ်ပြောင်းကာ တစ်ရာသော မင်းအပေါင်းကို လွှတ်ပြီးနောက် သုတသောမမင်း၏အဆုံးအမကို နာခံ၍ လူသားစားမှုကိုပါ ရှောင်ကြဉ်လေသည်။ ထို့နောက် မူလတိုင်းပြည်သို့ ပြန်ရောက်၍ မင်းအဖြစ်ကို ရပြီးနောက်မှ တစ်ရာသောမင်းများလည်း ဆိုင်ရာတိုင်းပြည်သို့ ပြန်သွားကြလေသည်။

(ဤဇာတ်၌ အလောင်းတော်၏သစ္စာပါရမီသည် အသက်စွန့်၍ ဖြည့်ကျင့်အပ်သော ပါရမီတော်တည်း။ ထိုပါရမီတော်၏



အစွမ်းကြောင့် အားလုံးသော မင်းများလည်း လွတ်လပ်ချမ်းသာမှုနှင့် ရကြလေသည်။

(အရှင်ဇနကာဘိဝံသ–ရတနာ့ဂုဏ်ရည် – ၂၃၄၊ ၂၃၅၊ ၂၃၆)

ထို့ကြောင့် သစ္စာပါရမီအရာ၌ ပြောသည့်အတိုင်းလုပ်၍ လုပ်သည့်အတိုင်းပြောခြင်းကိုပင် သစ္စာပါရမီဖြည့်ခြင်းဟူ၍ဆို၏။ အပြောနှင့်အလုပ်တွင် အပြောကသတ်သတ်၊ အလုပ်ကသတ်သတ် ဟူ၍ နှစ်ခုကွဲပြားနေခြင်းသည် သစ္စာပါရမီသဘောကို မဆောင်။ **အပြောနှင့်အလုပ် တစ်သားတည်းဖြစ်မှသာ သစ္စာပါရမီသဘောကို ဆောင်၏။**

သစ္စာဟူသည် တန်ဖိုးကြီး၏။ ထို့ကြောင့် လူတို့သည် လောကရေးရာ၌ဖြစ်စေ၊ ဓမ္မရေးရာ၌ဖြစ်စေ သစ္စာဝတ်ရုံကိုခြုံချင်ကြ၏။ သစ္စာ၏အကျင့်ကို ပြချင်ကြ၏။ သို့ဖြစ်သော်လည်း သူတို့သည် သစ္စာ၏သဘောအရ အလုပ်နှင့်အပြောတစ်ဖြောင့်တည်းကျခြင်းကိုမူ မသိကျိုးကျွန်ပြုကြ၏။

**သစ္စာသည် ရှင်း၏။ ပြတ်သား၏။ သစ္စာကို ပူဇော်လျှင် သစ္စာက ပြန်၍ချီးမြှောက်၏။ သစ္စာကိုလှည့်ပတ်လျှင် သစ္စာက ပြန်၍ ဒဏ်ခတ်၏။ ဤကား ဓမ္မတာ။ ဤဓမ္မတာကို ရှောင်လွှဲ၍ မရကောင်း။**

(ဦးရွှေအောင်၊ ဗုဒ္ဓလောကသားတို့၏ အနိုင်းမဲ့ကျေးဇူးရှင်–၂၀၄၊ ၂၀၇၊ ၂၀၈)

## (၈) အဓိဋ္ဌာန်ပါရမီဖြည့်ကျင့်ခြင်း

အဓိဋ္ဌာနကို မြန်မာဘာသာ၌ အဓိဋ္ဌာန်သည် သို့မဟုတ် ဓိဋ္ဌာန်သည်ဟု သုံးနှုန်းလေ့ရှိကြသည်။ အဓိဋ္ဌာန ပါဠိကို တိုက်ရိုက်မြန်မာပြန်ဆိုပါက **ဆောက်တည်ခြင်း**ဟု ပြန်ဆိုကြသည်။ အဓိပ္ပာယ်မှာ မိမိစိတ်ကို ဆုံးဖြတ်ထား၍ ထိုဆုံးဖြတ်ထားသည့်အတိုင်း တိတိကျကျ လိုက်နာကျင့်သုံးမှုကို အဓိဋ္ဌာန်ဟု ခေါ်သည်။

သိဝိဇာတ်တော်၌ **သိဝိမင်းကြီး**သည် ငါ၏မျက်စိကို လာရောက် အလှူခံသူအား လှူဒါန်းမည်ဟု ဆောက်တည်၍ စိတ်၌ စွဲမြဲစွာထားသည်။ ထိုအခါ သိကြားမင်းသည် ပုဏ္ဏားယောင်ဆောင်၍ မျက်စိတစ်ဖက်ကို အလှူခံသည်။ **သိဝိမင်းကြီး**သည် မျက်စိနှစ်ဖက်စလုံးကို စွန့်လှူတော်မူလိုက်သည်။

တေမိယဇာတ်တော်၌ **တေမိမင်းသား**သည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရမည်ကို ကြောက်လန့်ဖြင့် ဆွံ့အယောင်ဆောင်နေရန် အဓိဋ္ဌာန်ပြုဆောက်တည်ခဲ့သည်။ မီးဖြင့်ခြောက်လှန့်



ခြင်း၊ ဆင်ဖြင့် ခြောက်လှန့်ခြင်း၊ မြွေဖြင့်ခြောက်လှန့်ခြင်း၊ အစားအသောက်ဖြင့် မြူဆွယ်ခြင်း၊ အပျိုကညာဖြင့် မြူဆွယ်ခြင်း ပြုသော်လည်း၊ မိမိအဓိဋ္ဌာန်အတိုင်း ဆွံ့အယောင်ဆောင်နိုင်ခဲ့သည်။ နောက်ဆုံးတွင် ခမည်းတော်က သေမိန့်ချမှတ်လိုက်သည်။ သေမိန့်ချမှတ်ခံရသည့်တိုင်အောင် ၁၇–နှစ်လုံးလုံးအကြမ်းနည်းအနုနည်းစမ်းသပ်မှုကို ခံယူလျက် အဓိဋ္ဌာန်ပါရမီကို ဖြည့်ဆည်းပူးခဲ့သည်။

(ဗုဒ္ဓဘာသာလက်စွဲကျမ်း–ပထမတွဲ

## (၉) မေတ္တာပါရမီဖြည့်ကျင့်ခြင်း

မေတ္တာဟူသည် သူတစ်ပါးတို့ကို ကြီးပွားစေလို ချမ်းသာစေလိုသော သဘောတည်း။ ထို့ကြောင့် မြင့်မြတ်သော စိတ်ဓာတ်ရှိသူတို့သည် မိမိအပေါ်၌သူတစ်ပါးက မတော်မတရား ပြုထားစေကာမူ ထိုသူ၏အပြစ်အနာအဆာကို (လက်စားချေမည်ဟု)မရှုတော့ဘဲ အကြောင်းကိစ္စပေါ်လာလျှင် ကိုယ်ကသာ သူ့အကျိုးကို ဆောင်ရွက်ကြလေသည်။

(ရှင်ဇနကာဘိဝံသ၊ ဘုရားအဖြစ်တော်စဉ် ဗုဒ္ဓဝင်အမေးအဖြေ-၂၈)

သုဝဏ္ဏသာမဇာတ်တော်၌ ဘုရားအလောင်းတော် **သုဝဏ္ဏသာမ**သည် ခြင်္သေ့၊ သစ်၊ ကျားနှင့်လည်းကောင်း၊ တောကျွဲ တောဝက် သမင်တို့နှင့်လည်းကောင်း၊ ခြံရံလျက် တောထဲမှာ နေခဲ့သည်။ တိရစ္ဆာန်တစ်ကောင်မျှ သုဝဏ္ဏသာမကို ကြောက်လန့်ခြင်းမရှိပေ။ သုဝဏ္ဏသာမသည်လည်း မည်သည့် တိရစ္ဆာန်ကိုမျှ မကြောက်လန့်ချေ။ မေတ္တာစွမ်းအားကြောင့် အချင်းချင်းချစ်ခင်စွာ နေထိုင်ခဲ့ကြသည်။

(ဗုဒ္ဓဘာသာလက်စွဲကျမ်း -ပထမတွဲ)



**သေယျဇာတ်တော်**၌ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ တစ်နေ့တွင် ဗြဟ္မဒတ်မင်းသည် အပြစ်ရှိသော အမတ်တစ်ယောက်ကို အပြစ်အားလျော်စွာ တိုင်းပြည်မှနှင်ထုတ်လိုက်၏။ ထိုအမတ်သည် ကောသလမင်းထံသွား၍ ခစားပြီးလျှင် ဗာရာဏသီပြည်ကို တိုက်ခိုက်သိမ်းယူပါလျှင် အလွယ်နှင့်ရမည်ဟု လျှောက်ထား၏။ ထိုလျှောက်ထားချက်အတိုင်း ကောသလမင်းသည် ဗာရာဏသီပြည်ကို ဝင်ရောက်တိုက်ခိုက်၏။ မင်းနှင့်တကွ အမတ်များကို ထောင်သွင်းအကျဉ်းချ၏။ ဗာရာဏသီမင်းသည် ရန်သူဖြစ်သော ကောသလမင်းကို အာရုံပြု၍ မေတ္တာပွား၏။ ဗာရာဏသီမင်း၏ မေတ္တာသည် ရှျာန်ဆင့်သို့ရောက်၍ လွန်စွာအားရှိ၏။

ထိုအခါ ကောလမင်းသည် မနေနိုင် မထိုင်နိုင်အောင် ပူလောင်ခြင်း ဝေဒနာကိုခံစားရ၏။ ဗာရာဏသီမင်းကို တောင်းပန်ဝန်ချပြီး တိုင်းပြည်ကို ဗာရာဏသီမင်းအား ပြန်လည်အပ်နှံလိုက်ပါမှ ပူလောင်ခြင်းဝေဒနာသည် ငြိမ်း၏။ ဤဇာတ်မှာ "မေတ္တာစွမ်းအင်ပြ" ဇာတ်ဖြစ်၏။ ဤဇာတ်တော်အရ မေတ္တာလက်နက်သည် အခြားလက်နက်များထက် ပိုမို၍ အစွမ်းထက်ကြောင်း ထင်ရှား၏။

**ကေရာဇဇာတ်တော်**၌ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ တစ်နေ့တွင် ဗြဟ္မဒတ်မင်းသည် အပြစ်ရှိသော အမတ်တစ်ယောက်ကို အပြစ်အားလျော်စွာ တိုင်းပြည်မှ နှင်ထုတ်လိုက်၏။ ထိုအမတ်သည် ကောသလတိုင်း ဒဗ္ဗိသေနမင်းထံသို့ သွားရောက်၍ ခစား၏။ ဗာရာဏသီပြည်ကို သိမ်းယူလျှင်အလွယ်

နှင့်ပင် သိမ်းယူနိုင်ကြောင်းဖြင့် ပြည်ပြေးအမတ်က ဒုဗ္ဘိသေနမင်းအား လျှောက်ထား၏။ ဒုဗ္ဘိသေနမင်းသည် ပြည်ပြေးအမတ်၏ လျှောက်ထားချက်အတိုင်း ဗာရာဏသီပြည်ကို တိုက်ခိုက်သိမ်းယူလိုက်၏။ ဗာရာဏသီမင်းကိုလည်း နန်းတော်တံခါးအထက်၌ တွဲလဲဇောက်ထိုးချထားစေ၏။ ဗာရာဏသီမင်းသည် ဒုဗ္ဘိသေနမင်းကို အာရုံပြု၍ မေတ္တာပွား၏။ မေတ္တာသည် ဈာန်အဆင့်ရောက်သဖြင့် ဗြဟ္မဒတ်မင်းသည် အနှောင်အဖွဲ့အားလုံးမှ လွတ်မြောက်ပြီး ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ၍ နေတော်မူ၏။

ထိုအခါ ဒုဗ္ဘိသေနမင်းသည် ပူလောင်ခြင်းဝေဒနာကို ပြင်းထန်စွာခံစားရပြီး မြေပြင်၌ လူးလိမ့်၍ နေရ၏။ ဒုဗ္ဘိသေနမင်းသည် ကောင်းကင်၌ တည်နေတော်မူသော ဗာရာဏသီမင်းကို သွားရောက်ကန်တော့၍ တိုင်းပြည်ကို ဗာရာဏသီမင်းအား ပြန်လည်အပ်နှံလိုက်မှ ပူလောင်ခြင်းဝေဒနာသည် ပျောက်ကင်းသွား၏ ဤဇာတ်မှာလည်း "မေတ္တာစွမ်းအင်ပြ"ဇာတ်ပင်ဖြစ်၏။

ထိုဇာတ်တော်များအရ မေတ္တာကို တကယ်တန်း ဈာန်အဆင့်သို့ရောက်အောင် ပွားများအားထုတ်နိုင်ပါက မည်မျှလောက်အမျက်ဒေါသကြီးမားသူများကိုပင် ဖြစ်စေကာမူ ပျော့ပျောင်းသွားအောင် စွမ်းဆောင်နိုင်ပါ၏။ သံဝေဂ ရသွားအောင် စွမ်းဆောင်နိုင်ပါ၏။

ထို့ကြောင့်ပင် ဗြဟ္မဒတ်မင်း၏ မေတ္တာစွမ်းအင်ကြောင့် ရန်သူဖြစ်သော ကောသလမင်းသည်လည်းကောင်း၊ ဒုဗ္ဘိသေနမင်းသည်လည်းကောင်း၊ ဗြဟ္မဒတ်မင်းအား ဝန်ချတောင်းပန်ရခြင်းဖြစ်၏။

**(ဦးရွှေအောင်၊ ဗုဒ္ဓလောကသားတို့၏အနိုင်းမဲ့ ကျေးဇူးရှင်–၂၃၀၊၂၃၁)**



## (၁၀) ဥပေက္ခာပါရမီ ဖြည့်ကျင့်ခြင်း

**ဥပေက္ခာ**ကို သဒ္ဒါနည်းအားဖြင့် မြန်မာပြန်ဆိုရာ၌**သင့်တော်အောင်ရှုခြင်း**ဟု ပြန်ဆိုရသည်။ ဆင်းရဲချမ်းသာ နှစ်မျိုးကွဲပြားရာ၌ တစ်ဖက်သတ် ဘက်မလိုက်ဘဲ ဆင်းရဲခြင်းနှင့်လည်း သင့်တင့်အောင် ချမ်းသာခြင်းနှင့်လည်း သင့်တင့်အောင်ရှုခြင်းဟု ဆိုလိုသည်။ ရှေးပညာရှိများက **"လျစ်လျူရှုခြင်း"**ဟု ပြန်ဆိုခဲ့ကြသည်။

အချို့က **ဥပေက္ခာ**ကို ဥပြစ်ခါထားသည်ဟု ပြောဆိုကြသည်။ လုံးဝအာရုံမစိုက်တော့ဘဲ ပစ်စလတ်ခတ်ထား၍ ဘေးချိတ်ထားသည်ဟု အဓိပ္ပာယ်နားလည်နေကြသည်။ အမှန်စင်စစ် ဥပေက္ခာဆိုသည်မှာ ချစ်ခြင်း၊ မုန်းခြင်းကို ရှောင်၍ မချစ်မမုန်း ပုံမှန်နေထိုင် ဆက်ဆံပြုမူခြင်း ဖြစ်သည်။

တစ်စုံတစ်ယောက်နှင့် ဆက်သွယ်ရာ၌ တစ်ဖက်သတ်လိုက်၍ အကျိုးစီးပွားဆောင်ရွက်ခြင်းမပြု၊ မုန်းတီး၍ နစ်နာအောင် အကျိုးမဲ့ကိုလည်း မပြု၊ မိမိတာဝန် ဝတ္တရားရှိသည့်အတိုင်း အပြည့်အဝ တာဝန်ကျေအောင် တည်ကြည်စွာ ဆောင်ရွက်ပေး

ခြင်းဖြစ်သည်။ ချီးမွမ်းပူဇော်မှုနှင့် တွေ့ကြုံရသည့် အခါတွင်လည်း တက်ကြွမှု မရှိစေရ၊ ကဲ့ရဲ့ပြစ်တင်ရှုတ်ချခံရသည့်အခါတွင်လည်း စိတ်အားငယ်၊ စိတ်ဓာတ်ကျဆင်းမှု မရှိစေရ၊ နှိပ်စက်မှုဘေးရန်နှင့် ကြုံရသည့်အခါတွင်လည်း ကြောက်လန့်အားငယ်မှု မဖြစ်စေရ၊ အရာရာကို တည်ငြိမ်စွာ ရင်ဆိုင်နိုင်သည့်သဘောကို ဥပေက္ခာဟု ဆိုသည်။ ထိုသို့ ဥပေက္ခာပြုနိုင်ရန်မှာလောက၏ သဘောတံထွာ ဓမ္မတာများကို နားလည်ထားရမည်။ နိယာမတရားများကိုနားလည် ထားရမည်။ သတ္တဝါတို့သည် ကံသာအမိ၊ ကံသာအဖ၊ ကံသာ ဆွေမျိုးရှိသည်ဟု နားလည်ထားရမည်။ သို့မှသာလျှင် ဥပေက္ခာ ဟုခေါ်သော တည်ငြိမ်မှုကို ရရှိနိုင်သည်။

ဥပေက္ခာသည် အမြင့်ဆုံးတရား၊ အခက်ဆုံးတရားဖြစ် သည်။ လက်တွေ့ကျင့်သုံးနိုင်ရန် မဆိုထားဘိ၊ ဥပေက္ခာအကြောင်း ကို ရိပ်စားမိရန်ပင် ခက်ခဲလှပေသည်။

(ဗုဒ္ဓဘာသာလက်စွဲကျမ်း -ပထမတွဲ)

ဘုရားအလောင်းတော်သည် **"လောမဟံသ"**ဖြစ်စဉ်အခါ၌ မြင်ရသူတို့ကြက်သီးမွေးညှင်းထလောက်အောင် ဤဥပေက္ခာပါရမီ ကို ဖြည့်တော်မူပါသည်။ (**လောမ**=ကြက်သီးမွေးညင်းတို့ကို + **ဟံသ**=ရွှင်စေ(ထစေ)လောက်အောင် ကျင့်သူ။)

ဘုရားအလောင်းသည် မိဘတို့ကွယ်လွန်သောအခါ များစွာ ကျန်ရစ်သော စည်းစိမ်တို့ကို မက်မောခြင်းမရှိဘဲ ရသေ့ပြုလို၏။ သို့သော် ရသေ့ပြုလုပ်သွားလျှင် လူအများအထင်ကြီး၍ ချီးမွမ်းကြ လိမ့်မည်ဟု ယူဆသဖြင့်၊ ရသေ့လည်းမလုပ်ဘဲ အဝတ် တစ်ထည် ဖြင့် ရောက်ရာပေါက်ရာ ထွက်ခွာသွားလေ၏။



လေးလေးစားစားပြုသောနေရာ၌ ကြာကြာမနေ တစ်ရက် သာနေ၏။ မလေးမစားပြုသူများသော နေရာ၌သာ ကြာကြာနေ၍ **ဥပေက္ခာပါရမီ**ကို ဖြည့်ကျင့်လေသည်။ ရွာတစ်ရွာ၌ကား ဘုရား အလောင်းကို ကလေးတွေနှင့် သေသောက်ကြူးတွေက အများဆုံး ပြောင်ကြ လှောင်ကြကုန်၏။

အလောင်းတော်သည် သုသာန်၌ လူရိုးကို ခေါင်းအုံး၍ အိပ်၏။ ကလေးတို့လာ၍ တံတွေးထွေးကြ၊ ကျင်ကြီးကျင်ငယ် စွန့်ချကြကုန်၏။ ထိုသူတို့အပေါ်၌ စိတ်မဆိုး။ တချို့လိမ္မာသူ တို့က ပန်းနံ့သာနှင့် စားကောင်းသောက်ဖွယ်ကို ပေးလှူကြကုန်၏။ ထိုသူတို့အပေါ်၌လည်းမချစ်။ ၂-မျိုးလုံးအပေါ်၌ လျစ်လျူရှုကာ ဥပေက္ခာဖြင့် နေလေသည်။ (ထိုဘဝ၌ လောကဓံကို အခံနိုင်ဆုံးပင် ဖြစ်လေသည်။)

(အရှင်ဇနကာဘိဝံသ၊ ဘုရားအဖြစ်တော်စဉ် ဗုဒ္ဓဝင်အမေးအဖြေ -၃၂၊ ၃၃)

ဂ။ ပါရမီ (၁၀) ပါး၊ အပြား (၃၀)ကို လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းတိုင်အောင် ဖြည့်ကျင့်တော်မူပြီးသည့်နောက် **ဝေဿန္တရာမင်း**အဖြစ်သို့ အရောက်မှာ ပြည့်စုံလုံလောက် ပြီဖြစ်၍၊ ထိုမှတဖန် **တုသိတာနတ်ပြည်၌ သေတကေတု** အမည်ရှိ နတ်မင်းအဖြစ်ဖြင့် စိုးစံတော်မူလေသည်။

- နတ်တို့အရေအတွက်အားဖြင့် **အနှစ်လေးထောင်** လူတို့၏ အရေအတွက်အားဖြင့် **ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်းစေ့အောင်** နတ်စည်းစိမ် ခံစား၍ နေတော်မူလေသည်။

**၉။ ဘုရားဖြစ်ရန် ပဋိသန္ဓေတည်ရာအကြောင်း အခြင်းအရာများ**

- နတ်သက်စေ့သောအခါ တစ်သောင်းသောစကြဝဠာမှ နတ်ဗြဟ္မာအပေါင်းတို့သည် လူ့ပြည်၌ ပဋိသန္ဓေတည်တော်မူလျက် ဘုရားဖြစ်တော်မူ၍ သတ္တဝါအများကို ကယ်ဆယ်တော်မူပါရန် တောင်းပန်ကြသောအခါ ချက်ခြင်း တာဝန်မခံသေးဘဲ ငါးပါးသော ကြည့်ဖွယ်တို့ကို ကြည့်တော်မူသည်။

**ကြည့်ဖွယ်ငါးပါးကား**

(၁) **အခါကာလ** - လူတို့၏သက်တမ်း အနှစ်တစ်သိန်းမှ အောက်၊ အနှစ်တစ်ရာအထက်၌သာ ဘုရားဖြစ်ဖို့ရန်အချိန်အခါ ဖြစ်သည်။

(၂) **ဒီပ(ကျွန်း)** - ကျွန်းကြီးလေးကျွန်းတွင် **"ဇမ္ဗူဒီပ"** ခေါ် တောင်ကျွန်း၌သာ ဘုရားပွင့်ရိုးရှိ၏။

(၃) **ဒေသ(အရပ်)** - တောင်ကျွန်းတွင်လည်း **"မဇ္ဈိမဒေသ"** ခေါ်သော အိန္ဒိယတိုင်း၌သာ ဘုရားပွင့်ရိုးရှိ၏။

(၄) **ကုလ(အမျိုး)** - မဇ္ဈိမဒေသတွင်လည်း **ခတ္တိယ(မင်း)** မျိုး၊ **ဗြာဟ္မဏ(ပုဏ္ဏား)**မျိုးတို့၌သာ ဘုရားပွင့်ရိုးရှိ၏။



(၅) **မယ်တော့်အသက်**–မယ်တော်ဖြစ်မည့်သူသည် သီလစင်ကြယ်သူဖြစ်၍ ဘုရားလောင်းဖွားပြီးနောက် ၇–ရက်ကြာလျှင် နတ်ရွာစံရလောက်သော အသက်ရှိရမည်။ သည့်ထက်တိုလည်း မတိုရ၊ ရှည်လည်း မရှည်ရ။

ကြည့်ဖွယ်ငါးပါးကို ကြည့်ရှုသောအခါ အားလုံးစုံလင်စွာ မြင်ရသဖြင့် "ဘုရားဖြစ်ဖို့ရန် လူ့ပြည်၌ဖြစ်မည်"ဟု ဝန်ခံ (ကတိ) ပြုတော်မူလေသည်။ ထိုသို့ ဝန်ခံပြီး မကြာမီပင် တုသိတာမှ စုတေတော်မူခဲ့၏။

(က) **တိုင်း** - သက္ကတိုင်း
(ခ) **ပြည်** - ကပိလဝတ်ပြည် (အိန္ဒိယမြောက်ပိုင်း၊ နီပေါနယ်အတွင်းမှာရှိသည်။)
(ဂ) **ဖခမည်းတော်** - သုဒ္ဓေါဒနမင်းကြီး
(ဃ) **မယ်တော်** - မာယာဒေဝီ
(င) **မဟာသက္ကရာဇ်** - ၆၇ ခုနှစ်
(စ) **လ** - ဝါဆိုလပြည့်
(ဆ) **နေ့** - ကြာသပတေး
(ဇ) **အချိန်** - သန်းခေါင်ယံ

(ယင်းသို့ သန္ဓေစံနေတော်မူလျှင် ပုဗ္ဗနိမိတ် –၃၂ ပါးတို့ ထင်ကျန်၏။ )

(အကျယ်သိလိုမူ ဇိနတ္ထပကာသနီစာမျက်နှာ(၆)ရှုပါကုန်။)

**၁၀။ မယ်တော်၌ ကြီးစွာသော အပ်မက်မြင်မက်ခြင်း။**

- အိပ်မက်ကား "စတုမဟာရာဇ် နတ်မင်းလေးယောက်တို့သည် မိဖုရားကို အိပ်ရာ, သလွန်နှင့်တကွ ချီ၍ ဟိမဝန္တာသို့ ဆောင်ပြီးလျှင် ယူဇနာခြောက်ဆယ်ရှိသော ဆေးဒန်းမြင်းသီလာ ကျောက်ဖျာ၏အပြင် အင်ကြင်းပင်ကြီး၏အောက်၌ ချထား၏။ ထိုအခါ နတ်မိဖုရား လေးဦးတို့သည် လာကုန်၍ သီတာ နဝရတ်ရေကို ချိုးစေပြီးလျှင် နတ်တို့၏ ပန်းနံ့သာ တန်ဆာကို ဆင်ယင်လျက် ငွေတောင်ထွတ်ထက်၌ရှိသော ရွှေဗိမာန်သို့ဆောင်၍ အိပ်စေပြန်၏။ ထိုအခါ ငွေသာခွာတောင်သို့သော ဆင်ပြောင်ရတနာသည် မြောက်အရပ်မှလာ၍ မာယာမိဖုရား၏လက်ယာနံပါးကို လှစ်၍ဝင်သည်"ဟု မြင်မက်တော်မူ၏။

**(နိဒါနပကာသနီ-၈)**

**၁၁။ မွေးဖွားရာအရပ်၊ နေ့၊ ရက်နှင့် အကြောင်းအခြင်းအရာများ**

(က) **ဖြစ်စဉ်** – မယ်တော်မာယာဒေဝီသည် မိဘဆွေမျိုးများရှိရာ ဒေဝဒဟ ပြည်သို့ အလည်အပတ်သွား။

(ခ) **မွေးဖွားရာဥယျာဉ်တော်** – လုမ္ဗိနီအင်ကြင်းဥယျာဉ် (နီပေါနိုင်ငံတောင်ပိုင်း)

(ဂ) **မဟာသက္ကရာဇ်** – ၆၈ ခုနှစ်။ (B.C.623)



(ဃ) **လ** – ကဆုန်လပြည့်။

(င) **နေ့** – သောကြာ။

(စ) **အချိန်** – နံနက်တစ်ချက်တီးအချိန်။

**၁၂။ အံ့ဖွယ်သရဲဖြစ်စဉ်**

(က) ဘုရားအလောင်းတော်သည် ဖွားမြင်ပြီးသည်နှင့် တစ်ပြိုင်နက် မြောက်သို့ ခုနစ်ဖဝါးလှမ်းကာ၊

**– ငါသည် လောကတွင် အမြတ်ဆုံး။**
**– ငါသည် လောကတွင် အကြီးဆုံး။**
**– ငါသည် လောကတွင် အချီးမွမ်းအပ်ဆုံး။**
**– ဤဘဝသည် နောက်ဆုံးဘဝဖြစ်၏။**
**– ယခုငါ့အတွက် နောက်ထပ်ဘဝဟူ၍ မရှိတော့။**

ဟူ၍ ကြွေးကြော်၏။

(ခ) ခမည်းတော် **သုဒ္ဓေါဒနမင်းကြီး**သည် မိမိဆရာ **ကာဠဒေဝီလ** ရှင်ရသေ့အား ရှိခိုးစေရန် ဆောင်ယူခဲ့ရာ မိမိ၏သားတော်က ဆရာဒေဝီလအား ရှိမခိုးဘဲ ဆရာဒေဝီ၏ ဦးခေါင်းပေါ်၌ သွားရောက်ရပ်တည်၏။ အံ့ဖွယ်သရဲ ထူးကဲဖြစ်စဉ်ကိုမြင်လျှင် ရှင်ရသေ့သည် ထ၍ ညွတ်ကျိုးရှိခိုး ဦးတိုက်၏။ ဖခင်မင်းတရားလည်း သားတော်မြတ်ကို တုပ်ဝပ်ရိုကျိုးရှိခိုးလေသည်။

**၁၃။ ကာဠဒေဝီလရသေ့ နိမိတ်ဖတ်ခြင်း**

- ရှေ့နောက်ကမ္ဘာလေးဆယ်စီ မြင်နိုင်သော **ကာဠဒေဝီလရသေ့**သည် ဘုရားလောင်း၏ လက္ခဏာကြီး

ယယ် ကိုမြင်လျှင် **“စင်စစ် မချွတ် ဘုရား ဖြစ်လတ္တံ့သောသူမြတ်ကို ထက်ကြပ်ဖူးမြင်ရသည်”** ဟုရှင်ကြည်လှသော နှလုံးဖြင့် ပြုံးရယ်တော်မူ၏။ ထိုနောက်မှ **“ ဤမင်သား ဘုရားဖြစ်သောအခါ ငါဖူးတွေ့ရပါအံ့လော”** ဟု မိမိ၏အာယုပရိစ္ဆေဒကို ဆင်ခြင်ပြန်လျှင် ဘုရားမဖြစ်ခင် သေလွန်၍ အထက်အရူပဘုံ၌ ဖြစ်လတ္တံ့သည်ကို သိ၍ **“တွေ့ခဲလှစွာသော အစ္ဆရိယပုဂ္ဂိုလ်ကို တွေ့ရငြားလျက် ဘုရားဖြစ်သည်တိုင်အောင်မျှ ငါမနေရပါ”** ဟု မိမိကံကြမ္မာကို ဝမ်းနည်း၍သည်းစွာ ငိုပြန်၏။

- မင်းတရားကလည်း **“အကျွန်ုပ်သားသည် အဘယ်အရွယ်မှာ ဘုရားဖြစ်လတ္တံ့နည်း”** ဟု ကာဠဒေဝီလ ဆရာဖြစ်သူအား မေးလျှောက်သော် **“သုံးဆယ့်ငါးနှစ်တိုင်မှ ဘုရားဖြစ်မည်”** ဟု နိမိတ်ဖတ်လေ၏။

၁၄။ **အလောင်းတော်နှင့် တစ်ပြိုင်နက် ဖွားမြင်သူများ (သို့) ဖွားဖက်တော် ၇ ပါး**

(၁) ယသောဓရာမင်းသမီး
(၂) အာနန္ဒာမင်းသား
(၃) ဆန္နအမတ်
(၄) ကာဠုဒါယီအမတ်
(၅) ကဏ္ဍကမြင်း
(၆) မဟာဗောဓိပင်
(၇) ရွှေအိုးကြီး လေးလုံး



အသောက ကျောက်တိုင်

မြတ်စွာဘုရား ဖွားမြင်တော်မူသည့် နေရာကို မှတ်သား၍ အသောက မင်းကြီးစိုက်ထူခဲ့သော ကျောက်စာတိုင် ဖြစ်သည်။

ထိုကျောက်စာတိုင်ပေါ်၌ စာငါးကြောင်း ရေးထိုးထားသည်။ စာ၏အဓိပ္ပါယ်မှာ ဒေဝါနံ ပိယတိဿမင်းကြီးသည် နန်းစံ အနှစ် ၂၀တွင် ဤဒေသသို့ ဘုရားဖူး ရောက်ခဲ့သည်။ မြတ်စွာဘုရား ဖွားတော်မူရာဌာန အထိမ်းအမှတ်အဖြစ် ကျောက်တိုင်စိုက်ထူခဲ့သည်။ ထိုကျောက်တိုင်ရှိ အက္ခရာများမှာ ဗြဟ္မီအက္ခရာဖြစ်သည်။

(မောင်အံ့-မဟာဝိဇ္ဇာ-ဘုံဘေ-မြတ်ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ-၉၁)

## ၁၅။ ဘုရားလောင်းဖွားမြင်ပြီး ပဉ္စမနေ့

- ကပိလဝတ်နေပြည်တော်တွင် သုဒ္ဓေါဒနမင်းကြီးက သူ၏ နန်းတော်၌ အစဉ်အလာ ဘာသာရေးယုံကြည်မှု အရ ဗြာဟ္မဏ ၁၀၈ ယောက်တို့အားပင့်ဖိတ်၍ နို့ဃနာ ဘောဇဉ်ဖြင့် လုပ်ကျွေး၏။ မင်းသားအား ဦးခေါင်းဆေး မင်္ဂလာပြု၏။ အမည်ပေး မင်္ဂလာပြု၏။ လက္ခဏာ တော်ကို ဖတ်စေ၏။

- ထိုပူဇော်ပွဲတွင် မင်းသားကို **“သိဒ္ဓတ္ထကုမာရ”**ဟူ၍ မင်္ဂလာအမည်ကို မှည့်၏။ ဗြာဟ္မဏ–၁၀၈ ယောက် တို့အနက်၊ ခေါင်းဆောင် ဗြာဟ္မဏ ၈ ယောက်တို့တွင် ၇–ယောက်က “မင်းသားသည် လူ့ဘောင်၌ နေပါက စကြာဝတေးမင်းဖြစ်မည်။ ရဟန်းပြုပါက သုံးလောက ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားဖြစ်မည်” ဟူ၍ဟော၏။ နောက်ဆုံး **ကောဏ္ဍည** ဗြာဟ္မဏကမူ **မင်းသားသည် ဘုရားစင်စစ် ဧကန် ဖြစ်မည်”**ဟူ၍ ဟောလေ၏။

- ထိုစကားကို ကြားလေသော် ခမည်းတော်မင်းတရားသည် လည်း “ငါ၏သားသည် ဘုရားဖြစ်လတ္တံ့ဟု ဆိုသော် အဘယ်အကြောင်းကိုမြင်၍ လူ၏ဘောင်တွင် မပျော်ရွှင် ဘဲ ရှောင်လွှဲတောထွက်လတ္တံ့နည်း”ဟု မေး တော်မူ၏။
- ကောဏ္ဍညပုဏ္ဏားသည် “အရှင့်သားသည် ကြီးမားရင့်မာ သော ပါရမီသမ္ဘာ ပညာသတ္တိ ရှိပါသည်။ တဏှာရမက် ငေါက်ခြင်း ကင်းပါလိမ့်မည်။ သူအို၊ သူနာ၊ သူသေ၊

ရဟန်းတည်းဟူသော နိမိတ်လေးပါးကို မြင်ဘိ၍ သတိသံဝေဂရသဖြင့် မုချဆက်ဆက် တောထွက်ပါ လိမ့်မည်” ဟု လျှောက်၏။

- ထိုနေ့ ထိုအချိန်မှစ၍ သုဒ္ဓေါဒနမင်းကြီးသည် မိမိသားတော်အား ထိုနိမိတ်ကြီးလေးပါးကိုမမြင်ရလေအောင် စီမံတော်မူ၏။

**၁၆။ မယ်တော်မာယာ နတ်ရွာစံခြင်း**

- ဘုရားလောင်းအား ဖွားမြင်ပြီးနောက် ၇-ရက် မြောက်မှာ မယ်တော်မာယာဒေဝီ နတ်ရွာစံ၏။ ဖွားမြင် ရခြင်းကြောင့် စံရသည်မဟုတ်၊ ကံကုန်၍စံရခြင်း ဖြစ်သည်။

**၁၇။ မယ်တော်နတ်ရွာစံပြီးနောက် သိဒ္ဓတ္ထမင်းသားအား သားအရင်းကဲ့သို့ စောင့်ရှောက်ခြင်း။**

- မယ်တော်မာယာ၏ညီမတော် မဟာပဇာပတိဂေါတမီ မိဖုရားသည် သားတော်နန္ဒမင်းသားကို နို့ထိန်းတို့အား အပ်နှင်းကာ အလောင်းမင်းသားကို မိဖုရားကိုယ်တိုင် နို့တိုက်၍ မွေးမြူတော်မူ၏။

**၁၈။ လယ်ထွန်မင်္ဂလာပြုခြင်း**

- သိဒ္ဓတ္ထမင်းသားကိုဖွား၍ တစ်လမြောက်သောအခါ ထိုခေတ်က စိုက်ပျိုးရေးခေတ်ဖြစ်သဖြင့် လယ်ယာလုပ်ငန်းသည် စီးပွားရေးအသွင်ကိုသာမက ဘာသာရေးအသွင်နှင့် ယဉ်ကျေးမှုအသွင်ကိုပါ ဆောင်လျက်ရှိ၏။
- ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီးသည် မိမိ၏မှူးမတ်ဗိုလ်ပါ



များနှင့်တကွ လယ်ထွန်မင်္ဂလာပွဲတော်ကို ကျင်းပခြင်းဖြစ်၏။ လယ်ထွန်မင်္ဂလာကျင်းပရာသို့ မိမိ၏သားတော်သိဒ္ဓတ္ထမင်းသားကိုလည်း ခေါ်ဆောင်သွား၏။ လယ်ထွန်မင်္ဂလာကျင်းပချိန်တွင် အထိန်းတော်များက သိဒ္ဓတ္ထမင်းသားကို သပြေပင်ရိပ်၌ သိပ်ထားကြ၏။

- မွန်းလွဲချိန်တွင် အခြားသောသစ်ပင်ရိပ်များ ပြောင်းရွှေ့သွားကြသော်လည်း သိဒ္ဓတ္ထမင်းသားစံရာ သပြေပင်ရိပ်ကား မပြောင်း။ မူလအတိုင်းပင်ရှိ၏။ အမှန်အားဖြင့် သိဒ္ဓတ္ထမင်းသားသည် သပြေပင်ရိပ်၌ ပထမဈာန်ကို ဝင်စားနေလေရာ ယင်း၏အာနုဘော်ကြောင့် သပြေပင်ရိပ် မပြောင်းခြင်းဖြစ်၏။
- ထိုအကြောင်းကို ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအား သွားရောက်လျှောက်တင်ကြသောအခါ မင်းကြီးသည် ကိုယ်တိုင်လာရောက်ဖူးမြော်ပြီးလျှင် ဒုတိယအကြိမ်အနေဖြင့်သားတော်သိဒ္ဓတ္ထမင်းသားအား ရှိခိုးလေ၏။

(ဦးရွှေအောင်၊ ဗုဒ္ဓလောကသားတို့၏အနိုင်းမဲ့ ကျေးဇူးရှင်-၂၅၆)

**၁၉။ မသင်ရဘဲတတ်သော ပါရမီများစွမ်းအား**

- ယနေ့မျက်မှောက်ခေတ်တွင်ပင် အတိတ်ဘဝကို မှတ်မိသော ပုဂ္ဂိုလ်များရှိသည်ဟူ၍ ယုံကြည်လက်ခံသူများရှိ၏။ သူတို့သည် သူတို့၏အတိတ်ဘဝ အတွေ့အကြုံများကိုမှန်ကန်စွာ ပြောပြနိုင်ကြ၏။ ယင်းကို **“ဇာတိဿရဉာဏ်”** ဟူ၍ ခေါ်၏။ ဇာတိဿရဉာဏ်စွမ်းအင်သည်

အံ့သြဖွယ်ဖြစ်၏။ သိဒ္ဓတ္ထမင်းသားကား လေးသချေ်နှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို အထွတ်အထိပ်သို့ရောက်အောင် ဖြည့်ကျင့်ခဲ့သူဖြစ်၏။ သိဒ္ဓတ္ထမင်းသားဘဝကား နောက်ဆုံးဘဝဖြစ်၏။ နောက်ဆုံးဘဝတွင် သူ၏ ဇာတိဿရဉာဏ်သည် မည်မျှထက်မြက်နေလေသနည်း။

- သိဒ္ဓတ္ထမင်းသားသည် လေးသချေ်နှင့် ကမ္ဘာတစ်သိန်းကာလအတွင်း သူသင်ယူတတ်မြောက်ခဲ့သော အတတ်ပညာများကို အားလုံးမှတ်မိနေ၏။ ဘဝအဆက်ဆက်၌ သူ သင်ကြားတတ်မြောက်ခဲ့သော အတတ်ပညာရပ်များသည် သူ၏စိတ်အစဉ်၌ အားလုံးလာရောက်၍ ထင်နေ၏။ ထို့ကြောင့် သူသည် မင်းသားတို့ တတ်အပ်သော ပညာရပ်များကို ဆရာသမားများထံမှ သင်ယူရခြင်း မရှိဘဲ အားလုံးကို တတ်မြောက်နေခြင်းဖြစ်၏။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားကို **"ဆရာမရှိဘဲ အဋ္ဌာရသ ၁၈ ရပ်သော အတတ်ပညာများကိုတတ်သူ"** ဟူ၍ ဆိုရ၏။ အစိန္တေယျ ဟူ၍ ထင်ရသော်လည်း လောကအတွေ့အကြုံအရ စိန္တေယျပင်ဖြစ်၏။

**(ဦးရွှေအောင်၊ ဗုဒ္ဓလောကသားတို့၏အနှိုင်းမဲ့ ကျေးဇူးရှင် - ၂၆၁)**

## ၂၀။ လေးအတတ်ပြပွဲ

- လေးအတတ်ပြပွဲတွင် သိဒ္ဓတ္ထမင်းသားသည် သူတို့ခေတ်က သူတို့တစ်ခါမျှ မမြင်ဖူးသော သူတို့တစ်ခါမျှ မကြားဖူး



သောလေးအတတ်များကို ပြလေ၏။ ထိုလေးအတတ်ပြပွဲတွင် သိဒ္ဓတ္ထမင်းသားပြသော လေးအတတ်များမှာ မြှားရေးကြီး ၄ ပါးနှင့် မြှားရေးငယ် ၁၂ ပါးတို့ ဖြစ်ကြ၏။ ဤလေးအတတ်များကို သာကီဝင်တို့သည် မြင်လည်း မမြင်ဖူး၊ ကြားလည်းမကြားဖူးကြ၊ သူတို့၏မျက်စိအောက်တွင်ပင် သိဒ္ဓတ္ထမင်းသားသည်ကြီးပြင်းခဲ့သူဖြစ်၏။ ပညာမသင်ဖူးသည်ကိုလည်း သူတို့သိ၏။ သို့ပါလျက် သိဒ္ဓတ္ထမင်းသားသည် သူတို့၏မျက်မှောက်တွင်ပင် သူတို့မမြင်ဖူးသော လေးအတတ်ကို ပြလေပြီ။ အံ့သြဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ သာကီဝင်တို့အတွက် ဂုဏ်ယူလိုက်သည့်ဖြစ်ခြင်း။ ထိုအထဲတွင် ဖခမည်းတော်မင်းကြီးကအသာဆုံးဖြစ်လေ၏။

**(ဦးရွှေအောင်၊ ဗုဒ္ဓလောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင်–၂၆၃)**

## ၂၁။ တာဝန်ဖြင့် ပွဲ့နှောင်ခြင်း

သိဒ္ဓတ္ထမင်းသားသည် အရွယ်လည်းရောက်ပြီ၊ အတတ်ပညာများလည်းစုံပြီ။ ထို့ကြောင့် သာကီဝင်တို့သည် သိဒ္ဓတ္ထမင်းသားကို နန်းအပ်ရန်စီစဉ်ကြ၏။ အမှန်အားဖြင့် ကပိလဝတ်ပြည်ကား အတိုင်ပင်ခံများနှင့် အလှည့်ကျအုပ်စိုးသောနိုင်ငံဖြစ်၏။ ဧကရာဇ်နိုင်ငံမဟုတ်၊ ဘုရင်ဖြစ်သူကို မင်းသားများက ရွေးကောက်၍ နန်းတင်ရ၏။ ထို့ကြောင့် သာကီဝင်တို့သည် သုဒ္ဓေါဒနမင်းကြီးနှင့် ညှိနှိုင်း၍ အများသဘောတူ သိဒ္ဓတ္ထမင်းသားကို ဘုရင်

အဖြစ် ရွေးချယ်၍ နန်းတင်ကြခြင်းဖြစ်၏။ အမှန်အားဖြင့် နန်းတင်ကြခြင်းသည် သိဒ္ဓတ္ထမင်းသားကို တောမထွက်နိုင်အောင် စီစဉ်ခြင်းပင်ဖြစ်၏။

- ထိုအခါ သိဒ္ဓတ္ထမင်းသားသည် ဘုရင်တစ်ပါးအနေဖြင့် သူ၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ရ၏။ နိုင်ငံတော်အေးချမ်းသာယာရေးအတွက်လည်း သူ၏တာဝန်ဖြစ်၏။ နိုင်ငံသူနိုင်ငံသားများအတွက် ရုပ်ပိုင်းပြည့်စုံမှုအရ စားဝတ်နေရေးနှင့် ကျန်းမာရေးတို့ မြင့်မားအောင်လည်း ဆောင်ရွက်ရ၏။
- ဝေဒနာပိုင်း ပြည့်စုံမှုအရ အမြဲတမ်းပျော်ရွှင်ချမ်းမြေ့အောင်လည်း ဆောင်ရွက်ရ၏။
- သညာပိုင်း၏ပြည့်စုံမှုအရ အသိပညာများနှင့် အတတ်ပညာများ ပြည့်စုံအောင်လည်း ဆောင်ရွက်ရ၏။
- သင်္ခါရပိုင်း၏ ပြည့်စုံမှုအရ တီထွင်ကြံဆတတ်အောင်လည်း ဆောင်ရွက်ရ၏။
- ဝိညာဏ်ပိုင်း၏ပြည့်စုံမှုအရ စစ်မှန်သောကိုးကွယ်ယုံကြည်မှုများကို ကိုးကွယ်ယုံကြည်တတ်အောင်လည်း ဆောင်ရွက်ရ၏။
- တရားနှင့်အညီ မင်းပြုသော ဘုရင်ဖြစ်ရိုးမှန်လျှင် ဘုရင်မင်းမြတ်၏ တာဝန်နှင့် ဝတ္တရားမှာ ကြီးလေးလှ ပါ၏။

**(ဦးရွှေအောင်–ဗုဒ္ဓလောကသားတို့၏အနိုင်းမဲ့ ကျေးဇူးရှင် –၂၆၃, ၂၆၄, ၂၆၅)**



**၂၂။ လက်ထပ်ထိမ်းမြားခြင်း**

(က) **သက်တော်** – ၁၆ နှစ်

(ခ) **ကြင်ယာတော်** – ယသော်ဓရာ (ဒေဝဒဟပြည် သုပ္ပဗုဒ္ဓမင်း၏သမီးတော်)

- (ဒီပင်္ကရာဘုရားရှင်ကို ဖူးမြော်ကန်တော့ရန် ထွက်လာသော **သုမိတ္တာ**အမျိုးသမီးသည်မိမိတွင်ပါလာသောကြာပန်း (၈) စည်းအနက် (၅)စည်းကို သုမေဓာရှင်ရသေ့အား ဆက်ကပ်၍ မိမိအတွက် (၃) စည်းချန်ထားပြီး ဘုရားလောင်း၏ပါရမီများကို ဖြည့်ခဲ့သူ ဖြစ်လေသည်။)

**၂၃။ သိဒ္ဓတ္ထမင်းသား နိမိတ်ကြီးလေးပါးမြင်ခြင်း**

(က) **သူအိုမြင်ခြင်း**

- **သက်တော်** – ၂၈ နှစ်
- **သွားရာနေရာ** – ဥယျာဉ်တော်
- **မြင်ရပုံအခြင်းအရာ**

- ဥယျာဉ်တော်အနီးသို့ရောက်သောအခါ **တုသိတာနတ်အပေါင်း**တို့သည် "အလောင်းမင်း၏ ရဟန်းပြုရာအချိန်တန်ပြီ၊ သတိသံဝေဂရအောင် ငါတို့ပြတော့မည်"ဟုကြံ၍ ဝေဇယန်ရထား၏ ရှေ့တူရူ၌ ဆံဖြူသွားကြွေ၊ အရေတွန့်တို အိုမင်းစွာသော သူ၏အသွင်ကို ဖန်ဆင်း၍ပြ၏။
- အလောင်းတော်မြတ်လည်း အိုခြင်းကို ဆင်ခြင်လျက်ဘဝင်တုန်လှုပ် သည်းဆုတ်အေးမျှ ပူဆွေးကြောက်

လန့်တော်မူပြီး မြင်ရာအရပ်ကပင် မြင်းကို ဦးလှည့်၍ ရွှေပြည်ဖိမာန်သို့ ပြန်ဝင်တော်မူလေသည်။

(ခ) **သူနာမြင်ခြင်း**

လေးလမြောက်၌တစ်ကြိမ် မင်္ဂလာဥယျာဉ်တော်သို့ သွားပြန်ရာ **တုသိတာနတ်တို့**ကပင်လျှင် သူနာအဟန်ကို ဖန်ဆင်း၍ ပြပြန်သဖြင့်၊ ယနေ့နက်ဖြန်ပင် တွေ့ရအံ့ကဲ့သို့ ထင်၍ အတိုင်းအထက်အလွန် သံဝေဂရှိတော်မူသည်။

(ဂ) **သူသေမြင်ခြင်း**

ထို့နောက် လေးလမြောက်၌တစ်ကြိမ် မင်္ဂလာဥယျာဉ်တော်သို့ သွားပြန်ရာ ထို**တုသိတာနတ်**တို့ကပင်လျှင် သူသေအဟန်ကို ဖန်ဆင်းပြပြန်သဖြင့်၊ ယနေ့နက်ဖြန်ပင် သေရမည်ကဲ့သို့ အတိုင်းအထက်အလွန် သံဝေဂ ရှိတော်မူသည်။

(ဃ) **ရဟန်းကိုမြင်ခြင်း**

ထို့နောက် လေးလမြောက်တွင် တစ်ကြိမ် မင်္ဂလာဥယျာဉ်တော်သို့သွားပြန်ရာ ထိုတုသိတာနတ်တို့ကပင် ရဟန်းအသွင်ကို ပြလေ၏။ သိဒ္ဓတ္ထမင်းသားသည် ရဟန်းအား ရဟန်းဝတ်ခြင်း၏ အဓိပ္ပာယ်ကို မေးမြန်း၏။ ရဟန်းက **"ရဟန်းဟူသည် လောက၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရန်အတွက် ကုသိုလ်**



**တရားများကို ပွားများအားထုတ်သူဖြစ်ကြောင်း"** ပြန်ကြား ပြောဆိုလေ၏။

(င) **ဆုံးဖြတ်ချက်ချခြင်း**

သိဒ္ဓတ္ထမင်းသားသည် လောက၏အစီးအပွားအတွက် အိုခြင်း, နာခြင်း, သေခြင်းတို့ လွတ်မြောက်ရာ သန္တိသုခချမ်းသာကို ရှာမည်ဆိုလျှင် ရဟန်းဝတ်ဖြင့် ရှာမှသာ ရနိုင်မည်ဖြစ်ကြောင်း သဘောပေါက်သွား၏။ ထို့ကြောင့် သူသည် ရဟန်းဝတ်ရန် ဆုံးဖြတ်လိုက်၏။

- ထိုကဲ့သို့ ဆုံးဖြတ်နိုင်ရန်လည်း နတ်ဗြဟ္မာများက မမြင်နိုင်သော အင်အားစုအနေဖြင့် ပံ့ပိုး၏။ လူသားတို့၏ ပတ်ဝန်းကျင်တွင် မမြင်ရသော အင်အားစုများသည် ရှိကြ၏။ အင်အားစုများမှာ နတ်ဗြဟ္မာများဖြစ်ကြ၏။
- နတ်ဗြဟ္မာများတွင် ဓမ္မဘက်တော်သားများလည်း ရှိ၏။ အဓမ္မဘက်တော်သားများလည်း ရှိ၏။ ဓမ္မဘက်တော်သားများက ဓမ္မဘက်သို့ညွှတ်ရန် ပံ့ပိုး၏။ အဓမ္မဘက်တော်သားများက အဓမ္မဘက်သို့ ညွှတ်ရန် ပံ့ပိုး၏။

**၂၄။ တောထွက်တော်မူခြင်း**

(က) **မဟာသက္ကရာဇ်** - ၉၇ ခုနှစ်
(ခ) **သက်တော်** - ၂၉ နှစ်
(ဂ) **လ** - ဝါဆိုလပြည့်
(ဃ) **နေ့** - တနင်္လာ
(င) **အချိန်** - သန်းခေါင်အချိန်
(စ) **အဖော်ပါသူ** - ဆန္နအမတ်
(ဆ) **စီးတော်မြင်း** - ကဏ္ဍကမြင်း

**၂၅။ ရဟန်းပြုတော်မူခြင်း**

**(က) ရဟန်းပြုရန် စတင်ရောက်ရာနေရာနှင့် ဆံတော်ပယ်ခြင်း**

- အနော်မာမြစ်ကမ်းသို့ ရောက်တော်မူလျှင် ရှစ်ဥသဘ လောက်ဝေးသော ဟိုဘက်ကမ်းကို မြင်းအား ပျံသန်းစေသည်။
- ငွေအဆင်းရှိသော သဲသောင်ပြင်ပေါ်ဝယ် ထိုင်တော်မူ၍ သံလျက်ဖြင့် ဆံတော်ကို ကိုယ်တိုင်ပယ်တော်မူလေသည်။
- ထို့နောက် **"ငါသည် အကယ်စင်စစ် ဘုရားဖြစ်မည်မှန်ပါက ဤဆံထုံးတော်သည် ကောင်းကင်၌ တည်ပါစေသတည်း။ အကယ်၍ ဘုရားမဖြစ်ငြားအံ့။ ဤဆံထုံးတော်သည် မြေ၌ကျပါစေသတည်း"** ဟူ၍ အဓိဋ္ဌာန်ပြီး ကောင်းကင်သို့ ပစ်မြှောက်လိုက်ရာ



ဆံထုံးတော်သည် မကိုဋ်နှင့်တကွ ကောင်းကင်၌ တည်လေ၏။

(ခ) **ဆံတော်ခံယူခြင်းနှင့် စေတီတည်ခြင်း**

**-ဆံတော်နှင့် မကိုဋ်ကိုခံယူသူ-သိကြားမင်း**

**-ပူဇော်မှုအခြင်းအရာ** - **တာဝတိံသာနတ်ပြည်၌** ဆံတော်နှင့် မကိုဋ်ကို ဌာပနာ၍ **"စူဠာမဏိ"** စေတီ တည်ထား ကိုးကွယ်၏။

(ဂ) **သိဒ္ဓတ္ထမင်းသားအားသင်္ကန်းနှင့် ပရိက္ခရာကပ်လှူသူ**

- **ဃဋိကာရ ဗြဟ္မာမင်း** ကပ်လှူသော ရဟန်းပရိက္ခရာတို့ကို ဆင်မြန်းတော်မူပြီးလျှင်၊ ဝတ်လဲတော်ကို ကောင်းကင်သို့မြှောက်ပြန်ရာ **ဃဋိကာရဗြဟ္မာမင်း** ခံယူ၍ ဗြဟ္မာပြည် **အကနိဋ္ဌဘုံ၌** ကိုးပါးသော ရတနာအတိဖြင့် ပြီးသော အုတ်တို့ဖြင့်**ဒုဿစေတီ** တည်ထား ကိုးကွယ်၏။

(ဃ) **စုတေသူ (သေဆုံး)- ကဏ္ဍကမြင်း**

(ကဏ္ဍကမြင်းသည် စုတေပြီးနောက် တာဝတိံသာနတ်ပြည်၌ **ကဏ္ဍကနတ်သား** ဖြစ်သွားသည်။)

## ၂၆။ သဘာဝနှင့် စကားပြောခြင်း

- သိဒ္ဓတ္ထမင်းသားသည် သူ၏ဆံတော်ကိုမြှောက်၍ **"ငါဘုရားဖြစ်မည်မှန်လျှင် ဤဆံတော်သည် ကောင်းကင်၌တည်စေသား"**ဟူ၍ သဘာဝကို ပြောလိုက်ရာ သဘာဝက ဆံတော်ကို ကောင်းကင်၌ တည်ထားပြခြင်းအားဖြင့် ဘုရားစင်စစ်ဖြစ်မည်ဖြစ်ကြောင်း သိဒ္ဓတ္ထမင်းသားအား ပြန်လည်ပြောဆို၏။
- ဤသို့သောသဘောကို လောကဝေါဟာရအားဖြင့် အဓိဋ္ဌာန်ခြင်းဟူ၍လည်းကောင်း၊ သစ္စာပြုခြင်းဟူ၍လည်းကောင်း ဆိုရ၏။ အမှန်အားဖြင့် သဘာဝသည် အရာရာတိုင်းကို ကြိုတင်၍ သိ၏။ ထို့ကြောင့် မိမိသည်လည်း အရာရာတိုင်းကို ကြိုတင်၍ သိလိုပါလျှင် အဓိဋ္ဌာန်ခြင်းဖြင့်ဖြစ်စေ၊ သစ္စာပြုခြင်းဖြင့်ဖြစ်စေ သဘာဝကို မေးမြန်းနိုင်ပါ၏။
- သို့ရာတွင် သဘာဝက ပြန်ပြောချင်လောက်အောင် မိမိဘက်ကလည်း သဘာဝလိုရိုးသားဖို့တော့ လိုလေ၏။ ငြိမ်သက်သော "သန္တ"စိတ်ရှိဖို့တော့ လိုလေ၏။ စင်ကြယ်သော "ဝိသုဒ္ဓိ"စိတ်ရှိဖို့တော့ လိုလေ၏။

**(ဦးရွှေအောင်၊ ဗုဒ္ဓလောကသားတို့၏ အနိုင်းမဲ့ ကျေးဇူးရှင် –၂၈၂)**



သဘာဝနှင့် စကားပြောခြင်း အခန်းကဏ္ဍတွင် သီလ၊ သမာဓိ၊ ပညာတို့ စင်ကြယ်မြင့်မြတ်ခြင်းတို့အပေါ်

**ထူးချွန်ခြားသော စွမ်းအင်များ၊**

**ထူးချွန်ခြားသော ဖြစ်ရပ်များသည်**

သဘာဝလောကကြီးတွင် ရှိနေပုံကို ယနေ့ခေတ်လူငယ်များ သိရှိနားလည်နိုင်ကြစေရန် ရည်သန်၍ ဤဖြစ်ရပ်မှန်များကို ကြားညှပ်ထည့်သွင်း တင်ပြအပ်ပါသည်။

**(စာရေးသူ)**

## သဘာဝနှင့်စကားပြောခြင်း(၁)

### အုဂ်ဖိုရ် ဆရာတော်ကြီး (၁၁၇၉–၁၂၆၇)

အုဂ်ဖိုရ်ဆရာတော်ကြီးသည် တပည့်ရဟန်းများ၊ အလှူဒါယကာများနှင့်တကွ ပထမလက်ဦး ပဲခူးမြို့သို့ သာသနာပြုကြွရောက်တော်မူရာ အနောက်တော ဘုရားများကို လှည့်လည်၍ ဖူးမြော်စဉ် အနောက်တော မဇင်းချောင်းအနီး၌ ရပ်နားစခန်းချတော်မူလေသည်။ မဇင်းချောင်းသည် ရေကြည်လင် သန့်ရှင်းသော်လည်း အလွန်တိမ်သည်။ ခြေသလုံးတစ်ပတ်ခန့်မျှသာ ရေရှိသည်။ စခန်းချရာ၌ နောက်ပါတပည့်သံဃာတို့မှာ သင့်လျော်သော သစ်ပင်ရိပ်ရှိရာ၌ နေရာထိုင်ခင်း ပြုလုပ်၍ သီတင်းသုံးကြသည်။ ဒါယကာတို့လည်း သင့်လျော်ရာနေရာ၌ ဆွမ်းများကို စီစဉ်ချက်ပြုတ်နေကြလေသည်။

ဆရာတော်ကြီးသည် အကောက်ဝန်မင်း ဆရာညိုနှင့် ကပ္ပိယ ဒါယကာတစ်ယောက်ကိုခေါ်၍ ဆိတ်ငြိမ်ရာ တစ်နေရာ၌ သွား၍ သီတင်းသုံးလေသည်။ အတန်ငယ် အပန်းဖြေပြီးနောက်



**“ငါရေချိုးလိုသည်၊ ရေသနုပ်သွားယူချေ”**ဟု ကပ္ပိယကို စေခိုင်းလိုက်ပြီးနောက် သစ်ပင်ကြီးတစ်ပင်အောက်သို့ သွားရောက်၍ ရပ်နေတော်မူရာ ဆရာညိုလည်း မနီးမဝေး သစ်ပင်ကွယ်တွင် ရပ်နေလေသည်။ ထိုအချိန်တွင် ဆရာတော်ကြီး ပြောဆိုနေသော အသံကြားရလေသည်မှာ–

**“ဤပဲခူးမြို့သို့ ငါ့အလျင် ရှေ့ကျင်ဆရာတော် သာသနာပြုရန်ရောက်ခဲ့ပြီ၊ ယခုငါလည်း သာသနာပြုရန် ဤဒေသသို့ ရောက်လာပါသည်။ ငါသည် ရဟန်းပြုသည့်နေ့မှစ၍ ယနေ့အထိ အကျင့်သီလ သိက္ခာပုဒ်များကို စေတနာ သဒ္ဓါတရားဖြင့်မကျိုးမပေါက်ရအောင် စောင့်ထိန်းလျက် မြတ်စွာဘုရားသာသနာတော်ကို ထမ်းဆောင်ခဲ့ပါသည်။ ဤကုသိုလ်အဖို့ဘာဂကို တောစောင့်နတ်၊ တောင်စောင့်နတ်၊ သာသနာစောင့်နတ်စသော နတ်ကောင်းနတ်မြတ်အပေါင်းတို့အား အမျှပေးဝေပါသည်။ အမျှယူကြပါကုန်၊ ငါသည် ယခုရေချိုးလိုသည်။ ဤမဇင်းချောင်းမှာလည်း ရေအလွန်တိမ်သည်။ အသင်နတ်တို့သည် ဤချောင်းရေကို ဆည်းတားအောင့်အင်း၍ တားပေးကြပါမူကား ကောင်းလေစွ”**ဟု ပြောကြားနေသည်ကို ကြားရလေသည်။

ထိုနောက်ဆရာတော်ကြီးသည် သစ်ပင်အောက်မှ လှည့်ထွက်တော်မူလျှင် ကပ္ပိယကိုတွေ့၍ ရေသနုပ်ယူလာပြီလားဟု မေးရာ ကပ္ပိယကလည်း ရေသနုပ်ကို ဆက်ကပ်လေသည်။ ဆရာတော်ကြီးသည် ရေသနုပ်ကို လဲတော်မူရင်း ရေကိုဆင်း၍ စမ်းလိုက်စမ်းဟု ကပ္ပိယကို မိန့်တော်မူသဖြင့် ရေကိုဆင်း၍

စမ်းသောအခါ ရင်ခေါင်း ရင်စို့ခန့်နက်ကြောင်းသိရ၍ ဆရာတော်ကြီးအား ပြန်၍လျှောက်ထားလျှင် ဆရာတော်ကြီးသည် အနည်းငယ်ပြုံး၍ ချောင်းတွင်းဆင်းပြီး ရေချိုးတော်မူလေသည်။ ရေချိုးပြီး၍ ကုန်းပေါ်သို့ တက်လာပြီးနောက် ခဏကြာသောအခါ ရေသည် မူလအတိုင်းပင် ပြန်၍ တိမ်သွားလေသည်။ ဤအကြောင်းခြင်းရာကို ဆရာညိုသည် ဒိဋ္ဌမျက်မြင်တွေ့ မြင်ရသည့်အတိုင်း တဆင့်ပြောကြားသဖြင့် တပည့်အများ သိကြရလေသည်။

ဤသည်ကိုထောက်၍ **"ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ"**စသော ဒေသနာတော်အတိုင်း ဆရာတော်ကြီး တစ်သက်ပတ်လုံး စောင့်သုံးတော်မူသော အကျင့်သီလသည် ထက်ဝန်းကျင် စင်ကြယ်သည်၊ သမန္တဘဒြ သုပရိသုဒ္ဓဖြစ်၍ သီလဝန္တ အစစ်ဖြစ်ကြီးဖြစ်သဖြင့် စိတ်အလိုဆန္ဒအတိုင်း ပြည့်စုံခြင်းဖြစ်သည်ဟု မှတ်အပ်တော့သည်။

[ဦးတင်ရွှေ အငြိမ်းစားစာပြုအယ်ဒီတာ (သာသနာရေး ဦးစီးဌာန)
သာသနာပြုအဂ္ဂဖိုဆရာတော်ကြီး၏
သာသနာသန့်ရှင်းတည်တံ့ရေး –၂၃၆]



## သဘာဝနှင့်စကားပြောခြင်း (၂)

### ဘုန်းတော်ကြီးဦးသီလ (၁၁၉၄–၁၂၆၉)

ဘုန်းတော်ကြီး ဦးသီလသည် ဒေးစွန်ပါ တောရ၌နေစဉ် ကပ္ပိယဦးအာကာလည်း အဖော်လိုက်နေ၏။ ကပ္ပိယကြီးကား ဆောင်းအခါလည်း ဖြစ်သဖြင့် မီးလှုံရန်နှင့် ကျားများ မလာစေရန် ရည်ရွယ်၍ နေ့ခင်းက ထင်းခွေထားပြီး ညအခါ မီးထည့်လှုံလေ့ရှိ၏။ ကျားကြီးတစ်ကောင်သည် မီးဖို ရှိရာသို့ တည့်တည့်ကြီးဝင်လာ၏။ ဘုန်းတော်ကြီးကား လေးတိုင် စင်ကျောင်းပေါ်၌ရှိနေ၍ အော်လည်းမအော်ရဲ။ မရဲသော်လည်း ပြေးခဲစေလုပ်နေရ၏။ မီးဖိုမှာပင် ရွတ်ဖတ်ပွားများရင်း တထိတ်ထိတ်ဖြစ်နေ၏။ ကျားကြီးလည်း မီးဖိုသို့ဝင်လာ၍ ဝပ်နေ၏။ အတန်ငယ်ကြာလျှင် ကျားကြီးမှာ မီးပုံအနီး ပါးစပ်ဟလျက်သား မှိန်းသွားသဖြင့် ကပ္ပိယကြီးမှာ စိတ်သက်သာရာရသွား၏။ ကျားကြီး ပါးစပ်အဟောင်းသားနှင့် အိပ်ပျော်သွားခိုက် ကပ္ပိယ ကြီးသည်။

"ဒီမီးကျီခဲတွေကော်ပြီး ကျားကြီးပါးစပ်ထဲ ထည့်လိုက်ရကောင်းမှာပဲဟု စိတ်ကူးမိရာ ထိုခဏပင် ကျားကြီး ဟိန်းလေတော့သည်။

**"ကပ္ပိယကြီး ဘာလို့ မကောင်းကြံပြီး ပြစ်မှားရသလဲ၊ ကိုယ့်အလုပ်ကိုယ်လုပ်တာ မဟုတ်ဘူး၊ တောင်းပန်လိုက်"**ဟု ဘုန်းတော်ကြီးက ကျောင်းကလေးပေါ်မှ အသံမြှင့်၍ ခပ်ဆတ်ဆတ်ပြောလိုက်၏။ တောင်းပန်ပြီးမေတ္တာပွားလိုက်မှသာ ကျားကြီး ငြိမ်ကျသွားတော့သည်။

တဖန် ကော့ကဒွတ်ရွာ တောကျောင်း၌နေစဉ် ကျိုက်ထိုမြို့အရှေ့ ဘုရားသုံးဆူတောရမှ ရဟန်းခံကိစ္စအတွက် ညအခါတစ်ပါးတည်းကြွလာ၏။ လမ်းခုလတ် ဇရပ်တစ်ခုတွင် လှည်းသမားများ လှည်းဝိုင်းချ၍ နားနေကြရာ ဒကာတစ်ယောက်မှာ ကျိုက်ထိုသို့ လိုက်လိုသဖြင့် ဘုန်းတော်ကြီးနောက် သပိတ်လွယ်၍ လိုက်ပါခဲ့၏။ လသာသာ တောလမ်းခရီးတွင် တောဆင်အုပ်ကြီး လာနေသည်ကို အဝေးမှပင် မြင်နေရ၏။

"အရှင်ဘုရား နောက်ပြန်ဆုတ်ပါ"ဟုအကြိမ်ကြိမ်လျှောက်သော်လည်းမရသဖြင့် ဒကာမှာ သပိတ်အပ်ပြီး နောက်ကြောင်းပြန်ထွက် ပြေးလေ၏။ ဘုန်းတော်ကြီးကို လှမ်း၍ ကြည့်လိုက်ရာ မတုန်မလှုပ် ဆင်အုပ်ထဲမြုပ်သွားသည်ကို မြင်နေရ၏။ လှည်းဝိုင်းရောက်၍ ထိုဒကာက အခြားသူများအား–

"ခုလောက်ဆို ဘုန်းတော်ကြီးမှာ အစအနတောင် ရှာရတော့မှာ မဟုတ်ဘူး"ဟု ပြောဆိုရာ လူအများက "အဲဒါ



ဘုန်းတော်ကြီး ဦးသီလဖြစ်လိမ့်မည်။ ဒီဘုန်းတော်ကြီးက ဆင်မနင်း ကျားမလိုက်ဘူးဟု ပြောကြ၏။ ထိုဒကာလည်း နံနက်မိုးလင်းလျှင် ဘုရားသုံးဆူတောင်သို့ သတင်းမေးလိုက်သွားကာ ဖြစ်ပွားမိသမျှ သည်းခံရန် ဝန်ချတောင်းပန်လေသည်။

**(ဤအဖြစ်အပျက်လေးကိုလည်း ဆက်၍တင်ပြပါဦးမည်။ စာရေးသူ)**

ဘုန်းတော်ကြီး တောဆင်ရိုင်းများနှင့် အကြိမ်ကြိမ်တွေ့ရရာတွင် ကျိုက်ထီးရိုးလမ်းမိုးပေါ်ရွာ တောရ၌နေစဉ်က တွေ့ရသောဖြစ်ရပ်မှာ ပို၍ အံ့ဖွယ်ကောင်းလေသည်။ တွေ့ပုံမှာ မိုးပေါ်ရွာမှ သက်ငယ်တောင်သို့ ကျိုက်ထီးရိုးလမ်းဖြင့် ကြွတော်မူရာ ပဲခူးပန်းလှိုင်ဆရာဖိုးကလေးသည် သပိတ်လွယ်၍ နောက်ပါ ကပ္ပိယအဖြစ် လိုက်သွားခဲ့၏။ လမ်းခုလတ်တွင် ဘုရားဖူးပြန်များနှင့် အနီးအနားရှိ ရွာသားများက–

"ဘုန်းတော်ကြီးဘုရား၊ ဒီလမ်းက မကြွပါနှင့်၊ ကြောမျှုးခေါ်တဲ့ ဆင်ရိုင်းကြီးတစ်ကောင် လွတ်နေပါတယ်။ လူမြင်တိုင်းလိုက်ပြီး နင်းသတ်နေပါတယ်။ မကြာမီက ရှမ်းကြီးလေးယောက် နင်းသတ်လို့ သရဲဖြစ်ပြီး ကြောမှူးကြီးကို စီးနေပါတယ်။ ကြွတော်မမူပါနှင့်"ဟု ဝိုင်း၍တားကြ၏။ ပန်ချာပီတစ်ယောက်နှင့် အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်ကလည်း သေနတ်ကိုယ်စီကိုင်၍ တွေ့ရပြန်ရာ ထိုနည်းပြောဆိုတားမြစ်ကြ၏။ ဘုန်းတော်ကြီးကား ကြွမြဲကြွလေ၏။ မကြာမီ ဆင်ကြောမှူးကြီးနှင့် ပက်ပင်းတိုးလေတော့သည်။ ဆရာဖိုးကလေးကား ဘုန်းတော်ကြီးအား ယုံကြည်သိရှိထားသူဖြစ်၍ များစွာထိတ်လန့်ခြင်းမဖြစ်၊ ဘုန်းတော်ကြီး

ကိုသာ အကဲခတ်နေ၏။ ဘုန်းတော်ကြီးက ဘာမျှ အမူအရာ မထူးခြား ရှေ့သို့ ကြွမြဲကြွ၏။

အကြမ်းပြေးလာသော ဆင်ကြီးသည် ဘုန်းတော်ကြီးအနီးသို့ရောက်လျှင်ပင် ဦးခေါင်းငိုက်စိုက် မြေ၌လက်မောင်းများချကာ အော်ဟစ်နေ၏။ ထိုအခါ ခမောက်နီနီကိုယ်စီနှင့် လူလိုလို သင်္ကန်းကြီးလေးခု ဆင်ပေါ်မှ ဆင်းပြေးသွားသည်ကို မြင်လိုက်ရသည်။ ပြီးလျှင် ဆင်ကြီးမှာ လမ်းရှောင်ပေး၍ တောထဲသို့ ဝင်သွားလေတော့၏။ "ဘုန်းတော်ကြီး၏သီလနှင့် မေတ္တာသည် အစွမ်းထက်လေစွာ့"ဟု ပြောဆိုချီးကျူး၍ မဆုံးကြတော့။

(မဟာစရိယဦးရွှေလှိုင်-မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ ၂၁၆၊ ၂၁၇၊ ၂၁၈)



# သဘာဝနှင့် စကားပြောခြင်း (၃)

## အိတာလျှံဘုန်းတော်ကြီး ဦးလောကနာထ (၁၈၉၇-၁၉၆၆) ရန်သူ့ဓားအောက်က မေတ္တာ

သဲထိတ်ရင်ဖို စွန့်စားခန်းများအနက် ကြောက်မက်ဖွယ်အကောင်းဆုံး အတွေ့အကြုံတစ်ခု ပြောပါရစေ။

တူရကီပြည်တောင်ပိုင်း တိုးရပ်စ်တောင်တန်းများကို ခြေလျင်ခရီးကြမ်း ဖြတ်သန်းသွားရစဉ် တူရကီလူဆိုး ဓားပြများနှင့် တွေ့ဆုံမိရာ ဘုန်းကြီးကို ဖမ်းပြီး၊ တိတ်ဆိတ်သောနေရာကို ခေါ်ယူသွားကြပါတယ်။ လူဆိုးများက သူတို့ရဲ့ဓားများ ထက်မထက် စမ်းကြည့်ရန် ဘုန်းကြီးရဲ့လည်ပင်းကို ဖြတ်ပစ်မည်လို့ အရိပ်အခြည်ဖြင့် ပြကြတယ်။ သူတို့ရဲ့ဓားများ ထက်မထက်ကို သူတို့က ဘုန်းကြီးရဲ့လည်ပင်းကို တစ်ချက်တည်း ခုတ်ဖြတ်ကြည့်မယ်လို့ လုပ်ဆောင်နေတုန်း မြတ်စွာဘုရားရဲ့ ကျေးဇူးဂုဏ်ကို အောက်မေ့နေမိပါတယ်။ ဘုန်းကြီးမှာ ခုခံစရာ ဘာလက်နက်မှ မရှိ၊ သေဖို့က နီးနေပြီ၊ ဘာတတ်နိုင်တော့မှာလဲ။

## ရှားပါး၍ တန်ဖိုးမဖြတ်နိုင်သောဖြစ်ရပ်

သို့သော် ဗုဒ္ဓမြတ်စွာရဲ့ မိန့်ခွန်းတော်ကို ပြေးပြီး သတိရမိတာက သတ္တဝါအားလုံးအပေါ် အကာန့်သတ်မဲ့ မေတ္တာစိတ်ကို ပွားများလျှင် မည်သည့်အဆိပ်မီး ဓားလက်နက်မျှ မထိခိုက်နိုင်ဆိုတဲ့ မေတ္တာဒေသနာဖြစ်ပါတယ်။ အလွန်တွေ့ကြုံခဲတဲ့ ကိုယ်တွေ့ဖြစ်ရပ်တစ်ခု ရလိုက်တာပါပဲ။ ဒါနဲ့ ကဲ မထူးဘူး၊ မေတ္တာလက်နက်ကို အသုံးပြုဖို့ အချိန်ပဲဆိုပြီး တင်ပျဉ်ခွေထိုင်လိုက်တယ်။ သတ်မည့်သူများနှင့်တကွ လောကအားလုံးကို မေတ္တာစိတ်ပြန့်လျက် ပို့သနေပါတယ်။ တကယ်အခက်အခဲတွေ့ကြုံလျှင် မေတ္တာဝါဒသာအားကိုးရာရှိပါတယ်။ တင်ပျဉ်ခွေ မျက်စိမှိတ်ပြီး မေတ္တာပွားနေလိုက်တယ်။ ဘုန်းကြီးရဲ့လွယ်အိတ်ကိုလည်း ဘေးဖယ်ထားလိုက်တယ်။

မေတ္တာသုတ်မှာ **"မိခင်က တစ်ဦးတည်းသောသားငယ်ကို သနားကြင်နာ၊ ကရုဏာစိတ်၊ မေတ္တာစိတ်ဖြင့် အသက်ပေးပြီး ကူညီစောင့်ရှောက်နေသလို ခပ်သိမ်းသောသတ္တဝါအကောင်းအဆိုးအားလုံးအပေါ်၌ မေတ္တာအညီအမျှ လွှမ်းမိုးထားရမယ်"**လို့ မိန့်ကြားနည်းပေးတော်မူတာလဲ ကောင်းကောင်း သတိရနေပါတယ်။

"ငါက မိခင်။ ဒီလူဆိုးတွေက ငါ့သားသမီးတွေ"အဲသလို စိတ်ထားပြီး "သူတို့ မိုက်ကြပေမယ့်၊ ချစ်စရာကောင်းပါတယ်၊ ငါ့သား နှစ်ယောက်အတွက် ငါ အသက်စွန့်လွှတ် လှူဒါန်းတော့မယ်။ ငါ့သားနှစ်ယောက် ချမ်းသာကြပါစေ"



ဒီစိတ်ဖြင့် သူတို့အပေါ်မှာ မေတ္တာပို့သနေပါတယ်။ သေပေါက်ဝ ကျမှ သမာဓိရ၊ မေတ္တာစိတ်ပြင်းထန်ပြီး ဖြန့်ကျက်နိုင်တာကိုပဲ ကိုယ့်ကိုယ်ကိုအံ့သြမိပါတယ်။ ခုအချိန်ထိ တကယ်ကန်း မေတ္တာပို့သမှုလုပ်ငန်းကို ယခုကဲ့သို့ မလုပ်ခဲ့ဖူးသေးပါ။ မေတ္တာလက်နက်တစ်ခုသာ ရှိနေ၍ ဖွဲဖွဲမြဲမြဲ အစွမ်းကုန် အသုံးချလိုက်မိတယ်။ ဘုန်းကြီး သေရမှာကိုပင် မကြောက်တော့ပါ။လူဆိုးများရဲ့ ဓား၊ လက်နက် ကုတ်ပေါ်မှာ ဘယ်လိုကျလာမလဲဆိုတာကိုသာ စောင့်စားနေမိတောတယ်။

ဤအချိန်မှာ တစ်မိနစ်ဟာ နှစ်ပေါင်းတစ်သန်းနှင့်ညီမျှမနေသလား ထင်ရပါတယ်။ မကြာမီ လူဆိုးများက ဘုန်းကြီးကို ဆွဲထူပြီး သွားချင်ရာ သွားပေတော့လို့ လွှတ်လိုက်ပါတယ်။ ဓားပြလူဆိုးတို့ဟာ သူတို့ရဲ့မိခင်မေတ္တာရှင် ဘုန်းကြီးကို မသတ်ရက်ကြတော့ဘူးပေါ့။ အနန္တမေတ္တာသာလျှင် ကြီးမားသော အန္တရာယ်မှ လွတ်မြောက်နိုင်ပါတယ်။

အဲသလို သေမင်းနှုတ်ခမ်းဝက လွတ်မြောက်လာခဲ့ပြီး ယနေ့အထိ အသက်ရှင်နေခြင်းဟာ "အပိုရက်များစွာ နေရမှုပဲ", ထိုနေ့က ထိုနေရာမှာ ကေန်သေရမည် မဟုတ်ပါလား။ အနန္တမေတ္တာဆိုတဲ့ အကြီးဆုံးလက်နက်ကို ရရှိလို့သာ အောင်ပွဲခံခဲ့ရတာပေါ့။

(မှော်စရိယ ဦးရွှေလှိုင်–အိတာလျံဘုန်းတော်ကြီး ဦးလောကနာထ၏ ကမ္ဘာလှည့်တရား – ၂၇၁၊ ၂၇၂၊ ၂၇၃)

## သဘာဝနှင့် စကားပြောခြင်း (၄)

### လယ်တီဆရာတော် (၁၂၀၈–၁၂၈၅)

ယခု ပြလတ္တံ့သောအကြောင်းမှာ အံ့ဖွယ်သရဲဖြစ်ပေသည်။ ဆရာတော်သည် ဇရာဒုဗ္ဗလ အရွယ်တော်လည်း ကျဆင်း၍ စာဒဏ်ကြောင့် မျက်စိနှစ်ကွင်း ရောဂါပြင်းထန်ခိုက်ဖြစ်၏။ မျက်စိရောဂါကုသရန် ရန်ကုန်ဗဟန်းသို့ ကြွလာသီတင်းသုံးသည်။ ဆရာသက်ကြီးလည်း ဒလ၊ ပျော်ဘွယ်ကြီးရွာမှ လာရောက်ဖူးမြော်ကန်တော့၏။

**“အေး ဆရာသက်တို့လား၊ ဝမ်းသာစရာပဲကွယ့်။ မပြန်နဲ့ဦးနော်။ တပည့်အစွမ်းကောင်းတွေ ဆုံတုန်း ရွှေတိဂုံဘုရားကြီး ဆွမ်းပန်းများ မလှူရတာလဲကြာပြီ။ ဆရာသက် နေနိုင်သေးရဲ့မဟုတ်လား”**ဟု မိန့်တော်မူ၍ အိမ်ကိုစာဖြင့်အကြောင်းကြား ပြီး စောင့်ဆိုင်းနေရ၏။ အရက်နှစ်ဆယ်ခန့် ကြာလေသည်။ အကြောင်းကား ဆွမ်းပန်းကပ်လှူရန် အဝအကျယ် သံတောင်ကိုးတောင်ရှိ ကြေးလင်ပန်းကြီးတစ်ချပ်လိုသဖြင့် တပည့်ကြီးများက



ပန်းတဉ်းဆရာအား အပ်နှံစေခိုင်းကြရ၏။ အဝကိုးတောင် အဆင့်ကိုးဆင့်ရှိ ထီးကြီးကိုလည်း ပိုးရွက်အဖြူအမြိတ်ကပ်၍ ချုပ်လုပ်ကြရသည်။

အားလုံးပြီးပြည့်စုံသောအခါ ကြေးလင်ပန်းကြီးတွင် ဆွမ်းနှင့်အသားလွတ်ဟင်း ကိုးမျိုး၊ အသီးကိုးမျိုး၊ မုန့်ကိုးမျိုး၊ ယိုကိုးမျိုးကို ပြင်ဆင်ရ၏။ ထီးကိုးဆင့်တွင်လည်း ပန်းတစ်မျိုးစီ သီကုံး၍ တပ်ဆင်ထားကြရသည်။ အားလုံးပြီးစီးသောအခါ ဆရာတော်အား လျှောက်ထားကြရ၏။

ဆရာတော်သည် တပည့်တစ်ဆယ်ငါးဦးခန့်နှင့် တစ်ခုသောနံနက်လေးနာရီခွဲအချိန် လှူဖွယ်ပစ္စည်းများကို ယူဆောင်၍ ရွှေတိဂုံကုန်းတော်ပေါ်သို့ ကြွတော်မူ၏။ ရင်ပြင်တော်ပေါ်သို့ ရောက်လျှင် စေတီခြေရင်း အမိုးအကာအဆီးအတားမရှိသော လဟာပြင်၌ ကြေးလင်ပန်းကြီးကို ဝိုင်း၍ထိုင်လျက် မ,ကိုင်ထားစေ၏။ ကိုးဆင့်ထီးကြီးကိုလည်း လင်ပန်းပေါ်၌ တင်ထားရသည်။

**“ကဲ–တပည့်တို့ အင်မတန် လှူရခဲတဲ့ အလှူကြီးကွယ့်၊ မိမိတို့ ဆောင်ရွက်စီမံရတဲ့ ကုသိုလ်တွေကို ဝမ်းမြောက်ကြရမယ်။ ဘုရားရှင် ကျေးဇူးတော်ဂုဏ်တော်တွေကို စိတ်ထဲမှာ ကြည်ကြည်နူးနူး စူးစူးစိုက်စိုက်နဲ့ ရှင်မြူးထက်သန်စွာ အာရုံပြုကြ။ လင်ပန်းကိုကိုင်ထားတဲ့ တပည့်များကလည်း အလိုက်သင့် ကြွပေးကြရမယ်။ မီးအိမ်ပျံ လွှတ်သလိုပေါ့ကွယ်”**ဟု မိန့်ဆိုမှာကြားပြီး ဆရာတော် ကိုယ်တိုင် လက်နှစ်ဖက်ဖြင့် လင်ပန်းကိုကိုင်၍ ဘုရားအာရုံ ပြုတော်မူ၏။ အာလုံးငြိမ်နေကြသည်။

နာရီဝက်ခန့်အကြာ နေအရုဏ်လည်း တက်အလာတွင် ထီးမှ ပိုးသားအမြိတ်များ တဖိတ်ဖိတ်တက်ကာ ကြွားရရား စွင့်ပျံ့လာကြ၏။ လက်ဝါးပေါ်တွင် တင်ထားသော ကြေးလင်ပန်းကြီးလည်း တရွရွကြွတက်လာသဖြင့် လက်ကို အလိုက်သင့် ခံပေးကြရသည်။ ဗန်းတော်ကြီးကိုင်များသည် ထိုင်ရာမှထလျက် ကိုင်ကြရ၏။ လက်ကိုမြှောက်နိုင်သမျှအထိ မြှောက်၍ မ,ခံကြရာ ကိုးတောင်ရှိ ကြေးလင်ပန်းကြီးနှင့် ကိုးဆင့်ထီးကြီးသည် ကောင်းကင်ယံသို့ တရွေ့ရွေ့ ပျံတက်သွားလေတော့၏။ အရုဏ်တက်စ တစ်လက်လက်တောက်ပနေသော ပိုးသားထီးမှာ ငွေစေတီပမာ ကြည်နူးစရာ ရှိလှသည်။ အားလုံးမျက်စိတစ်ဆုံးတအံ့တသြ ဖူးမြော်ကြရသည်။ ကြည့်၍ မမြင်မှပင် ရွှေတိဂုံရင်ပြင်တော်မှ ဆင်းလာခဲ့ကြ၏။

ဆရာတော်ကား နောက်မှပါလာသည့် ဆရာသက်ကြီးနှင့် တကွ တပည့်များအား **"သာသနာနောက်ဖျား၊ ပေါက်ဖွားကြဆုဆု ကေသရာဉာဏ်အစွမ်းဟာမို့၊ ဈာန်လမ်းကိုပြီးတိုင် ဝသီဘော် အစုံငါး၊ အကုန်သားစိုးရပိုင်နိုင်"** တေးထပ်ကို ရွတ်၍ ပြတော်မူသည်။

ဤအကြောင်းအရာများသည် ဆရာကြီးဆရာသက် ပြောပြချက်မူရင်းအတိုင်းဖြစ်ပါသည်။ အစိန္တေယျဘုရားရှင်၏အစိန္တေယျ တရားတော်အတိုင်း ကျင့်ကြံတော်မူကြသော အရှင်မြတ်တို့၏ သီလ၊ သမာဓိ၊ ပညာစွမ်းရည်တော်တို့လည်း အစိန္တေယျပင်။

(မြွှာစရိယဦးဌေးလှိုင်၊ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ – ၃၂၅)



(အကျင့်၊ သီလ၊ သမာဓိ၊ပညာတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူး အရှင်မြတ်တို့သည်ပင် ဤစွမ်းရည်သတ္တိထူးများ ရှိကြလေလျှင် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်အောင် ကျင့်ကြံ၊ အားထုတ်၊ ပါရမီတော်များ ဖြည့်ကျင့်ခဲ့သည့် ဘုရားရှင်ကိုယ်တော် မြတ်သည်ကား တုနှိုင်းဖွယ်ရှိမည် မဟုတ်ချေတကား။ စာရေးသူ)

**၂၇။ အလောင်းတော်အရှင်သူမြတ်၏ တရားအားထုတ်မှု ရှေးဦးဆရာများ – အာဠာရ၊ ဥဒက** ရသေ့ကြီးများ

**၂၈။ တရားအားထုတ်မှုအပိုင်း**

အလောင်းတော်အရှင်သူမြတ်သည် **အာဠာရ** ရသေ့ထံမှ လောကီသမာပတ်ခုနစ်ပါး အားထုတ်နည်းကိုရ၏။ ကိုယ်တိုင် အားထုတ်သောအခါ၌လည်း လောကီသမာပတ် ခုနစ်ပါးကိုရ၏။ ထိုမျှနှင့် မကျေနပ်သေး၍ **ဥဒက**ရသေ့ထံသွား၍ နည်းခံပြန်၏။ **ဥဒက**ရသေ့ထံမှ လောကီသမာပတ်ရှစ်ပါး၊ အားထုတ်နည်းကို ရ၏။ ကိုယ်တိုင်အားထုတ်သောအခါလည်း လောကီသမာပတ် ရှစ်ပါးလုံးကိုပင် ရလေ၏။

အလောင်းတော်အရှင်သူမြတ်သည် "ဤရှစ်ပါးသော သမာပတ်တို့သည် မြတ်သောသဗ္ဗညုတဉာဏ်အကြောင်း မဟုတ်ချေ။ အကြောင်းကို ရှာဖွေဦးမှ ဖြစ်ချေမည်"ဟု အကြံတော်ဖြစ်ပြန်၍ **အာဠာရ**နှင့် **ဥဒက**ရသေ့ကြီးတို့ထံမှ ထွက်ခွာခဲ့ပြန်၏။

**၂၉။ ဆက်လက်အားထုတ်မှုအခြင်းအရာ။**

(က) **တရားအားထုတ်သည့်အရပ်** – ဥရုဝေလတော
(ခ) **အကျင့်လမ်းစဉ်** – တပအကျင့်



တပ=ပူလောင်ခြင်း၊ ကိလေသာတရားများ ခြောက်သွေ့ ကုန်ခမ်းစေရန် အပူတိုက်ခြင်း၊ ကိုယ်ကာယကိုလည်း အစာမကျွေး၊ စိတ်ကိုလည်းအစာမကျွေး၊ ပင်ပန်းချည့်နဲ့ ခြောက်ခမ်းသွားအောင် မိမိကိုယ်ကို နှိပ်စက်ညှဉ်းပန်းသောအကျင့် **(အတ္တကိလမထာနုယောဂ)**၊ လူသာမန်တို့ မတွေးဝံ့၊ ယောကျ်ားကောင်း အာဇာနည်တို့သာ အားထုတ်နိုင်သောအကျင့် **(မဟာပဓာန)**၊ လွန်စွာပြုနိုင်ခဲသောအကျင့် **(ဒုက္ကရစရိယာ)**။

[(မောင်အံ့ မဟာဝိဇ္ဇာ–ဘုံဘော) မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ ၆]

**(၃၀) ကျင့်ခဲ့ပုံကို ပြန်လည်ဟောကြားမှုမှတ်တမ်း**–ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ရှိ ပဲစင်းငုံတောတွင် ဗုဒ္ဓဘုရားရှင် သီတင်းသုံး နေစဉ် ဗောဓိမင်းသား၏ နန်းပြသာဒ် သစ်တက် ဆွမ်းကျွေးပွဲတွင် ဟောကြားသော တရားတော်ဖြစ်သည်။

(အောင်ခင်စိုး သိဒ္ဓတ္ထ၏ ဒဿနအလင်း – ၃၂)

(က) **ကျင့်ကြံအားထုတ်မှုအပိုင်း**

ရှေးဦးစွာ ဘုရားအလောင်းတော်သည် အသက်ရှူထိန်းချုပ်သည့် အပ္ပာဏကဈာန်ကို ကျင့်သုံးလေသည်။ အသက်ကို ဝအောင်ရှူသွင်းပြီးနောက် ထွက်သက်လေများ ပြန်လည်မထွက်နိုင်စေရန်လျှာများကို ခေါက်လိပ်၍ အာခေါင်အတွင်း ထိုးသွင်းပိတ်ဆို့လိုက်သည်။ ထို့နောက် အံကိုကြိတ်၍ မိမိစိတ်ကို မိမိစိတ်ဖြင့် ဖိနှိပ်ဖျစ်ညှစ် ပူလောင်စေသည်။ ပင်ပန်းပူလောင်လှ

သဖြင့် ချိုင်း(ဂျိုင်း)ကြားမှချွေးဒီးဒီးကျလေသည်၊ ချည့်နဲ့သူတစ်ဦးကို လူသန်ကြီးတစ်ဦးက ခေါင်းနှင့်ပခုံးကို ဖျစ်ညှစ်ဆုပ်ကိုင်ဖိနှိပ်ထားဘိသကဲ့သို့ လွန်စွာပူလောင်လျက် လက်ကတီး(ချိုင်း)ကြားမှ ချွေးယိုလာလေသည်။ ဘုရားအလောင်းတော်၏ စိတ်ဓာတ်သည် တွန့်ဆုတ်မှုမရှိဘဲ စိတ်အားထက်သန်လျက်ရှိသည်။ သတိမေ့လျော့ခြင်းလည်းမရှိ။ သို့ရာတွင် အပြင်းအထန် အားထုတ်မှုကြောင့် ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းမှုမရှိ။ ပူလောင်လျက်ရှိ၏။

– တဖန် အားထုတ်မှုကို အရှိန်တိုးမြှင့်၍ ရှေးနည်းအတူ ထွက်သက်ဝင်သက်ကို ထိန်းချုပ်ပြန်၏။ အသက်ကို ဝအောင်ရှူသွင်းပြီးလျှင် လျှာဖျားကို အာခေါင်ရင်းသို့ ခေါက်လိပ်သွင်းလျက် နှာခေါင်းပေါက်နှင့်ပါးစပ်ပေါက်မှ လေပြန်မထွက်စေရန် ပိတ်ဆို့လိုက်သည်။ လေတို့သည် နားပေါက်မှ ထိုးထွက်ကြရာ ပန်းပဲဖိုမှ ဖားဖိုကြီးကဲ့သို့ လေထွက်သံများ ဆူညံစွာကြားနေရလေသည်။ ဘုရားအလောင်းတော်၏စိတ်ဓာတ်ကား တွန့်ဆုတ်မှုမရှိ။ စိတ်အားထက်သန်လျက်ရှိ၏။ သတိမေ့လျော့ခြင်းမရှိ။ ပြင်းထန်စွာအားထုတ်မှုကြောင့် ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းမှုမရှိဘဲ ပူလောင်လျက်ရှိ၏။

တဖန် အားထုတ်မှုကို မြှင့်တင်၍ ရှေးနည်းအတူ ဝင်သက်ထွက်သက်ကို ထိန်းချုပ်ပြန်၏။ အသက်ကို ဝအောင်ရှူသွင်းပြီးလျှင် လျှာဖျားကို လည်ချောင်းအထိ ခေါက်လိပ်သွင်းလျက် ပိတ်ဆို့လိုက်ရာ လေတို့သည် ပါးစပ်ပေါက်၊ နှာခေါင်းပေါက်၊ နားပေါက်တို့မှ မထွက်နိုင်တော့ချေ။ ထိုအခါ လေတို့သည်



ထွက်ပေါက်မရသဖြင့် ငယ်ထိပ်ကိုတက်ဆောင့်လေသည်။ သံချွန်ဖြင့် ဦးခေါင်းကို ထိုးဆွမွှေဘိသကဲ့သို့ ဖြစ်၏။ သို့သော် ဝီရိယဓာတ်ကား လျော့မသွားချေ။ နောက်မတွန့်ချေ။ သတိလစ်မေ့မျောခြင်းလည်းမရှိ။ ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းမှုမရှိဘဲ ပူလောင်လျက်ရှိ၏။ တဖန် ဤနည်းအတိုင်း အရှိန်တိုးမြှင့် အားထုတ်ပြန်ရာ မခံသာအောင် ခေါင်းကိုက်ဝေဒနာ ဖြစ်ပေါ်လာ၏။ အင်အားကောင်းသော လူတစ်ယောက်က သားရေလွန်ကြိုးဖြင့် ဦးခေါင်းကို ရစ်ပတ်ဖျစ်ညှစ်ထားသလားဟု ထင်ရလောက်အောင် ခေါင်းကိုက်ဝေဒနာ ခံစားရ၏။

တဖန် ထပ်ဆင့်တိုးမြှင့်၍ အားထုတ်သောအခါ ထွက်ပေါက်မရသောလေတို့သည် ဝမ်းခေါင်းအတွင်း၌ တိုးဝှေ့နေကြသည်။ နွားသတ်သမားသည် နွားသတ်ဓားမြှောင်ထက်ထက်ဖြင့် ဝမ်းဗိုက်ကို ထိုးမွှေနေဘိသည့်အလား အူပြတ်မတတ် နာကျင်မှု ခံစားရ၏။

တဖန် ထပ်ဆင့်တိုးမြှင့် အားထုတ်ပြန်သောအခါ တစ်ကိုယ်လုံးခြစ်ခြစ်တောက် ပူလောင်လာသည်။ အားကောင်းမောင်းသန် လူနှစ်ဦးက ချုပ်ကိုင်၍ မီးကျီးတွင်းပေါ်၌ လှည့်ပတ်ကင်နေသကဲ့သို့ ပြင်းထန်စွာ ပူလောင်မှုဝေဒနာ ခံစားရ၏။ သို့ရာတွင် ဝီရိယဓာတ်ကား လျော့မသွားချေ။ စိတ်ဓာတ်တွန့်ဆုတ်မှုမရှိ၊ ဒုက္ခဝေဒနာကို မခံနိုင်၍ သတိလစ် မေ့မျောခြင်းလည်းမရှိ၊ ပြင်းထန်စွာ အားထုတ်ခြင်းကြောင့် ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းမှုမရှိ။ ပူလောင်လျက်ရှိ၏။ ဤမျှပူလောင်သော (တပ)အကျင့်ကို ကျင့်လျက်ရှိသော်လည်း ကိလေသာကုန်ခန်းလျော့နည်းမှု မရှိသည်

ကို တွေ့နေရလေသည်။ စိတ်ကိုစိတ်ဖြင့် ဖိနှိပ်ဖျစ်ညှစ်သော်လည်း ကိလေသာအညစ်အကြေးကား လျော့နည်းမသွားချေ။

ဘုရားအလောင်းတော်ကိုကြည့်၍ နတ်အချို့က "ရဟန်းဂေါတမသေပြီ"ဟု ဆိုကြ၏။

အချို့သောနတ်တို့က "ရဟန်းဂေါတမ မသေသေး၊ သေငယ်ဇောဖြင့် မျောနေခြင်း၊ အသက်ငင်နေခြင်း"ဟုဆိုကြ၏။

အချို့သောနတ်များက "ရဟန်းဂေါတမသည် မသေသေး၊ အသက်ငင်နေခြင်းလည်းမဟုတ်၊ ကိလေသာကုန်ခန်း၍ ရဟန္တာဖြစ်နေပြီ၊ ရဟန္တာတို့ဝင်စားသည့် သမာပတ်ကို ဝင်စားနေခြင်းဖြစ်သည်"ဟု ဆိုကြ၏။

တဖန် အစာအာဟာရကို ဖြတ်တောက်၍ ကိုယ်ခန္ဓာညှိုးပိန်ခြောက်သွေ့ပူလောင်စေရန် ကျင့်သုံးပြန်၏။ အစာအာဟာရကို လုံးဝဖြတ်တောက်မည်ဟု ကြံရွယ်သောအခါ နတ်များက မွေးညှင်းပေါက်မှ နတ်သြဇာသွင်းမည်ဟု ဆိုကြသည်။ နတ်သြဇာသွတ်သွင်းခြင်းကို လက်ခံလိုက်ပါက အစာငတ်ခံမှုသည် အဓိပ္ပာယ်မရှိ၊ သူ့ တစ်ပါးကို လှည့်စားရာရောက်တော့မည်။ သို့ဖြစ်၍ နတ်များလာရောက်ပြီး နတ်သြဇာမသွင်းစေရန် အစာလုံးဝဖြတ်တောက်မှုမပြုဘဲ အနည်းငယ်မျှသော အစာကိုမူ နေ့စဉ်ခြိုးခြံစွာ စားသုံးလေသည်။ တလက်ဆွန်းမျှသော ပဲနောက်ပြုတ်ရည်၊ ပဲစင်းငုံသို့မဟုတ် ကုလားပဲပြုတ်ရည်ကို နေ့စဉ်စားသုံးလေသည်။ အစာအာဟာရချို့တဲ့မှုကြောင့် တဖြည်းဖြည်း ကြုံလှီလာ၏။ ခန္ဓာကိုယ်မှာ အရိုးပေါ်အရေတင်လျက် အကြောပြိုင်းပြိုင်း ထနေ၏။



အရိုးအဆစ်တို့သည် ဖုထစ်ငေါထွက်နေ၏။ တင်ပါးခွက်မှာ အသားလုံးဝမရှိ၊ ကုလားအုတ်ခြေရာကဲ့သို့ ရှုံ့ခွက်နေ၏။ ကျောရိုးအဆစ်များမှာ ပုတီးစေ့များကဲ့သို့ အဖုအထစ်ဖြစ်လျက် ရှိ၏။ နံရိုးများမှာ ဇရပ်အို ဇရပ်ပျက်တစ်ခု၌ ဖရိုဖရဲပြိုကျနေသော အခြင် (ဒိုင်းမြှား)တို့နှင့် တူနေ၏။ မျက်လုံးများမှာ နက်ရှိုင်းသော ရေတွင်းထဲရှိရေကို ငုံ့ကြည့်ရသကဲ့သို့ မျက်တွင်းနက်၌ နိမ့်ချိုင့်ခွက်ဝင်နေ၏။

ဦးခေါင်းတော်မှာ ဗူးခါးသီးမနုမရင့်ကို နေလှမ်း ထားသကဲ့သို့ ရှုံ့ခွက်ပိန်ချိုင့်နေ၏။ အသားအရေနည်းပါးမှုကြောင့် ဝမ်းဗိုက်ကို ကိုင်လိုက်လျှင် ကျောရိုးများကို ကိုင်မိ၏။ ကျောရိုးကို ကိုင်လိုက်လျှင် ဝမ်းဗိုက်ကို ကိုင်မိ၏။ ကျင်ကြီး ကျင်ငယ်စွန့်ရန် အားယူထလိုက်ပါက နေရာတွင်ပင် မှောက် လျက်လဲလေသည်။ အာဟာရဓာတ်ချို့တဲ့မှုကြောင့် မွေးညှင်းများအမြစ်ဆွေး၍ ကျွတ်ထွက်ကုန်၏။ ယခင်က ရွှေရောင်ဝင်းနေသော ဘုရားအလောင်းတော်မှာ ယခုအခါ ငါးကျည်း ငါးခူရောင် နီကြန်ကြန်သို့မဟုတ် ကြမ်းပိုးကျောကုန်းကဲ့သို့ ညစ်ပုပ်ပုပ် အရောင်ထွက်နေ၏။

ဤသို့ အစာအငတ်ခံသောအကျင့်၊ အသက်ရှူထိန်းချုပ်သောအကျင့် စသော ပြင်းစွာပူလောင်သည့် **(မဟာတပ)**အကျင့်ကို **ခြောက်နှစ်ပတ်လုံး** ကျင့်သုံးငြားသော်လည်း ပြင်းထန်ထက်မြက်သည့် ဒုက္ခဝေဒနာကိုသာ ခံစားခဲ့ရသည်။ ငြိမ်းချမ်းခြင်း၊ လွတ်မြောက်ခြင်း၊ ကိလေသာကုန်ခမ်းခြင်းတို့၏ အရိပ်နိမိတ်ကိုမျှ မတွေ့ရချေ။ အတိတ်ကာလက ရဟန်းပုဏ္ဏားတို့သည် **တပ**

အကျင့်ကိုကျင့်၍ ပြင်းထန်ထက်မြက်ခါးစပ်သော ဆင်းရဲဒုက္ခကို ခံစားခဲ့ကြရာ ဤအတိုင်းအတာထက် မပိုလွန်နိုင်ချေ။ ဘုရားအလောင်းတော်နှင့် တန်းတူညီမျှသာ ဒုက္ခ ခံစားကြရပေမည်။ နောင် အနာဂတ်ကာလ၌လည်း အလားတူသာလျှင် ဖြစ်ပေမည်။ မည်သူမျှ ဘုရားအလောင်းတော် ထက်ပို၍ **တပအကျင့်**ကို ကျင့်နိုင်ကြမည်မဟုတ်။ ထို့ထက်ပို၍ ဒုက္ခ ခံကြရမည်မဟုတ်ဟု ဘုရားအလောင်းတော်အနေဖြင့် ရဲရဲတောက် ကြွေးကြော်နိုင်သည် အထိကျင့်သုံးပြခဲ့လေပြီ။ ထို့ကြောင့် ဤလမ်းစဉ်သည် လူသားမန်တို့၏ အသိဉာဏ်ထက် လွန်မြတ်သော အရိယမဂ်ဉာဏ်ကို ရနိုင်မည့်လမ်းစဉ်မဟုတ်ဟု စိတ်ဒုန်းဒုန်းချ ဆုံးဖြတ်၍ စွန့်လွှတ်လိုက်လေသည်။

**(မောင်အုံ့ မဟာဝိဇ္ဇာ–ဘုံဆော)**

**(မြတ်ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ– ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂)**

(အလောင်းတော် အရှင်သူမြတ်သည် **ဇောတိပါလ** ပုဏ္ဏားဘဝက **ကဿပဘုရားရှင်**အား **"ဇောမိဉာဏ်နှင့် ဆေးပါသေးရဲ့"** ဟု နှုတ်ကြွေး ဝစီပြစ်ကြောင့် **အတ္တကိလမထအကျင့်များ**ကို ကျင့်မိတော်မူလေသည်။)

**(ခ)ဒုက္ကရစရိယာအကျင့် ကျင့်စဉ် ပြုစုလုပ်ကျွေးနေကြသူများ – ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ** (ပဉ္စဝဂ္ဂီငါးဦး)

ဤငါးဦးသည် ဘုရားဖြစ်လျှင် တရားဦးနာမည်ဟု မျှော်လင့်ကာ ပြုစုလုပ်ကျွေးနေကြသူများ ဖြစ်သည်။ အလောင်းတော်



အရှင်သူမြတ်က မိမိကိုယ်ကို ညှဉ်းဆဲနှိပ်စက်သည့် **ဒုက္ကရစရိယာကျင့်စဉ်**ဖြင့် အမှန်တရားမရရှိနိုင်ဟု သိမြင်တော်မူပြီး ဆွမ်းစား၍ မျှမျှတတ တရားအားထုတ်တော်မူသောအခါ ပဉ္စဝဂ္ဂီတို့ကစိတ်ပျက်ပြီး စွန့်သွားကြလေသည်။

## (ဂ) ဆွမ်းခံ၍ မျှတတော်မူခြင်း

၆–နှစ်ခန့်ကြာအောင် ဒုက္ကရစရိယာကျင့်တော်မူသော်လည်း တရားထူးကို မရရှိနိုင်သောကြောင့် အတိုင်းထက်အလွန် ခန္ဓာကိုယ်ကို အပင်ပန်းခံခြင်းသည် သမာဓိရဖို့ရန် နည်းလမ်းမဟုတ်သေးသဖြင့် နောက်တစ်ဖန် သေနာနိဂုံးရွာ၌ ဆွမ်းခံ၍ အာဟာရကို မှီဝဲပြန်ရာ မကြာခင် အားအင်တိုးပွား၍ ပင်ကိုမူလ အရေအသားများ ဖြစ်ပေါ်လာလေသည်။

## ၃၁။ အိပ်မက်ကြီးငါးပါးကို မြင်မက်ခြင်း

**မဟာသက္ကရာဇ်** – ၁၀၃ ခုနှစ်
**လ/ရက်/နေ့** –ကဆုန်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့
**အချိန်** –ညဥ့်အချိန်

(၁) မြေအပြင်ကို အိပ်ရာပြု၍ ယူဇနာငါးရာရှိသော ဟိမဝန္တာတောင်ကို ခေါင်းအုံးလျက် အရှေ့အနောက်သမုဒ္ဒရာအပြင်ထက် လက်တော်ကိုထားပြီးသော် ခြေအစုံကို တောင်သမုဒ္ဒရာ၌ထားလျက် စက်တော်မူရသည်ဟု မြင်မက်သည် လည်းတစ်ပါး။

(၂) ဝင်ရိုးပမာ သန္တာနီအဆင်းရှိသော တိရိယမည်သော မြက်သည် ချက်တော်မှဖောက်၍ ဘဝဂ်သို့ရောက်အောင် တက်သည်ဟု မြင်မက်သည်လည်းတစ်ပါး။

(၃) အဆင်းဖြူသော ပိုးမျိုးသည် ခြေတော်မှ ပုဆစ်တိုင်အောင် လွှမ်း၍ တက်သည်ဟု မြင်မက်သည်လည်းတစ်ပါး။

(၄) အထူးထူးသော အဆင်းရှိသော ငှက်အပေါင်းတို့သည် လေးမျက်နှာမှ လာကုန်၍ ခြေတော်ရင်းမှာ နေကုန်သော် အလုံးစုံ အဖြူချည်းသာ ဖြစ်သည်ဟု မြင်မက်သည်လည်းတစ်ပါး။

(၅) ကြီးစွာသော မစင်တောင်ထက်သို့တက်၍ စင်္ကြံသွားသော်လည်း မစင်လိမ်းကပ်ခြင်းမရှိဟု မြင်မက်တော်မူသည်လည်းတစ်ပါး။

ဤငါးပါးသော အိပ်မက်ကို မြင်မက်တော်မူ၍ ဆင်ခြင်တော်မူလျှင်၊ **"ငါသည် ယနေ့စင်စစ် ဘုရားဖြစ်အံ့သည်"**ဟု ကြံရည်ဆုံးဖြတ်၍ မိုးသောက်ယံ၌ ဆွမ်းခံသွားသောအချိန်ကို ငံ့လင့်တော်မူလျက် နံနက်စောစောကလျှင် လာတော်မူ၍ သေနနိဂုံး၏အနီး ကြီးစွာသော ညောင်ပင်ရင်း၌ ထွန်းလင်းသော ကိုယ်ရောင်ကို ဖြစ်စေလျက် နေတော်မူလင့်၏။

**(ဇနဒ္ဓပကာသနီ-၂၈)**



## ၃၂။ ဃနာနို့ဆွမ်းအလှူခံခြင်း

သေနနိဂုံးရွာကြီးအတွင်းမှ **သုဇာတာ**အမည်ရှိ သူဌေးသမီးသည် ညောင်ပင်စောင့်နတ်အား နှစ်စဉ်ပေးမြဲ ဃနာနို့ဆွမ်းဆက်ကပ်လာသည်။ ဘုရားအလောင်းတော်ကို ညောင်ပင်စောင့်နတ်အမှတ်ဖြင့် ဝမ်းသာအားရ ရွှေခွက်နှင့်တကွ ဃနာနို့ဆွမ်းကပ်လှူထားခဲ့သည်။ ဘုရားအလောင်းတော်သည် ရွှေခွက်ကိုယူ၍ အရှေ့ဘက်ဆီသို့ ထွက်ခွာလာသည်။ မနီးမဝေးရှိ နေရဉ္ဇရာမြစ်သို့ ရောက်သောအခါ ရှေးဦးစွာ ရေသပ္ပာယ်(ရေချိုး)တော်မူလေသည်။ ရေသပ္ပာယ်ပြီးနောက် မြစ်ကမ်းအနီး သစ်ပင်ရိပ်မှာပင် ဃနာနို့ဆွမ်းကို **လေးဆယ့်ကိုးလုတ်** မယုတ်လွေးလွေး ဘုန်းပေးတော်မူသည်။

ဃနာနို့ဆွမ်း ဆိုသည်မှာ ရှေးဦးစွာ နို့စားနွားမတစ်ထောင်ကို နွယ်ချိုတော၌ ကျောင်းစေ၏။ ထိုနွားမတစ်ထောင်မှ ထွက်သောနို့ရည်ကို အခြားနွားမငါးရာအားတိုက်၏။ ထိုနွားမငါးရာမှ ထွက်သော နို့ရည်ကို အခြားနွားမ နှစ်ရာ့ငါးဆယ်ကိုတိုက်၏။ ထိုနွားမ နှစ်ရာ့ငါးဆယ်မှထွက်သော နို့ရည်ကို အခြားနွားမတစ်ရာနှစ်ဆယ့်ငါးကောင်ကို တိုက်၏။ ထိုတစ်ရာနှစ်ဆယ့်ငါးကောင်မှ ထွက်သောနို့ရည်ကို အခြားနွားမ ခြောက်ဆယ့်လေးကောင်ကို တိုက်၏။ ထိုခြောက်ဆယ့်လေးကောင်မှ ထွက်သောနို့ကို အခြားနွားမ သုံးဆယ့်နှစ်ကောင်ကိုတိုက်သည်။ ထိုသုံးဆယ့်နှစ်ကောင်မှ ထွက်သောနို့ကို အခြားနွားမ ဆယ့်ခြောက်ကောင်ကို တိုက်၏။ ထိုတစ်ဆယ့်ခြောက်ကောင်မှ ထွက်သောနို့ကို အခြားနွားမ

ရှစ်ကောင်အား တိုက်၏။ ထိုရှစ်ကောင်မှထွက်သောနို့ဖြင့် ချက်သောဆွမ်းကို ဃနာနို့ဆွမ်းဟု ခေါ်လေသည်။ (ဇာတ်အဋ္ဌကထာ၌ဆိုသော စကားဖြစ်သည်။)

**(သစ္စာနီ၊ ဗုဒ္ဓဝင်မှတ်စု-၇၇)**

## ၃၃။ အဓိဋ္ဌာန်တော်မူခြင်း

ထို့နောက် အလောင်းတော်အရှင်သူမြတ်သည် ဃနာနို့ဆွမ်းထည့်သော ရွှေခွက်ကိုကိုင်ယူကာ–

**"အကယ်၍ ငါသည် ယနေ့ဘုရားဖြစ်ခြင်းဟာ စွမ်းနိုင်ပါမူ ဤရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသား၊ ဘုရားဖြစ်ခြင်းဟာ မစွမ်းနိုင်ပါမူ ရေစုန်သို့မျောပါစေသား"**ဟူ၍ အဓိဋ္ဌာန်ပြီး ထိုရွှေခွက်ကို နေရဥ္ဇရာမြစ်သို့ မျှောလိုက်ရာ ရွှေခွက်သည် ရေညာသို့ ဆန်တက်သွား၍ ကာဠနဂါးမင်း ဗိမာန်တွင်းသို့ သက်ဆင်း နစ်မြုပ်လျက် ရှေးဘုရားရှင်တို့၏ ရွှေခွက်အောက်၌ တည်လေ၏။

အလောင်းတော်အရှင်မြတ်ပြောသောစကားကို သဘာဝကနားလည်၏။ နားလည်သည့်အလျောက် သဘာဝကလည်းသူ၏ လျှို့ဝှက်ချက်များကို အလောင်းတော်အရှင်သူမြတ်အား ပြန်လည်ပြောကြားခဲ့၏။

## ၃၄။ မြက်ရှစ်ဆုပ် အလှူခံတော်မူခြင်း

ဘုရားအလောင်းသည် **နေရဥ္ဇရာမြစ်ကမ်း**ဝယ် အင်ကြင်းဥယျာဉ်၌ နေ့အဖို့ သီတင်းသုံး၍ ညနေအချိန်တွင် ဗောဓိပင်သို့



ကြွတော်မူစဉ် လမ်းခရီးအကြား မြက်ရိတ်သမား **သောတ္ထိယ**ထံမှ မြက်ရှစ်ဆုပ်ကို အလှူခံလျက် ဗောဓိပင်အောက်သို့ ရောက်သောအခါ ထိုမြက်များကိုပင် ခင်းတော်မူ၍ ထက်ဝယ်ဖွဲ့ ခွေထိုင်နေတော်မူသည်။

## ၃၅။ အဓိဋ္ဌာန်၍ တရားအားထုတ်တော်မူခြင်း

အလောင်းတော်အရှင်မြတ်သည်

**(၁) အရေမျှ ကျန်လိုလျှင် ကျန်စေ၊**

**(၂) အကြောမျှ ကျန်လိုလျှင် ကျန်စေ၊**

**(၃) အရိုးမျှ ကျန်လိုလျှင် ကျန်စေ၊**

**(၄) အသွေးအသားတို့ ခမ်းခြောက်လျှင် ခန်းခြောက်စေ၊ ငါသည် ဘုရားမဖြစ်သမျှ၊ ဤနေရာမှ မထတော့"**ဟူ၍ ဆုံးဖြတ်တော်မူပြီး သဗ္ဗညုတဉာဏ်တော်ကို ရရှိရေးအတွက် တရားဘာဝနာများကို အားသွန်ခွန်စိုက် အားထုတ်တော်မူလေသည်။

## ၃၆။ မာရ်နတ်ကို အောင်မြင်တော်မူခြင်း

မာရ်နတ်သည် **"ဂိရိမေခလာ"** မည်သောဆင်ပြောင်ကြီးကို စီးလျက် မိမိရှေ့မှ ၁၂ ယူဇနာ၊ လက်ယာဘက်မှ ၁၂ ယူဇနာ၊ လက်ဝဲဘက်မှ ၁၂ ယူဇနာ၊ အထက်၌ ၉ ယူဇနာ၊ နောက်ဘက်၌ စကြာဝဠာ အဆုံးတိုင်အောင် စစ်သည်တော်များနှင့် အလောင်းတော်အရှင်မြတ်ကို လာရောက်တိုက်ခိုက်လေ၏။ သို့ရာတွင် မာရ်နတ်တို့ ရှုံးနိမ့်သွား၏။

မာရ်နတ်ကို အလောင်းတော်အရှင်မြတ်နိုင်လိုက်ခြင်းမှာ

လေးသချေ်နှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ဖြည့်ကျင့်တော်မူခဲ့သော ပါရမီတော်တို့၏ အာနုဘော်တော်ကြောင့်ဖြစ်၏။

အလောင်းတော်အရှင်သူမြတ်က မာရ်နတ်ကို အောင်နိုင်လိုက်သောနေ့မှာ **မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ နေမဝင်မီ အချိန်ကာလဖြစ်၏။**

**၃၇။ အာနာပါနကမ္မဋ္ဌာန်း စီးဖြန်း၍ ဝိပဿနာရှုပွားရာ ရရှိသော ဉာဏ်တော်များနှင့် အချိန်မှတ်တမ်း**

| | |
|---|---|
| (က) **ညဉ့်ဦးယံ (ည ၁၀ နာရီထိုးမီ)** | – **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်** (သတ္တဝါအပေါင်းတို့၏ ရှေးဘဝ၊ ရှေး ခန္ဓာများကို မြင်နိုင်စွမ်းသောဉာဏ်တော်) |
| (ခ) သန်းခေါင်ယံ | – **ဒိဗ္ဗစက္ခုဉာဏ်တော်** (သတ္တဝါများ၏ လက်ရှိဘဝ၊ လက်ရှိခန္ဓာများကို နတ်မျက်စိပမာ မြင်တော်မူနိုင်စွမ်းသော ဉာဏ်တော်) |
| (ဂ) **မိုးသောက်ယံ** (အရုဏ်တက်ချိန်) (နံနက် ၄ နာရီ) | – **အာသဝက္ခယဉာဏ်တော်** ခေါ် **အရဟတ္တမဂ်ဉာဏ်တော်** (သစ္စာလေးအင်ကို သိမြင်တော်မူကာ၊ ကိလေသာ အာသဝေါတရား အလုံးစုံ ကုန်ခမ်းသည့် ဉာဏ်တော်) |



ဤသို့ အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးတရားကို သိမြင်တော်မူသည်နှင့်အတူအလုံးစုံကို အကြွင်းမရှိ အကုန်သိမြင်နိုင်သော **သဗ္ဗညုတဉာဏ်တော်**ကို ရရှိပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

**၃၈။ လူနတ်၊ ဗြဟ္မာတို့၏ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဘုရားအဖြစ်သို့ ရောက်တော်မူသည့် အချိန်မှတ်တမ်း**

| | |
|---|---|
| (က) **မဟာသက္ကရာဇ်** | – ၁၀၃ ခု (B.C. 588) |
| (ခ) လ | – ကဆုန်လပြည့် |
| (ဂ) **နေ့** | – ဗုဒ္ဓဟူး |
| (ဃ) **သက်တော်** | – ၃၅ နှစ် |

**၃၉။** မိမိဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည့်နေရာဖြစ်သော ဗောဓိပင်၏ကျေးဇူးကို အောက်မေ့လျက် ဗောဓိပင်အနီး (၇)ဌာနတွင်၊ (၁) ဌာနလျှင် (၇) ရက်ဖြင့် ရက်ပေါင်း (၄၉) ရက်တိတိ ဖလသမာပတ်ဝင်စားလျက် နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူသည်။

### (က) သတ္တဌာန ၇ ပါး

(၁) အောင်မြင်တော်မူသော ဗောဓိပင်၏ အရှေ့မြောက်တစ်လံကွာ **ရွှေပလ္လင်ဌာန**၊

(၂) ဗောဓိပင်၏မြောက်ဘက် ဆယ်လံကွာဌာန **အနိမိသအရပ်**

(၃) ဗောဓိပင်နှင့် အနိမိသအကြား နှစ်လံကွာဌာန **ရတနာစင်္ကြံ**၊

(၄) ဗောဓိပင်၏အနောက်မြောက် ၁၅ လံကွာ **ရတနာဃရ ရွှေအိမ်။**

(၅) ဗောဓိပင်အရှေ့ ၃၂ လံကွာ **အဇပါလဆိတ်ကျောင်း ညောင်ပင်၊**

(၆) ဗောဓိပင်အရှေ့တောင်မှ ၁၅ လံကွာ **မုစလိန္ဒာအိုင်ဝယ် နဂါးပါးပြင်းအောက်ဌာန။**

(၇) ဗောဓိပင်၏တောင်ဘက် ၁၁ လံကွာ **လင်းလွန်းပင်အရပ်။**

(သုခမှတ်စု – ၁၄၇)

## (ခ) သတ္တဋ္ဌာန စံနေတော်မူပုံ

၁။ **ဗောဓိပင်နှင့် ရွှေပလ္လင်ဌာန ။** ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် မဟာဗောဓိပင်ရင်း **အပရာဇိတပလ္လင်တော်**၌ ထက်ဝယ်ဖွဲ့ခွေလျက် **ခုနစ်ရက်ပတ်လုံး** ဖလသမာပတ်ချမ်းသာကို ခံစားတော်မူသည်။

၂။ **အနိမိသဌာန။** ။ ဗောဓိပင်၏အရှေ့မြောက်ထောင့်၌ ရပ်လျက် ဗောဓိပင်နှင့် ပလ္လင်တော်ကို **မျက်တောင်မခတ်ဘဲ ခုနစ်ရက်တိုင်တိုင်** ရှုစားတော်မူသည်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်ဖြည့်ကျင့်ပြီးမှ ခဲတောင့်ခဲယဉ်း ရရှိခဲ့သည့် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိခဲ့သော ထူးမြတ်သည့် နေရာကို ရှုးစိုက်ကြည့်တော်မူသည်။

၃။ **ရတနာစင်္ကြံဌာန။** ။ပလ္လင်တော်နှင့် အနိမိသဌာနအကြား၌ အရှေ့အနောက် ရတနာစင်္ကြံတော် ဖန်ဆင်း၍ **ခုနစ်**



**ရက်တိုင်တိုင်** စင်္ကြံကြွတော်မူသည်။ မြတ်စွာဘုရားသည် ပလ္လင်တော်ကို ခုနစ်ရက်တိုင်တိုင် စိုက်ကြည့်နေရာ နတ်ဗြဟ္မာတို့က မြတ်စွာဘုရားသည် ပလ္လင်တော်၌တွယ်တာမှု ကိလေသာရှိ၏ဟု အထင်မှားကြကုန်၏။ ထိုအထင်မှားမှုကို ပယ်ဖျက်ရန် ကောင်းကင်၌ ရတနာစင်္ကြံကြွတော်မူသည်။

၄။ **ရတနဃရဌာန ။** ။မဟာဗောဓိပင်၏ အနောက်မြောက်အရပ်၊ နတ်တို့ဖန်ဆင်းအပ်သော ရတနာဃရ(ရွှေအိမ်)တွင် **ခုနစ်ရက်တိုင်တိုင်** ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူ၍ အဘိဓမ္မာ ခုနစ်ကျမ်းကို ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်တော်မူ၏။ အဘိဓမ္မာခုနစ်ကျမ်းကို သုံးသပ်တော်မူရာ နောက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းကြီးသို့ ရောက်သောအခါ မြတ်စွာဘုရားသခင်ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ် ပေါ်ထွက်ကွန့်မြူး၍ အဆုံးမရှိသော အနန္တ အာကာသကြီးထဲသို့ ပျံ့နှံ့သွားရာ ယနေ့အထိ ထိုရောင်ခြည်တော်များသည် အာကာသအတွင်း၌ ရှေ့သို့ဆက်လက် ပြေးသွားနေကြဆဲ ဖြစ်လေသည်။

၅။ **အဇပါလနိဂြောဓဌာန။** ။ထို့နောက် မဟာဗောဓိပင်အရှေ့တည့်တည့် အနိမိသဌာန၏တောင်ဘက်တွင်ရှိသော **ဆိတ်ကျောင်းညောင်ပင်ရင်း၌ ခုနစ်ရက်တိုင်တိုင်** တရားတော်ကို ဆင်ခြင်သုံးသပ်ခြင်၊ အရဟတ္တဖိုလ်ချမ်းသာကို ခံစားခြင်းတို့ကို ပြုတော်မူ၏။

(**အဇ** = ဆိတ် +**ပါလ** = ထိန်းကျောင်း+**နိဂြောဓ** = ညောင်ပင်)

၆။ **မုစလိန္ဒဌာန** ॥ ॥ထို့နောက် မဟာဗောဓိပင်၏ အရှေ့တောင်ဘက်မုစလိန္ဒအိုင်အနီးရှိ ကျည်းပင်အရင်း၌ **ခုနစ်ရက်တိုင်တိုင်** ဖလသမာပတ် ဝင်စားတော်မူ၏။ ထိုအချိန်တွင် ခုနစ်ရက်တိုင်တိုင် မိုးဇွေ၍ လေအေးများ တိုက်ခတ်သဖြင့် **မုလိန္ဒ နဂါးမင်း**သည် မြတ်စွာဘုရားရှင်ကို ခုနစ်ပတ်ရစ်ခွေ၍ အပေါ်မှ ပါးပျဉ်းအုပ်မိုးလျက် ပူဇော်သည်။ (မုစလိန္ဒ= ကျည်းပင်)

၇။ **ရာဇာယတနဌာန**။ ။ ထို့နောက် မဟာဗောဓိပင်၏ တောင်ဘက်ရှိ လင်းလွန်းပင်ရင်း၌ ခုနစ်ရက်တိုင်တိုင် ဖလသမာပတ် ဝင်စားတော်မူ၏။ (ရာဇာယတန= လင်းလွန်းပင်)

[(မောင်အုံ-မဟာဝိဇ္ဇာ-ဘုံဗေ) မြတ်စွာဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂယာ-၁၄, ၁၅, ၁၆]

ဘုရားရှင်ဟာ ဒီရက်ပေါင်း ၄၉ ရက်အတွင်းမှာ ခံတွင်းမဆေး မျက်နှာမသစ်၊ ကျင်ကြီးကျင်ငယ်မစွန့်၊ ရေမချိုး၊ ဆွမ်းမဘုဉ်းပေး၊ ရေမသုံးဆောင်၊ မလျောင်းစက်ဘဲ ဈာန်ချမ်းသာနဲ့ အချိန်ကို ကုန်လွန်စေပါတယ်။

၄၉ ရက်မြောက်နေ့ ဝါဆိုလဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့မှာ လင်လွန်းပင်အောက် ထိုင်နေတဲ့ ဘုရားရှင်မှာ မျက်နှာသစ်မယ်လို့ စိတ်ဖြစ်လာပါတယ်။ သိကြားမင်းက ဆေးကြစုသီးကို ဆက်ကပ်ပါတယ်။ ဘုရားရှင်က အဲဒီကြစုသီးကို ဘုဉ်းပေး



ဗောဓိပင်နှင့်ရွှေပလ္လင်ဌာန(ပလ္လင်္ကသတ္တာဟ) (ပထမသတ္တာဟ)
(ဤဓါတ်ပုံကို အစ်ကိုကြီး ကိုသန်းဇော်မှ ကျေးဇူးပြုပါသည်။)



**အနိမိသဋ္ဌာန (အနိမိသ သတ္တာဟ)( ဒုတိယသတ္တာဟ)**

(ဤဓါတ်ပုံကို အစ်ကိုကြီး ကိုသန်းဇော်မှ ကျေးဇူးပြုပါသည်။)

(ဟငေီလ ဂကွယ) (ဟငေီလ ဂယှုဓ) နှငေ် ညှဲဓလေ်ပေါ





ရတနာဃရဋ္ဌာန (ရတနာဃရ သတ္တာဟ) (စတုတ္ထသတ္တာဟ)
(ဤဓါတ်ပုံကို အစ်ကိုကြီး ကိုသန်းဇော်မှ ကျေးဇူးပြုပါသည်။)



အဇပါလ နိဂြောဓဈာန (အဇပါလ သတ္တာဟ) (ပဥ္စမသတ္တာဟ)

(ဤဓါတ်ပုံကို အစ်ကိုကြီး ကိုသန်းဇော်မှ ကျေးဇူးပြုပါသည်။)

(ဟေဃီလငြဆ) (ဟေဃီလနီၣ်ထွဲစၢ်) ဒ်ငြနီၣ်ထွဲစၢ်





ရာဇာယတနဋ္ဌာန (ရာဇာယတန သတ္တာဟ) (သတ္တမသတ္တာဟ)

(ဤဓာတ်ပုံကို အစ်ကိုကြီး ကိုသန်းဇော်မှ ကျေးဇူးပြုပါသည်။)

ပါတယ်။ အဲဒီလို ဘုဉ်းပေးလို့ ကျင်ကြီးကျင်ငယ်စွန့်ပါတယ်။ အဲဒီနောက် သိကြားမင်းကပဲ နဂါးပြည်မှာဖြစ်တဲ့ ကွမ်းရိုးဒန်ပူနဲ့ မျက်နှာသစ်ရန် အနောတတ်အိုင်ရေကို ဘုရားရှင်အား ဆက်ကပ်ပါတယ်။ ဘုရားရှင်က အဲဒီဒန်ပူကို စားပြီး အနောတတ်အိုင်ရေနဲ့ မျက်နှာသစ်ကာ အဲဒီလင်းလွန်းပင်ရင်းမှာပဲ ထိုင်နေတော်မူပါတယ်။ (ဒန်ပူ=သွားကိုပွတ်တိုက်ရန် တမာကိုင်းစသည်တို့ကို သပ်ထားသော အချောင်းအတံ။)

(ဇာတက၊ ဋ္ဌ၊ ပ၊ ၉၂/၃)
(သာမဏေကျော်–ဘုရားနဲ့စပ် အထူးမှတ်ဖွယ်)

## (၄၀) ဘုရားရှင်ထံ လှည်းကုန်သည်ညီနောင် ရောက်ရှိခြင်း

၄၉–ရက်ပြည့်မြောက်သောနေ့၌ **ဥက္ကလာပဇနပုဒ်** (မြန်မာနိုင်ငံ)မှ **တပုဿ၊ ဘလ္လိက** အမည်ရှိသော လှည်းကုန်သည်ညီနောင်တို့သည် မဟာဗောဓိညောင်ပင်အနီးသို့ ရောက်ရှိလာကြကုန်၏။ အတိတ်ဘဝက ဆွေမျိုးတော်စပ်ခဲ့ဖူးသော နတ်များနှိုးဆော်တိုက်တွန်းမှုကြောင့် **တပုဿ**နှင့်**ဘလ္လိက**တို့သည် လင်းလွန်းပင် အရင်း၌ မြတ်စွာဘုရားရှင်အား ပျားမုန့်ဆုပ် (ပေါက်ပေါက်ဆုပ်)နှင့် မုန့်ညက်ဆုပ် (အနုဆုပ်)တို့ကို ဦးဦးဖျားဖျား ဆက်ကပ်လှူဒါန်းကြကုန်၏။ ဆွမ်းဦး လှူဒါန်းကြကုန်၏။

ထိုအခါ မြတ်စွာဘုရားတွင် **ဃဋီကာရဗြဟ္မာမင်း**လှူသော သပိတ်တော်သည် သုဇာတာနို့ဆွမ်း လှူစကပင် ကွယ်ခဲ့ပြီဖြစ်၍ မုန့်ကို ခံယူရန် သပိတ်တော်မရှိပေ။ ဘုရားသခင်သည် အဘယ်

ဝတ္ထုဖြင့် ခံယူသော သင့်သနည်းဟု ဆင်ခြင်တော်မူ၍ နောင်တော် ဘုရားသခင်တို့သည် အဘယ်ဝတ္ထုဖြင့် ခံသနည်းဟု ရှုတော်မူ လတ်တော် သပိတ်တော်ဖြင့် ခံယူတော်မူကြသည်ကို သိမြင်လေ၏။

ထို့ကြောင့် ကိုယ်တော်မြတ်သည် သပိတ်တော်ကို အောက်မေ့လျက် ထိုမုန့်ကို ခံယူလိုသော အကြံတော်ဖြစ်လေ၏။ စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် ဣန္ဒနီလာကျောက်ညိုဖြင့်ပြီးသော သပိတ်လေးလုံး ကပ်လှူသည်ကို ဘုရားသခင် လက်ခံတော်မမူပေ။ ထိုအခါ ပဲနောက်အဆင်းရှိသော ကျောက်သပိတ်လေးလုံးကိုလှူကြပြန်၏။ ထိုကျောက်သပိတ်တို့ကို ဗုဒ္ဓမြတ်စွာ ခံယူတော်မူလျက် လေးလုံးသောသပိတ်တို့ကို အဓိဋ္ဌာန်၍ နှိပ်လျှင် အနားရေးလေးခုရှိသော သပိတ်တော်တစ်လုံးတည်း ဖြစ်လေ၏။ ထိုသပိတ်တော်ဖြင့် ကုန်သည်ညီနောင်တို့ လှူဒါန်းသောမုန့်ကို ခံယူတော်မူသည်။

ဘုရားသခင်သည် မုန့်ကို သုံးဆောင်တော်မူပြီး ကုန်သည်ညီနောင်တို့အား-

**"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ"**

ဟူသော သရဏဂုံ နှစ်ပါးကို ပေးတော်မူသည်။

ထိုအခါက ဘုရားရတနာနှင့် တရားရတနာနှစ်ပါးကိုသာ တပုဿ၊ ဘလ္လိက ညီနောင်တို့ ကိုးကွယ်ခွင့် ရကြသေး၏။ သံဃာရတနာတည်းဟူသော ဘုရားရှင်သားတော် သံဃာတော်များ မပေါ်ပေါက်သေး၍ ကိုးကွယ်ခွင့် မရကြသေးပေ။



## ၄၁။ ဆံတော်ဓာတ် ပေးသနားတော်မူခြင်း

**တပုဿ၊ ဘလ္လိက** ကုန်သည်ညီနောင်တို့သည် ဤသို့ လျှောက်၏။

"အရှင်ဘုရား၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားတော်မြတ်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ ယနေ့ကို အစပြု၍ အသက်ထက်ဆုံး အကျွန်ုပ်တို့ကို **ဥပသကာ**ဟူ၍ မှတ်တော်မူပါ"ဟု လျှောက်ထား၏။

ထိုအခါ ညီနောင်တို့သည် လောက၌ ရှေးဦးစွာ နှစ်ခွန်းသော ဆောက်တည်ခြင်းရှိသော **ဒွေဝါစိက ဥပါသကာ**အဖြစ်သို့ ရောက်ကြ၏။

ဥပါသကာအဖြစ်သို့ ရောက်ပြီးမှ-

"အရှင်ဘုရား၊ အကျွန်ုပ်တို့သည် အဘယ်သူအား ရှိခိုးခြင်း၊ လက်အုပ်ချီခြင်းကို ပြုရပါမည်နည်းဟု လျှောက်ထားပြန်၏။

မြတ်စွာဘုရားသခင်သည် သဗ္ဗညုတ္တဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူသော် ဤသူတို့နေရပ် ပစ္စန္တရာဇ်ဒေသ **ရာမည**

**တိုင်း၌ သိင်္ကဿရ**အမည်ရှိသော ကုန်းမြတ်ကို မြင်တော်မူ၏။ ထိုကုန်း၌ကား နောင်တော် **ကကုသန်ဘုရား၏ တောင်ဝှေးတော်၊ ကောဏာဂုံဘုရား၏ ဓမ္မကရိဏ်ရေစစ်တော်၊ ကဿပဘုရား၏ ရေသနုပ်တော်**တို့ကို ဌာပနာတည်ထား ကိုးကွယ်ကြသဖြင့် လူ, နတ်တို့၏အကျိုးကို ဆောင်သော ကုန်းထူး၊ကုန်းမြတ်ဖြစ်ပေသည်။ ထိုကုန်း၌ ငါဘုရား၏ဆံတော်ကို ပေးအပ်၍ ဌာပနာစေသော် ဝေနေယျသတ္တဝါတို့ ကိုးကွယ်ဆည်းကပ်ကြသဖြင့် အစွန့်ရှည်စွာ လူ, နတ်, နိဗ္ဗာန် သုံးတန်ချမ်းသာကို ရကြပေမည်ဟု မဟာကရုဏာတော် တိုက်တွန်းတော်မူသည်ဖြစ်၍ လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူသော် ဆံတော်ဓာတ်မြတ် ၈–ဆူသည် လက်တော်၌ ပါလာတော်မူသည်။

ကုန်သည် ညီနောင်တို့အား–

"သင်တို့သည် ဤဆံတော်ဓာတ်တော်တို့ကို ဆောင်ယူကြလေကုန်"

ဤဆံတော်ဓာတ်တို့ကို ပစ္စန္တရာဇ်ဒေသ ရာမညတိုင်း သိင်္ဂုတ္တရကုန်း၌ ရှေးရှေးသော နောင်တော်ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့၏ တောင်ဝှေးတော်၊ ရေစစ်တော်၊ ရေသနုပ်သင်္ကန်းတော်တို့လည်းဌာပနာတည်ထားလျှက် ရှိလေပြီ၊ ထိုနေရာတွင် ဌာပနာ၍ စေတီတည်ထား ကိုးကွယ်ကြလေဟု ဆံတော်ဓာတ် ၈–ဆူကို ပေးအပ်တော်မူလိုက်၏။

(ဦးညွန့်ဆေ– ထူးခြားပြည့်စုံသော ရွှေတိဂုံစေတီတော်သမိုင်း – ၂၇၊ ၂၈၊ ၂၉၊ ၃၀)



## ၄၂။ တရားဟောရန် တောင်းပန်ခြင်း

သတ္တသတ္တာဟ စေ့တော်မူလျှင် လင်းလွန်းပင်မှသည် အဇပါလညောင်ပင်သို့ တဖန်ကပ်တော်မူပြန်၍ နေတော်မူသော အခါ ဤသို့သောအကြံတော်ဖြစ်၏။

"ငါ သိအပ်သော တရားတော်သည် မြင်းမိုရ်တောင်ဖြင့် ဖုံးလွှမ်းအပ်သော မုန်ညင်းသီးကဲ့သို့ အလွန်သိမ်မွေ့ နက်နဲမြင်နိုင်ခဲ၏။ ပဋိစ္စသမုပ္ပါဒ ဓမ္မသည်လည်း ပံသုပထဝီ၏အောက်၌ဖြစ်သော မြေဆီသြဇာကဲ့သို့ အလွန်နက်နဲခက်ခဲလှ၏။ ဤလောက၌ ဖြစ်ကုန်သော သတ္တဝါတို့သည် ပညာနည်းပါး၍ ကိလေသာ သာလျှင်များရကား စဉ်းစားခြင်းအလွန်နည်းပါးကြ၏။ ကာမဂုဏ်ငါးပါး၌သာ လိုက်စားပျော်မွေ့ကြ၏။ ငါ ဟောကြားသော်လည်း တရားတော်ကို မမြင်နိုင်ကုန်ရာ၊ ငါ ပင်ပမ်းရုံသာ ရှိချိမ့်မည်"ဟု တရားမဟောလိုသောအကြံတော် ဖြစ်ပေါ်၏။

ဤစိတ်အကြံဖြစ်စဉ်ကို ကဿပဘုရားရှင် သာသနာ၌ **"သဟာသက"**မည်သော ပဌမဈာနလာဘီရဟန်းသည် စုတေ၍ ပဌမဈာန်ဘုံ၌ ဖြစ်လေသော **သဟမ္ပတိဗြဟ္မာမင်း** သိလေသည်။

ထိုအခါ **သဟမ္ပတိ ဗြဟ္မာမင်း**သည် ဗြဟ္မာပြည်မှ ကွယ်ခဲ့ပြီးလျှင် ဘုရားရှင် ရှေ့မှောက်၌ ထင်ရှားပေါ်လာ၏။ ထို**သဟမ္ပတိဗြဟ္မာမင်း**သည် အပေါ်ရုံကို ပုခုံးတစ်ဖက်၌တင်၍ လက်ယာဒူးကို မြေ၌ထောက်လျက် ဘုရားရှင်အား လက်အုပ်ချီပြီးလျှင် ဤစကားကို လျှောက်၏။

"မြတ်စွာဘုရား၊ ဘုန်းကြီးတော်မူသော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ (ပညာ)မျက်စိ (ကိလေသာ) မြူနည်းသောသတ္တဝါတို့သည် ရှိပါကုန်၏။ (ထိုသတ္တဝါတို့သည်) တရားကို မနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏။ တရားကို သိသော သူတို့သည် ရှိပါကုန်လတ္တံ့"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားရှင်က–

"ဗြဟ္မာ လေ့လာပြီးသော တရားမြတ်ကို ပင်ပန်းရုံသာဟု အမှတ်ရှိသည်ဖြစ်၍ လူတို့အား မဟောခဲ့ပြီ၊ (မဟောပဲနေရန် အကြံဖြစ်ခဲ့ပြီ၊) ပညာတည်းဟူသော နားနှင့်ပြည့်စုံသောသူတို့သည် ယုံကြည်ခြင်း 'သဒ္ဓါတရား'ကို စေလွှတ်ကြကုန်လော့၊ ထိုသူတို့အတွက် နိဗ္ဗာန်တံခါးကို ငါဖွင့်ထားပြီ"ဟု မိန့်တော်မူ၏။

**သဟမ္ပတိဗြဟ္မာ**လည်း မြတ်စွာဘုရားရှင်အား ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ထိုနေရာ၌ပင်ကွယ်သွားလေ၏။

## ၄၃။ တရားဦးဖြင့်ကျေးဇူးဆပ်ရန် ဆင်ခြင်ခြင်း

(က) လောကီစျာန်၊ အဘိညာဉ်ရအောင် ကျေးဇူးပြုခဲ့ဖူးသည့် **အာဠာရသေ့**နှင့်**ဥဒကရသေ့ကြီးများ** ကွယ်လွန်၍ **အရူပ**



**ဗြဟ္မာ**ဘုံတွင်ဖြစ်နေကြောင်း မြင်တွေ့ရ၍၊ "ရှုံးခြင်းကြီး ရှုံးလေစွ" ဟု သနားကရုဏာ ဖြစ်တော်မူ၏။

(ခ) ထို့နောက် **အဇပါလ ညောင်ပင်ရင်း**၌ နှစ်ရက်သုံးရက်ခန့်စံတော်မူပြီးလျှင် ဗာရာဏသီပြည်သို့ကြွတော်မူ၏။ မဟာဗောဓိနှင့် ဂယာသီသအကြား၌ **ဥပက**အမည်ရှိသော တက္ကတွန်းကို တွေ့၏။ ထိုမှဆက်၍ ဓမ္မစကြာဟူသော တရားစည်ကြီးကို တီးတော်မူခြင်းငှာ မဟာဗောဓိပင်မှ ၁၈ ယူဇနာ(၁၂၉–မိုင်ခန့်) ဝေးသော ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောကြီးသို့ ကြွတော်မူ၏။

## ၄၄။ ပဉ္စဝဂ္ဂီငါးပါးတို့အား ဓမ္မစကြာတရားဦးဟောကြားသည့် မှတ်တမ်း

(က) **မဟာသက္ကရာဇ်** – ၁၀၃ ခုနှစ်
(ခ) **လ** – ဝါဆိုလပြည့်
(ဂ) **နေ့** – စနေနေ့
(ဃ) **အချိန်** – နေဝင်စအချိန် (ညနေချမ်း)
(င) **နေရာ** – မိဂဒါဝုန်တော (မိဂဒါဝုန် = မိဂဒါယ =မိဂ=သမင်+ဒါယ=တော=သမင်တို့ကို ဘေးမဲ့ပေးရာတော)
(စ) **ဟောကြားသည့်တရားတော်** – ဓမ္မစက္ကပဝတ္တနသုတ်
(ဆ) **ဒေသနာတော်အဆုံး၌ သောတာပတ္တိဖိုလ်တည်သူ– အရှင်ကောဏ္ဍည**

(တစ်သောင်းသော လောကဓာတ်မှ စည်းဝေးလာသော နတ်ဗြဟ္မာ တစ်ဆယ့်ရှစ်ကုဋေ အကျွတ်တရား ရ။)

(ဈ) ဝါဆိုလပြည့်ကျော်**တစ်ရက်**နေ့၌
သောတာပတ္တိဖိုလ်တည်သူ - **အရှင်ဝပ္ပ**
(ဈ) ဝါဆိုလပြည့်ကျော် **နှစ်ရက်**နေ့၌
သောတာပတ္တိဖိုလ်တည်သူ - **အရှင်ဘဒ္ဒိယ**
(ည) ဝါဆိုလပြည့်ကျော် **သုံးရက်**နေ့၌
သောတာပတ္တိဖိုလ်တည်သူ - **အရှင်မဟာနာမ**
(ဋ) ဝါဆိုလပြည့်ကျော် **လေးရက်**နေ့၌
သောတာပတ္တိဖိုလ်တည်သူ - **အရှင်အဿဇိ**
(ပေါ်ဘိက္ခုရဟန်းအဖြစ်သို့ ရကြကုန်သည်။)

**၄၅။ ပဉ္စဝဂ္ဂီတို့ ရဟန္တာဖြစ်ကြခြင်းမှတ်တမ်း**

(က) **နေ့** - ဝါဆိုလပြည့်ကျော် (၅)ရက်
(ခ) **ဟောကြားသည့်တရားတော်** - အနတ္တလက္ခဏာသုတ်
(ဂ) **အကျိုးကျေးဇူး** - ပဉ္စဝဂ္ဂီငါးပါးစလုံး ရဟန္တာ ဖြစ်တော်မူသည်။

**၄၆။ နာလကထေရ် မောနေယျအကျင့်ကိုကျင့်ခြင်း**

**မောနေယျအကျင့်**ဟာ အလွန်မြင့်လွန်းတဲ့အတွက် **ဘုရားတစ်ဆူတွင် တစ်ဦးတည်းသာ ကျင့်နိုင်တယ်၊** မောနေယျအကျင့်ကို ပြင်းပြင်းထန်ထန်ကျင့်လျှင် ခုနစ်လသာ အသက်ရှည်တယ်၊ အလယ်အလတ်ကျင့်လျှင် ခုနစ်နှစ်သာ အသက်ရှည်တယ်၊ ခပ်ညံ့ညံ့ကျင့်လျှင် ၁၂ နှစ်သာ အသက်ရှည်တယ်၊



(မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ကျောင်းတော်ရာဟောင်း)

ဂိဇ္ဈကုဋ်တောင်ထိပ်ပေါ်တွင်ရှိသည့် ကျောင်းတော်ရာဟောင်းဖြစ်သည်။ တောင်ထိပ်မှာ ကြီးမားသော ကျောက်တုံးကြီးများ ပေါ်ထွက်နေသဖြင့် လင်းတကြီးများ နားနေသကဲ့သို့ ထင်ရသည်။ ထို့ကြောင့်လည်း(ဂိဇ္ဈ=လင်းတ+ကူဋ=တောင်ထွတ်) လင်းတနှင့် တူသော တောင်ထိပ် ဂိဇ္ဈကုဋ် ဟု ခေါ်ဆိုခြင်းဖြစ်သည်။
(မောင်အံ့- မဟာဝိဇ္ဇာ-ဘုံဘော-မြတ်ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ-၁၂၅)



မြတ်စွာဘုရားရှင် လက်ထက်ကတည်းက
အသုံးပြုခဲ့သောရေတွင်း

သာဝတ္ထိပြည် (ဇေတဝန်ကျောင်းတော်ရာ)
(ဤဓါတ်ပုံကို အစ်ကိုကြီး ကိုသန်းဇော်မှ ကျေးဇူးပြုပါသည်။)

**နာလကမထေရ်**ကတော့ ဘုရားထက် ၂၃ နှစ်စောပြီး တောထွက်ခဲ့တယ်။ ဘုရားပွင့်တော်မူပြီး ဓမ္မစကြာတရား ဟောတော်မူတယ်၊ ဓမ္မစကြာဟောပြီး ခုနစ်ရက်မြောက်သောနေ့မှာ **နာလက**ဟာ ဘုရားထံ သွားရောက်တွေ့ဆုံပြီး မောနေယျအကျင့်ကို လျှောက်ထားတယ်။

## မောနေယျအကျင့်

မြတ်စွာဘုရား တပည့်တော်သည် အိမ်ရာမထောင်သော ရဟန်းဖြစ်ပါတယ်၊ ဆွမ်းခံစားသူ ဖြစ်ပါတယ်၊ တပည့်တော် မေးလျှောက်ပါရစေ၊ မောနေယျအကျင့်မြတ်ကို ဟောတော်မူပါဘုရား။

မောနေယျအကျင့်သည် ပြုနိုင်ခဲ၊ ကျင့်နိုင်ခဲသောအကျင့်ဖြစ်သည်။ ထိုအကျင့်ကို ငါဟောမည်၊ သင်သည် မိမိကိုယ်ကို အားထားပြုလော့–

(၁) မိမိအားဆဲရေးသူနှင့် ရှိခိုးသူကို ထပ်တူရှုရမည်၊ ဆဲရေးခံရသော် စိတ်ပြစ်မှားမှုမရှိအောင် စောင့်ရှောက်ရမည်၊ ရှိခိုးခံရသော် တက်ကြွမှုမရှိအောင် ကျင့်ရမည်။

(၂) ကာမဂုဏ်တို့ကို ပယ်စွန့်၍ မေထုန်မှရှောင်ကြဉ်ရမည်။

(၃) ငါသည် ချမ်းသာကိုအလိုရှိသကဲ့သို့သတ္တဝါတို့လည်း ချမ်းသာကို အလိုရှိကုန်၏ဟု မိမိကိုယ်ကို ဥပမာပြု သတ္တဝါတို့ကို မသတ်ရာ၊ မသတ်စေရာ။

(၄) ပုထုဇဉ်သည် ပစ္စည်းလေးပါး၌ ကပ်ငြိ၏။ တဏှာချောက်သည် နက်ရှိုင်း၏။ ပညာဖြင့် လိုချင်မှုလောဘကို ပယ်စွန့်၍ နက်ရှိုင်းသောချောက်မှ ကျော်တက်ရာ၏။

(၅) နှိုင်းယှဉ်ပိုင်းခြားအပ်သော ဝမ်းရှိရာ၏။ အလိုနည်းရာ၏။ တဏှာဟူသော မွတ်သိပ်မှုမရှိခြင်းကြောင့် ငြိမ်းစေ၏။

(၆) မောနေယျ အကျင့်ကျင့်သော ရဟန်းသည် ဆွမ်းခံပြီးလျှင် တောသို့သာ ပြန်သွား၏။ သစ်ပင်ရင်း၌ ထိုင်၍သော်လည်းကောင်း၊ ရပ်၍သော်လည်းကောင်း နေရာ၏။

(၇) ထိုရဟန်းသည် ဈာန်လေ့လာသူ, တည်တံ့သူ,တော၌ ပျော်မွေ့သူဖြစ်ရာ၏။ သစ်ပင်ရင်း၌ ဈာန်ဝင်စားရာ၏။

(၈) ဆွမ်းခံ၍သာ စားရာ၏။ ပင့်ဖိတ်၍ လှူသောဆွမ်း, ရွာမှဆောင်ယူ၍ လှူသောဆွမ်းတို့ကို မနှစ်သက်ရာ။

(၉) ဒါယကာတို့နှင့် ရောနှောမနေရာ၊ မြတ်သောစကားရှိသည်ဖြစ်၍ နိမိတ်ဝိညတ်နှင့် ယှဉ်သောစကားကို မဆိုရာ။

(၁၀)တစ်စုံတစ်ခုသော ပစ္စည်းကိုရလျှင်ကောင်း၏။ မရလျှင်လည်းကောင်း၏ဟု ရ-မရနှစ်ပါး၌ပင် တုန်လှုပ်ခြင်းမရှိရာ။



(၁၁)မအပ်ပါဘဲလျက်နှင့် အယောင်ဆောင်ကာ အနည်းငယ်လှူခြင်းကိုလည်း မရှုတ်ချ၊ ပေးလှူသူကိုလည်း မထိမဲ့မြင် မပြုရာ။

(၁၂)မဂ်ရကြောင်း အကျင့်ကို သုခပဋိပဒါစသည် အယုတ်အမြတ်ရှိ၏ဟု ဘုရားရှင်ဟောတော်မူ၏။ သို့သော် တစ်ခုတည်းသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့နှစ်ကြိမ်သော်ကားမရောက်၊ ကိလေသာတို့တစ်ပြိုင်နက်မကုန်ရကား နိဗ္ဗာန်ဟူသောကမ်းသို့ တစ်ကြိမ်သာ ရောက်သည်လည်း မဟုတ်။

(၁၃)အကြင်ရဟန်းအား ပျံ့နှံ့သောတဏှာမရှိ၊ တဏှာအလျဉ်ပြတ်ပြီးသော ထိုရဟန်းအား ရာဂစသည်ကြောင့်ဖြစ်သော ပူပန်မှုမရှိ။

(၁၄)မောနေယျရဟန်းသည် သင်တုန်းသွားဥပမာရှိသူဖြစ်ရာ၏။ အာစောက်ကိုလျှာဖြင့် ထိကပ်ပြီး ဝမ်း၌ စောင့်စည်းသူဖြစ်ရာ၏။

(၁၅)မတွန့်ဆုတ်သော စိတ်ရှိရာ၏။ များစွာမကြံစည်ရာ၊ တဏှာအညှိကင်းသူ, တစ်စုံတစ်ခုသောဘဝ၌ မမှီသူ, အကျင့်မြတ်လျှင် လဲလျောင်းရာရှိသူ ဖြစ်ရာ၏။

(၁၆)တစ်ဦးတည်းကျင့်ရမည်၊ ကမ္မဋ္ဌာန်းအာရုံ၌ အားထုတ်နိုင်ရမည်၊ တစ်ဦးတည်းနေနိုင်ခြင်းသည် မောနမည်၏။ တစ်ဦးတည်း မွေ့လျော်နိုင်မှ အရပ်မျက်နှာတို့၌ ထင်ရှားလတ္တံ့။

(၁၇)ဘုရားကို မြတ်နိုးသူသည် ဈာန်ဝင်စားမှု၌ မြတ်နိုး၏။ ကာမကို စွန့်ကုန်သော ပညာရှိတို့၏ ကြွေးကြော်သံကိုကြား၍ ဟိရီကိုလည်းကောင်း, သဒ္ဓါကိုလည်းကောင်း၊ အတိုင်းထက်အလွန်ပြုရာ၏။

(၁၈)မြစ်ငယ်ချောင်းငယ်တို့သည် ချောက်အကြား၌ အသံမြည်လျက်စီးသွားကုန်၏။ မြစ်ကြီးတို့သည် တိတ်ဆိတ်ငြိမ်သက်စွာ စီးဆင်းကုန်၏။ စကားကို ဤမြစ်ဥပမာဖြင့်သိလော့။

(၁၉)ရေမပြည့်သောအိုးသည် အသံမြည်၏။ ရေပြည့်အိုးကား၊ အသံမမြည်၊ သူမိုက်သည် ရေမပြည့်သောအိုးနှင့် တူ၍ ပညာရှိကား ရေပြည့်အိုးနှင့်တူ၏။

(၂၀)ဘုရားရှင်သည် အကြောင်းအကျိုးနှင့် ပြည့်စုံ၍ အစီးအပွားနှင့်စပ်သောစကားကို များစွာမြွက်ဆို၏။ ဤသို့မြွက်ဆိုခြင်းကား တရားကိုသိတော်မူသည်ဖြစ်၍သာ များစွာမြွက်ဆိုတော်မူခြင်းဖြစ်၏။

(၂၁)တရားသိသောသူသည် စောင့်စည်းအပ်သောစိတ်ရှိ၏။ စကားကိုများစွာမဆို၊ ထိုပုဂ္ဂိုလ်သည်အရဟတ္တဖိုလ် ရထိုက်၏။ ရလည်းရ၏။

သည်လောက် အဆင့်အတန်းမြင့်တဲ့ အကျင့်ကို အလွန်ထက်သန် သောလုံ့လဝီရိယဖြင့်ကျင့်တော်မူတဲ့ **နာလကမထေရ်**ဟာ သစ်တစ်ပင်ရင်းမှာ နှစ်ရက်မနေဘူး၊ တစ်ရွာတည်းမှာ



နှစ်ကြိမ်ဆွမ်းမခံဘူး၊ သည်တောမှ ထိုတော, သည်တောင်မှ ထိုတောင်, သည်သစ်ပင်မှ ထိုသစ်ပင်, သည်ရွာမှ, ထိုရွာလှည့်လည်ရင်း တရားကျင့်တော်မူတာဟာ ခုနစ်လလွန်မြောက်တော့ အရဟတ္တဖိုလ်တည်ပြီး မိမိရဲ့အသက်အပိုင်းအခြားကို ဆင်ခြင်ကြည့်လိုက်တော့ အသက်တမ်းကုန်ပြီဆိုတာကို သိတဲ့အတွက် ကိုယ်စင်ကြယ်အောင် ရေချိုးတော်မူတယ်။ ရေချိုးတော်မူပြီးတဲ့နောက် သင်းပိုင်ကို ဝတ်, ဒုကုဋ် ခါးပန်းတို့ကို ရိုသေစွာဝတ်ရုံတော်မူတယ်၊ ပြီးတော့မှ တစ်ခုသော မြင်းသီလာတောင်ကိုမှီကာ ဘုရားရှင်ရှိရာရည်မှန်းပြီး ဦးထိပ်ထက် လက်အုပ်ချီကာ မတ်တတ်ရပ်လျက်ပင် ပရိနိဗ္ဗာန် ဝင်စံတော်မူသတဲ့။

**အရှင်နာလက** ပရိနိဗ္ဗာန်စံဝင်ကြောင်း ဘုရားရှင်သိတော်မူတဲ့အတွက် ပရိနိဗ္ဗာန်စံရာဌာနကို သံဃာတော်များစွာနှင့်တကွ ဘုရားရှင်ကိုယ်တော်တိုင်ကြွပြီး သင်္ဂြိုဟ်တော်မူတယ်။

**(ထီးချိုင့်မြို့၊ တည်တောဆရာတော် ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ အမှတ်စဉ်(၂)–၁၉၈။)**

## ၄၇။ ပထမဝါကပ်တော်မူခြင်း

မိဂဒါဝုန်မှာ မြတ်စွာဘုရား ပထမဝါကပ်တော်မူသည်၊ ပဉ္စဝဂ္ဂီငါးဦးတို့ ရဟန္တာဖြစ်တော်မူသည်။ **ယသ**သူဌေးသားနှင့် သူငယ်ချင်း **၅၄** ဦးတို့ပထမဝါတွင်းမှာပင် ရဟန္တာဖြစ်တော်မူကြသည်။ ပထမဝါမှာပင် စုစုပေါင်းရဟန္တာ **၆၀** ဖြစ်၍ဝါကျွတ်သောအခါ နယ်လေးရပ်သို့ သာသနာပြု စေလွှတ်တော်မူခဲ့သည်။ မြတ်စွာဘုရားရှင်သည် မိဂဒါဝုန်သို့ နောက်ထပ် ၃ ကြိမ်ခန့်

ကြွတော်မူခဲ့သည်။ မိဂဒါဝုန်၌ ဟောကြားသော သုတ္တန်တရားတော်များမှာ

၁။ ဓမ္မစကြာသုတ် (မဇ္ဈိမနိကာယ်)
၂။ အနတ္တလက္ခဏသုတ် ( ။ )
၃။ ပဥ္စသုတ် (သံယုတ္တနိကာယ်)
၄။ ပါသသုတ် ( ။ )
၅။ ဓမ္မဒိန္နသုတ် ( ။ )
၆။ အာဒိတ္တပရိယာယသုတ် (မဇ္ဈိမနိကာယ်)
၇။ သစ္စဝိဘင်္ဂသုတ် ( ။ )
၈။ ရထကာရသုတ် (အင်္ဂုတ္တရနိကာယ်)
၉။ သမယသုတ် ( ။ )
၁၀။ ကဋုဝိယသုတ် ( ။ )
၁၁။ မေတ္တေယျပဉှာ (ပါရာယနဝဂ်) တို့ ဖြစ်သည်။

မိဂဒါဝုန်၌ မြတ်စွာဘုရားလက်ထက်တော်အခါက **နန္ဒိယသူဌေး**က ကျောင်းတော်ဆောက်လုပ်လှူဒါန်းခဲ့သည်။ အသောကမင်းတရားကြီးခေတ်၌မူ မိဂဒါဝုန်သည် ဗုဒ္ဓတရားတော် ဖြန့်ချိရာ ဗဟိုဌာနတစ်ခု ဖြစ်လာလေသည်။

**(မောင်အုံ့ မဟာဝိဇ္ဇာ ဘုံဆော မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ – ၇၂)**



## ၄၈။ မြတ်စွာဘုရား ဝါဆိုတော်မူခဲ့သော နေရာများ

| | |
|---|---|
| ပထမဝါ | ဗာရာဏသီပြည်၊ မိဂဒါဝုန်တော။ |
| ဒုတိယဝါ<br>တတိယဝါ<br>စတုတ္ထဝါ | ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း။ |
| ၅ ဝါမြောက် | ဝေသာလီပြည်၊ မဟာဝုန်တော၊ ကုဋာဂါရသာလာ။ |
| ၆ ဝါမြောက် | မကုလတောင် (ဗိဟာရ်) |
| ၇ ဝါမြောက် | တာဝတိံသာနတ်ပြည် (အဘိဓမ္မာတရားတော်ကိုဟောတော်မူသည်။) |
| ၈ ဝါမြောက် | သံသုမာရ ဂိရိမြို့ (ကျူနာရ်)၊ ပဲစင်းငုံတော (ဘဂ္ဂတိုင်း) |
| ၉ ဝါမြောက် | ကောသမ္ဗီပြည် (ဍ္ကလဟာဗာဒ်)၊ ဃောသိတာရုံကျောင်း။ |
| ၁၀ ဝါမြောက် | ပါလိလေယျက (မိရ်ဂျာပူ) ခေါ် ပလလဲတောကျောင်း။ |

၁၁ ဝါမြောက် နာဠာပုဏ္ဏားရွာ ရာဇဂြိုဟ်။
၁၂ ဝါမြောက် ဝေရဉ္ဇာပြည် (ကန္နောဂျ်နှင့် မထုရာအကြား)
(မိုးခေါင်၍အစာရေစာခေါင်းပါးသဖြင့် မုယော
ဆန်ကြမ်းကို တစ်ဝါတွင်းလုံး ဘုဉ်းပေးသုံး
ဆောင်တော်မူရသည်။)
၁၃ ဝါမြောက် စာလိယတောင် (စေဒိတိုင်း)
၁၄ ဝါမြောက် သာဝတ္ထိပြည် (ဂေါန်ဒါ)၊ ဇေတဝန်ကျောင်း။
၁၅ ဝါမြောက် ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း။
၁၆ ဝါမြောက် အာဠဝီပြည် (အာရ်ဝလ)
(အာဠဝက ဘီလူးကို ချွတ်တော်မူသည်။
၁၇ ဝါမြောက် ရာဇဂြိုဟ်ပြည်
၁၈ ဝါနှင့်၁၉ဝါ စာလိယတောင်၊ စေဒိတိုင်း။
၂၀ ဝါ ရာဇဂြိုဟ်ပြည်။
၂၁ ဝါမှ ၄၄ ဝါထိ ဇေတဝန်ကျောင်းနှင့် ပုဗ္ဗာရုံကျောင်း
(သာဝတ္ထိပြည်)
၄၅ ဝါမြောက် ဝေသာလီပြည်၊ ဝေဠုဝရွာ။

အဲဒီနေရာတွေမှာ ဝါဆိုကာ နတ်၊ လူ ဗြဟ္မာစတဲ့ သတ္တဝါတွေရဲ့အကျိုးကို နေ့ရောညပါ သယ်ပိုးတော်မူခဲ့ပါတယ်။

**(သာမဏေကျော် လူငယ်တို့အတွက် ဗုဒ္ဓအကြောင်း – ၅၃၊ ၅၄)**
**(မောင်အံ့–မဟာဝိဇ္ဇာဘုံဘော)မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ – ၁၉၊၂၀)**
**(ပါရဂူ၊ မဟာလူသားဗုဒ္ဓ)**



## မမ္မရာဇိက စေတီတော်

ပဉ္စဝဂ္ဂီငါးပါးအား ဓမ္မစကြာတရားဦး ဟောရာနေရာ(ဗာရာဏသီမြို့မှ ၆-မိုင်ခန့်အကွာအဝေးတွင် မိဂဒါဝုန်ရှိသည်။ ၎င်းမိဂဒါဝုန်ရှိ စေတီတော် ဖြစ်သည်။)(ဤဓာတ်ပုံကို အစ်ကိုကြီး ကိုသန်းဇော်မှ ကျေးဇူးပြုပါသည်။)



ဓမေ္မခ စေတီတော်

ပဥ္စဝဂ္ဂီငါးပါးအား အနတ္တလက္ခဏာသုတ် ဟောကြားရာနေရာ
(ဗာရာဏသီမြို့ မိဂဒါဝုန်တွင် တည်ရှိသည်။)

**၄၉။ မြတ်စွာဘုရား နေ့စဉ်ဆောင်ရွက်မှုများ**

(က) **နံနက်ခင်းလုပ်ငန်းစဉ်**

၁။ ဆွမ်းခံကြွတော်မူခြင်း

၂။ ဒါယိကာ၊ ဒါယိကာမတို့နှင့် သင့်လျော်သော အနုမောဒနာတရားများ ဟောကြားခြင်း။

(ခ) **နေ့လည်ခင်း လုပ်ငန်းစဉ်**

၁။ ဒုလ္လဘတရားငါးပါးဟောကြားခြင်း

၂။ ကမ္မဋ္ဌာန်းပေးတော်မူခြင်း။

၃။ ကျွတ်ထိုက်သော သတ္တဝါဝေနေယျများကို ဆင်ခြင်ကြည့်တော်မူခြင်း။

၄။ ညနေချမ်းကာလတွင် ဒါယိကာ၊ ဒါယိကာမ တို့အား တရားဟောကြားတော်မူခြင်း။

(ဂ) **ညဥ့်ဦးယံလုပ်ငန်းစဉ်**

- ရဟန်းတော်များ မေးမြန်းလျှောက်ထားသည်များကို ဖြေရှင်းဟောကြားတော်မူခြင်း။

(ဃ) **သန်းခေါင်ယံလုပ်ငန်းစဉ်**

- နတ်၊ ဗြဟ္မာတို့ မေးလျှောက်ထားသည်များကို ဖြေရှင်းဟောကြားတော်မူခြင်း

(င) **မိုးသောက်ယံလုပ်ငန်းစဉ်**

၁။ ပထမပိုင်းတွင် စင်္ကြံကြွတော်မူသည်။

၂။ ဒုတိယပိုင်းတွင် ခေတ္တအနားယူ လျောင်းစက်တော်မူသည်။

၃။ တတိယပိုင်းတွင် တစ်လောကလုံးကို ခြုံ၍ ကုသိုလ်ပါရမီထူးရှိသူများကို ကြည့်ရှုဆင်ခြင်တော်မူသည်။ (ကျွတ်ထိုက်သော သတ္တဝါဝေနေယျတို့အား နံနက်တွင် တစ်ကြိမ်၊ နေ့လယ်တွင်တစ်ကြိမ်၊ ကြည့်ရှုတော်မူပြီး ခရီးမည်မျှဝေးစေကာမူ ကြွရောက် တရားဓမ္မဟောပြော ချွတ်တော်မူမြဲဖြစ်ပါသည်။

- ဤသို့ဖြင့် ၄၅ ဝါပတ်လုံး နေ့မနား၊ ညမနား အများသတ္တဝါတို့အကျိုး သယ်ပိုးဆောင်ရွက်တော်မူပါသည်။)

(ဦးမောင်မောင်စိုးတင်–လူတိုင်းအတွက်၊ ပိဋကတ်သုံးပုံ–၁၃)



၅၀။ ဤကဏ္ဍတွင် ကျွန်ုပ်တို့ လိုက်နာကျင့်သုံးအပ်သော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားဆုံးမတော်မူသည့် “သုတ်”တော် အချို့ကို ထုတ်နုတ်တင်ပြ အပ်ပါသည်။ (စာရေးသူ)

## အဘယရာဇကုမာရသုတ်

**အ**ခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

သင့်လျော်ရာထိုင်နေသော **အဘယမင်းသား**သည် မြတ်စွာဘုရားကို

"အသျှင်ဘုရား၊ မြတ်စွာဘုရားသည် သူတစ်ပါး မနှစ်သက်ဖွယ်မနှစ်ခြိုက်ဖွယ်ဖြစ်သော စကားမျိုးကို ပြောဆိုရာပါသလော" ဟုလျှောက်ထား၏။

မြတ်စွာဘုရားရှင်က–

မင်းသား မဟုတ်မမှန် အကျိုးစီးပွားနှင့်လည်းမစပ်၊ သူတစ်ပါးတို့လည်း မနှစ်သက်မနှစ်ခြိုက်၊ ထိုစကားမျိုးကို မြတ်စွာဘုရားသည် မပြောမဆို။ (၁)

ဟုတ်မှန်၏။ အကျိုးစီးပွားနှင့်ကားမစပ်၊ သူတစ်ပါးတို့လည်းမနှစ်သက် မနှစ်ခြိုက်၊ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရားသည် မပြောမဆို။ (၂)



**ဟုတ်မှန်၏။ အကျိုးစီးပွားနှင့်လည်းစပ်၏။ သူတစ်ပါးတို့ကား မနှစ်သက်၊ မနှစ်ခြိုက်၊ ထိုစကားမျိုး၌ မြတ်စွာဘုရားသည် အခါအားလျော်စွာ ပြောဆို၏။ (၃)**

မဟုတ်မမှန်၊ အကျိုးစီးပွားနှင့်လည်းမစပ်၊ သူတစ်ပါးတို့ကား နှစ်သက်၏။ နှစ်ခြိုက်၏။ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရားသည် မပြောမဆို။ (၄)

ဟုတ်မှန်၏။ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါးတို့ကား နှစ်သက်၏။ နှစ်ခြိုက်၏။ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရားသည် မပြောမဆို။ (၅)

**ဟုတ်မှန်၏။ အကျိုးစီးပွားနှင့်စပ်၏။ သူတစ်ပါးတို့လည်း နှစ်သက်၏။ နှစ်ခြိုက်၏။ ထိုစကားမျိုး၌ မြတ်စွာဘုရားသည် အခါအားလျော်စွာပြောဆို၏။ (၆)**

"ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း"

မင်းသား သတ္တဝါတို့ကို အစဉ်သနားခြင်းရှိသောကြောင့်တည်းဟု (မိန့်တော်မူ၏)။

## သာသနာပြုလုပ်ငန်း

သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ရရှိတော်မူပြီးနောက် မိဂဒါဝုန် (ဗာရာဏသီ)၌ ဗုဒ္ဓသည် တရားဦးကို ဟောကြားတော်မူသည် မိဂဒါဝုန်၌ ဝါဆိုပြီးနောက် သီတင်းကျွတ်လပြည့်နေ့ (၅၂၀ ဘီစီ)တွင် မိမိ၏တပည့်များအား ဗုဒ္ဓသည် ဆုံးမတော်မူ၏။

"ရဟန်းတို့ လူအပေါင်းတို့၏ အကျိုးစီးပွားအတွက်၊ လူပေါင်းများစွာတို့၏ ချမ်းသာသုခအတွက် လူ့လောကအား ထောက်ထားသနားရန်အတွက်၊ နတ်လူတို့၏ အကျိုးစီးပွား ချမ်းသာသုခအတွက် လှည့်လည်ကြလော့။ နှစ်ယောက်အတူတကွ မသွားကြကုန်လင့်"

ဗုဒ္ဓသည် မိမိ၏တရားအဆုံးအမအတွက် ဘယ်အမျိုးဇာတ်နှင့် ဘယ်အရပ်ဒေသ တစ်ခုခုကိုမျှ သတ်မှတ်ပိုင်းခြားထားခြင်း မရှိသော ပထမဦးဆုံး ဘာသာတရား ဓမ္မခေါင်းဆောင် ဖြစ်လေသည်။ အထက်ပါ အဆုံးအမ ဥပဒေသဖြင့် ဗုဒ္ဓသည် ကမ္ဘာလောက၏ ထောင့်တိုင်းထောင့်တိုင်း၊ နေရာတိုင်း နေရာတိုင်းသို့



မိမိ၏တပည့် သံဃာများအား တရားဓမ္မဖြန့်ဖြူးဟောကြားရန် ပို့ခဲ့လေသည်။ ဗုဒ္ဓသက်တော်ထင်ရှား ရှိစဉ်အခါက သူ၏တရားဓမ္မသည် အိန္ဒိယနယ်စပ် အပြင်ဘက်သို့ မထွက်နိုင်ခဲ့သည်မှာ မှန်သော်လည်း၊ သူလှည့်လည်ကျက်စားရာဖြစ်သည့် ဟိမာလယ၊ ဝိန္ဓယ၊ ကုရုခေတ္တနှင့် ကာသ်အကြားရှိ ဒေသများမှ အပြင်အပဒေသများသို့သူ၏တရားဓမ္မသည် ရောက်ရှိပြီးနှင့်လေပြီ။ ဗုဒ္ဓ၏ ပြဋ္ဌာန်းသည့် တပည့်ကြီးလေးဦးအနက် မဟာကစ္စာယနသည် အစပထမ ဥဇ္ဇေနီတိုင်းမှ ဘုရင့်ပုရောဟိတ်ဖြစ်ခဲ့ပြီး နောင်သောအခါတွင် အဝန္တီပြည်တွင် တရားဓမ္မဖြန့်ဖြူးရာ၌ အတော်ပင်တာဝန်ယူခဲ့လေ၏။ ပတိဋ္ဌာန (ပိုက်ထန့်ဟိုက်ဒရာဘတ်)၊ တက္ကသီလာ၊ သုနာပရန္တ (တောင်ဂူဂျရတ်)အထိမှ ပုဂ္ဂိုလ်များသည် ဗုဒ္ဓထံတော်သို့ လာရောက်ပြီး ရဟန်းပြုခဲ့ကြလေသည်။ သုနာပရန္တတိုင်းသား ပုဏ္ဏားရဟန်းသည် ဗုဒ္ဓ၏တရားဒေသနာတော်ကို ကျေနပ်အားရပြီး သာဝတ္ထိမှ သူ့ဇာတိရပ်ထံ ပြန်ဖို့အတွက် ခွင့်ပန်သောအခါ ဗုဒ္ဓက စံပြသာသနာပြုတစ်ဦး၏ အချိုးအစားကို ပြောပြရင်း မေးတော်မူလေသည်။

"ပုဏ္ဏ သင် ဘယ်တိုင်းသို့ လှည့်လည်မလဲ"

"အရှင်ဘုရား၊ သုနာပရန္တ အမည်ရှိတဲ့ ဇနပုဒ်ရှိပါတယ်။ တပည့်တော် အဲဒီဇနပုဒ်ကို သွားဖို့ ရည်ရွယ်ပါတယ်"

"ပုဏ္ဏ သုနာပရန္တ တိုင်းသားတွေဟာ ကြမ်းတမ်းတယ်၊ ရက်စက်တယ်၊ အကယ်၍ သူတို့က ကြမ်းတမ်းတဲ့ ဒေါသပါတဲ့ စကားကိုပြောရင် သင့်စိတ်ထဲမှာ ဘယ်လို သဘောထားမလဲ"

"သုနာပရန္တ တိုင်းသားတွေဟာ သိပ်တော်တယ်၊ သိပ်ကောင်းတယ်လို့ သဘောထားပါမယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ တပည့်တော်ကို လက်နဲ့မရိုက်ကြတဲ့အတွက်ကြောင့် ဖြစ်ပါတယ်"

"ပုဏ္ဏ အကယ်၍ သုနာပရန္တ တိုင်းသားတွေဟာ သင့်ကို လက်နဲ့ ရိုက်ကြလို့ရှိရင် သင့်စိတ်ထဲမှာ ဘယ်လို သဘောထားမလဲ"

"သုနာပရန္တ တိုင်းသားတွေဟာ သိပ်တော်တယ်၊ သိပ်ကောင်းတယ်လို့ သဘောထားပါမယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ တပည့်တော်ကို တုတ်နဲ့ မရိုက်ကြတဲ့အတွက်ကြောင့် ဖြစ်ပါတယ်"

"အကယ်၍ သူတို့က တုတ်နှင့်ရိုက်လျှင် သင့်စိတ်ထဲမှာ ဘယ်လိုသဘောထားမလဲ"

"သုနာပရန္တ တိုင်းသားတွေဟာ သိပ်တော်တယ်၊ သိပ်ကောင်းတယ်လို့ သဘောထားပါမယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ တပည့်တော်ကို လက်နက်နဲ့ထိုးခုတ်ခြင်း မပြုလုပ်ကြတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်"

"အကယ်၍ လက်နက်နဲ့ ထိုးခုတ်ခြင်း ပြုလုပ်လျှင်"

"အဲဒီလိုပြုလုပ်လျှင် သုနာပရန္တ တိုင်းသားတွေဟာ သိပ်တော်တယ်၊ သိပ်ကောင်းတယ်လို့ သဘောထားပါမယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ လက်နက်နဲ့ ထိုးခုတ်ပြီး တပည့်တော်ရဲ့အသက်ကို သေအောင် မလုပ်ကြတဲ့အတွက်ကြောင့် ဖြစ်ပါတယ်"



"အကယ်၍ သုနာပရန္တ တိုင်းသားတွေက သင့်ကိုထက်မြက်တဲ့ လက်နက်နဲ့ ထိုးခုတ်သတ်ပစ်လိုက်ရင်ကော"

"အဲဒီလိုလုပ်ရင် သုနာပရန္တ တိုင်းသားတွေဟာ သိပ်တော်တယ်၊ သိပ်ကောင်းတယ်လို့ သဘောထားပါမယ်။ ဘာကြောင့်လဲဆိုတော့ အရှင်ဘုရားရဲ့အချို့တပည့်တွေဟာ ဘဝကို ငြီးငွေ့ရွံရှာပြီး သေဖို့ရန်အတွက် လက်နက်များကို ရှာဖွေကြတယ်။ အဲဒီလို လက်နက်ကို တပည့်တော် မရှာဖွေဘဲနဲ့ ရရှိသောကြောင့် ဖြစ်ပါတယ်"

"သာဓု သာဓု သာဓု ပုဏ္ဏ၊ သင်အဲဒီလို ကိုယ့်ကိုယ်ကို ထိန်းချုပ်နိုင်လျှင် သုနာပရန္တ တိုင်းမှာ နေနိုင်ပါပြီ"

ပုဏ္ဏရဟန်းသည် ဗုဒ္ဓထံမှ ခွဲခွာခဲ့ပြီး သူ၏ဇာတိရပ်ဌာနသို့ သွားခဲ့လေသည်။ ပါဠိသုတ္တန်များတို့၏အဆိုအရ၊ သူသည်ထိုနှစ်၌ အရပ်သား ၅၀၀ တို့အား ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်စေခဲ့လေ၏။ ဤကား ရဟန်းပုဂ္ဂိုလ်များ တရားဓမ္မဖြန့်ဖြူးရန်သာသနာပြုထွက်ကြပုံ နမူနာဖြစ်သည်။

(ပါဠိရှု၊ မဟာလူသားဗုဒ္ဓ–၁၇၉)

# ကေသမုတ္တိသုတ်

မြတ်စွာဘုရားသည် ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရင်း ကေသမုတ္တိနိဂုံးသို့ ဆိုက်ရောက်တော်မူသည်။ ထိုနိဂုံးတွင် နေကြသည့် ကာလာမမင်းမျိုးတို့သည် မြတ်စွာဘုရားဆိုက်ရောက်တော်မူလာကြောင်း သိကြသောအခါ မြတ်စွာဘုရားထံ ဆည်းကပ်လာကြပြီးလျှင် မြတ်စွာဘုရားအား ဤသို့လျှောက်ထားကြလေ၏။

"မြတ်စွာဘုရား၊ အချို့သော သမဏဗြာဟ္မဏတို့သည် ကေသမုတ္တိရွာသို့ရောက်လာကြပါသည်။ ထိုသမဏဗြာဟ္မဏတို့သည် မိမိဝါဒကိုသာ ပြကြပါသည်။ မိမိဝါဒကိုသာ အမွှန်းတင်ကြပါသည်။ သူတစ်ပါးဝါဒကိုကား ပုတ်ခတ်ကြပါသည်။ ကဲ့ရဲ့ကြပါသည်။ ချေဖျက်ကြပါသည်။"

"အခြားသော သမဏဗြာဟ္မဏတို့သည်လည်း ကေသမုတ္တိရွာသို့ ရောက်လာကြပါသည်။ ထိုသမဏဗြာဟ္မဏတို့ကလည်း မိမိဝါဒကိုသာ ပြကြပါသည်။ မိမိဝါဒကိုသာ အမွှန်းတင်ကြပါ



သည်။ သူတစ်ပါးဝါဒကိုကား ပုတ်ခတ်ကြပါသည်။ ကဲ့ရဲ့ကြပါသည်။ ချေဖျက်ကြပါသည်။"

"ဤသို့ ကိုယ့်ဝါဒကိုသာ အကောင်းပြော၍ သူတစ်ပါးဝါဒကို မကောင်းဟု ပြောကြသဖြင့် ထိုသမဏဗြာဟ္မတို့အပေါ်တွင် ဘယ်သူကမှန်၍၊ ဘယ်သူကမှားသနည်းဟု တပည့်တော်တို့ ယုံမှားသံသယဖြစ်ကြပါသည် ဘုရား"

ယင်းသို့ လျှောက်ထားကြသောအခါ မြတ်စွာဘုရားက ဤသို့မိန့်တော်မူ၏။

"ကာလမမင်းတို့၊ သင်တို့ ယုံမှားသံသယဖြစ်သည်ဆိုခြင်းမှာ ဖြစ်ထိုက်ပါပေသည်။ ယင်းတို့သည် ယုံမှားသံသယဖြစ်ထိုက်သည့်အရာ၌ ယုံမှားသံသယဖြစ်ကြခြင်းသာဖြစ်သည်"

ထိုနောက် မြတ်စွာဘုရားက ဆက်လက်မိန့်ကြားတော်မူသည်။

ကာလာမမင်းတို့ သင်တို့သည်-

၁။ တစ်ဆင့်စကား ပြောသံကြားကာမျှကို ဟုတ်ပြီ၊ မှန်ပြီဟုချက်ခြင်းအတည်မယူလေနှင့်။(မာအနုဿဝေန)

၂။ ရိုးရာအစဉ်အလာနှင့် ကိုက်ညီသောစကားဖြစ်၍လည်း ဟုတ်ပြီ၊ မှန်ပြီဟု ချက်ချင်းအတည်မယူကြလေနှင့် (မာပရမ္ပရာယ)

၃။ ရှေးက ဒီလိုဖြစ်ခဲ့ဖူးတယ်ဆိုတဲ့ (ထုံးရှိ၍လည်း) ဟုတ်ပြီ၊ မှန်ပြီဟု ချက်ချင်း အတည်မယူကြလေနှင့် (မာဣတိကိရာယ)

၄။ ပိဋကကို (စာပေ)နှင့် (ကျမ်းဂန်နှင့်) ကိုက်ညီတယ်ဆိုပြီး တော့လည်း ဟုတ်ပြီမှန်ပြီဟု ချက်ခြင်းမယူလေနှင့်။ (မာပိဋက သမ္ပဒါနေန)

၅။ မိမိကိုယ်တိုင် တွေးကြံနိုင်ရုံမျှနှင့်လည်း (ဆင်ခြင်တုံ တရားနှင့်ညီသည်၊ ယုတ္တိရှိသည်ဆိုပြီး) ဟုတ်ပြီမှန်ပြီ ဟု ချက်ချင်းအတည်မယူလေနှင့်ဦး။(မာတက္ကဟေတု)

၆။ နည်းမှီ ရယူရုံဖြင့်လည်း ဟုတ်ပြီ မှန်ပြီဟု ချက်ချင်း အတည်မယူလေနှင့်ဦး။ (မာနယဟေတု)

၇။ အခြင်းအရာကို ကြံစည်စိတ်ကူးပြီး (သဘောကျရုံဖြင့်) လည်း ဟုတ်ပြီမှန်ပြီဟု ချက်ခြင်း အတည်မယူနှင့် (မဆုံးဖြတ်နှင့်ဦး) (မာအာကာရ ပရိဝိတက္ကေန)

၈။ ငါတို့ သဘောကျ လက်ခံထားတဲ့ အယူဝါဒနှင့် ကိုက်ညီတယ်ဆိုပြီးတော့လည်း ဟုတ်ပြီ မှန်ပြီဟု ချက်ခြင်း အတည်မယူနှင့် (မဆုံးဖြတ်နှင့်ဦး)။ (မာဒိဋ္ဌိ နိဇ္ဈာနက္ခန္တိယာ)

၉။ မှတ်ထိုက်ယူထိုက် လက်ခံထိုက်တဲ့ သဘောပဲဆိုပြီး တော့လည်း ဟုတ်ပြီမှန်ပြီဟု ချက်ခြင်း အတည်မယူ နှင့်။ (မဆုံးဖြတ်နှင့်ဦး) (မာဘဗ္ဗရူပ ပတာယ)

၁၀။ငါတို့ လေးစားတဲ့ ရဟန်းရဲ့စကား ဆိုပြီးတော့လည်း ဟုတ်ပြီမှန်ပြီလို့ ချက်ချင်း အဟာည်မယူနှင့်ဦး။ (မာသမ ဏော နော ဂရုတိ)



"ကာလာမမင်းတို့ သင်တို့သည် မိမိကိုယ်တိုင် ဤတရား တို့သည် အကုသိုလ်တရားတို့တည်း၊ ဤတရားတို့သည် အပြစ် ရှိသော တရားတို့တည်း၊ ဤတရားတို့သည် ပညာရှိတို့ ကဲ့ရဲ့အပ် သည့် တရားတို့တည်း။ ဤတရားတို့ ပြည့်စုံလျှင်၊ ဤတရားတို့ကို ဆောက်တည်လျှင် အကျိုးမဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှာ ဖြစ်ကုန်၏ဟု သိကြသောအခါ ထိုတရားတို့ကို ပယ်ကြကုန်လော့"

"ကာလာမမင်းတို့၊ သင်တို့သည် မိမိကိုယ်တိုင် ဤတရား တို့သည်၊ ကုသိုလ်တရားတို့တည်း၊ ဤတရားတို့သည် အပြစ်မရှိ သော တရားတို့တည်း၊ ဤတရားတို့သည် ပညာရှိတို့ ချီးမွမ်း အပ်သော တရားတို့တည်း၊ ဤတရားတို့ ပြည့်စုံလျှင်၊ ဤတရား တို့ဆောက်တည်လျှင်၊ အကျိုးစီးပွားရှိခြင်းငှာ၊ ချမ်းသာခြင်းငှာ ဖြစ်ကုန်၏ဟု သိကြသောအခါ၊ ထိုတရားတို့ကို ပြည့်စုံအောင် လုပ်၍နေကြကုန်လော့။"

ဟု ဟောတော်မူလေသည်။

(ဒဂုန် ဦးထွန်းမြင့်၊ ဗုဒ္ဓ၏ဩဝါဒအမြုတေ-၅၂)
(ဆန်းလွင်၊ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်လာသူတစ်ယောက်အကြောင်း - တတိယတွဲ - ၄၆)

## စူဠကမ္မဝိဘင်္ဂသုတ်

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူစဉ်အခါက သာဝတ္ထိပြည်မြို့၏အနီး **တုဒိ**အမည်ရှိတဲ့ ရွာမှာ **တောဒေယျ**ခေါ်တဲ့ ပုရောဟိတ် ပုဏ္ဏားကြီးတစ်ဦးရှိတယ်၊ **တောဒေယျပုဏ္ဏား**ဟာ မင်းတိုင်ပင် ပုရောဟိတ်ကြီးဖြစ်တဲ့အတိုင်း တုဒိရွာကို အပိုင်စားရတဲ့ ရွာစားကြီးလည်းဖြစ်တယ်။ ဥစ္စာပစ္စည်းလည်း ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာသူ ဖြစ်တယ်။ သူ့မှာ သားတစ်ယောက်ပဲရှိတယ်။ သားရဲ့နာမည်ကိုတော့ **“မောင်သုဘ”** လို့ မှည့်ခေါ်ထားတယ်။ ပုဏ္ဏားကြီးဟာ ဥစ္စာပစ္စည်း လွန်စွာကြွယ်ဝချမ်းသာသော်လည်း ဝန်တိုမစ္ဆရိယလွန်စွာ အားကြီးတယ်၊ ဒါကြောင့် သားဖြစ်သူကို–

“မျက်စဉ်းအိုးတွင်းက မျက်စဉ်းရေဟာ တစ်စက်, တစ်စက်ကျဖန်များတော့ ကုန်ခမ်းတယ်၊ ခြသင်္ကောင်ဝါဟာ မြေမှုန့်အနည်းငယ်စီ စုဆောင်းရုံနှင့် တောင်ပို့ကြီးဖြစ်လာတယ်၊ ပျားကောင်များဟာ မပြောပလောက်သော ပန်းဝတ်ရည်များကို သိုလှောင်စုပေါင်းပြီး ပျားလည်ပို့ကြီးဖြစ်အောင် ပြုကြတယ်၊ ဤအရာများ



ကို ဥပမာထားပြီးကိုယ့်ပစ္စည်းကို အနည်းငယ်မျှသော်လည်း အချည်းနှီးမပေးရဘူး၊ အနည်းငယ်ရယ်လို့ မထီမဲ့မြင် မပြုဘဲ သိမ်းဆည်းရမယ်”လို့ ဆုံးမသွန်သင်တတ်တယ်။

သူကိုယ်တိုင်လည်း သူ့ဝါဒအတိုင်း ဘာပစ္စည်းမှ အချည်းနှီးပေးခြင်း၊ လှူခြင်းမပြုဘူး၊ သည်လိုနှင့် သေသွားတော့ သူ့အိမ်မှာပင် ခွေးဖြစ်ရရှာတယ်၊ သားဖြစ်သူ မောင်သုဘကတော့ သည်ခွေးကို ဖခင်ဝင်စားမှန်း မသိရှာဘူး၊ သို့သော်လည်း ဘဝနီးတာမို့ ခွေးကြီးကို သိပ်ချစ်ရှာတယ်၊ ချစ်တဲ့အတွက် သူစားတဲ့အစာကို ကျွေးတယ်၊ ခွေးကြီးကို ပွေ့ချီပြီး အိပ်ရာထဲမှာသိပ်တယ်၊ တစ်နေ့တော့ ဘုရားရှင်က သည်ခွေးကြီးကို အကြောင်းပြုပြီး မောင်သုဘ သရဏဂုံတည်မှာကို မြင်တော်မူလို့ တစ်ပါးတည်း မောင်သုဘရဲ့အိမ်ကို ဆွမ်းခံဝင်တော်မူတယ်၊ ဒီအချိန်မှာ မောင်သုဘက ကိစ္စတစ်ခုနှင့်သွားနေလို့ အိမ်မှာမရှိဘူး၊ ဘုရားရှင်ကြွလာတာကို ခွေးကြီးကမြင်တော့ ဟောင်ပြီး ကိုက်တော့မည့်ဟန်နှင့် ဘုရားရှင်ထံ ချဉ်းကပ်တယ်၊ ဒီတော့ ဘုရားရှင်က “ဟဲ့ တောဒေယျ နင်ဟာ လူတုန်းကလည်း ငါ့ကို ဘောဘော ဘောဘောနှင့် နှိပ်ပြီး ဆိုတတ်လို့ ခွေးဖြစ်နေပြီ၊ ခုလည်းကြည့်စမ်း၊ ငါ့ကို ဟောင်ပြန်ပြီ၊ နင်ဒီတစ်ခါသေလျှင် အဝီစိမှာဖြစ်မှာပဲ”လို့ မိန့်တော်မူလိုက်တယ်။ ခွေးကြီးဟာ ဘုရားရှင်ရဲ့စကားတော်ကို ကြားတော့ ရဟန်းကြီး ဂေါတမဟာ ငါ့ကို သိပါပကောလို့ စိတ်မချမ်းမသာဖြစ်ပြီး ခုံအောက်အကြားက ပြာပုံထဲသွားအိပ်နေပါသတဲ့။

မောင်သုဘရဲ့ အစေခံလူတွေဟာ သည်ခွေးကို ချီပွေ့ပြီး နေရာမှ ထားပေမယ့် မရဘူး၊ ခွေးကြီးဟာ နေရာကဆင်းပြီး ပြာပုံမှာပဲ သွားအိပ်နေတယ်၊ မကြာမီ မောင်သုဘ ပြန်ရောက်လာပြီး ခွေးကြီးနှင့် ဘုရားရှင်တို့ ဖြစ်ပျက်ပုံကို သူ့လူများ ပြောပြတော့ "ငါ့အဖေဟာ ဗြဟ္မာပြည်မှာ ဖြစ်တာကပဲ၊ ရှင်ဂေါတမဟာ ငါ့အဖေကို ခွေးနှင့်တိုင်းတယ်၊ ငါမခံဘူး၊ ရှင်ဂေါတမကို မုသာဝါဒနှင့် စွပ်စွဲမယ်"လို့ ကျောင်းတော်ကိုလာပြီး၊ ထိုအကြောင်းကို မေးလျှောက်ပါသတဲ့။

သည်တော့ ဘုရားရှင်က "သုဘ ခွေးကြီးဟာ သင်၏ ဖခင် ဝင်စားတယ်မှန်တယ်၊ သည်အကြောင်းသက်သေပြရအောင် သင့်ကို ငါမေးမယ်၊ သင့်ဖခင်က သင့်ကို မပြောကြားဘဲ ပစ္စည်းများ လျှို့ဝှက်ထားတာ ရှိဖူးသလား"လို့မေးတော့။

မောင်သုဘက "ရှိပါတယ်၊ အဖိုးတစ်သိန်းတန်တဲ့ ရွှေပန်းကုံးတစ်ခု၊ အဖိုးတစ်သိန်းတန်တဲ့ ရွှေခြေနင်းတစ်ခု၊ အဖိုးတစ်သိန်းတန်တဲ့ ရွှေခွက်တစ်ခု၊ အသပြာတစ်သိန်းထုပ်တစ်ထုပ်၊ အဲသည်ပစ္စည်းတွေ လျှို့ဝှက်ထားခဲ့တာ ကျွန်ုပ်ကို မပြောကြားခဲ့ပါဘူးလို့" ပြန်လည်လျှောက်ထားတယ်။

ဘုရားရှင်က "မောင်သုဘ သည်လိုဖြစ်လျှင် ခွေးကြီးကို ရေမရောတဲ့ နို့ဃနာကိုကျွေး, အိပ်ရာပေါ်တင်ပြီးသိပ်, စဉ်းငယ် အိပ်မျှည်းတဲ့အချိန်မှာ အဲဒါတွေကိုမေး၊ ခွေးကြီးက လိုက်ပြလိမ့်မယ်၊ သည်လို လိုက်ပြလျှင် ခွေးကြီးကို သင့်အဖေပဲသိပေတော့"လို့ မိန့်တော်မူလိုက်တယ်။



သည်လိုအမိန့်ရှိတော့ မောင်သုဘရဲ့ စိတ်ထဲ"ဒီတစ်ခါတော့ဟန်ပြီ၊ ရှင်ဂေါတမရဲ့ စကားမှန်လျှင် ဥစ္စာရမယ်၊ မမှန်လျှင် မုသာဝါဒနှင့် နှိပ်ရမယ်လို့ ကျေနပ်နှစ်သက်စွာဖြင့် အိမ်ကိုပြန်၊ ဘုရားရှင် မိန့်တော်မူတဲ့အတိုင်း ခွေးကြီးကို ကျွေးမွေးပြီးမေးပါလေရော့။

သည်လိုမေးတော့ ခွေးကြီးဟာ ငါ့ကို လူတွေ သိကုန်ပါပကောလို့ ငိုကြွေးပြီး ဥစ္စာမြှုပ်နှံထားရာသွားကာ မြေကြီးကိုတူး၍ အမှတ်ပြပါသတဲ့၊ သည်တော့မှ မောင်သုဘဟာ ဥစ္စာပစ္စည်းကို ယူပြီး "အင်း ရှင်ဂေါတမဟာ ဖုံးလွှမ်းနေတဲ့ ဘဝကိုတောင် မြင်နိုင်တယ်၊ အလုံးစုံသိတဲ့ သဗ္ဗညုဘုရားဆိုတာ ဟုတ်လောက်စရာရှိရဲ့"လို့ ဘုရားရှင်ကို ကြည်ညိုစိတ် ဖြစ်ပေါ်လာခဲ့တယ်။ ကြည်ညိုစိတ်ဖြစ်ပေါ်လာတဲ့အတွက် မိမိစိတ်ထဲမှာ မရှင်းတဲ့ ၁၄ ချက်သောပြဿနာများကို ဘုရားရှင်ထံ တင်ပြလျှောက်ထားပါသတဲ့။

"အရှင်ဘုရား လူတွေဟာ အချင်းချင်းဖြစ်ပါလျက်နှင့် အယုတ်အမြတ်ကို မြင်တွေ့နေကြရပါတယ်။"

၁။ အချို့ အသက်တိုပါတယ်။

၂။ အချို့ အသက်ရှည်ပါတယ်။

၃။ အချို့ အနာရောဂါများတယ်။

၄။ အချို့ အနာရောဂါကင်းတယ်။

၅။ အချို့ အရုပ်ဆိုးတယ်။

၆။ အချို့ အဆင်းလှတယ်။

၇။ အချို့ အခြံအရံပေါများတယ်။
၈။ အချို့ အခြံအရံ မရှိဘူး။
၉။ အချို့ စည်းစိမ်ဥစ္စာ မရှိဘူး။
၁၀။ အချို့ စည်းစိမ်ဥစ္စာများတယ်။
၁၁။ အချို့ အမျိုးယုတ်တယ်။
၁၂။ အချို့ အမျိုးမြတ်တယ်။
၁၃။ အချို့ ပညာဉာဏ်မရှိဘူး။
၁၄။ အချို့ ပညာဉာဏ် ထက်မြက်တယ်။

အရှင်ဘုရား လူချင်းတူပါလျက်နှင့် ဤသို့ ကွဲပြားခြားနားရခြင်းဟာ ဘာကြောင့်ပါလဲဘုရားလို့ ဤပြဿနာ ၁၄ ချက်ကို တင်ပြလျှောက်ထားခဲ့တယ်။

သည်လိုလျှောက်ထားတော့ ဘုရားရှင်က "မောင်သုဘ သတ္တဝါတို့သည် ကံသာလျှင် မိမိဥစ္စာရှိကုန်တယ်၊ ကံရဲ့အမွေခံတို့ ဖြစ်ကြတယ်၊ ကံသာလျှင် အကြောင်းရှိတယ်၊ ကံသာလျှင် ဆွေမျိုးရှိတယ်၊ ကံသာလျှင်မှီခိုရာရှိတယ်၊ အယုတ်အမြတ်ဖြစ်အောင် သတ္တဝါတို့ကို ကံကဝေဖန်ခွဲခြမ်းတယ်"လို့ အကျဉ်းချုပ်ဟောတော်မူတယ်၊ ဒီတော့ မောင်သုဘက "အရှင်ဘုရား၊ ဤတရားဟာ အလွန်ကျဉ်းလွန်းလို့ အကျွန်ုပ်မသိနိုင်ပါ၊ အကျွန်ုပ်သိအောင် အကျယ်ဟောတော်မူပါဦး"လို့ထပ်ပြီး လျှောက်ထားတယ်။

ဤအခါ ဘုရားရှင်က–

(၁) အကြင်သူဟာ ကြမ်းကြုတ်တယ်၊ ရက်စက်တယ်၊ အသနားကင်းတယ်၊ သူ့အသက်ကို သတ်လေ့



ရှိတယ်၊ ထိုသူသေလျှင် ငရဲကိုရောက်မယ်၊ လူ့လောကမှာလူလာဖြစ်လာလျှင်လည်းအသက်တိုမယ်။

(၂) အကြင်သူဟာ နူးညံ့တယ်၊ သိမ်မွေ့တယ်၊ သနားတတ်တယ်၊ သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်တယ်၊ ထိုသူသေလျှင်၊ နတ်ပြည်မှာဖြစ်မယ်၊ လူ့ လောကမှာ လူဖြစ်လာလျှင်လည်း အသက်ရှည်မယ်။

(၃) အကြင်သူဟာ သတ္တဝါတွေကို ညှဉ်းဆဲတတ်တယ်၊ နှိပ်စက်တတ်တယ်၊ ထိုသူသေလျှင် ငရဲကိုရောက်မယ်၊ အကယ်၍ လူဖြစ်လာလျှင်လည်း အနာရောဂါများမယ်။

(၄) အကြင်သူဟာ သတ္တဝါတွေကို မညှဉ်းဆဲတတ်ဘူး၊ သနားကြင်နာတတ်တယ်၊ ထိုသူသေလျှင် နတ်ပြည်ကို ရောက်မယ်၊ အကယ်၍ လူဖြစ်လာလျှင်လည်း အနာ ရောဂါကင်းမယ်။

(၅) အကြင်သူဟာ အမျက်ဒေါသကြီးတယ် ရန်ငြိုးကြီးတယ်၊ ထိုသူသေလျှင် ငရဲကိုရောက်မယ်။ အကယ်၍ လူဖြစ်လာလျှင်လည်း အဆင်းမလှဘူး၊ အရုပ်ဆိုးမယ်။

(၆) အကြင်သူဟာ အမျက်ဒေါသမကြီးဘူး၊ ရန်ငြိုးမဖွဲ့တတ်ဘူး၊ ထိုသူသေလျှင် နတ်ပြည်ကိုရောက်မယ်၊ အကယ်၍ လူဖြစ်လာလျှင်လည်း အဆင်းလှမယ်။

(၇) အကြင်သူဟာ ငြူစူတတ်တယ်၊ သူတစ်ပါးကောင်းတာ ကိုမြင်လျှင်၊ ကြားလျှင် မနာလိုတတ်ဘူး၊ ထိုသူသေလျှင် ငရဲကိုရောက်မယ်၊ အကယ်၍ လူဖြစ်လာလျှင်လည်း အခြံအရံနည်းပါးမယ်။

(၈) အကြင်သူဟာ မငြူစူတတ်ဘူး၊ သူတစ်ပါးပြည့်စုံတာကို မြင်လျှင်ကြားလျှင် နှစ်သက်တယ်၊ မနာလိုခြင်းမရှိဘူး၊ ထိုသူသေလျှင် နတ်ပြည်ရောက်မယ်၊ အကယ်၍ လူဖြစ်လာလျှင်လည်း အခြံအရံပေါများမယ်။

(၉) အကြင်သူဟာ မိမိပစ္စည်းကို မပေးရက်ဘူး၊ မလှူရက်ဘူး၊ အင်မတန်နှမြောတယ်၊ တွန့်တိုတယ်၊ ထိုသူသေလျှင် ငရဲရောက်မယ်၊ အကယ်၍ လူဖြစ်လာလျှင်လည်း ဖြစ်လေရာရာ အမျိုးမှာ စည်းစိမ်ဥစ္စာနည်းပါးမယ်။

(၁၀)အကြင်သူဟာ မိမိဥစ္စာပစ္စည်းကို ပေးကမ်းလှူဒါန်းတတ်တယ်၊ နှမြောတွန့်တိုမှုမရှိဘူး၊ ထိုသူသေလျှင် နတ်ပြည်ရောက်မယ်၊ အကယ်၍ လူဖြစ်လာလျှင်လည်း ဖြစ်လေရာရာအမျိုးမှာ စည်းစိမ်ဥစ္စာ ပေါများကြွယ်ဝလိမ့်မယ်။

(၁၁)အကြင်သူဟာ ခက်ထန်မယ်၊ မာနကြီးတယ်၊ ရှိခိုးထိုက်သူကို ရှိမခိုးဘူး၊ ခရီးဦးကြိုဆိုထိုက်သူကို မကြိုဘူး၊ နေရာပေးထိုက်သူကို မပေးဘူး၊ လမ်းပေးထိုက်သူကို မပေးဘူး၊ ရှိသေထိုက်သူကို မရှိသေဘူး၊ အလေးပြု ထိုက်သူကို အလေးမပြုဘူး၊ မြတ်နိုးထိုက်သူကို မမြတ် နိုးဘူး၊ ပူဇော်ထိုက်သူကို မပူဇော်ဘူး၊ ထိုသူသေလျှင် ငရဲရောက်မယ်။ အကယ်လို့ လူဖြစ်လာလျှင်လည်း ယုတ်နိမ့်တဲ့အမျိုးမှာ ဖြစ်မယ်။



(၁၂)အကြင်သူဟာ မခက်ထန်ဘူး မာနမကြီးဘူး၊ ရှိခိုးထိုက်သူကို ရှိခိုးတယ်၊ ခရီးဦးကြိုထိုက်သူကို ကြိုဆိုတယ်၊ နေရာပေးထိုက်သူကို နေရာပေးတယ်၊ လမ်းပေးထိုက်သူကို လမ်းပေးတယ်၊ ရှိသေထိုက်သူကို ရှိသေတယ်၊ အလေးပြုထိုက်သူကို အလေးပြုတယ်၊ မြတ်နိုးထိုက် သူကို မြတ်နိုးတယ်၊ ပူဇော်ထိုက်သူကို ပူဇော်တယ်၊ ထိုသူသေလျှင် နတ်ပြည်ရောက်မယ်၊ အကယ်လို့ လူဖြစ်လာလျှင်လည်း မြင့်မြတ်တဲ့အမျိုးမှာဖြစ်မယ်။

(၁၃)အကြင်သူဟာ ပညာရှင်များနှင့်ကြုံတွေ့တဲ့အခါ ကုသိုလ်, အကုသိုလ်, အပြစ်ရှိ, အပြစ်မဲ့, ပြုထိုက်မပြုထိုက်စတဲ့ မိမိမရှင်းလင်းတဲ့ ပြဿနာများကို မမေးမမြန်း မာနထောင်လွှားပြီး မထိမဲ့မြင် နေတတ်တယ်၊ ထိုသူသေလျှင် ငရဲရောက်မယ်၊ အကယ်လို့ လူဖြစ်လာလျှင်လည်း ဉာဏ်ပညာချို့တဲ့သူ ဖြစ်မယ်။

(၁၄)အကြင်သူဟာ ပညာရှင်များနှင့် ကြုံတွေ့တဲ့အခါ မာန်မာနကို လျှော့ချပြီး၊ မရှင်းလင်းတဲ့ ပြဿနာ

များကို မေးမြန်းတတ်တယ်၊ ထိုသူသေလျှင် နတ်ပြည် ရောက်မယ်၊ အကယ်လို့ လူဖြစ်လာလျှင်လည်းပညာ ကြီးသူ ဖြစ်မယ်။

ဘုရားရှင်က မောင်သုဘကို သတ္တဝါတို့သည် ကံသာလျှင်မိမိဥစ္စာရှိတယ်၊ အစရှိတဲ့ စကားရပ်ကို ဤသို့ အကျယ်ဟောကြားတော်မူပါတယ်၊ဤဒေသနာ တော်ကို ကြားနာရတဲ့ မောင်သုဘလည်း ရတနာသုံး ပါးကို ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်လာ ပါတယ်။

**(ထီးချိုင့်မြို့ တည်တောဆရာတော်၊ သတ္တဝါအစဖြစ်ပုံ ဗုဒ္ဓဘာသာ ဟူသည် အရိယာဟူသည်-၆၆)**



## ကောင်းရာသုဂတိ လားပါစေဆိုတိုင်း လားရှေ့လား

မြတ်စွာဘုရား **နာဠန္ဒာမြို့**၊ ပါဝါရိက သူဌေး၏ သရက် ဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် အသိဗန္ဓက၏သား ရွာသူ ကြီးသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဤသို့လျှောက်လေ၏။

“မြတ်စွာဘုရား ပစ္ဆာဘူမိ၌နေကြသည့် ကရားကို ကိုင် ဆောင်ကာ၊ မှော်ပန်းကို အမြဲဆင်ထားကြကုန်သော ပုဏ္ဏား တို့သည် သေလွန်သောသူကို (ဝိုင်း၍ ရပ်နေကြပြီး၊ အချင်း ဗြဟ္မာ့ပြည်ကိုသွားလော့။ အချင်း ဗြဟ္မာ့ပြည်သို့ သွားလော့ဟု ဆိုကာ) အထက်သို့ရောက်စေနိုင်ကြကုန်၏။ နတ်ပြည်သို့ ပေးသွင်းနိုင် ကြကုန်၏။ မြတ်စွာဘုရားသည်ကား လူသတ္တဝါ အားလုံးကိုသေလွန်သောအခါ နတ်ပြည်သို့ရောက်အောင် ပြုစွမ်း နိုင်ပါ၏လော”။

ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်တော်မူလေ၏။

“ရွာသူကြီး ဤအရာ၌ သင့်ကိုယ်ပင် ပြန်၍ မေးမည်၊ သင်နှစ်သက်သလို ဖြေလော့။ ရွာသူကြီး၊ အဘယ်သို့ထင်သနည်း။

ဤလောက၌ လူတစ်ယောက်သည် သူ့အသက်ကို သတ်လေ့ရှိ၏။ သူ့ဥစ္စာကို ခိုးလေ့ရှိ၏။ သူ့သားမယားကို ဖျက်စီးလေ့ရှိ၏။ မုသားပြောလေ့ရှိ၏။ ကုန်းတိုက်လေ့ရှိ၏။ရန့်ရင်းကြမ်းတမ်းသောစကားကို ပြောလေ့ရှိ၏။ အဆန်မဲ့သောစကားကို ပြောလေ့ရှိ၏။ သူတစ်ပါးစည်းစိမ်ကို ရှေးရှုကြံလေ့ရှိ၏။ သူတစ်ပါး ပျက်စီးရာပျက်စီးကြောင်း ကြံလေ့ရှိ၏။ မှားသောအယူကို ယူ၏။ ထိုသူသေလွန်သောအခါ လူအများက ဝိုင်းပြီး "ဤသူသည် နတ်ရွာသုဂတိသို့ ရောက်ပါစေ"ဟု ရှိခိုးဆုတောင်းကြလျှင် ထိုသူသည် ရှိခိုးဆုတောင်းပေးသည့်အတွက် နတ်ရွာသုဂတိသို့ ရောက်ရာသလော"

ဤသို့မေးသောအခါ၊ ရှာသူကြီးက "လူအများက ဆုတောင်းပေးသည့်အတွက် နတ်ရွာသုဂတိသို့ ရောက်သည်ဆိုသည်မှာ မဖြစ်နိုင်ပါ"ဟု ဖြေသည်။

"ရှာသူကြီး၊ ဥပမာအားဖြင့် ကျောက်တုံးကြီးတစ်ခုကို အလွန်နက်သော ရေအိုင်ထဲသို့ပစ်ချပြီး လူပေါင်းများစွာ ဝိုင်းအုံ၍ လက်အုပ်ချီကာ ကျောက်တုံးကြီးပေါ်ပါလော့၊ ကျောက်တုံးကြီး ကမ်းပေါ်တက်ပါလော့ဟု ဆုတောင်းလျှင်၊ ထိုကျောက်တုံးကြီးသည် လူအများက ရှိခိုးဆုတောင်းပေးသည့်အတွက် ပေါ်လာရာသလော၊ ကမ်းပေါ်သို့ တက်လာရာသလော"

"အရှင်ဘုရား၊ ဤသို့ မဖြစ်နိုင်ပါ"

"ရှာသူကြီး၊ ဤဥပမာအတိုင်းပင် အကြင်သူသည် သူ့အသက်ကို သတ်လေ့ရှိ၏။ သူ့ဥစ္စာကို ခိုးလေ့ရှိ၏။ မှားသော



အယူကို ယူ၏။ ထိုသူသည် သေလွန်သောအခါ အကယ်၍ လူအများက ဝိုင်းပြီး ဤလူသည် နတ်ရွာသုဂတိသို့ ရောက်ပါစေဟု ရှိခိုးဆုတောင်းကြသော်လည်း အပါယ်ငရဲသို့သာကျရောက်ရ၏။"

"ရှာသူကြီး၊ အဘယ်သို့ထင်သနည်း။ ဤလောက၌ လူတစ်ယောက်သည် သူ့အသက်သတ်ခြင်းမှ ကင်း၏။ သူ့ဥစ္စာခိုးယူခြင်းမှကင်း၏။ သူ့သားမယားကို ဖျက်ဆီးခြင်းမှကင်း၏။ မုသားပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ရန့်ရင်းကြမ်းတမ်းသောစကားကိုဆိုခြင်း၊ အဆန်မဲ့စကားကို ပြောခြင်းမှ ကင်း၏။ သူတစ်ပါး စည်းစိမ်ကို ရှေးရှုမကြံ၊ သူတစ်ပါး ပျက်စီးရာပျက်စီးကြောင်းမကြံ၊ မှန်သောအယူကို ယူ၏။ ထိုသူကို သေလွန်သောအခါ လူအများက ဝိုင်းပြီး ဤလူသည် ငရဲသို့ ကျပါစေဟု ရှိခိုးဆုတောင်းကြလျှင် ထိုလူသည် လူအများက ရှိခိုးဆုတောင်းကြသည့်အတွက် ငရဲသို့ ကျရာသလော"

"အရှင်ဘုရား ဤသို့ မဖြစ်နိုင်ပါ"

"ရှာသူကြီး၊ ဥပမာအားဖြင့် လူတစ်ယောက်သည် ထောပတ်အိုးကိုဖြစ်စေ၊ ဆီအိုးကိုဖြစ်စေ၊ အလွန်နက်သော ရေထဲ၌နှစ်ပြီး ခွဲလိုက်လျှင်၊ အိုးကွဲများက အောက်သို့ကျသွားပြီး၊ ထောပတ်များ ဆီများက အပေါ်သို့ တက်လာရာ၏။ ထိုထောပတ်တို့ ဆီတို့ကို လူအများကဝိုင်းပြီး ဤထောပတ်များ ဤဆီများသည် ရေထဲသို့ နစ်မြုပ်သွားကြပါစေဟု ရှိခိုးဆုတောင်းလျှင် ထိုထောပတ်များ

ဆီများသည် လူအများရှိခိုးဆုတောင်းကြသည့်အတွက် ရေထဲသို့ နစ်မြုပ်သွားရာသလော”

“အရှင်ဘုရား ဤသို့ မဖြစ်နိုင်ပါ”

“ရွာသူကြီး၊ ဤဥပမာအတိုင်းပင် အကြင်သူသည် သူ့အသက်သတ်ခြင်းမှကင်း၏။ သူ့ဥစ္စာခိုးခြင်းမှ ကင်း၏၊ မှန်သော အယူကိုယူ၏။ ထိုသူသည် သေလွန်သောအခါ အကယ်၍ လူအများကပိုင်းပြီး ဤသူသည် အပါယ်ငရဲသို့ ကျပါစေဟု ရှိခိုးဆုတောင်းကြသော်လည်း ထိုသူသည် နတ်ရွာသုဂတိသို့သာ ရောက်ရ၏။

သဠာယတနသံယုတ်၊ ဂါမဏိသံယုတ်၊ ၆ အသိဗန္ဓကပုတ္တသုတ်။
(ဒဂုန်ဦးထွန်းမြင့်၊ ဗုဒ္ဓ၏ဩဝါဒ အမြုတေ-၁၄၁)



## ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ ဤသဘောတရား ကား ရှိနေသည်သာ

ရဟန်းတို့– မြတ်စွာဘုရားတို့ ပွင့်သည်ဖြစ်စေ၊မပွင့်သည် ဖြစ်စေ၊ မမြဲမှုဟူသော **(အနိစ္စ)**သဘောတရားသည် သဘောအား ဖြင့် တည်ရှိနေသည့်အဖြစ်ဖြင့်၊ သဘောအားဖြင့် မြဲနေသည့် အဖြစ်ဖြင့် ရှိနေသည်သာဖြစ်၏။

ပြုပြင်မှုမကင်းသည့် **(သင်္ခါရ)**တရားဟူသမျှသည် မမြဲ မတည်ကုန်။ ထိုသဘောတရားကို မြတ်စွာဘုရားသည် ဉာဏ်ဖြင့် ထိုးထွင်း၍သိ၏။ ဉာဏ်ဖြင့်သက်ဝင်၍သိ၏။ ယင်းသို့ သိပြီး၍ ပြုပြင်မှုမကင်းသည့် သင်္ခါရတရားဟူသမျှအားလုံးသည် အမြဲ မတည်ကုန်ဟု ပြောကြားတော်မူ၏။ သိစေတော်မူ၏။ အသိဉာဏ် ဝင်၌ ထားပေးတော်မူ၏။ ဖွင့်ပြတော်မူ၏။ ဝေဖန်ပြတော်မူ၏။ ထင်ရှားအောင် ပြုတော်မူ၏။

“ရဟန်းတို့၊ မြတ်စွာဘုရားတို့ ပွင့်သည်ဖြစ်စေ၊ မပွင့်သည် ဖြစ်စေ၊ ဆင်းရဲမှုဟူသော **ဒုက္ခသဘောတရား**သည် သဘောအား ဖြင့် တည်ရှိနေသည့်အဖြစ်ဖြင့်၊ သဘောအားဖြင့် မြဲနေသည့်

အဖြစ်ဖြင့် ရှိနေသည်သာဖြစ်၏။ ပြုပြင်မှုမကင်းသည့် သင်္ခါရတရားဟူသမျှသည် ဆင်းရဲကုန်၏။ ထိုသဘောတရားကို မြတ်စွာဘုရားသည် ဉာဏ်ဖြင့်ထိုးထွင်း၍ သိ၏။ ဉာဏ်ဖြင့် သက်ဝင်၍ သိ၏။ ယင်းသို့သိပြီး၍ ပြုပြင်မှုမကင်းသည့် သင်္ခါရတရားဟူသမျှအားလုံးသည် ဆင်းရဲကုန်၏ဟု ပြောကြားတော်မူ၏။ သိစေတော်မူ၏။ အသိဉာဏ်ဝဓ္ဓ ထားပေးတော်မူ၏။ ဖွင့်ပြတော်မူ၏။ ဝေဖန်ပြတော်မူ၏။ ထင်ရှားအောင် ပြုတော်မူ၏။

"ရဟန်းတို့ မြတ်စွာဘုရားတို့ ပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ၊ မိမိအလိုသို့ မလိုက်ပါခြင်းဟူသော **အနတ္တသဘောတရား**သည် သဘောအားဖြင့် တည်ရှိနေသည့်အဖြစ်ဖြင့်၊ သဘောအားဖြင့် မြဲနေသည့်အဖြစ်ဖြင့် ရှိနေသည်သာ ဖြစ်၏။ ပြုပြင်မှုမကင်းသည့် သင်္ခါရတရားဟူသမျှသည် မိမိအလိုသို့ မလိုက်ကုန်။ ထိုသဘောတရားကို မြတ်စွာဘုရားသည် ဉာဏ်ဖြင့် ထိုးထွင်း၍ သိ၏။ ဉာဏ်ဖြင့် သက်ဝင်၍သိ၏။ ယင်းသို့ သိပြီး၍ ပြုပြင်မှုမကင်းသည့် သင်္ခါရတရားဟူသမျှ အားလုံးသည် မိမိအလိုသို့ မလိုက်ကုန်ဟု ပြောကြားတော်မူ၏။ သိစေတော်မူ၏။ အသိဉာဏ်ဝဓ္ဓထားပေးတော်မူ၏။ ဖွင့်ပြတော်မူ၏၊ ဝေဖန်ပြတော်မူ၏။ ထင်ရှားအောင် ပြုတော်မူ၏"

တိကအင်္ဂုတ္တိုရ်၊ တတိယ [illegible]က၊ ၄-ယောဓာဇီဝဝဂ်၊ ၄-ဉပ္ပါဒသုတ်။
(ဒဂုန်ဦးထွန်းမြင့် ဗုဒ္ဓ၏ဩဝါဒအမြုတေ (၂)-၁၁၉)



## တကယ့်အမှန်

ရဟန်းတို့၊ ဤတရားလေ မျိုး တို့သည် မှန်ကန်ကုန်၏။ မချွတ်မလွဲကုန်၊ မပြောင်းလဲကုန်၊ (တစ်မျိုးမဖြစ်ကုန်)၊ အဘယ်တရားလေးမျိုးတို့နည်း ဟူမူကား-

၁။ ဤ**ဒုက္ခသစ္စာတရား**သည် ဆင်းရဲခြင်းအမှန်သာဖြစ်၏။ မချွတ်လွဲ၊ ပြောင်းလဲခြင်းမရှိ။

၂။ ဤ**သမုဒယသစ္စာတရား**သည် ဆင်းရဲခြင်း၏ အကြောင်း အမှန်သာဖြစ်၏။ မချွတ်မလွဲ၊ ပြောင်းလဲခြင်းမရှိ။

၃။ ဤ**နိရောဓသစ္စာတရား**သည် ဆင်းရဲချုပ်ခြင်း အမှန်သာဖြစ်၏။ မချွတ်လွဲ၊ ပြောင်းလဲခြင်းမရှိ။

၄။ ဤ**မဂ္ဂသစ္စာတရား**သည် ဆင်းရဲချုပ်ခြင်းသို့ ရောက်ကြောင်းအမှန်သာဖြစ်၏။ မချွတ်လွဲ၊ ပြောင်းလဲခြင်းမရှိ။

ရဟန်းတို့ ဤတရားလေးမျိုးတို့သည် မှန်ကန်ကုန်၏။ မချွတ်မလွဲကုန်၊ မပြောင်းလဲကုန်၊ ယင်းသို့ဖြစ်သောကြောင့်

- ဤတရားသည် ဆင်းရဲခြင်းအမှန်တည်းဟု သိအောင် အားထုတ်ရမည်။
- ဤတရားသည် ဆင်းရဲခြင်း၏ အကြောင်းအမှန်တည်းဟု သိအောင်အားထုတ်ရမည်။
- ဤတရားသည် ဆင်းရဲချုပ်ခြင်း အမှန်တည်းဟု သိအောင် အားထုတ်ရမည်။
- ဤတရားသည် ဆင်းရဲချုပ်ခြင်းသို့ ရောက်ကြောင်း အမှန်တည်းဟု သိအောင် အားထုတ်ရမည်။

**မဟာဝဂ္ဂသံယုတ်၊ ၁၂- သစ္စာသံယုတ်၊**
**၃-ဓမ္မစက္ကပဝတ္တနသုတ်၊ ၁၀-တထသုတ်။**
**(ဒဂုန်ဦးထွန်းမြင့် ဗုဒ္ဓ၏သြဝါဒအမြုတေ-၉၉)**



## နောင်ဘဝကို ဘယ်သူ ဖန်တီးသလဲ

ရဟန်းတို့၊ အကြင်စေတနာဖြင့် ပြုလုပ်မှုကိုဖြစ်စေ၏။ အကြင် ကြံစည်မှုကိုလည်း ကြံစည်၏။ အကြင် အကိန်းဓာတ်သည်လည်းကိန်း၏။ ဤစေတနာဖြင့် ပြုလုပ်မှုသည် ကံစိတ်တည်ရန်အကြောင်းဖြစ်၏။ အကြောင်းရှိသော် ကံစိတ်တည်မှု ဖြစ်၏။ ကံစိတ်တည်သည်ရှိသော် စည်ပင်သည်ရှိသော် နောင်အခါ၌ တစ်ဖန် ဖြစ်ပေါ်မှု ဘဝသစ်သည် ဖြစ်လေ၏။ နောင်အခါ၌ တစ်ဖန် ဖြစ်ပေါ်မှု ဘဝသစ် ဖြစ်သည်ရှိသော် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာခြင်း၊ ပြင်းစွာပူပန်ရခြင်းတို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲဒုက္ခအပေါင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့၊ အကယ်၍ စေတနာဖြင့် မပြုလုပ်စေကာမူ မကြံစည်စေကာမူ အကယ်၍ အနုသယအဖြစ်ဖြင့် အတွင်းသန္တာန်၌ ကိန်းအောင်းနေအံ့၊ ဤကိန်းအောင်းခြင်း အနုသယဓာတ်သည်ပင် ကံစိတ်တည်ရန်အကြောင်းဖြစ်၏။ အကြောင်း

ရှိသော် ကံစိတ်တည်မှုသည်ဖြစ်၏။ ကံစိတ်တည်သည်ရှိသော် စည်ပင်သည်ရှိသော် နောင်အခါ၌ တစ်ဖန်ဖြစ်ပေါ်မှု ဘဝသစ်သည် ဖြစ်လေ၏။ နောင်အခါ၌ တစ်ဖန်ဖြစ်ပေါ်မှု ဘဝသစ် ဖြစ်သည်ရှိသော် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာခြင်း၊ ပြင်းစွာ ပူပန်ခြင်းတို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲဒုက္ခအပေါင်းသည် ဖြစ်ပေါ်လေ၏။

"ရဟန်းတို့၊ စေတနာဖြင့်လည်း မပြုလုပ်၊ ကြံလည်း မကြံစည်၊ အတွင်းသန္တာန်၌ ကိန်းလည်းမကိန်းသော် ယင်းသို့ မပြုလုပ် မကြံစည် မကိန်းအောင်းခြင်းသည်ပင် ကံစိတ်တည်ရန် အကြောင်းမဖြစ်၊ အကြောင်းမရှိသော် ကံစိတ်တည်မှုမဖြစ်၊ ကံစိတ် မတည်သည်ရှိသော်၊ မစည်ပင်သည်ရှိသော် နောင်အခါ၌ တစ်ဖန်ဖြစ်ပေါ်မှု ဘဝသစ်မဖြစ်၊ နောင်အခါ၌ တစ်ဖန်ဖြစ်ပေါ်မှု ဘဝသစ် မဖြစ်သည်ရှိသော် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာခြင်း၊ ပြင်းစွာပူပန်ရခြင်းတို့သည် မဖြစ်ကုန်။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲဒုက္ခအပေါင်းသည် ချုပ်လေ၏။

**နိဒါနသံယုတ်၊ ၄– ကဠာရခတ္တိယဝဂ်၊**
**၈–စေတနာသုတ်။**
**(ဒဂုန်ဦးထွန်းမြင့်၊ ဗုဒ္ဓ၏သြဝါဒအမြုတော–၁၅၃)**



# စိတ်ဓာတ်မကျစေနှင့်

အခါတစ်ပါး၌ မြတ်စွာဘုရားသည် **အနာထပိဏ်သူဋ္ဌေး**အား ဤသို့မိန့်တော်မူ၏။

"သူကြွယ်၊ စိတ်ပျက်စီးလျှင် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု၊ (ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု)တို့သည် ပျက်စီး၏။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ပျက်စီးသောသူ၏ သေခြင်းသည် ကောင်းသောသေခြင်း မဖြစ်နိုင်။

"ဥပမာအားဖြင့် အထွတ်တပ်သောအိမ်ကို ကောင်းစွာမိုးမထားလျှင် အထွတ်လည်းပျက်စီး၏။ အခြင်များလည်း ပျက်စီး၏။ နံရံများလည်း ပျက်စီး၏။ ဤအတူပင် စိတ်ပျက်စီးလျှင် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့လည်း ပျက်စီး၏။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ပျက်စီးသောသူ၏သေခြင်းသည် ကောင်းသောသေခြင်း မဖြစ်နိုင်။

"သူကြွယ် စိတ်မပျက်စီးလျှင် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့လည်း မပျက်စီးနိုင်။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ မပျက်စီးသောသူ၏သေခြင်းသည် ကောင်းသောသေခြင်း ဖြစ်၏။

"ဥပမာအားဖြင့် အထွတ်တပ်သောအိမ်ကို ကောင်းစွာမိုးထားလျှင် အထွတ်လည်း မပျက်စီးနိုင်၊ အခြင်လည်းမပျက်စီး၊ နံရံများလည်း မပျက်စီးချေ။ ဤအတူပင် စိတ်မပျက်စီးလျှင် ကာယကံမှု၊ ဝစီကံမှု၊မနောကံမှုတို့လည်းမပျက်စီးနိုင်။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ မပျက်စီးသောသူ၏ သေခြင်းသည် ကောင်းသောသေခြင်းဖြစ်၏။

တိကအင်္ဂုတ္တိုရ်၊ တတိယ ပဏ္ဏာသက
၁-သမ္ဗောဓဝဂ်၊ ၈-ဗျာပန္နသုတ်။
(၁၇န် ဦးထွန်းမြင့်၊ ဗုဒ္ဓ၏သြဝါဒအမြုတေ ၂- ၁၈၃)



## ကာဏကစ္ဆပသုတ်

တစ်ရံသောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်၍ ဤသို့မိန့်ကြား၏။

ရဟန်းတို့ မဟာသမုဒ္ဒရာကြီး၌ မျက်စိနှစ်ဖက်ကွယ်ပျောက်သောလိပ်ကန်းငယ်တစ်ခုသည် ရှိရာ၏။ ထိုလိပ်ကန်းငယ်သည် နက်လှစွာသော ရေ၏အတွင်း၌ ဦးခေါင်းလှည့်မိလှည့်ရာ မရပ်မနား သွားနေ၏။ အနှစ်တစ်ရာ, အနှစ်တစ်ရာရှိမှ ရောက်လေရာရာ၌ တစ်ကြိမ်, တစ်ကြိမ်သာ အထက်ရေပေါ်သို့ ဦးခေါင်းပေါ်၏။ တစ်ဖန်မဟာသမုဒ္ဒရာကြီး၌ပင်လျှင် တစ်ခုသော အရပ်၌ ရထားထမ်းပိုးတုံးတစ်ခုသည် ကျရောက်နေရာ၏။ ထိုထမ်းပိုးတုံးသည် အပေါက်တစ်ခုသာရှိ၏။ လေလိုက်, လှိုင်းလိုက်,ရေကြောင်းလိုက် မရပ်မနား လွင့်မျောကာနေ၏။

ထိုသို့နေကြရာတွင် အကြင်တစ်ခါ၌ လိပ်ကန်းငယ်၏ ဦးခေါင်းပေါ်ရာအရပ်သို့ ထမ်းပိုးတုံးသည် ရောက်လေ၍ လိပ်၏ ဦးခေါင်းသည် ထမ်းပိုးပေါက်၌ လျှိုမိ, စွပ်မိလေရာ၏။ ထိုသို့လျှိုမိ

စွပ်မိသောအခါ အခွင့်သည် ကြုံကြိုက်နိုင်မည်လောဟု မေးတော်မူ၏။

ထိုအခါ ရဟန်းတို့က

"ကြုံကြိုက်နိုင်စရာ မရှိပါကြောင်း၊ သို့ရာတွင် မြတ်စွာဘုရား ကမ္ဘာမည်သည် အလွန်ရှည်ကြာလှသည်ဖြစ်၍ လိပ်ငယ်လည်း မသေမပျောက်၊ ထမ်းပိုးသည်လည်း မပုပ်မဆွေးကာလ အရှည်တည်နေပါကုန်မူကား တစ်ကြိမ်တစ်ခါ ကြုံကြိုက်သော် ကြုံကြိုက်ရန်ရှိပါကြောင်း" ဖြေကြားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက

"ရဟန်းတို့၊ ဤအခွင့်အရေးသည် ခဲယဉ်းသည်ဟု မဆိုလောက်သေး။ ဤအခွင့်အရေးထက် အဆအထောင်မက ခဲယဉ်းလှသော အရာသည်ရှိသေး၏။ အဘယ်အရာနည်းဟူမူ ဤလူ့ဘဝမှ သေလွန်၍၊ အပါယ်လေးဘုံသို့ တစ်ကြိမ်ကျရောက်သောသူသည် လူ့ဘုံ၊ လူ့ဘဝသို့ တစ်ဖန်ပြန်ရောက်နိုင်ရန် အခွင့်အရေးပေတည်း။

ဤအခွင့်အရေးသည် လိပ်ကန်းထမ်းပိုးတို့၏ အခွင့်အရေးထက် အဆအရာမက အဆအထောင်မက သာလွန်၍ ခဲယဉ်းချေသည်။ အဘယ်ကြောင့်နည်းဟူမူ လူ့ဘဝ, နတ်ဘဝမည်သည် အကုသိုလ်ဒုစရိုက်မှုတို့ကို ရှောင်ကြဉ်၍ ကုသိုလ်ကောင်းမှုကို ပြုကျင့်သောသူများမှ လူဖြစ်နိုင်သည်၊ နတ်ဖြစ်နိုင်သည်။

အပါယ်ဘုံ၌မူကား အကုသိုလ်မှန်း ကုသိုလ်မှန်း ကောင်းမှုမှန်း မကောင်းမှုမှန်း၊ သုစရိုက်မှန်း ဒုစရိုက်မှန်း မသိကြကုန်ပြီ။



နိုင်ရာနိုင်ရာ သတ်မှု စားမှု အစရှိသော အကုသိုလ် ဒုစရိုက်တို့နှင့်သာ နေကြရကုန်တော့သည်။ ငရဲဘုံ, ပြိတ္တာဘုံတို့မှာလည်း ခံနေရသော ဒုက္ခအတွက် စိတ်ပူစိတ်လောင် စိတ်ဆိုးစိတ်ညစ်တွေနှင့်သာ နေကြရကုန်တော့သည်။

ထို့ကြောင့် လူ့ဘုံ, လူ့ဘဝသို့ တစ်ဖန်ပြန်ရောက်ရန် အခွင့်အရေးသည် လိပ်ကန်းထမ်းပိုး အရေးထက် အဆအရာထောင်မက သာလွန်ခဲယဉ်းလေသည်"ဟု ဟောတော်မူသည်။

**(လယ်တီဆရာတော်ဘုရားကြီး ဝိပဿနာဒီပနီ -၂၅)**

## နခသိခသုတ်

မြတ်စွာဘုရားသည် လက်သည်းခွံပေါ်၌ မြေမှုန့်အနည်းငယ်တင်ထားပြီး ရဟန်းတို့ကို ဤသို့မိန့်တော်မူ၏။

"ရဟန်းတို့၊ မည်သို့ထင်ကြသနည်း။ လက်သည်းခွံပေါ်၌ ငါဘုရားတင်ထားသော မြေမှုန့်အနည်းငယ်နှင့် မဟာပထဝီမြေကြီးရှိ မြေမှုန့်သည် အဘယ်အရာ ပိုများသနည်း"

ဤသို့ မေးသောအခါ ရဟန်းများက–

"မြတ်စွာဘုရား မဟာပထဝီမြေကြီးကသာ ပို၍များပါသည်။ လက်သည်းခွံပေါ်၌ မြတ်စွာဘုရားတင်ထားသော မြေမှုန့်ကား အနည်းငယ်မျှသာ ရှိပါသည်။ မဟာပထဝီမြေကြီးနှင့်စာလျှင် မြတ်စွာဘုရား လက်သည်းခွံပေါ်၌ တင်ထားသည့် မြေမှုန့်ကလေးသည် အရေအတွက်မသွင်းလောက်ပါ၊ နှိုင်းစာစရာဟုပင် မဆိုလောက်ပါဘုရား"ဟု လျှောက်ထားကြလေ၏။

"ရဟန်းတို့– ဤဥပမာအတိုင်းပင် လူ့ဘဝမှ စုတေ၍ လူ့ဘဝ၌ ပြန်ဖြစ်သော သတ္တဝါတို့သည် (လက်သည်းခွံပေါ်က မြေမှုန့်ပမာ) အနည်းငယ်မျှသာရှိ၏။ စင်စစ်ကား လူ့ဘဝမှ



စုတေ၍ ငရဲ၌ဖြစ်ကြသော သတ္တဝါတို့ကသာ (မဟာပထဝီရှိ မြေမှုန့်ပမာ) ပို၍များကုန်၏။ ယင်းသို့ဖြစ်ခြင်းမှာ အဘယ်ကြောင့်နည်းဟု ဆိုလျှင် သစ္စာလေးပါး အမှန်တရားကို မသိသောကြောင့် ဖြစ်သည်"

"ရဟန်းတို့၊ ထိုသို့ဖြစ်သောကြောင့် ဤတရားသည် ဆင်းရဲခြင်းအမှန် ဒုက္ခသစ္စာတည်းဟု သိအောင် အားထုတ်ရမည်။ ဤတရားသည် မဂ္ဂသစ္စာတည်းဟုသိအောင် အားထုတ်ရမည်"

မဟာဝဂ္ဂသံယုတ် ၁၂–သစ္စသံယုတ်
၁၁–ပဥ္စဂတိပေယျာလဝဂ်၊ မနုဿစုတိနိရိယသုတ်
(ဒဂုန်ဦးထွန်းမြင့် ဗုဒ္ဓ၏ဩဝါဒအမြုတေ (၂)–၆၈)

## လူဝတ်ကြောင်တို့၏အကျင့်တရား

တိပိဋကတ်၌ **"သိင်္ဂါလော ဝါဒသုတ်"** အမည်ဖြင့်ရှိသော အဆုံးအမဥပဒေသများသည် လူဝတ်ကြောင်တို့၏ ဝိနည်းစည်းကမ်းဖြစ်လေသည်။ ထိုဝိနည်းစည်းကမ်းကို ထိုခေတ်လူ့လောက လူ့အဖွဲ့အစည်းကို စံပြအဖြစ် ပြုလုပ်ရန် ကြိုးပမ်းအားထုတ်ချက်ဟု ဆိုနိုင်လေသည်။ **သိင်္ဂါလ**အား ဗုဒ္ဓ တရားဟောကြားသည့် စိတ်ဝင်စားဖွယ် အဖြစ်အပျက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

အခါတစ်ပါး၌ ဘုရားရှင်သည် ရာဇဂြိုဟ်ရှိ ရှဉ့်နက်တို့ကို အစာကျွေးရန်ဖြစ်သော ဝေဠုဝန်တော၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ၌ **သိင်္ဂါလ**အမည်ရှိသော သူကြွယ်သားသည် နံနက်ဝေလီဝေလင်းအချိန်ကပင်ထ၍ ရာဇဂြိုဟ်မြို့အပြင်သို့ ထွက်ပြီးလျှင် စိုစွတ်သောအဝတ်၊ စိုစွတ်သောဆံပင်ဖြင့် လက်အုပ်ချီလျက်၊ အရှေ့အရပ်မျက်နှာ၊ တောင်အရပ်မျက်နှာ၊ အနောက်အရပ်မျက်နှာ၊ မြောက်အရပ်မျက်နှာ၊ အောက်အရပ်မျက်နှာ၊ အထက်



အရပ်မျက်နှာ အမျိုးမျိုးအပြားပြားသော အရပ်မျက်နှာတို့ကို ရှိခိုးလေသည်။

ထိုအချိန်၌ ဘုရားရှင်သည် နံနက်ခင်းအချိန် သင်္ကန်းကို ဝတ်ရုံလျက် သပိတ်သင်္ကန်းကို ဆောင်ယူခဲ့ပြီးလျှင် ရာဇဂြိုဟ်မြို့အတွင်းသို့ ဆွမ်းအလို့ငှာ ဝင်တော်မူလေ၏။ ဘုရားရှင်သည် အရပ်အမျိုးမျိုးကို ရှိခိုးနေသော သူကြွယ်သား**သိင်္ဂါလ**အား တွေ့ရ၍ မိန့်တော်မူလေ၏။

"သူကြွယ်သား၊ နံနက်စောစောထပြီး သင်ဘာကို ရှိခိုးနေသနည်း"

"အရှင်ဘုရား၊ တပည့်တော်၏ဖခင်သည် သေခါနီးကာလ၌ တပည့်တော်အား "ချစ်သား၊ အရပ်မျက်နှာများကို ရှိခိုးလော့"ဟု မှာခဲ့ပါ၏။ သို့ဖြစ်၍ မြတ်စွာဘုရား၊ တပည့်တော်သည် ဖခင်၏စကားကို အလေးပြုလျက်၊ မြတ်နိုးလျက်၊ ပူဇော်လျက် စောစောကပင်ထကာ ရှိခိုးနေခြင်းဖြစ်ပါသည်"

"သူကြွယ်သား၊ မြတ်သောသူ (အရိယ)တို့၏ တရားဓမ္မ၌ ထိုကဲ့သို့ အရပ်မျက်နှာခြောက်ပါးကို ရှိခိုးသည်ဟု မရှိပေ"

"အရှင်ဘုရား၊ ထိုသို့မရှိခိုးအပ်လျှင် မြတ်သောသူတို့၏ တရားဓမ္မ၌ အရပ်မျက်နှာခြောက်ပါးကို ဘယ်ကဲ့သို့ ရှိခိုးအပ်ပါသနည်း။ မြတ်သောသူတို့၏ တရားဓမ္မ၌ အရပ်မျက်နှာများကို ရှိခိုးပုံ ရှိခိုးနည်းကို တပည့်တော်အား ဟောတော်မူပါလော့"

ဗုဒ္ဓသည် **သိင်္ဂါလ**အား ဟောပြလေသည်။

- အကြင်သူသည် သေရည်သောက်ဖော်သောက်ဖက်

ဖြစ်၏။ မျက်မှောက်၌ ချစ်ခင်သူမိတ်ဆွေဖြစ်၏။ ထိုသူသည် မိတ်ဆွေ မမည်ပေ။

– အကြင်သူသည် အကြောင်းကိစ္စကြုံလာသော် (အရေးကိစ္စ ပေါ်လာသော်) အဖော်သဟဲဖြစ်၏။ ထိုသူသည် မိတ်ဆွေ ဖြစ်၏။

– နေမြင့်အောင် အိပ်ခြင်းသည်လည်းကောင်း၊ သူတစ်ပါးမယားကို ကျူးလွန်ခြင်းသည်လည်းကောင်း၊ ရန်စဖွားများခြင်းသည်လည်းကောင်း၊ အကျိုးမဲ့ပြုခြင်းသည်လည်းကောင်း၊မကောင်းသော အပေါင်းအဖော်ရှိသူသည် လည်းကောင်း၊ အလွန်တရာ ကပ်စေးနဲခြင်းသည်လည်းကောင်း၊ ယင်းခြောက်ပါးသည် လူကို ပျက်စီးစေတတ်၏။

– မကောင်းသော အဆွေခင်ပွန်းရှိသူသည်လည်းကောင်း၊ မကောင်းသောအကျင့်၌ မွေ့လျော်သောသူလည်းကောင်း၊ ဤလောကမှလည်းကောင်း၊ တမလွန်လောကမှလည်းကောင်း၊နှစ်ပါးသောလောကမှ ပျက်စီးလျှောကျတတ်ပေ၏။

– လောင်းကစားခြင်းသည်လည်းကောင်း၊ မိန်းမလိုက်စားခြင်းသည်လည်းကောင်း၊ သေရည်သေရက်သောက်စားခြင်းသည်လည်းကောင်း၊ ကခြင်း, သီဆိုခြင်းသည်လည်းကောင်း၊ နေ့အခါအိပ်ခြင်းသည်လည်းကောင်း၊အခါမဲ့၌ ခရီးသွားခြင်းသည်လည်းကောင်း။ မကောင်းသောသူတို့အား အဆွေခင်ပွန်းဖွဲ့ခြင်းသည်လည်းကောင်း၊ အလွန်တရာ ကပ်စေးနဲခြင်းသည်လည်းကောင်း ယင်းခြောက်ပါးသည် လူကို ပျက်စီးစေတတ်သည်။



– အကြင်သူတို့သည် ကြွေအန်လောင်းကစားခြင်းကို ပြုကြ၏။ သေရည်သေရက်ကိုသောက်၏။ သူတစ်ပါးသားမယားတို့အား ပြစ်မှားကျူးလွန်ကြ၏။ သူယုတ်မာတို့အား မှီဝဲဆည်းကပ်၏။ ပညာရှိတို့အား မမှီဝဲမဆည်းကပ်။ ထိုသူတို့သည် လဆုပ်ပက္ခ လမင်းထက် ဆုတ်ယုတ်ပေ၏။

– အကြင်သူသည် သေသောက်ကျူး၏။ ပစ္စည်းမရှိ ဆင်းရဲ၏။ မေ့မေ့လျော့လျော့နေ၏။ ထိုသူသည် ရေ၌ရှိသော လှေကဲ့သို့ ကြွေးထဲတွင် နစ်မြုပ်သွားရ၏။ ထိုသူသည် လျင်မြန်စွာ မိမိကိုယ်ကို ဆင်းရဲပင်ပန်းအောင် လုပ်နေ၏။

– နေ့၌ အိပ်လေ့ရှိသော၊ ညဉ့်၌ထလေ့မရှိသော၊ အခါခပ်သိမ်းမူးယစ်နေသော ကာမဂုဏ်လိုက်စားသူသည် အိမ်ထောင်ဦးစီး မပြုလုပ်နိုင်ပေ။

– အေးလွန်းသည်ဟုလည်းကောင်း၊ ပူလွန်းသည်ဟုလည်းကောင်း၊ မိုးချုပ်လွန်းသည်ဟုလည်းကောင်း၊ အကြောင်းပြသူသည် ဥစ္စာပစ္စည်း လက်မဲ့ဖြစ်ရတတ်၏။ အကြင်သူသည် အလုပ်ကို လုပ်ရာ၌ အအေးအပူကို မြက်ထက်ပိုပြီး အမှုမထား။ ထိုသူသည် ချမ်းသာသုခ လက်မလွှတ်ရပေ။

– သူတစ်ပါးပစ္စည်း ယူတတ်သောမိတ်ဆွေသည်လည်းကောင်း၊ အပြောသာရှိပြီး လက်မပါသော မိတ်ဆွေသည်လည်းကောင်း၊ အကြိုက်လိုက်ပြီးပြောသော မိတ်ဆွေသည်လည်းကောင်း၊ သေရည်သေရက်သောက်ဖော်သောက်ဖက် မိတ်ဆွေသည်လည်းကောင်း၊ ယင်းလေးဦးတို့သည် မိတ်ဆွေစစ်မဟုတ်ကုန်။ ယင်း

အချက်ကို သိရှိပြီးလျှင် ပညာရှိသောယောကျ်ားသည် အန္တရာယ်ရှိသော လမ်းခရီးကဲ့သို့ငင်းတို့ကို အဝေးက ရှောင်ကြဉ်သင့်လေသည်။

– **သိင်္ဂါလ**သည် ဖခင်ပြောကြားမှာထားချက်အရ ခြောက်ပါးကို ရှိခိုးသည့်အကျင့်ကို ကျင့်ကြံပြုလုပ်နေသည်။ ဗုဒ္ဓသည် **သိင်္ဂါလ**အား ရှိခိုးပူဇော်ရသည့် အရပ်မျက်နှာသစ်ခြောက်ပါးကို ဟောပြောတော်မူသည်။ ၎င်းတို့အနက်

၁။ အရှေ့အရပ်မျက်နှာသည် **အမိအဖ**ဖြစ်ကုန်၏။

၂။ တောင်အရပ်မျက်နှာသည် **ဆရာသမား**ဖြစ်ကုန်၏။

၃။ အနောက်မျက်နှာသည် **သားနှင့်မယားများ** ဖြစ်ကုန်၏။

၄။ မြောက်အရပ်မျက်နှာသည် **အဆွေခင်ပွန်း**တို့ ဖြစ်ကုန်၏။

၅။ အောက်အရပ်မျက်နှာသည် **ကျေးကျွန်နှင့် အလုပ်သမားတို့** ဖြစ်ကုန်၏။

၆။ အထက်အရပ်မျက်နှာသည် **သမဏဗြာဟ္မဏတို့** ဖြစ်ကုန်၏။

ယင်းအရပ်မျက်နှာ ခြောက်ပါးကို ရှိခိုးဝတ်ပြုမှုတည်းဟူသော အသွင်ဖြင့် လူလူချင်း ဘယ်လိုတာဝန်ဝတ္တရားများထားရှိအပ်သည်ဆိုသည်ကို ဗုဒ္ဓက ညွှန်ပြတော်မူသည်။

၁။ မိဘအား အဘယ်ကြောင့် လုပ်ကျွေးပြုစုအပ်သနည်းဆိုလျှင်–



မိဘတို့သည် ငါ့အား မွေးမြူစောင့်ရှောက်ကြ၏။ထို့ကြောင့် ငါသည် သူတို့အား မွေးမြူစောင့်ရှောက်အပ်၏။ သူတို့သည် ငါ့အမှုကိစ္စကို ပြုလုပ်ပေး၏။ ထို့ကြောင့် သူတို့၏အမှုကိစ္စကို ငါပြုလုပ်ပေးအပ်၏။ သူတို့သည် အမျိုးအနွယ်ကိုတည်တံ့အောင်လုပ်အပ်၏။ ထို့ကြောင့် ငါသည် အမျိုးအနွယ်ကို တည်တံ့အောင်လုပ်အပ်၏။ သူတို့သည် ငါ့အား အမွေပေး၏။ ထို့ကြောင့် ငါသည် အမွေခံထိုက်အောင် ပြုလုပ်အပ်၏။

ဤကဲ့သို့ ငါးပါးသောနည်းလမ်းဖြင့် ပြုစုလုပ်ကျွေးအပ်သည့် မိဘတို့သည် သားသမီးအပေါ် ငါးပါးသောနည်းလမ်းဖြင့် စောင့်ရှောက်ကြကုန်၏။

၁။ မကောင်းမှုမှ တားမြစ်၏။

၂။ ကောင်းမှု၌ စိတ်ဝင်စားစေ၏။

၃။ အတတ်ပညာကို သင်ကြားပေး၏။

၄။ သင့်လျော်သော မိန်းမနှင့်ထိမ်းမြားပေး၏။

၅။ သင့်လျော် လျောက်ပတ်သောအချိန်၌ အမွေဥစ္စာကို အပ်နှင်း၏။

သူကြွယ်သား ယင်းငါးမျိုးတို့ကြောင့် သားသမီးတို့က မိဖတည်းဟူသော အရှေ့မျက်နှာကို ဝတ်ပြုအပ်ပေ၏။ ယင်းကဲ့သို့ ပြုလုပ်လျှင် ထိုအရှေ့အရပ်သည် လုံခြုံ၏။ ငြိမ်းချမ်း၏။ ဘေးကင်း၏။

၂။ နေရာမှထပြီး ခရီးဦးကြိုပြုခြင်း၊ ဆည်းကပ်ခစားခြင်း၊ စကားကိုနာယူခြင်း၊ အတတ်ပညာကို ရှိသေစွာသင်ကြားလေ့ကျင့်

ခြင်းများဖြင့် ဆရာသမားများအား လုပ်ကျွေးပြုစုအပ်ပေ၏။

၃။ မယားအား ပြုစုလုပ်ကျွေးနည်းများကား မြတ်နိုးခြင်း၊ မထီမဲ့မြင်မပြုခြင်း၊ သူတစ်ပါးသားမယားကို မပြစ်မှားခြင်း၊ ဥစ္စာပစ္စည်းကို လွှဲအပ်ခြင်း၊ အဝတ်တန်ဆာကို ပေးခြင်းတို့ဖြစ်ကြ၏။ ယင်းသို့ပြုလုပ်လျှင် မယားသည် အိမ်မှုကိစ္စကို ကောင်းစွာကြည့်ရှု၏။ အစေခံများလည်း ပိပိရိရိ နေကြကုန်၏။ မယားကိုယ်တိုင်ကလည်း လော်လည်ဖောက်ပြားခြင်းရှိမည် မဟုတ်ပေ။ စုဆောင်းသိမ်းထားသော ပစ္စည်းဥစ္စာကို စောင့်ရှောက်၏။ အားလုံးသော အလုပ်ကိစ္စတို့၌ ပျင်းရိငြီးငွေ့ခြင်း မရှိ။

၄။ မိတ်ဆွေများအား ပြုစုလုပ်ကျွေးနည်းကား ပေးကမ်းစွန့်ကြဲခြင်း၊ ချစ်စဖွယ်သောစကားကိုဆိုခြင်း၊ အလုပ်ကိစ္စတွင် ကူညီဆောင်ရွက်ပေးခြင်း၊ မိမိနှင့်တန်းတူဆက်ဆံခြင်း၊ ယုံကြည်စိတ်ချသူဖြစ်အောင် ပြုလုပ်ခြင်းများ ဖြစ်ကြကုန်၏။ ယင်းသို့ ပြုလုပ်လျှင် ထိုမိတ်ဆွေသည် ကြည့်ရှုစောင့်ရှောက်၏။ သတိမေ့လျော့နေသည့်အခါ၌ ဥစ္စာပစ္စည်းကို မဆုံးအောင်လုပ်ပေး၏။ ဘေးအန္တရာယ်ပေါ်လာသည့်အခါ၌ အကူအညီပေး၏။ ဒုက္ခရောက်သည့်အခါ၌ စွန့်ပစ်မသွားပေ။ ဤကဲ့သို့ မိတ်ဆွေမျိုး၊ ရှိသော ယောကျ်ားများအား လူတို့သည် မြတ်နိုးပူဇော်ကြကုန်၏။

၅။ ထိုခေတ်အခါက ကျွန်ုပ်တို့နိုင်ငံမှ လူထု၏ များစွာသော အစိတ်အပိုင်းမှာ ကျွေးကျွန်နှင့် အလုပ်သမားများ ဖြစ်ကြ၏။ များစွာသော ယောကျ်ားနှင့်မိန်းမများမှာ ကျွန်၊ ကျွန်မများ၏ အဖြစ်နှင့် ပစ္စည်းတစ်စုံတစ်ရာကဲ့သို့ အရောင်းအဝယ်ပြုလုပ်ခြင်း



ခံကြရ၏။ ယခုခေတ်တွင် ကျေးကျွန်စနစ်ကို လူတို့သည် နှာခေါင်းရှုံ့ကြသည်။ သို့ရာတွင် နှစ်ပေါင်းတစ်ရာကျော် မတိုင်မီကလေးကပင် ကျွန်ုပ်တို့ဒေသ၌ ကျေးကျွန်စနစ်သည် အထင်အရှားရှိခဲ့ပေသည်။ နှစ်ပေါင်း နှစ်ထောင်ကျော်ကမူ ကျေးကျွန်စနစ်အသွင်သည် ထို့ထက်ပင် ဆိုးဝါးပေလိမ့်မည်ဆိုသည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ တူညီမျှတမှုကို ဖြန့်ဖြူးဟောကြားတော်မူသော ဗုဒ္ဓနှင့်ဗုဒ္ဓ၏တပည့်ရဟန်းတို့သည် ကျေးကျွန်များ ကျေးကျွန်ဘဝမှ လွတ်မြောက်မှုကို အမှန်ပင် အာရုံ စူးစိုက်ခဲ့လေသည်။ သို့ရာတွင် လူပေါင်းများစွာတို့၏ ကုဋေကုဋာ စည်းစိမ်ဥစ္စာများမှာ ကျေးကျွန်များထားခြင်းနှင့် ပတ်သက် ဆက်နွယ်၍ နေ၏။ ကျေးကျွန်စနစ်ကို ကိုင်လှုပ်လိုက်လျှင် ကြောက်မက်ဖွယ် ဂယက်ထလာပေလိမ့်မည်။

ဘုရင်ဗိမ္ဗိသာရသည် ကျွန်တစ်ယောက် ရဟန်းပြုသွားသော အခါ ယင်းအန္တရာယ်ကို ဗုဒ္ဓအားလျှောက်ထား ပြောပြလေသည်။ ထိုအခါ ဗုဒ္ဓက ကျေးကျွန်အဖြစ်က မလွတ်သေးသူအား သံဃာ့ဘောင်သို့ မသွတ်သွင်းရန် တားမြစ်ပိတ်ပင်တော် မူလိုက်၏။ ဗုဒ္ဓသည် ကျေးကျွန်စနစ်ကို မဖယ်ရှားနိုင်ခဲ့ပေ။ သို့ရာတွင် ကျေးကျွန်တို့အား ကောင်းမွန်စွာ ဆက်ဆံသင့်ကြောင်းကိုမူ ညွှန်ကြားတော်မူလေသည်။

သူကြွယ်သား ငါးပါးသောနည်းလမ်းဖြင့် အရှင်သခင်သည် ကျေးကျွန်အလုပ်သမားတည်းဟူသော အောက်အရပ်မျက်နှာကို ပြုစုအပ်ပေသည်။

၁။ စွမ်းအားရှိသလောက်သာလျှင် အလုပ်ကို ခိုင်းစေခြင်းဖြင့်လည်းကောင်း။

၂။ ထမင်းရိက္ခာကို ပေးခြင်းဖြင့်လည်းကောင်း။

၃။ မကျန်းမာသူအား ပြုစုခြင်းလည်းကောင်း၊

၄။ ကောင်းသောအရသာရှိသည့် အရာဝတ္ထုများကို ပေးကမ်းခြင်းဖြင့်လည်းကောင်း။

၅။ အခါအားလျော်စွာ အားလပ်ခွင့် ပေးခြင်းဖြင့်လည်းကောင်း။

ဤငါးမျိုးဖြင့် ပြုစုအပ်သည်ရှိသော် ကျေးကျွန်အလုပ်သမားတို့သည် ငါးပါးသောနည်းလမ်းဖြင့် အရှင်သခင်အား စောင့်ရှောက်ကြကုန်၏။

၁။ အရှင်သခင်ထက် အရင် အိပ်ရာမှ ထကြကုန်၏။

၂။ အရှင်သခင်အိပ်ပြီးမှ အိပ်ကြကုန်၏။

၃။ ပေးသည်ကိုသာ ယူကြကုန်၏။

၄။ အလုပ်ကိစ္စများကို ကောင်းမွန်စွာ ပြုလုပ်ကြကုန်၏။

၅။ အရှင်သခင်၏ ဂုဏ်သတင်းကို ဖြန့်ဖြူးကြကုန်၏။

စွမ်းအားရှိသလောက် အလုပ်ကို ခိုင်းစေခြင်း၊ အစာရိက္ခာကို ပေးကမ်းခြင်း၊ မကျန်းမာသောအခါ၌ ပြုစုခြင်း၊ အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း၊ အရသာရှိသော အစားအစာများကိုပေးကမ်းခြင်း၊ ယင်းအပြုအမူများသည် ကျေးကျွန်များအပေါ်၌ ကြီးစွာသော ထောက်ထားငဲ့ညှာခြင်း၊ အကျိုးပြုခြင်းပေတည်း။ ဗုဒ္ဓ၏ဝါဒသည်



ကျေးကျွန်ဘဝ၏ ရက်စက်ကြမ်းကြုတ်မှုကို အတော်ခပ်များများ ယုတ်လျော့အားပျော့စေသည်မှာ ယုံမှားဖွယ်မရှိပေ။

၆။ သမဏဗြဟ္မဏ (ရဟန်း ပညာရှိ)တို့အား ပြုစုနည်းကို ဗုဒ္ဓက ဤသို့ ညွှန်ပြထားသည်။ ကိုယ်၊ နှုတ်၊ နှလုံးဖြင့် မေတ္တာနှင့်ယှဉ်သော အပြုအမူကိုပြုလုပ်ခြင်း၊ အလှူခံများအတွက် တံခါးကို ဖွင့်ထားခြင်း၊ စားသောက်ဖွယ်တို့ကို ပေးကမ်းလှူဒါန်းခြင်းများသည် သမဏဗြဟ္မဏတို့အား ပြုစုခြင်း ဖြစ်ပေသည်။

ဗုဒ္ဓသည် လူဝတ်ကြောင်များအတွက် ယင်းတာဝန်ဝတ္တရားထူးများကို ဟောပြောတော်မူလေသည်။

(ပါဠိ- မဟာလူသားဗုဒ္ဓ-၇၅)

## အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးမြူရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဟောသောသုတ်တော်–

ရာဟုလာ ထိုငါဆိုမည့်စကားကို သင်အဘယ်သို့ မှတ်ထင်သနည်း။ ကြေးမုံ "မှန်"သည် အဘယ်အကျိုးရှိသနည်းဟု (မေးတော်မူ၏)။ အရှင်ဘုရား ကြေးမုံ"မှန်"သည် ကြည့်ရှုရခြင်း အကျိုးရှိပါ၏ဟု (လျှောက်၏)။ ရာဟုလာ ဤဥပမာအတူ သာလျှင် ကြည့်ရှု "ဆင်ခြင်"၍ ကြည့်ရှု "ဆင်ခြင်"၍ **ကိုယ်အမှုကို** ပြုရမည်။ ကြည့်ရှု"ဆင်ခြင်"၍ **နှုတ်အမှုကို** ပြုရမည်။ ကြည့်ရှု "ဆင်ခြင်"၍ ကြည့်ရှု"ဆင်ခြင်"၍ **စိတ်အမှုကို** ပြုရမည်။

ရာဟုလာ သင်သည် အကြင်အမှုကို ကိုယ်ဖြင့်ပြုလိုသည် ဖြစ်အံ့ ထိုကိုယ်အမှုကို သင်ကြည့်ရှု "ဆင်ခြင်"ရမည်။ "ငါသည် အကြင်အမှုကို ကိုယ်ဖြင့်ပြုလို၏။ ငါ၏ဤကိုယ်အမှုသည် မိမိ



ဆင်းရဲစေခြင်းငှာလည်း ဖြစ်ရာသလော၊ သူတစ်ပါးတို့ ဆင်းရဲစေခြင်းငှာလည်း ဖြစ်ရာသလော၊ မိမိသူတစ်ပါး နှစ်ပါးစုံ ဆင်းရဲစေခြင်းငှာလည်း ဖြစ်ရာသလော၊ ဤကိုယ်အမှုသည် အကုသိုလ်လော၊ ဆင်းရဲကိုပွားစေတတ်သလော၊ ဆင်းရဲသော အကျိုးရှိလေသလော"ဟု ကြည့်ရှုဆင်ခြင်ရမည်။

ရာဟုလာ သင်သည် ကြည့်ရှုဆင်ခြင်သော် "ငါသည် အကြင်အမှုကို **ကိုယ်ဖြင့် ပြုလို၏**။ ငါ၏ဤကိုယ်အမှုသည် မိမိကိုယ်ကို ဆင်းရဲစေခြင်းငှာလည်း ဖြစ်ရာ၏။ သူတစ်ပါးကို ဆင်းရဲစေခြင်းငှာလည်း ဖြစ်ရာ၏။ မိမိသူတစ်ပါး နှစ်ပါးစုံကို ဆင်းရဲစေခြင်းငှာလည်းဖြစ်ရာ၏။ ဤကိုယ်အမှုသည် အကုသိုလ်တည်း၊ ဆင်းရဲကို ဖြစ်ပွားစေတတ်၏။ ဆင်းရဲသော အကျိုးရှိ၏" ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့သဘောရှိသော ကိုယ်အမှုကို **သင်သည် စင်စစ် မပြုသင့်**။

ရာဟုလာ သင်သည် ကြည့်ရှုဆင်ခြင်သော် "ငါသည် အကြင်အမှုကို **ကိုယ်ဖြင့်ပြုလို၏**။ ငါ၏ဤကိုယ်အမှုသည် မိမိကိုယ်ကို ဆင်းရဲစေခြင်းငှာလည်း မဖြစ်ရာ၊ သူတစ်ပါးဆင်းရဲစေခြင်းငှာလည်း မဖြစ်ရာ၊ မိမိသူတစ်ပါးနှစ်ပါးစုံ ဆင်းရဲစေခြင်းငှာလည်း မဖြစ်ရာ၊ ဤကိုယ်အမှုသည် ကုသိုလ်တည်း၊ ချမ်းသာမှုကို ဖြစ်ပွားစေတတ်၏။ ချမ်းသာသောအကျိုးရှိ၏"ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့သဘောရှိသော ကိုယ်အမှုကို **သင်သည် ပြုသင့်၏**။

ရာဟုလာ သင်သည် ကိုယ်ဖြင့် အမှုကို **ပြုနေဆဲဖြစ်သော်**

**လည်း** ထိုကိုယ်အမှုကို သင် ကြည့်ရှုဆင်ခြင်ရမည်။ "ငါသည် အကြင်အမှုကို ကိုယ်ဖြင့်ပြု၏။ ငါ၏ဤကိုယ်အမှုသည် မိမိဆင်းရဲခြင်းငှာလည်း ဖြစ်ရာသလော၊ သူတစ်ပါး ဆင်းရဲခြင်းငှာလည်း ဖြစ်ရာသလော၊ မိမိသူတစ်ပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှာလည်း ဖြစ်ရာသလော၊ ဤကိုယ်အမှုသည် အကုသိုလ်လော၊ ဆင်းရဲကို ပွားစေတတ်သလော၊ ဆင်းရဲသောအကျိုး ရှိလေသလော"ဟု **(ကြည့်ရှုဆင်ခြင်ရမည်။)**

ရာဟုလာ သင်သည်ကြည့်ရှုဆင်ခြင်သော်"ငါသည်အကြင်အမှုကို **ကိုယ်ဖြင့်ပြု၏**။ ငါ၏ ဤကိုယ်အမှုသည် မိမိဆင်းရဲခြင်းငှာလည်းဖြစ်၏။ သူတစ်ပါးဆင်းရဲခြင်းငှာလည်း ဖြစ်၏။ မိမိသူတစ်ပါး နှစ်ပါးစုံဆင်းရဲခြင်းငှာလည်း ဖြစ်၏။ ဤကိုယ်အမှုသည် အကုသိုလ်တည်း၊ ဆင်းရဲကို ဖြစ်ပွားစေတတ်၏။ ဆင်းရဲ သော အကျိုးရှိ၏"ဟုအကယ်၍ သိငြားအံ့၊ **ရာဟုလာ ဤသို့ သဘောရှိသော ကိုယ်အမှုကို သင်သည် ရုပ်သိမ်းလေလော့။**

ရာဟုလာ သင်သည် ကြည့်ရှုဆင်ခြင်သော် "ငါသည် အကြင်အမှုကို **ကိုယ်ဖြင့်ပြု၏**။ ငါ၏ဤကိုယ်အမှုသည် မိမိဆင်းရဲခြင်းငှာလည်း မဖြစ်၊ သူတစ်ပါး ဆင်းရဲခြင်းငှာလည်းမဖြစ်၊ မိမိသူတစ်ပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှာလည်း မဖြစ်၊ ဤကိုယ်အမှုသည် ကောင်းမှုကုသိုလ်တည်း၊ ချမ်းသာကို ဖြစ်ပွားစေတတ်၏။ ချမ်းသာသော အကျိုးရှိ၏"ဟု အကယ်၍ သိငြားအံ့။ **ရာဟုလာ ဤသို့ သဘောရှိသော ကိုယ်အမှုကို သင်သည် ကြိုးပမ်းလေလော့။**

ရာဟုလာ သင်သည် ကိုယ်ဖြင့် အမှုကို **ပြုပြီးသော်လည်း**



ထိုကိုယ်အမှုကို သင်ကြည့်ရှုဆင်ခြင်ရမည် "ငါသည် အကြင်အမှုကို ကိုယ်ဖြင့် ပြုမိပြီ၊ ငါ၏ဤကိုယ်အမှုသည် မိမိဆင်းရဲခြင်းငှာလည်း ဖြစ်ရာသလော၊ သူတစ်ပါးဆင်းရဲခြင်းငှာလည်း ဖြစ်ရာသလော၊ မိမိသူတစ်ပါး နှစ်ပါးစုံဆင်းရဲခြင်းငှာလည်း ဖြစ်ရာသလော၊ ဤကိုယ်အမှုသည်အကုသိုလ်လော၊ ဆင်းရဲကို ဖြစ်ပွားစေတတ်သလော၊ ဆင်းရဲသော အကျိုးရှိလေသလော"ဟု **(ကြည့်ရှုဆင်ခြင်ရမည်။)**

ရာဟုလာ သင်သည် ကြည့်ရှုဆင်ခြင်သော် "ငါသည် အကြင်အမှုကို **ကိုယ်ဖြင့်ပြုမိပြီ**၊ ငါ၏ဤကိုယ်အမှုသည် မိမိဆင်းရဲခြင်းငှာလည်းဖြစ်၏။ သူတစ်ပါးဆင်းရဲခြင်းငှာလည်း ဖြစ်၏။ မိမိသူတစ်ပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှာလည်းဖြစ်၏။ ဤကိုယ်အမှုသည် အကုသိုလ်တည်း၊ ဆင်းရဲကိုဖြစ်ပွားစေတတ်၏။ ဆင်းရဲသောအကျိုးရှိ၏"ဟု အကယ်၍ သိငြားအံ့၊ **ရာဟုလာ ဤသို့ သဘောရှိသော ကိုယ်အမှုကို သင်သည်ဆရာ့ထံ၌ဖြစ်စေ ပညာရှိတို့ထံ၌ဖြစ်စေ သီတင်းသုံးဖော်တို့ထံ၌ဖြစ်စေ ပြောကြားရမည်။ ဖွင့်ပြရမည်၊ ထင်ရှားပြုရမည်။ ပြောကြား၍ ဖွင့်ပြ၍ ထင်ရှားပြု၍ နောင်အခါ၌ စောင့်ရှောက်ခြင်းသို့ရောက်ရမည်။**

ရာဟုလာ သင်သည် ကြည့်ရှု "ဆင်ခြင်"သော် "ငါသည် အကြင်အမှုကို ကိုယ်ဖြင့် ပြုမိပြီ၊ ငါ၏ ဤကိုယ်အမှုသည် မိမိဆင်းရဲခြင်းငှာလည်း မဖြစ်၊ သူတစ်ပါးဆင်းရဲခြင်းငှာလည်း မဖြစ်၊ မိမိသူတစ်ပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှာလည်းမဖြစ်၊ ဤကိုယ်အမှုသည် ကုသိုလ်တည်း၊ ချမ်းသာကို ဖြစ်ပွားစေတတ်၏။

ချမ်းသာသော အကျိုးရှိ၏”ဟု အကယ်၍ သိငြားအံ့၊ **ရာဟုလာ သင်သည် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ရောညဉ့်ပါ ကျင့်ကြံလျက်နေရာ၏။**

ဤနည်းအတိုင်း **နှုတ်**ဖြင့် ကြည့်ရှုဆင်ခြင်မှု၊ **စိတ်**ဖြင့် ကြည့်ရှုဆင်ခြင်မှုတို့ကို ဟောကြားတော်မူ၏။

ထို့နောက်

ရာဟုလာ ထို့ကြောင့် ဤသာသနာတော်၌ ကြည့်ရှုဆင်ခြင်၍**ကိုယ်အမှု**ကိုသုတ်သင်အံ့၊ ကြည့်ရှုဆင်ခြင်၍ **နှုတ်အမှု**ကို သုတ်သင်အံ့၊ ကြည့်ရှုဆင်ခြင်၍ **စိတ်အမှုကို** သုတ်သင်အံ့”ဟု သင်သည် ဤသို့သာ ကျင့်ရမည်ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောကြားတော်မူ၏။ အရှင်ရာဟုလာသည် မြတ်စွာဘုရား၏ စကားတော်ကို နှစ်သက်ဝမ်းမြောက်လေ၏။

**မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန်**



## မိတ်ဆွေကောင်းအရေးကြီးသည်

မြတ်စွာဘုရားသည် သက္ကတတိုင်း၊ သက္ကရအမည်ရှိသော နိဂုံး၌ သီတင်းသုံးနေတော်မူစဉ် ရှင်အာနန္ဒာက ဤသို့လျှောက်သည်။ “မြတ်စွာဘုရား၊ မိတ်ဆွေကောင်းရှိသည့်အဖြစ်၊ အပေါင်းအသင်းကောင်း ရှိသည့်အဖြစ်၊ အပေါင်းအသင်းကောင်းတို့၌ ကိုင်းရှိုင်းသည့် အဖြစ်သည် မြတ်သောအကျင့်ကို ကျင့်ရာ၌ **ထက်ဝက်အကျိုး ပြီးပါသည် ဘုရား”**

ယင်းသို့ လျှောက်သောအခါ မြတ်စွာဘုရားက “အာနန္ဒာ၊ သည်လိုမပြောနှင့်။ အာနန္ဒာ၊ သည်လို မပြောနှင့်။ အာနန္ဒာ၊ မိတ်ဆွေကောင်းရှိသည့်အဖြစ်၊ အပေါင်းအသင်းကောင်း ရှိသည့်အဖြစ်၊ အပေါင်းအသင်းကောင်းတို့၌ ကိုင်းရှိုင်းသည့် အဖြစ်သည် မြတ်သောအကျင့်ကို ကျင့်ရာ၌ **အလုံးစုံပြီး၏**။ အာနန္ဒာ၊ ဤစကားကို ယခုပြောမည့်အကြောင်း ပရိယာယ်ဖြင့် သိအပ်၏။ အာနန္ဒာ၊ ငါဘုရားတည်းဟူသော မိတ်ဆွေကောင်းကို အကြောင်းပြု၍ ပဋိသန္ဓေနေခြင်း သဘောရှိသောသတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်မြောက်ကုန်၏။ အိုခြင်းသဘောရှိသော

သတ္တဝါတို့သည် အိုခြင်းမှ လွတ်မြောက်ကုန်၏။ သေခြင်းသဘော ရှိသော သတ္တဝါတို့သည် သေခြင်းမှ လွတ်မြောက်ကုန်၏။ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းမှ လွတ်မြောက်ကုန်၏။ အာနန္ဒာ၊ ယခုပြော သည့်အကြောင်း ပရိယာယ်အားဖြင့် မိတ်ဆွေကောင်းရှိသည့်အဖြစ်၊ အပေါင်းအသင်းကောင်း ရှိသည့်အဖြစ်၊ အပေါင်းအသင်းကောင်း တို့၌ ကိုင်းရှိုင်းသည့်အဖြစ်သည် မြတ်သောအကျင့်ကို ကျင့်ရာ၌ **အလုံးစုံအကျိုးပြီး၏** ဟူ၍ သိအပ်၏။

**သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊**
**၁–မဂ္ဂသံယုတ်၊ ၁–အဝိဇ္ဇာဝဂ်၊ ၂–ဥပမုသုတ်။**
**(ဒဂုန်ဦးထွန်းမြင့် ဗုဒ္ဓ၏ဩဝါဒအမြုတေ – ၃၆)**



# မိဘဆိုတာ ဘုရားနှင့်တစ်ဂိုဏ်းတည်း

ရဟန်းတို့၊ ပုဂ္ဂိုလ်လေးမျိုးတို့၏ ပြစ်မှားသော မိုက်မဲ မလိမ္မာသည့် သူယုတ်သည် ဂုဏ်ကို တူးဖြိုဖျက်ဆီးထားသဖြင့် ဂုဏ်မဲ့ဖြစ်သော မိမိကိုယ်ကို အလုပ်အကျွေးပြုနေသူမည်၏။ အပြစ်ရှိသူလည်းဖြစ်၏။ ပညာရှိတို့ကဲ့ရဲ့စွပ်စွဲထိုက်သူလည်း ဖြစ်၏။ များစွာသော မကောင်းမှုတို့ကိုလည်း တိုးပွားစေ၏။

အဘယ်ပုဂ္ဂိုလ်လေးမျိုးတို့နည်းဟူမူ–

ရဟန်းတို့၊ **အမိ၌ပြစ်မှားသော** မိုက်မဲမလိမ္မာသည့် သူယုတ် သည် ဂုဏ်ကို တူးဖြိုဖျက်ဆီးထားသဖြင့် ဂုဏ်မဲ့ဖြစ်နေသော မိမိကိုယ်ကို အလုပ်အကျွေးပြုနေသူ မည်၏။ အပြစ်ရှိသူလည်း ဖြစ်၏။ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲထိုက်သူလည်း ဖြစ်၏။ များစွာသော မကောင်းမှုကိုလည်း တိုးပွားစေ၏။ **အဖ၌ ပြစ်မှားသော၊ မြတ်စွာဘုရား၌ ပြစ်မှားသော၊ မြတ်စွာဘုရား၏ တပည့်သာဝက၌ ပြစ်မှားသော** မိုက်မဲမလိမ္မာသည့် သူယုတ်သည် ဂုဏ်ကို တူးဖြို ဖျက်ဆီးထားသဖြင့် ဂုဏ်မဲ့ဖြစ်နေသော မိမိကိုယ်ကိုအလုပ်အကျွေး

ပြနေသူမည်၏။ အပြစ်ရှိသူလည်း ဖြစ်၏။ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲထိုက်သူလည်းဖြစ်၏။ များစွာသော မကောင်းမှုကိုလည်း တိုးပွားစေ၏။

ရဟန်းတို့၊ ဤပုဂ္ဂိုလ်လေးမျိုးတို့၌ ပြစ်မှားသော မိုက်မဲ မလိမ္မာသည့် သူယုတ်သည် ဂုဏ်ကို တူးဖြိုဖျက်ဆီးထားသဖြင့် ဂုဏ်မဲ့ဖြစ်နေသော မိမိကိုယ်ကို အလုပ်အကျွေး ပြုနေသူမည်၏။ အပြစ်ရှိသူလည်းဖြစ်၏။ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲထိုက်သူလည်း ဖြစ်၏။ များစွာသော မကောင်းမှုကိုလည်း တိုးပွားစေ၏။

ရဟန်းတို့၊ ပုဂ္ဂိုလ်လေးမျိုးတို့၌ ကောင်းစွာကျင့်သော ပညာရှိလူလိမ္မာ သူတော်ကောင်းပုဂ္ဂိုလ်သည် ဂုဏ်ကို မတူးဖြို မဖျက်ဆီးသဖြင့် ဂုဏ်ရှိနေသော မိမိကိုယ်ကို အလုပ်အကျွေး ပြုနေသူမည်၏။ အပြစ်မရှိသူလည်း ဖြစ်၏။ ပညာရှိတို့မကဲ့ရဲ့ မစွပ်စွဲထိုက်သူလည်းဖြစ်၏။ များစွာသော ကောင်းမှုတို့ကိုလည်း တိုးပွားစေ၏။

အဘယ်ပုဂ္ဂိုလ် လေးမျိုးတို့နည်းဟူမူ အမိ၌ကောင်းစွာကျင့်သော၊ အဖ၌ ကောင်းစွာကျင့်သော၊ မြတ်စွာဘုရား၌ ကောင်းစွာကျင့်သော၊ မြတ်စွာဘုရား၏ တပည့်သာဝက၌ ကောင်းစွာကျင့်သော ပညာရှိလူလိမ္မာသူတော်ကောင်း ပုဂ္ဂိုလ်သည် ဂုဏ်ကို မတူးဖြို မဖျက်ဆီးသဖြင့် ဂုဏ်ရှိသော မိမိကိုယ်ကို အလုပ်အကျွေး ပြုနေသူမည်၏။ အပြစ်မရှိသူလည်းဖြစ်၏။ ပညာရှိတို့ မကဲ့ရဲ့ မစွပ်စွဲထိုက်သူလည်းဖြစ်၏။ များစွာသော ကောင်းမှုကိုလည်း တိုးပွားစေ၏။



ရဟန်းတို့၊ ဤပုဂ္ဂိုလ်လေးမျိုးတို့၌ ကောင်းစွာကျင့်သော ပညာရှိ လူလိမ္မာသူတော်ကောင်းပုဂ္ဂိုလ်သည် ဂုဏ်ကို မတူးဖြို မဖျက်ဆီးသဖြင့် ဂုဏ်ရှိနေသော မိမိကိုယ်ကို အလုပ်အကျွေး ပြုနေသူမည်၏။ အပြစ်မရှိသူလည်းဖြစ်၏။ ပညာရှိတို့ မကဲ့ရဲ့ မစွပ်စွဲထိုက်သူလည်း ဖြစ်၏။ များစွာသော ကောင်းမှုကိုလည်း တိုးပွားစေ၏။

စတုက္ကအင်္ဂုတ္တိုရ်–၁, ဘဏ္ဍာဂါမဝဂ်၊
၄–ဒုတိယ ခတသုတ်။
ဒဂုန်ဦးထွန်းမြင့် ဗုဒ္ဓ၏ဩဝါဒ အမြုတေ–၁၄၆

## ဘယ်လိုပြောပြော မေတ္တာမပျက်နှင့်

ရဟန်းတို့၊ သင်တို့ကို အခြားသူများကပြောနိုင်သော စကားပြောပုံ ပြောနည်း ငါးမျိုးရှိ၏။

၁။ အခါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပြောမည်။

၂။ ဟုတ်မှန်သောအားဖြင့် ဖြစ်စေ၊ မဟုတ်မှန်သောအားဖြင့်ဖြစ်စေပြောမည်။

၃။ သိမ်သိမ်မွေ့မွေ့ဖြစ်စေ၊ ကြမ်းကြမ်းတမ်းတမ်းဖြစ်စေ ပြောမည်။

၄။ အကျိုးသင့်အကြောင်းသင့်ဖြစ်စေ၊ အကျိုးသင့်အကြောင်းသင့် မဟုတ်ဘဲဖြစ်စေ ပြောမည်။

၅။ မေတ္တာစိတ်ဖြင့်ဖြစ်စေ၊ ဒေါသစိတ်ဖြင့်ဖြစ်စေပြောမည်။

ဤသို့ သင်တို့ကိုအခြားသူများက ပြောနိုင်သော စကားပြောပုံ ပြောနည်း ငါးမျိုးရှိ၏။

ရဟန်းတို့၊ သင်တို့ကို ပြောဆိုသောသူတို့သည် အခါဟုတ်သောအားဖြင့်သော်လည်း ပြောဆိုကုန်ရာ၏။ အခါမဟုတ်ဘဲသော်လည်း ပြောဆိုကုန်ရာ၏။ ဟုတ်မှန်သောအားဖြင့်သော်လည်း



ပြောဆိုကုန်ရာ၏။ မဟုတ်မမှန်ဘဲသော်လည်း ပြောဆိုကုန်ရာ၏။ သိမ်မွေ့စွာဖြင့်သော်လည်း ပြောဆိုကုန်ရာ၏။ ကြမ်းတမ်းစွာဖြင့်သော်လည်း ပြောဆိုကုန်ရာ၏။ အကျိုးသင့်အကြောင်းသင့်အားဖြင့်သော်လည်း ပြောဆိုကုန်ရာ၏။ အကျိုးသင့်အကြောင်းသင့် မဟုတ်ဘဲသော်လည်း ပြောဆိုကုန်ရာ၏။ မေတ္တာစိတ်ဖြင့် သော်လည်း ပြောဆိုကုန်ရာ၏။ ဒေါသစိတ်ဖြင့်သော်လည်း ပြောဆိုကုန်ရာ၏။

ရဟန်းတို့၊ ထိုသို့ စကားပြောပုံပြောနည်း ငါးမျိုးဖြင့် ပြောဆိုလာရာ၌လည်း သင်တို့သည် ဤသို့ ကျင့်သုံးရမည်။ **သူပြောဆိုချက်ကြောင့် ငါတို့သည် စိတ်တစ်မျိုးတစ်မည် မဖြစ်ကုန်အံ့၊ ယုတ်ညံ့သော စကားကိုလည်း မမြွက်ဆိုကုန်အံ့။ သူ့အကျိုးစီးပွားကို ငဲ့ညှာလျက် မေတ္တာစိတ်ထားကာ စိတ်မဆိုးဘဲ နေကြကုန်အံ့။ ထိုပုဂ္ဂိုလ် အပေါ်၌လည်း မေတ္တာစိတ်ပို့လွှတ်၍ နေကုန်အံ့။ ထိုပုဂ္ဂိုလ်ကို "မူ" ထား၍ တစ်လောကလုံးရှိ သတ္တဝါအားလုံးကို မေတ္တာစိတ်၏ အာရုံအဖြစ်ထားလျက် အပိုင်းအခြားမရှိ ကျယ်ပြန့်သောရန်ငြိုးလိုမှု၊ ဒုက္ခဖြစ်စေလိုမှု ကင်းသော မေတ္တာစိတ်ဖြင့် ဖြန့်၍ နေကြကုန်အံ့ဟူ၍ ကျင့်သုံးရမည်။**

(မူလပဏ္ဏာသ၊ ၃-ဩပမ္မဝဂ်၊ ၁-ကကစူပမသုတ်။
ဒဂုန်ဦးထွန်းမြင့် ဗုဒ္ဓ၏အမြွတော-၁၀၇)

## ကိုယ့်ကိုယ်ကိုယ် စောင့်မှ လုံခြုံသည်

ဒကာတော်မင်းကြီး ကိုယ်ဖြင့် မကောင်းမှုကို ပြုသောသူ **(မကောင်းသော အလုပ်ကို လုပ်သောသူ)**၊ နှုတ်ဖြင့် မကောင်းမှုကို ပြုသောသူ **(မကောင်းသောစကားကိုပြောသောသူ)**၊ စိတ်ဖြင့် မကောင်းမှုကို ပြုသောသူ**(မကောင်းသော အကြံကို ကြံသောသူ)** တို့သည် မိမိကိုယ်မိမိ စောင့်ရှောက်သူများ မဟုတ်ချေ။ ထိုသူတို့သည် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်ကြီးများဖြင့် စောင့်ရှောက်ထားစေကာမူ မိမိကိုယ်ကို မိမိစောင့်ရှောက်သူများ မဟုတ်ကြချေ။ အကြောင်းသော်ကား ထိုဆင်တပ်မြင်းတပ် ရထားတပ် ခြေလျင်တပ် အစောင့်အရှောက်များသည် အပြင်ပ အစောင့်အရှောက်သာဖြစ်၍ အတွင်းအစောင့်အရှောက်များ မဟုတ်သောကြောင့်တည်း။ သို့ဖြစ်၍ ထိုတပ်များဖြင့် စောင့်ရှောက်ထားသော်လည်း စောင့်ရှောက်အပ်သူဟု မဆိုနိုင်ချေ။

ဒကာတော်မင်းကြီး၊ ကိုယ်ဖြင့် ကောင်းသောအမှုကို ပြုသောသူ၊ နှုတ်ဖြင့် ကောင်းသောအမှုကို ပြုသောသူ၊ စိတ်ဖြင့် ကောင်းသောအမှုကို ပြုသောသူတို့သည် မိမိကိုယ်ကိုမိမိ စောင့်



ရှောက်သူများ ဖြစ်သည် ထိုသူတို့သည် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်ဖြင့် မစောင့်ရှောက်အပ်သော်လည်း မိမိကိုယ်မိမိ စောင့်ရှောက်သူများသာ ဖြစ်သည်။ အကြောင်းသော်ကား ဤသို့ ကံသုံးပါး လုံခြုံအောင်စောင့်ရှောက်မှုသည်အတွင်း အစောင့်အရှောက်ဖြစ်၍၊ အပြင်ပ အစောင့်အရှောက် မဟုတ်သောကြောင့်တည်း။ သို့ဖြစ်၍ ထိုသူတို့သည် မိမိကိုယ်ကိုမိမိ စောင့်ရှောက်သူများသာဖြစ်သည်။

ကိုယ်ကို စောင့်စည်းခြင်းသည် ကောင်း၏။ နှုတ်ကိုစောင့်စည်းခြင်းသည် ကောင်း၏။ စိတ်ကို စောင့်စည်းခြင်းသည် ကောင်း၏။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးကို စောင့်စည်းခြင်းသည် ကောင်း၏။ **ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးလုံးကို စောင့်စည်းသည့် အရှက်ရှိသောသူကို မိမိကိုယ်ကို မိမိစောင့်ရှောက်သူဟု ဆိုအပ်၏။**

သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၊
၃–ကောသလ သံယုတ်၊ ၅–အတ္တရက္ခိတသုတ်။
(ဒဂုန်ဦးထွန်းမြင့်– ဗုဒ္ဓ၏ဩဝါဒ အမြုတေ–၇၄)

## ကံကိုချည်း လွှဲမချနှင့်

ရဟန်းတို့၊ သတ္တဝါ တစ်စုံတစ်ယောက် တွေ့ကြုံခံစားရသည့် ချမ်းသာဆင်းရဲနှင့်၊ ချမ်းသာဆင်းရဲမဟုတ်သော အရာဟူသမျှသည် ရှေးကပြုခဲ့ဖူးသောအကြောင်း (အတိတ်ကံ)ကြောင့်သာလျှင် ဖြစ်သည်ဟု ပြောလေ့ယူလေ့ရှိသော သမဏဗြာဟ္မဏ (ရဟန်းပုဏ္ဏား)အချို့တို့ ရှိကြသည်။ ထိုသူတို့ထံသို့ ငါဘုရားသွားရောက်ပြီးလျှင်–

"အရှင်တို့၊ သင်တို့သည် သတ္တဝါတစ်စုံတစ်ယောက် တွေ့ကြုံခံစားရသည့် ချမ်းသာဆင်းရဲနှင့် ချမ်းသာဆင်းရဲ မခေါ်ရသော အရာဟူသမျှသည် ရှေးကပြုခဲ့ဖူးသော အကြောင်း **(အတိတ်ကံ)**ကြောင့်သာလျှင် ဖြစ်သည်ဟု ပြောလေ့ယူလေ့ရှိကြသည်မှာ မှန်သလော"ဟု မေးတော်မူသည်။

ဤသို့မေးသောအခါ ထိုသမဏ ဗြာဟ္မဏတို့က မှန်ပါသည်ဟု ဝန်ခံကြသည်။

ထိုသူတို့ကို ငါသည် ဤသို့ဆို၏။



"အရှင်တို့၊ ယင်းတို့ဖြစ်လျှင် သူ့အသက် သတ်လေ့ရှိသော သူတို့သည်လည်း ရှေးကပြုခဲ့ဖူးသောအကြောင်း**(အတိတ်ကံ)**ကြောင့်သာသတ်ခြင်းဖြစ်သည်ဟု ဆိုရလိမ့်မည်။ သူ့ဥစ္စာကို ခိုးလေ့ရှိသောသူတို့သည်လည်း ရှေးကပြုခဲ့ဖူးသော အကြောင်း **(အတိတ်ကံ)**ကြောင့်သာ ခိုးခြင်းဖြစ်သည်ဟုဆိုရလိမ့်မည်။ မမြတ်သော မေထုန်အကျင့်ကို ကျင့်သောသူတို့သည်လည်း ရှေးကပြုခဲ့ဖူးသောအကြောင်း **(အတိတ်ကံ)**ကြောင့်သာ ကျင့်ခြင်းဖြစ်သည်ဟု ဆိုရလိမ့်မည်။ လိမ်လည်ပြောလေ့ရှိသော သူတို့သည်လည်းရှေးက ပြုခဲ့ဖူးသော အကြောင်း**(အတိတ်ကံ)**ကြောင့်သာ ပြောခြင်းဖြစ်သည်ဟု ဆိုရလိမ့်မည်။ ကုန်းတိုက်သောသူ၊ ရန့်ရင်းကြမ်းတမ်းသောစကားကို ပြောသောသူ၊ အဆန်မဲ့သောစကားကို ပြောသောသူ၊ သူ့စည်းစိမ်ကို တပ်မက်သောသူ၊ သူတစ်ပါးကို ပျက်စီးစေလိုစိတ် ရှိသောသူ၊ မှားသောအယူရှိသော သူတို့သည်လည်း ရှေးကပြုခဲ့ဖူးသောအကြောင်း **(အတိတ်ကံ)**ကြောင့်သာ လိမ်ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းသော စကားကိုပြောခြင်း၊ အဆန်မဲ့စကားကိုပြောခြင်း၊ သူ့စည်းစိမ်ကို တပ်မက်ခြင်း၊ သူတစ်ပါး ပျက်စီးစေလိုစိတ်ရှိခြင်း၊ အယူမှားခြင်းဖြစ်သည်ဟု ဆိုရလိမ့်မည်"

ရဟန်းတို့၊ ရှေးက ပြုခဲ့ဖူးသောအကြောင်း **(အတိတ်ကံ)**ကိုသာ အခိုင်အမြဲစွဲလမ်းယုံကြည်ထားသော သူတို့အား ဤအမှုကို ပြုလုပ်သင့်သည်၊ ဤအမှုကို မပြုလုပ်သင့်ဟူ၍ လုပ်သင့်သော အလုပ်ကိုလုပ်ရန်၊ မလုပ်သင့်သော အရာကို ရှောင်ရန်ဟူသော

ပြုချင်စိတ်လည်းရှိတော့မည်မဟုတ်၊ အားထုတ်မှု လုံ့လဝီရိယလည်း ရှိတော့မည်မဟုတ်ပေ။ ယင်းသို့ ပြုလုပ်သင့် မပြုလုပ်သင့်ဟူသည်ကို မှန်ကန်စွာ အခိုင်အမာမရရှိခဲ့လျှင် **(သတိထားပြီး စောင့်စည်းမှု ရှိတော့မည် မဟုတ်ပေ။)** သတိလွတ်ကင်းလျက် စောင့်စည်းမှုမရှိဘဲ နေသောသူအား သီးခြားအကြောင်းနှင့်တကွ လူကောင်းသူကောင်းဟု ဆိုစရာ သမဏဝါဒသည် ရှိတော့မည် မဟုတ်ပေ”

(လူကောင်းသူကောင်းလည်း ရှေးက ပြုခဲ့သောအကြောင်းကြောင့်ဖြစ်သည်၊ မကောင်းသောသူလည်း ရှေးကပြုခဲ့သောအကြောင်းကြောင့်ဖြစ်သည်ဟု ဆိုဖို့သာရှိတော့သည်ဟူလို။)

**တိကအင်္ဂုတ္တိုရ်ပါဠိတော်၊ ဒုတိယပဏ္ဏာသက၊**
**၂-မဟာဝဂ်၊ ၁-တိတ္ထာယတနသုတ်။**
**(ဒဂုန်ဦးထွန်းမြင့်-ဗုဒ္ဓ၏ဩဝါဒအမြုတေ-၅၀)**



# ကြီးပွားချင်လျှင် စိတ်ကို သတိထား

ရဟန်းတို့၊ မိမိအကျိုးစီးပွားကို အလိုရှိသောသူသည် အချက်လေးခု၌ မမေ့မလျော့ သတိထားပြီး စိတ်ကို စောင့်ရှောက်ရမည်။ အဘယ်အချက်လေးခုနည်းဆိုသော်-

၁။ တပ်မက်စရာ အာရုံတို့၌ ငါ့စိတ်သည် **မတပ်မက်စေလင့်**ဟု မမေ့မလျော့သတိထားပြီး စိတ်ကို စောင့်ရှောက်ရမည်။

၂။ အမျက်ထွက်စရာ ကိစ္စတို့၌ ငါ့စိတ်သည် **အမျက်မထွက်စေလင့်**ဟု မမေ့မလျော့ သတိထားပြီး စိတ်ကို စောင့်ရှောက်ရမည်။

၃။ တွေဝေစရာ ကိစ္စတို့၌ ငါ့စိတ်သည် **မတွေဝေစေလင့်**ဟု မမေ့မလျော့သတိထားပြီး စိတ်ကို စောင့်ရှောက်ရမည်။

၄။ မာန်ယစ်စရာအကြောင်းတို့၌ ငါ့စိတ်သည် **မာန်မယစ်စေလင့်**ဟု မမေ့မလျော့ သတိထားပြီး စိတ်ကို စောင့်ရှောက်ရမည်။

ရဟန်းတို့၊ မိမိအကျိုးစီးပွားကို အလိုရှိသောသူသည် ဤအချက်လေးခု၌ မမေ့မလျော့ သတိထားပြီး စိတ်ကို စောင့်ရှောက်ရမည်။

စတုက္ကအင်္ဂုတ္တိုရ်၊ တတိယပဏ္ဏာသက၊
၃-ကောသိဝဂ်၊ ၇-အာရက္ခသုတ်။
(ဒဂုန်ဦးထွန်းမြင့်-ဗုဒ္ဓ၏ဩဝါဒအမြုတေ- ၆၉)



## မေတ္တာခြုံမှလုံသည်

သတ္တဝါအားလုံးအပေါ် မေတ္တာစိတ်ထားသောသူလည်း သူတစ်ပါးကို မညှဉ်းဆဲမသတ်ဖြတ်၊ ညှဉ်းဆဲသတ်ဖြတ်ရန်လည်း မတိုက်တွန်း၊ သူတစ်ပါးကိုလည်း အနိုင်မကျင့်၊ သူတစ်ပါးကို မရှုံးစေ။ ထိုပုဂ္ဂိုလ်မျိုးမှာ မည်သည့်အကြောင်းကြောင့်မျှ သေးရန် မဖြစ်နိုင်။

ဣတိဝုတ်၊ မေတ္တာဘာဝနာသုတ်။

## စစ်တိုက်ခြင်းဖြင့် ငြိမ်းချမ်းရေးမရနိုင်

ငြိမ်းချမ်းရေးဟူသော အကျိုးတရားကို ဘုရင်ကိုယ်တိုင် ဦးစီး၍ စစ်တပ်ကြီးချီကာ တိုက်ခိုက်သော်လည်း မရနိုင်ပေ။ ငြိမ်းချမ်းရေးအကျိုးကို သည်းခံခြင်းတရား လက်ကိုင်ထားသော သူတော်ကောင်းသာ ရနိုင်ပေသည်။ ရန်ဟူသမျှသည် သည်းခံခြင်း အင်အားကြောင့်သာ ငြိမ်းကုန်၏။

သရဘင်္ဂဇာတ် ၅၂၂။

## မိဘကိုပစ်မထားနှင့်

အိုမင်းမစွမ်း ဖြစ်နေသည့် မိအိုဖအိုတို့ကို ကျွေးမွေးပြုစု နိုင်သည့် အခြေအနေရှိလျက် မကျွေးမွေး မပြုစုသော သူသည် သူယုတ်။

သုတ္တနိပါတ်၊ ဝသလသုတ်။



## အကျင့်စာရိတ္တကောင်းပို့အရေးကြီးသည်

အမျိုးအနွယ် ကြီးမြင့်ခြင်း၊ ရုပ်အဆင်းလှပခြင်းသည် အချည်းနှီးသာဖြစ်၏။ ကိုယ်ကျင့်သီလရှိခြင်းသာလျှင် မြတ်၏။ ကိုယ်ကျင့်သီလမရှိလျှင် တတ်ထားသော အတတ်ပညာမျှဖြင့် မကြီးပွားနိုင်။

သီလဝီမံသဇာတ် ၃၆၂။

## အသွားမတော်တစ်လှမ်း

အချိန်မတော် လည်ပတ်သောသူသည် မိမိ၏လုံခြုံရေး အတွက်လည်း စိတ်မချရ၊ အိမ်က သားမယားတို့၏ လုံခြုံရေး အတွက်လည်း စိတ်မချရ၊ ပစ္စည်းဥစ္စာတို့၏ လုံခြုံရေးအတွက် လည်း စိတ်မချရ။ မှုခင်းကိစ္စဖြစ်ပေါ်လျှင် မသင်္ကာခံရတတ်၏။ မဟုတ်ဘဲနှင့် စွပ်စွဲခံရတတ်၏။ အချိန်မတော်လည်ပတ်ခြင်း သည် ဒုက္ခအမျိုးမျိုး၏ ရှေ့ပြေးပင်ဖြစ်၏။

သုတ်ပါထေယျ၊ သိင်္ဂါလောဝါဒသုတ်။

## ပြဿဒါး ရက်ရာဇာ ရွေးမနေနှင့်

နက္ခတ်ကောင်း မကောင်း တွက်ချက်စဉ်းစားနေသော လူမိုက်ကို အခွင့်အရေး အကျိုးစီးပွားများက ကျော်လွန်သွားလေသည်။ အကျိုးစီးပွားကို လိုချင်သူအတွက် အကျိုးရှိသောအလုပ်သည်ပင် နက္ခတ်ကောင်းဖြစ်၏။ **ကောင်းကင်က ကြယ်တာရာတို့က ဘာလုပ်နိုင်ကြမည်နည်း။**

ဇာတက၊ နက္ခတ္တဇာတ် ၄၉။



## ကောင်းသောစကား

ရဟန်းတို့၊ အင်္ဂါငါးပါးနှင့် ညီညွတ်သော စကားသည် ကောင်းသောစကားဖြစ်၏။ မကောင်းသောစကားမဟုတ်၊ အပြစ်မရှိသောစကားဖြစ်၏။ ပညာရှိတို့ မကဲ့ရဲ့အပ်သောစကားဖြစ်၏။ အဘယ်အင်္ဂါငါးပါးနည်းဆိုသော်–

၁။ ပြောသင့်သောအခါ၌ ပြောဆို၏။

၂။ မှန်ကန်စွာ ပြောဆို၏။

၃။ သိမ်မွေ့စွာပြောဆို၏။

၄။ အကျိုးစီးပွားနှင့်စပ်၍ ပြောဆို၏။

၅။ မေတ္တာစိတ်ဖြင့်ပြောဆို၏။

ဤငါးပါးတို့ပင် ဖြစ်၏။

ပဉ္စကအင်္ဂုတ္တိုရ်၊ ဝါစာသုတ်။

## လောကီလောကုတ္တရာကြီးပွားခြင်းအကြောင်းခြောက်ပါး

ကိုယ်ရောစိတ်ပါ ကျန်းမာခြင်း၊ ကိုယ်ကျင့်သီလရှိခြင်း၊ ပညာရှိတို့၏အဆုံးအမကို လိုက်နာခြင်း၊ အကြားအမြင် ဗဟုသုတ များခြင်း၊ ဒုစရိုက်ကို ရှောင်၍ သုစရိုက်တရားအတိုင်းကျင့်သုံးခြင်း၊ မပျင်းရိခြင်း၊ ဤခြောက်ပါးတို့သည် လောကီလောကုတ္တရာ နှစ်ဖြာသော ကြီးပွားခြင်း၏အကြောင်းများပင် ဖြစ်၏။

အင်္ဂုတ္တိုရ်အဋ္ဌကထာ ၈၄၊

## စည်းစိမ်ဥစ္စာပျက်စီးခြင်း

ရဟန်းတို့၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းသည် ဆိုလတ္တံ့သော အကြောင်းလေးမျိုးကြောင့်သော်လည်းကောင်း၊ ၎င်းလေးမျိုး အနက် တစ်မျိုးမျိုးကြောင့်သော်လည်းကောင်း၊ ဖြစ်၏။ ၁- ပျောက်သည်ကိုမရှာဖွေ၊ ၂-ပျက်သည်ကို မပြင်၊ ၃-အတိုင်း အရှည်မရှိ သုံးစွဲသည်၊ ၄- အကျင့်စာရိတ္တမကောင်းသူကို မအုပ်ချုပ်ခိုင်းသည်။

စတုက္ကအင်္ဂုတ္တိုရ်၊ ကုလသုတ်။



## အရွယ်လွန်မှ နောင်တရ

အရွယ်ရှိတုန်း သူတော်ကောင်းတရားကိုလည်း မကျင့်မိ၊ ပစ္စည်းဥစ္စာလည်း မစုမိလျှင်၊ အရွယ်လွန်သောအခါ ရေလည်းခန်း ငါးလည်းကုန်နေသော ညွန်အိုင်ထဲကအတောင်ကျိုးသည့်ကြိုးကြာ အိုကြီးလို မှိုင်တွေချကာ နောင်တ ရတတ်လေသည်။

ဓမ္မပဒ၊ ဇရာဝဂ်။

ဒေါက်တာဦးထွန်းမြင့် ဗုဒ္ဓ၏ဩဝါဒအမြုတေ

**၅၁။ မြတ်စွာဘုရားရှင်အား မာရ်နတ်က အာယုသင်္ခါရ လွှတ်တော် မူရန် တောင်းပန်ခြင်း။**

မြတ်စွာဘုရားသည် ဝေသာလီပြည်ရှိ စာပါလစေတီ နတ်ကွန်း၌ သီတင်းသုံးတော်မူစဉ်၊ အရှင်အာနန္ဒာ ရေဆောင်ခြင်းငှာ သွားသည့်အခိုက်တွင် မာရ်နတ်မင်းသည် နတ်ပြည်မှဆင်းလာ၍၊ ဘုရားရှင်အား

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား အရှင်သူမြတ်သည် ပရိနိဗ္ဗာန်ပြုခါတန်ပါပြီ၊ ပရိနိဗ္ဗာန်စံတော်မူပါလော့" ဟု လျှောက်၏။

ဘုရားသခင်လည်း အစဉ်ပွင့်လေကုန်သော နောင်တော်ဘုရားတို့၏ အာယုသင်္ခါရသည် အဘယ်မျှ တည်တံ့သနည်းဟု ရှုတော်မူသော်၊ ရှေးနောင်တော်ဘုရားတို့ ပွင့်သောကာလ လူတို့၏အသက်တမ်းကို ငါးဖို့ပြု၍လေးစုမျှသာ တည်တော်မူသည်ကို မြင်သဖြင့် ဗုဒ္ဓဝင်ထုံးတမ်းကို ငါလည်း မလွန်ထိုက်ချေဟု နှလုံးပြုတော်မူလျက်

"ဟယ်...မာရ်နတ်ယုတ် သင် အဘယ်ကို စိုးရိမ်သနည်း၊ မကြောင့်ကြလင့် မမြင့်မီပင် ငါ ပရိနိဗ္ဗာန်စံတော်မူအံ့၊ ဤကာလမှ သုံးလလွန်သောအခါ ငါဘုရား ပရိနိဗ္ဗာန်ပြုအံ့"ဟု မိန့်တော်မူလိုက်၏။ မာရ်နတ်လည်း ထိုအကြောင်းကို တောင်းပန်ပြီးလျှင် ဘုရားရှင်ရှေ့တော်မှ ကွယ်ခဲ့၏။

ဘုရားရှင်ကိုယ်တော်မြတ်သည် ထိုအရပ်ဌာန



ထိုခဏ၌ပင် သတိသမ္ပဇဉ်ယှဉ်တော်မူကာ အာယုသင်္ခါရကို လွှတ်ခြင်းငှာ အာရုံရှိသော သမာပတ်တို့ ဝင်တော်မူ၏။ ထိုသမာပတ်၏အာနုဘော်ကြောင့် မဟာပထဝီမြေကြီးသည် ကြည်းဟည်းတုန်လှုပ်၏။ ဘဝင်္ဂမိုးဖြင့် ပွဲတင်ထပ်မျှတော်လည်း၏။

(မိနုဋ္ဌပကာသနီ-၄၇၆)

**၅၂။ မြတ်စွာဘုရားရှင်အား အရှင်အာနန္ဒာလျှောက်ထားမှုကြောင့် ဟောကြားသော မြေလှုပ်ရကြောင်းရှစ်ပါး**

(၁) ချစ်သားအာနန္ဒာ ယူဇနာနှစ်သိန်းလေးသောင်းရှိသော ဤမြေကြီးသည် ရေထုအထက်၌တည်၏၊ ထိုရေသည် လေထုအထက်တည်၏။ ထိုလေသည် ကောင်းကင်ပြင်၌တည်၏။ ထိုသို့တည်ရာ၌ အောက်ပါဝါယောဓာတ်သည် အလွန်မှုတ်လေက အထက်ရေလှုပ်သည်၊ ရေလှုပ်သဖြင့် မြေလှုပ်ခြင်းဖြစ်သည်။ ဤသို့ လှုပ်ခြင်းလည်း အကြောင်းတစ်ပါး။

(၂) ဤလောက၌ တန်ခိုးအာနုဘော်နှင့်ပြည့်စုံသော ဈာန်အဘိညာဉ်၌ လေ့လာကုန်သော ရဟန်း၊ ပုဏ္ဏားတို့သည်လည်း ရှိကုန်၏။ တန်ခိုးအာနုဘော်ကြီး၍ အလိုအတိုင်း ပြီးကုန်သော နတ်တို့သည်လည်း ရှိကုန်၏။ ထိုရဟန်း, ပုဏ္ဏား, နတ်သားတို့သည် မိမိတို့၏ တန်ခိုးအာနုဘော်ဖြင့် လှုပ်စေကုန်၏။ ဤလည်းအကြောင်းတစ်ပါး။

(၃) ဘုရားအလောင်းတို့သည် နတ်ပြည်မှ စုတေလာ၍ မယ်တော်ဝမ်း၌ ပဋိသန္ဓေနေသောအခါ မဟာပထဝီ မြေကြီးသည် ကောင်းချီးပေးလေသောအားဖြင့် လှုပ်သည်လည်း အကြောင်းတစ်ပါး။

(၄) ဘုရားအလောင်းတို့ မယ်တော်ဝမ်းမှ ဖွားသောအခါ သတ္တဝါတို့ကို သိစေသောအားဖြင့် မြေလှုပ်သည်လည်း အကြောင်းတစ်ပါး။

(၅) ဘုရားသခင်တို့ သဗ္ဗညုတဉာဏ်ကို ရသောအခါ သာဓုနမော်ခေါ်ဘိသကဲ့သို့ အံ့ဩချီးမွမ်းခြင်းငှာ မဟာပထဝီလှုပ်သည်လည်း အကြောင်းတစ်ပါး။

(၆) ထိုဘုရားတို့ တရားဓမ္မစကြာဟောသောအခါ မင်္ဂလာအထူးဖြစ်စိမ့်သောငှာ မဟာပထဝီလှုပ်သည်လည်း အကြောင်းတစ်ပါး။

(၇) ဘုရားသခင်တို့ နိဗ္ဗာန်ဝင်အံ့သောငှာ အာယုသင်္ခါရ လွှတ်တော်မူသည်ကို ထိုထိုလူနတ်တို့သိကြ သံဝေဂကို ရစိမ့်သောငှာ မဟာပထဝီ လှုပ်သည်လည်းအကြောင်း တစ်ပါး။

(၈) ဘုရားသဗ္ဗညုတို့သည် အနုပါဒိသေသနိဗ္ဗာန်စံတော်မူသောအခါ ထိတ်လန့်လေသောအခြင်းအရာဖြင့် မဟာပထဝီလှုပ်သည်လည်း အကြောင်းတစ်ပါး ဤရှစ်ပါးတို့ပင်တည်းဟု ဟောတော်မူ၏။

**(ဒီနဋ္ဌပကာသနီ-၄၇၈)**



## ၅၃။ အရှင်အာနန္ဒာ တောင်းပန်ခြင်း

"မဟာဓမ္မရာဇ် ဖြစ်တော်မူသော မြတ်စွာဘုရား လူနတ်တို့၏ အကျိုးစီးပွားများစိမ့်သောငှာ ပါရမီဖြည့်ခဲ့ပါလျက် လျင်စွာ ပရိနိဗ္ဗာန်ပြုတော်မမူပါလင့် အာယုကပ်ပတ်လုံး တည်တော်မူပါ"ဟု ထပ်ကာထပ်ကာ သုံးကြိမ်မြောက်အောင်တောင်းပန်၏။

ဘုရားရှင်ကိုယ်တော်မြတ်ကလည်း "ချစ်သားအာနန္ဒာ ယခုအခါ သင်တောင်းပန်လာခြင်းသည် အခွင့်မဟုတ်ပြီ" ဟု မိန့်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာလည်း ပြင်းစွာသော ဓမ္မသံဝေဂသည် ဖြစ်၏။

## ၅၄။ ဝက်ပျို့သားမှတ်တမ်း

မြတ်စွာဘုရားရှင်သည် ၄၅ ဝါ ကာလပတ်လုံး ကျွတ်ထိုက်သော (ဝေနေယျ)သတ္တဝါတို့ကို တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူ၍ ပရိနိဗ္ဗာန်ပြုရန် **ကုသိနာရုံပြည်**သို့ ကြွတော်မူလာ၏။ **မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် အဖိတ်နေ့ညနေတွင်** ကုသိနာရုံမြို့၏ အရှေ့ဘက် ၆ မိုင် (၃-ဂါဝုတ်)ခန့်အကွာ **ပါဝါမြို့**သို့ ရောက်တော်မူ၏။ ပါဝါမြို့တွင် **စုန္ဒ**အမည်ရှိ ရွှေပန်းထိမ်သည်၏ သရက်ဥယျာဉ်၌ တစ်ညမျှ ကွန်းခိုနားနေတော်မူ၏။ စုန္ဒသူကြွယ်သည် မြတ်စွာဘုရားရှင်အား ဖူးမြော်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား နောက်နေ့အတွက် ဆွမ်းဘုဉ်းပေးရန်ပင့်သည်။ **စုန္ဒ**သည် မြတ်စွာဘုရားအား

ဆွမ်းကပ်ရန် ညဦးကပင် အလွန်နူးညံ့သော ဝက်ပျိုသားဟင်းကို စီမံထား၏။ နံနက်မိုးသောက်အခါ ကဆုန်လပြည့်နေ့ မြတ်စွာဘုရားနှင့်တကွ သံဃာတော်များကို ဆွမ်းဘုဉ်းပေးပင့်၏။ မြတ်စွာဘုရားရှင်သည် ဝက်ပျိုသားဟင်းကို ရဟန်းသံဃာများအား မကပ်စေရ၊ အခြားဆွမ်းဟင်းများကိုသာ ကပ်လှူစေ၏။ မြတ်စွာဘုရားဘုဉ်းပေး၍ ပိုလျှံသော ဝက်ပျိုသားဟင်းကို မည်သူမျှ စားခွင့်မပြုဘဲ ကျင်းတူး၍ မြှုပ်စေ၏။ အကြောင်းမှာ ထိုဝက်ပျိုသားဟင်းကို နတ်ဗြဟ္မာတို့ နတ်ဩဇာစုပေါင်းထည့်ထားသဖြင့် မြတ်စွာဘုရားမှတစ်ပါး အခြား မည်သည့်သတ္တဝါမျှ အစာကြေညက်နိုင်မည် မဟုတ်သောကြောင့်ပင်တည်း။

ဆွမ်းဘုဉ်းပေးပြီးနောက် **စုန္ဒ**အား တရားဟောကြားတော်မူ၍ ကုသိနာရုံပြည်သို့ ကြွချီတော်မူ၏။ မကြာမီပင် မြတ်စွာဘုရားသည် ဝမ်းတော်လား၍ ဝမ်းသွေးသွန်တော်မူ၏။ လမ်းခရီးတွင် တစ်ခုသောချောင်းငယ်အနီးသို့ ရောက်သောအခါ သစ်ပင်တစ်ပင်အရိပ်၌ နှစ်ထပ်သင်္ကန်းကြီးကို လေးခေါက်ခေါက်ခင်းစေ၍ ထိုင်တော်မူ၏။ အရှင်အာနန္ဒာကို ချောင်းငယ်သို့ သွား၍ သောက်ရေခပ်စေရာ၊ ချောင်းငယ်ကို လှည်းအစီး ၅၀၀ ဖြတ်မောင်းသွားသည်မှာ မကြာသေးသဖြင့် ရေများ နောက်နေကြောင်း၊ ရှေ့မလှမ်းမကမ်းတွင် ကကုဓာမြစ်ရှိ၍ ထိုကကုဓာမြစ်သို့ ရောက်မှ ရေကြည်တော်သောက် သုံးပါရန် အရှင်အာနန္ဒာ



က ပြန်လည်လျှောက်ထား၏။ သုံးကြိမ်တိုင်တိုင် ထပ်မံခိုင်းတော်မူသဖြင့် အရှင်အာနန္ဒာသည် ချောင်းငယ်အတွင်းသို့ဆင်း၍ ရေခပ်ရာ၊ ချောင်းငယ်ရေသည် နောက်ကျုနေရာမှအရှင်အာနန္ဒာရောက်လာသောအခါအလိုအလျောက်ကြည်လင်သွား၏။ အရှင်အာနန္ဒာသည် အံ့ဩ ဝမ်းသာခြင်းဖြင့် ရေခပ်၍ မြတ်စွာဘုရားအား ရေကြည်တော်ဆက်ကပ်၏။ မြတ်စွာဘုရားသည် ရေကြည်တော်သုံးဆောင်ပြီးနောက် သစ်ပင်ရင်း၌နားနေတော်မူစဉ် **မလ္လမင်းသား ပုက္ကုသ**ရောက်လာ၍ ထိုမင်းသားအား တရားဟောတော်မူသည်။ **ပုက္ကုသ** မင်းသားသည် မြတ်စွာဘုရားရှင်အား ရွှေအဆင်းရှိသော အဝတ်တစ်စုံကို ဆက်ကပ်လှူဒါန်းလေသည်။

ထို့နောက် မြတ်စွာဘုရားရှင်သည် ကကုဓာမြစ်သို့ ခရီးဆက်လက်ကြွတော်မူ၏။ ကကုဓာမြစ်သို့ ရောက်သောအခါ မြတ်စွာဘုရားရှင်သည် ရဟန်းသံဃာတို့နှင့် အတူတကွ မြစ်အတွင်းသက်ဆင်း၍ ရေသပ္ပာယ်(ရေချိုး)တော်မူ၏။ ထို့နောက် ကကုဓာမြစ်မှတက်၍ အနီးရှိ သရက်ဥယျာဉ်အတွင်း၌ ခေတ္တလဲလျောင်းနေတော်မူ၏။ ထိုအချိန်တွင် စုန္ဒသူကြွယ်၏ဆွမ်းအကျိုး အာနိသင်ကို ဟောကြားတော်မူ၏။

**စုန္ဒ**သူကြွယ် ကပ်လှူသောဆွမ်းမှာ မြတ်စွာဘုရားရှင်အတွက် နောက်ဆုံးပင်ဖြစ်လေသည်။ ဘုရားဖြစ်တော်မူ

သည့်နေ့၌ ကပ်လှူသော **သုဇာတာ**သူဌေးသမီး၏ ပထမဦးဆုံးဆွမ်းနှင့် ပရိနိဗ္ဗာန်စံတော်မူမည့်နေ့၌ ကပ်လှူသော **စုန္ဒ**သူကြွယ်၏ နောက်ဆုံးဆွမ်းသည် တူမျှသော တန်ခိုးအာနိသင်ရှိသည်။ သုဇာတာ၏ဆွမ်းကို ဘုဉ်းပေးပြီးနောက် အမြတ်ဆုံးသဗ္ဗညုတဉာဏ်တော်ကို ရတော်မူ၏။ စုန္ဒ၏ဆွမ်းကို ဘုဉ်းပေးပြီးနောက် ပရိနိဗ္ဗာန်စံဝင်တော်မူ၏။ ဆွမ်းလှူသူနှစ်ဦးမှာ တူမျှသောကုသိုလ်၊ တူမျှသောကောင်းကျိုးကို ရကြသည်။ သုဇာတာကပ်လှူသောဆွမ်းကို ဘုဉ်းပေးပြီးနောက် မြတ်စွာဘုရားရှင်သည် ၄၉ ရက်တိတိ နောက်ထပ်ဆွမ်းမဘုဉ်းပေးဘဲ နေတော်မူခဲ့သည်။ ယခုစုန္ဒသူကြွယ် ကပ်လှူသော ဆွမ်းကိုဘုဉ်းပေးရသောကြောင့်သာ မြတ်စွာဘုရားရှင်သည် ကုသိနာရုံပြည်သို့ ၆ မိုင်ခရီးကို ကြွတော်မူနိုင်ခြင်း ဖြစ်သည်။

ဝမ်းတော်လားရခြင်းမှာ စုန္ဒ၏ဝက်ပျို့သားဟင်းကြောင့် မဟုတ်ချေ။ ဘုရားအလောင်းတော် နုစဉ်အခါက ဆေးသမားဘဝ၌ ဆေးဖိုးဝါးခမပေးလိုသော သူဌေးသားတစ်ဦးကို ဝမ်းလားဆေး တိုက်ကျွေးခဲ့ဖူးသည်။ ထိုအကုသိုလ်ကံ အကြွင်းအကျန်က နောက်ဆုံးဘဝတွင် အကျိုးပေး၍ ဝင့်တော်ဆိုက်ခြင်းဖြစ်လေသည်။ **စုန္ဒ**၏ဆွမ်းကို မဘုဉ်းပေးသော်လည်း ထိုအချိန်ကျလျှင် ဝမ်းတော်လားရမည်ဖြစ်သည်။ ထိုအခါ အင်အားကုန်ခန်းအားပြတ်သွားနိုင်သည်။ ယခုမူ **စုန္ဒ**၏ဆွမ်းကြောင့် **ကုသိနာရုံ** အရောက်



ကြွတော်မူနိုင်ခဲ့သည်။

**[(မောင်အုံ–မဟာဝိဇ္ဇာ–ဘုံဆော) မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ]**

## ၅၅။ တစ်စုံတစ်ယောက်က စုန္ဒအား အပြစ်မတင်စေရန်အလို့ငှာ ဟောကြားခြင်း။

"အာနန္ဒာ တစ်စုံတစ်ယောက်သောသူသည် ရွှေပန်းထိမ်သည်သား စုန္ဒအား၊ 'အချင်းစုန္ဒ၊ သင်၏ဆွမ်းကို နောက်ဆုံးဘုဉ်းပေးပြီး ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုတော်မူရ၏။ ထို့ကြောင့် သင်သည် လာဘ်မကောင်း၊ အရမတော်စွ'ဟု ပြောပြီး နှလုံးမသာမယာ ဖြစ်ကောင်းဖြစ်စေပေလိမ့်မည်။ အာနန္ဒာ–စုန္ဒာ၏ ယင်းနှလုံး မသာယာမှုကို ပယ်ဖျောက်ပြီး ဤသို့ပြောရမည်။ 'ဒါယကာ စုန္ဒ၊သင်၏ဆွမ်းကို နောက်ဆုံးဘုန်းပေးပြီး ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုတော်မူရ၏။ ထို့ကြောင့် သင်သည် အကျိုးရှိလေသည်။ အရတော်ပေသည်။ ဒါယကာ စုန္ဒ၊ ငါသည် ဘုရားရှင်၏ နှုတ်တော်မှ ဤစကားကို ကြားလိုက်ရသည်။ မှတ်လိုက်ရသည်။ အခြားသောဆွမ်းတို့ထက် အကျိုးအာနိသင်ကြီးမားသော၊ တစ်ခု နှင့်တစ်ခု အကျိုးတူညီသော ဆွမ်းနှစ်မျိုးရှိပေသည်။ အဘယ်နည်းဟူမူ–

(၁) အကြင်ဆွမ်းကို ဘုဉ်းပေးပြီး ဘုရားရှင်သည် ဗုဒ္ဓအဖြစ်သို့ ရောက်၏။ ထိုဆွမ်းနှင့်။

(၂) အကြင်ဆွမ်းကို ဘုဉ်းပေးပြီး ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြု၏။ ထိုဆွမ်းတို့ ဖြစ်ကြလေသည်”ဟု ဟောတော်မူ၏။

(ပါဠိ၊ မဟာလုသားဗုဒ္ဓ-၃၃)

**၅၆။ ရောဂါခံစားရလျက် မြတ်စွာဘုရားဆောင်ရွက်ချက်**

(က) **သွားရာနေရာ** - ကုသိနာရုံပြည်

(ခ) **အကွာအဝေး** - သုံးဂါဝုတ်

(ဂ) **ပင်ပမ်းတော်မူလှသဖြင့် နားရသည့်အကြိမ်ပေါင်း**
- (၂၅) ကြိမ်

(ဃ) **ချေချွတ်ရန်ပုဂ္ဂိုလ်** - သုဘဒ္ဒအမည်ရှိသော ပရိဗိုဇ်ရဟန်း

(င) **မြတ်စွာဘုရား၏နောက်ဆုံးသာဝက**
- သုဘဒ္ဒပရိဗိုဇ်

**၅၇။ သုဘဒ္ဒပရိဗိုဇ်အား တရားရစေပြီးနောက် အရှင်အာနန္ဒာကို ခေါ်ယူ၍မိန့်မှာချက်**

“ချစ်သား အာနန္ဒာ၊ ငါ၏သာဝကဖြစ်သော သံဃာတော်အများတို့သည် ငါဘုရားလွန်ပြီ၊ မရှိပြီဟု ထင်မှတ်လိမ့်မည်၊ ယင်းသို့ကား မမှတ်အပ်၊ အကြင်သုတ်၊ အဘိဓမ္မာတို့ကိုလည်း ငါဘုရားဟောအပ်ပြီ၊ ဝိနည်းတရားတော်ကိုလည်း ငါပညတ်အပ်ပြီ၊ ထိုအလုံးစုံသော **သုတ်၊ ဝိနည်း၊ အဘိဓမ္မာ**တရားသည် ငါဘုရားလွန်သဖြင့်



သင်တို့၏ဆရာ ဖြစ်လတ္တံ့၊ ထို့ကြောင့် ငါဘုရားရှိသည်သာဟု ကောင်းစွာ မှတ်အပ်၏”ဟု မိန့်မှာတော်မူ၏။

**၅၈။ မြတ်စွာဘုရားရှင်၏ နောက်ဆုံးဩဝါဒ**

**ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊**
**ဝယဓမ္မာ သင်္ခါရာ၊**
**အပ္ပမာဒေန သမ္ပာဒေထ။**

ဘိက္ခဝေ၊ ရဟန်းတို့။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ ဟန္ဒ၊ အကျဉ်းအားဖြင့်။ ဝါ-ငါ၏အလိုတော်ရင်းဖြင့်။ ဝေါ၊ သင်တို့ကို။ အဟံ-ငါဘုရားသည်။ အာမန္တယာမိ၊ မှာထားတော်မူ၏။ သင်္ခါရာ၊ ကံ စိတ် ဥတု အာဟာရတည်း ဟူသောအကြောင်းလေးပါး အစုတို့သည် ပြုပြင်၍ဖြစ်သမျှသော သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ပျက်တတ်သောသဘောရှိကုန်၏။ တုမှေ၊ သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မလစ်သဖြင့်။ သမ္ပာဒေထ၊ ပြည့်စုံစေကုန်လော့။

(ဓိနတ္ထပကာသနီ-၅၀၁)

**၅၉။ သမာပတ်များကို ဝင်စားခြင်း**

ဤ**ပစ္ဆိမဝစကား**ကို ဟောကြားတော်မူပြီးလျှင် ပထမစျာန်ကို ဝင်စားတော်မူ၏။ ထို့နောက်မှ ဒုတိယစျာန်, ထို့နောက်မှ တတိယစျာန်, ထိုနောက်မှ စတုတ္ထစျာန်ကို ဝင်စားတော်မူ၏။ ထိုစတုတ္ထစျာန်မှထ၍ အာကာသာနဉ္စာယတနစျာန်

ကို, ထိုနောက်မှ ဝိညာဏဉ္စာယနတစျာန်ကို ထို့နောက်မှ အာကိဉ္စညာယတနစျာန်ကို, ထို့နောက်မှ နေဝသညာ နာသညာ ယတနစျာန်ကို ဝင်စားတော်မူ၏။ ထို့နောက်မှ ဝေဒနာ, သညာတို့၏ ချုပ်ရာဖြစ်သော နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။

**(မဟာပရိနိဗ္ဗာနသုတ်-၁၀၁)**

### ၆၀။ ပရိနိဗ္ဗာန် ပြုတော်မူသောစိတ်

ဘုရားသခင်လည်း ထိုဝင်စားတော်မူသော နိရောဓသမာပတ်မှထတော်မူ၍ နေဝသညာ နာသညာယတနစျာန်ကို, ထို့နောက်မှ အာကိဉ္စညာယတနစျာန်ကို, ထိုမှထ၍ ပထမစျာန်တိုင်အောင် ဝင်စားတော်မူ၏။ ထိုပဌမစျာန်မှထ၍ ဒုတိယစျာန်ကို, ထို့နောက်မှ တတိယစျာန်ကို, ထို့နောက်မှ စတုတ္ထစျာန်ကို ဝင်စားတော်မူ၏။

ထိုစတုတ္ထစျာန်မှထ၍ စျာန်အင်္ဂါတို့ကို ဆင်ခြင်တော်မူသော ပစ္စဝေက္ခဏာဇောတို့သည် အကြိမ်များစွာ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ဘိ၍ ဝီထိတွက်ရေ ကုဋေနှစ်သန်းလေးသိန်းသော သမာပတ်ကို ဝင်စားတော်မူပြီးမှ စတုတ္ထစျာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၏ အဆုံး၌အလုံးစုံသော သင်္ခါရတရားတို့၏ ကုန်ငြိမ်းရာ၊ နိရောဓသစ္စာကို အာရုံပြုသော မဟာဝိပါက် ပဌမအသင်္ခါရိက အဗျာကတ ဒုက္ခသစ္စာဖြင့် ပရိနိဗ္ဗာန်စံတော်မူ၏။

**(မဟာပရိနိဗ္ဗာနသုတ်-၁၀၂)**



### ၆၁။ ပရိနိဗ္ဗာန်ပြုတော်မူချိန်

မြတ်စွာဘုရားသခင်သည် **သက်တော် (၈၀)၊ သက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့် အင်္ဂါနေ့** ညဉ့်ဦးယံ၀ယ်မလ္လာမင်းတို့အား တရားညွှန်ပြ၍၊ သန်းခေါင်ယံကာလ၌ သုဘဒ္ဒ ပရိဗိုဇ်ကိုဆုံးမ၍၊ မိုးသောက်ယံကျသောအခါ ရဟန်းသံဃာတို့ကို များစွာဆုံးမတော်မူ၍၊ အရုဏ်တက်နီး လင်းအားကြီးယံ၌ ပရိနိဗ္ဗာန် စံယူတော်မူသည်။ (ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်၌ အင်ကြင်းပင်ပျို တို့အကြား မြောက်ဘက်သို့ ဦးခေါင်းထားကာ ခင်းထားသောညောင်စောင်းပေါ်တွင် နောက်ဆုံးလဲလျောင်းတော်မူသည့်အနေဖြင့် လဲလျောင်းတော်မူ၍ ပရိနိဗ္ဗာန်စံယူတော်မူပေသည်။

### ၆၂။ မီးသင်္ဂြိုဟ်ခြင်း

(က) **မဟာသက္ကရာဇ်** - ၁၄၈ ခု
(ခ) **လ/ရက်** - နယုန်လဆန်း (၄)ရက်
(ဂ) **နေ့** - တနင်္ဂနွေ
(ဃ) **နေရာ** - ကုသိနာရုံပြည်သချိုင်းတော်
(င) **မီးသင်္ဂြိုဟ်ရာတွင် ဦးဆောင်ထမ်းရွက်ကြသူများ**
- မလ္လာမင်းများ၊ အရှင်မဟာကဿပနှင့် ရဟန်းငါးရာ။

(စ) **တေဇောဓာတ်လောင်ကျွမ်းပုံ**

ပရိသတ်တို့ ငိုကြွေးကြကုန်စဉ်၊ ဘုရားသခင်၏ အလောင်း တော်တည်ရာ နံ့သာထင်းပုံသည် တစ်စုံ တစ်ယောက်သော သူမှ မီးမညှိရပဲ၊ ရဲရဲပြောင်ပြောင် မီးရောင်ချီးချီးထွက်သဖြင့် အထက်မှစ၍ လောင် ကျွမ်းလေ၏။

(ဆ) **ဓာတ်တော်ရရှိမှုမှတ်တမ်း**

- ကြီးမားသော ဓာတ်တော်တို့သည် ပဲနောက်စေ့ ပမာဏရှိပြီး ရွှေရောင်၊
- အလယ်အလတ်ဓာတ်တော်တို့သည် ဆန်ကျိုး ပမာဏအရွယ်ရှိပြီး ပုလဲရောင်၊
- ငယ်သောဓာတ်တော်တို့သည် မုန်ညင်းစေ့ အရွယ်ရှိပြီး မြတ်လေးငုံရောင်။

မှတ်ချက်။ ။ဘုရားရှင်၏ဓာတ်တော်ကို ယခုလူတို့သုံးဆောင် သောတင်းဖြင့် နှစ်တင်းရှိ၏ဟု မှတ်ရာသည်။

(ဇ) **မီးမခဘဲ မူလပကတိအတိုင်း ကျန်ရစ်သောရုပ်ကြွင်း (၇)ပါး**

(၁) နဖူးသင်းကျစ်တော်

(၂) လက်ယာညှပ်ရိုးတော်

(၃) လက်ဝဲညှပ်ရိုးတော်

(၄) လက်ယာအထက် စွယ်တော် (တာဝတိံသာသို့ သိကြားမင်းပင့်ဆောင်၍ စူဠာမဏိစေတီတွင် တည်ထားကိုးကွယ်)



(အင်္ဂါရစေတီ)

မြတ်စွာဘုရား အလောင်းတော်ကို တေဇောဓာတ် လောင်ကျွမ်းသည့်နေရာ၌ မီးသွေးများ ကျန်ရစ်သည်။ ထိုမီးသွေးများကို ဌာပနာ၍ စေတီတည်သောကြောင့် အင်္ဂါရ (မီးသွေး) စေတီဟု ခေါ်သည်။

(ဤဓာတ်ပုံကို အစ်ကိုကြီး ကိုသန်းဇော်မှ ကျေးဇူးပြုပါသည်။)



ကုသိနာရုံ ရုပ်ပွားတော်ကြီး တန်ဆောင်းနှင့် မဟာပရိနိဗ္ဗာန်
စေတီတော်

ဥတ္တရာ ပရာဒေ့ရှ် ပြည်နယ်
အိန္ဒိယနိုင်ငံမြောက်ပိုင်း

(ဤဓာတ်ပုံကို အစ်ကိုကြီး ကိုသန်းဇော်မှ ကျေးဇူးပြုပါသည်။)



(ကုသိနာရုံတန်ဆောင်းအတွင်းမှ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်နေတော်မူပုံ)

ဤဆင်းတုတော်ကို အေဒီ (၅) ရာစုက ဟရိဗလသွာမိက လှူဒါန်း၍ ဓိသုကာ ဒိန ဆိုသူက ထုလုပ်ခဲ့သည်ဟု ဆိုသည်၊ ရုပ်ပွားတော်မှာ ဖဝါးတော်မှ ဦးသျှောင်ထိ ပေ(၂၀)၊ ပခုံးတော်မှ (၅)ပေ (၆)လက်မ၊ ညောင်စောင်းမှာ အလျား (၂၃)ပေ (၉)လက်မ နှင့် အနံ (၂)ပေ (၁)လက်မ ရှိ၏၊

(သန်းဝင်းရှိန်-မဇ္ဈိမဒေသ ဘုရားဖူး ခရီးသွားမှတ်တမ်း -၁၂၂)
(ဤဓာတ်ပုံကို အစ်ကိုကြီး ကိုသန်းဇော်မှ ကျေးဇူးပြုပါသည်။)



## မဟာဗောဓိ စေတီတော်

သီရိဓမ္မာသောက မင်းကြီး စတင်တည်ထားကိုးကွယ်ခဲ့၍ ဗုဒ္ဓဘာသာဝင်တို့ ဆက်လက်ပြုပြင်ခဲ့သည်။ လက်ရှိစေတီတော်မှာ အေဒီ ၇-ရာစုက တရုတ်ရဟန်းတော် ဟွာယင်ဆန် ဖူးတွေ့ခဲ့ရသည့် ပုံအတိုင်းဖြစ်သည်။

(အိန္ဒိယနိုင်ငံ ၊ ဗီဟာပြည်နယ် ၊ ဂယာမြို့အနီး၌ တည်ရှိသည်။)

(၅) လက်ဝဲအထက်စွယ်တော် (ဂန္ဓာလရာဇ်တိုင်း) (ယခုတရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ မြတ်စွယ်တော်)

(၆) လက်ယာအောက်စွယ်တော် (နဂါးမင်း ပင့်ဆောင်၍ တည်ထားကိုးကွယ်)

(၇) လက်ဝဲအောက်စွယ်တော် (သီဟိုဠ်နိုင်ငံ/ ယခုသီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ရှိ မြတ်စွယ်တော်)

## ၆၃။ ဓာတ်တော်ဝေမှုမှတ်တမ်း

မလ္လမင်းတို့သည် ဓာတ်တော်များကို မြို့လယ်ရှိ မင်းကွန်းသို့ ပင့်ဆောင်၍ ခုနစ်ရက်တိုင်တိုင် ပူဇော်ပွဲကျင်းပသည်။ ထိုအခါ မြတ်စွာဘုရားရှင်၏ဓာတ်တော်ကို ဝေစုရလိုသဖြင့် အောက်ဖော်ပြပါ ခုနစ်ပြည်ထောင်မင်းတို့သည် စစ်အင်္ဂါခင်းကျင်း၍ ကုသိနာရုံပြည်သို့ ဝန်းရံကုန်၏။

၁။ ရာဇဂြိုဟ်ပြည် – အဇာတသတ်မင်း
၂။ ဝေသာလီပြည် – လိစ္ဆဝီမင်းများ
၃။ ကပိလဝတ်ပြည်–သာကီဝင်မင်းများ
၄။ အလ္လကပ္ပပြည် – ဗုလိမင်းများ
၅။ ရာမရွာ – ကောလိယမင်းများ
၆။ ဝေဌဒီပကတိုင်း – အုပ်ချုပ်သောပုဏ္ဏား
၇။ ပါဝါပြည် – မလ္လမင်းများ

ကုသိနာရုံပြည် မလ္လမင်းတို့သည်လည်း မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်တို့ကို လုံးဝမပေးနိုင်ကြောင်း ပြန်ကြား၍ စစ်တိုက်ရန် ပြင်ဆင်ကြကုန်၏။ ထိုအချိန်တွင် ဆရာဖြစ်သော **ဒေါဏပုဏ္ဏားကြီး**၏ ဖြန်ဖြေမှုကြောင့် ရှစ်ပြည်ထောင်မင်းတို့သည် ဓာတ်တော်များကိုပုံ၍ အညီအမျှ ခွဲဝေယူကြရန် သဘောတူညီကြလေသည်။

**ဒေါဏပုဏ္ဏား**သည် ဓာတ်တော်ဝေငှရန် ရွှေတလားကို ဖွင့်လိုက်သောအခါ ရှစ်ပြည်ထောင်မင်းတို့ မြတ်စွာဘုရား၏ ဓာတ်တော်များကို ကြည့်ပြီး မျက်ရည်တွေတွေစီးဆင်းကာ ငိုကြွေးနေကြစဉ်။

- လက်ယာအထက် စွယ်တော်ကို ဆံပင်ကြား၌၊
- လက်ယာအောက် စွယ်တော်ကို ခြေပေါ်၌၊
- လက်ဝဲစွယ်တော် နှစ်ဆူကို ပုဆိုးကြား၌ ဝှက်ထားလေသည်။
- လက်ယာအထက် စွယ်တော်ကို တာဝတိံသာနတ်ပြည်သို့ သိကြားမင်းပင့်ဆောင်၍ **စူဠာမဏိစေတီ**၌ ဌာပနာထားလေသည်။
- လက်ယာအောက် စွယ်တော်ကို နဂါးမင်းတို့ပင့်ဆောင်၍ နဂါးပြည်၌ စေတီတည်ထား ကိုးကွယ်ကြလေသည်။
- လက်ဝဲအထက်စွယ်တော်ကို ရဟန္တာအရှင်တို့ ဂန္ဓာရတိုင်းသို့ ပင့်ဆောင်သွား၍ ယခုအခါ တရုတ်ပြည်သို့ ရောက်ရှိ အပူဇော်ခံလျက်ရှိသည်။



- လက်ဝဲအောက်စွယ်တော်ကို **ရဟန္တာအရှင်ခေမာ**သည် ကလိင်္ဂတိုင်းသို့ ပင့်ဆောင်ကိုးကွယ်ခဲ့ရာ ယခုအခါ **သီဟိုဠ်ကျွန်း**သို့ ရောက်ရှိအပူဇော်ခံလျက်ရှိသည်။
- ဒေါဏပုဏ္ဏားကြီးသည် ရှစ်ပြည်ထောင်မင်းတို့အား ဓာတ်တော်နှစ်ပြည်စီ၊ အညီအမျှဝေပေးပြီးနောက် မိမိဝှက်ထားသောနေရာ၌ စွယ်တော်များကို ရှာဖွေရာ မတွေ့သဖြင့် ဓာတ်တော်ခြင်သောပြည်တောင်းကိုသာ ယူဆောင်၍ စေတီတည်ထားကိုးကွယ်ရလေသည်။
- ပိပ္ပလိဝနတိုင်းမှ **မောရိယမင်းတို့သည်လည်း** ဓာတ်တော်ဝေစုရရန် အမြန်လာရောက်ကြသော်လည်း နောက်ကျနေသဖြင့် တေဇောဓာတ်လောင်ရာအရပ်မှ မီးသွေးများကို ယူဆောင်သွား၍ စေတီတည်ထားကိုးကွယ်ကြရကုန်၏။

[(မောင်အံ့၊ မဟာဝိဇ္ဇာ- ဘုံဘော)- မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ]

## ၆၄။ လူ့ပြည်တွင် ကိန်းဝပ်နေသော စွယ်တော်စစ်သမိုင်း

လူ့ပြည်တွင် ကိန်းဝပ်နေသော စွယ်တော်စစ်နှစ်ဆူမှာ ထိုအချိန်က ဂန္ဓာလရာဇ်ဟုတွင်သော စိန့်တိုင်း၊ ယခုတရုတ် ပြည်သူ့သမ္မတနိုင်ငံရှိ မြတ်စွယ်တော်နှင့် ထိုအချိန်က ဒန္တပူရပြည်ဟုခေါ်သော၊ ယနေ့ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ရှိ မြတ်စွယ်တော်တို့ဖြစ်သည်။

(ဆရာဝန်တင်ရွှေ+ ဒေါ်အေးသန်း-ဗုဒ္ဓမြတ်စွယ်တော်-ပထမတွဲ-၃၇)

## ၆၅။ သီရိလင်္ကာကျွန်းရောက် စွယ်တော်သမိုင်းအကျဉ်း

သီရိလင်္ကာ ကန္ဒီမြို့ စွယ်တော်တိုက်ရှိ ဗုဒ္ဓမြတ်စွယ်တော်သည် နယ်ချဲ့ကျူးကျော်ရေး ကိုလိုနီဝါဒများလက်မှ လွတ်အောင် ဗုဒ္ဓဘာသာဝင်များ အားထုတ်ခဲ့ရသည်။

ပညာရှိအမတ်ကြီး **ခေမ** ရရှိခဲ့သော အောက်လက်ဝဲ စွယ်တော်ကို ကလိင်္ဂတိုင်း၊ ဗြဟ္မဒတ္တမင်းက ဒန္တပူရမြို့တွင် စွယ်တော်တိုက်ကို ဆောက်လုပ်ပူဇော်ခဲ့သည်။ ရတနာမျိုးစုံ စီခြယ်ထားသည့် ရတနာကြုတ်ဖြင့် စံပယ်ခဲ့သည်၊ အိန္ဒိယ၌ ဗုဒ္ဓဘာသာ မှေးမှိန်လာချိန် သီရိလင်္ကာ (သီဟဋ္ဌ)နိုင်ငံ ပရက္ကမဘုရင်လက် ရောက်ရှိသွားသည်။ ပရက္ကမမင်းက ပေါ်ရာဏာရုဝမြို့၌ စွယ်တော်တိုက် ဆောက်လုပ်ခဲ့သည်။ အိန္ဒိယမှ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် လူမျိုးများက သီရိလင်္ကာကို ကျူးကျော်တိုက်ခိုက်ခဲ့စဉ်က စွယ်တော်မြတ်ကို နိုင်ငံတောင်ဘက်ပိုင်းသို့ ပင့်ဆောင် တိမ်းရှောင်ခဲ့ရသည်။

ဝိဇယဗာဟု နန်းတက်လာသည့် အေဒီ (၁၂၂၀)တွင် ကေဂါလခရိုင် ဘယ်လီဂါလမြို့သို့ ပြန်လည်ပင့်ဆောင်သည်။ သီရိလင်္ကာသို့ ပေါ်တူဂီများ ကျူးကျော်လာပြန်ရာ တောင်တန်းထူထပ်ရာသို့ စွယ်တော်ကို ပင့်ဆောင် သိုဝှက်ခဲ့ရသည်။ ပေါ်တူဂီများကိုတိုက်ရန် သီရိလင်္ကာ ဘုရင်များက ဒတ်ချ်နှင့် ပူးပေါင်းရာမှ ဒတ်ချ် လက်အောက်



ကန္ဒီမြို့ ဗုဒ္ဓစွယ်တော်တိုက်

စွယ်တော်တိုက်ကို ၂ -နှစ်လျှင် တစ်ကြိမ်သာဖွင့်သည်။ စွယ်တော်ကို ၅-စင်တီမီတာ အရွယ်ရှိ ဆင်စွယ်အတွင်း၌ မြှုပ်နှံထားခြင်းဖြစ်သည်။ အပေါ်က ဖန်အုပ်ဆောင်း၊ အပြင်က အဖုံးအအုပ် ၅-ထပ်ရှိသည်။သော့များကို ကန္ဒီမြို့တော် ကျောင်းတိုက်ကြီး ၂-တိုက်နှင့်ဂေါပကတို့က ခွဲခြားသိမ်းဆည်းထားကြသည်။ အားလုံး လူစုံမှ ဖွင့်လို့ရသည်။

(ဆရာဝန်တင်ရွှေ+ဒေါ်အေးသန်း၊ ဗုဒ္ဓ၏ မြတ်စွယ်တော်- ပထမတွဲ)



စွယ်တော်တိုက်ကို လူတိုင်းဖူးမြော်နိုင်ရန် နေ့စဉ် သုံးကြိမ်မျှ ဖွင့်ပေးသည်။ နံနက် ၆ နာရီ၊ နေ့လယ် ၁၀-နာရီနှင့် ညနေ ၆ နာရီ အချိန်တို့ဖြစ်သည်။ အချိန်တိုင်းမှာပင် လာရောက်ဖူးမြော်သူများရှိနေပေသည်။ ဗုဒ္ဓဘာသာဝင်တိုင်း မိမိတို့၏ ရင်သွေးကလေးငယ်များကို(လသားအရွယ်မှာပင်) ခေါ်ယူလာ၍ ပန်းနံ့သာ၊ ဆီမီးတို့ဖြင့် ပူဇော်လျက် စွယ်တော်ကို ဦးတိုက်စေရသည်၊ အစဉ်အလာတစ်ရပ်ပင် ဖြစ်လေသည်။ ထိုသို့ နေ့စဉ် သုံးကြိမ် စွယ်တော်ကိုတိုက်ဖွင့်သည် ဆိုသော်လည်း စွယ်တော်ကိုကား ဖူးမြော်ခွင့်ရသည်မဟုတ်ပါ။ စွယ်တော်ကိန်းဝပ်သည့် စွယ်တော်ကြုတ်ကိုသာ အဝေးမှ ဖူးတွေ့ရခြင်းဖြစ်ပါသည်။

(ဆရာဝန်တင်ရွှေ+ဒေါ်အေးသန့်၊ ဗုဒ္ဓ၏ မြတ်စွယ်တော်- ပထမတွဲ)

ရောက်ခဲ့ရသည်။ ဒတ်ချ်တို့ကို တိုက်ထုတ်ရန် အင်္ဂလိပ်တို့နှင့်ပေါင်းရာမှ အင်္ဂလိပ်လက်အောက် ရောက်ခဲ့ရသည်။

အေဒီ (၁၇၄၇)ခုနှစ်တွင် နန်းတက်သော သီရိလင်္ကာဘုရင် ကာတိသီရိက စွယ်တော်စံပယ်ရန် ဝိဟာရကျောင်းတိုက်ကြီး ဆောက်လုပ်ပေးခဲ့သည်။ ဒတ်ချ်တို့နှင့် တိုက်ခိုက်ရစဉ်က ကာတိသီရိဘုရင်သည် စွယ်တော်ကို ကန္ဒီသာလိမြို့မှ ဒေါလဒမာလိဂါ၀မြို့သို့ ပင့်ဆောင်သွားခဲ့ရသည်။ ကန္ဒီမင်းဆက် နောက်ဆုံးဘုရင် သီရိဝိကရရာမ ရာဇသီဟလက်ထက် အင်္ဂလိပ်တို့နှင့် တိုက်ရပြန်သဖြင့် စွယ်တော်ကို ဘုရင်ကိုယ်တိုင်ပင့်ကာ တောင်တန်းဒေသသို့ ဆုတ်ခွာတိမ်းရှောင်ရပြန်သည်။

၁၈၁၅ ခု စစ်ပွဲအပြီးတွင် အင်္ဂလိပ်တို့က သီရိလင်္ကာကို အုပ်စိုးလာခဲ့သည်။ စွယ်တော်မြတ်ကို ဒေါလဒမာလိဂါ၀မြို့သို့ ပြန်ပင့်လာခဲ့သည်။ ယနေ့မြတ်စွယ်တော်မှာ ကန္ဒီမြို့မှ စွယ်တော်တိုက်တွင် စံပယ်တော်မူလျက်ရှိသည်၊ ပေါ်တူဂီတို့က သီရိလင်္ကာနိုင်ငံကို ၁၅၀၅ ခုနှစ်တွင် မိမိတို့တိုက်ခိုက်သိမ်းပိုက်ပြီး ဗုဒ္ဓစွယ်တော်ကို အိန္ဒိယနိုင်ငံဂိုအာမြို့သို့ ယူဆောင် ဖျက်ဆီးပစ်ခဲ့သည်ဟု ဆိုသည်။ သို့သော်လည်း သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓဘာသာဝင် မင်းကောင်းမင်းမြတ်များ ရဟန်းတော်များနှင့် ပြည်သူများက စွယ်တော်မြတ်ကို ကာကွယ်စောင့်ရှောက် ပူဇော်ထားနိုင်ခဲ့သည်။

(ဆရာဝန်တင်ရွှေ+ဒေါ်အေးသန့်-ဗုဒ္ဓ၏မြတ်စွယ်တော်-ပထမတွဲ-၃၉)

ဤဖြစ်ရပ်မှန်ကို ဗုဒ္ဓဘာသာဝင်လူငယ်များ သိစေခြင်းငှာ စကားအချပ်ပိုအဖြစ် ဖြည့်စွက်တင်ပြလိုက်ရပါသည်။

(စာရေးသူ)

## သီဟိုဠ်ကျွန်းသို့ စွယ်တော်ဖူးရန် အုဂ်ဖိုရ်ဆရာတော်ဘုရား ကြွရောက်တော်မူခြင်း

အုဂ်ဖိုရ်ဆရာတော်ကြီး (၁၁၇၉–၁၂၆၇)သည် ၁၂၄၉ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်နေ့တွင် နောက်ပါတပည့်သံဃာ ၂၉ပါး၊ လူဒါယကာ ၂၄ ယောက်တို့နှင့်တကွ၊ သီဟိုဠ်ကျွန်းသို့ စွယ်တော်ဓာတ်ကိုဖူးရန် ကြွရောက်တော်မူလေသည်။ ထိုအချိန်ကား မြန်မာပြည်တစ်ပြည်လုံးကို အင်္ဂလိပ်တို့ သိမ်းပိုက်အုပ်စိုးနေသည်မှာ ၂ နှစ်ခန့်ရှိသောအချိန်ဖြစ်သည်။ အင်္ဂလိပ်တို့သည် ၁၂၁၄ ခုနှစ်က အောက်မြန်မာပြည်ကို သိမ်းပိုက်သည်။ ၁၂၄၇ ခုနှစ်တွင် ကျန်အထက်မြန်မာပြည် (မြန်မာတစ်ပြည်လုံးကို) သိမ်းပိုက်အုပ်ချုပ်လေသည်။



အုဂ်ဖိုရ်ဆရာတော်ကြီးသည် နောက်ပါတပည့်များနှင့်အတူ သီဟိုဠ်ကျွန်း ကိုလံဘိုဆိပ်ကမ်းမြို့သို့ ရောက်ရှိသောအခါ အင်္ဂလိပ်လူမျိုး ဆရာကြီး အော်လကောက်၏တပည့် အင်္ဂလိပ်လူမျိုး ဗုဒ္ဓဘာသာကျောင်းဆရာတစ်ယောက်က ၎င်းအိမ်သို့ ပင့်ဆောင်၍ ဆွမ်းလုပ်ကျွေးပြီးလျှင် ကိုလံဘိုမြို့ အမရပူရနိကာယ ဂဏာဓိပတိ သီရိသုဘူတိမထေရ် သီတင်းသုံးရာ၊ ဇေယျသေခရကျောင်းတိုက်သို့ပို့ဆောင်သဖြင့် ယင်းကျောင်းတိုက်၌ပင် တည်းခိုတော်မူလေသည်။

အုဂ်ဖိုဆရာတော်ကြီးသည် သျှာမနိကာယ ဂဏာဓိပတိ သီရိသုမင်္ဂလ ဆရာတော်နှင့် တိုင်ပင်တော်မူ၍ စွယ်ကော်မြတ်ကို ဖူးမြင်တော်မူရန် ဘုရင်ခံမင်းကြီးထံ ခွင့်ပန်ကြားလေလျှင်၊ တပေါင်းလဆန်း ၅ ရက်နေ့တွင် စွယ်တော်တိုက် ဖွင့်ပေးမည်ဖြစ်ကြောင်း အခွင့်ရရှိလေလျှင် တပို့တွဲလဆုတ် ၁၂ ရက်နေ့တွင် ကိုလံဘိုမြို့မှ စွယ်တော်မြတ် ကိန်းဝပ်တည်ရှိရာ သခ်န္တမြို့သို့ ကြွရောက်တော်မူလေသည်။ ည ၆ နာရီခန့်တွင်သခ်န္တမြို့သို့ ရောက်ရှိသောအခါ ဒါယကာများက ပတ်သာ၊ ဒုံမင်း၊ ခရသင်း စသည်တို့ဖြင့် တီးမှုတ်ကြိုဆိုကြလေသည်။ သခ်န္တမြို့တွင် ပုဗ္ဗာရုံကျောင်းတိုက်၌ တည်းခိုတော်မူလေသည်။

တပေါင်းလဆန်း ၅ ရက်နေ့သို့ရောက်သောအခါ အုဂ်ဖိုရ်ဆရာတော်ကြီးသည် တပည့်ပရိသတ်၊ သီဟိုဠ်သူ သီဟိုဠ်သား လူရှင်ရဟန်းပရိသတ်များနှင့်တကွ စွယ်တော်တိုက်သို့ ဝင်ကြွတော်မူလေသည်။ ရောက်ရှိတော်မူလေလျှင် စွယ်တော်ထိန်းအမတ်ကြီး

နှင့် နာယကဆရာတော်များသည် စွတ်တော်ကြုတ်ကို ပင့်ဆောင်၍ အပြင်ကြုတ်ကြီးကို ဖွင့်ပြီးနောက် ဒုတိယအတွင်းကြုတ်ငယ်ကို ဖွင့်လိုက်လေသည်။ အုဂ်ဖိုရ်ဆရာတော်ကြီးသည် စွယ်တော်ကြုတ်ငယ်ကို ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် သီရိရဓာတ်စွယ်တော်မြတ်ကို မိမိလက်ဖြင့် ရုတ်တရက် ယူဆောင်တော်မူပြီးလျှင် ဦးခေါင်းပေါ်သို့ ပင့်တင်လိုက်ပြီး မြတ်နိုးကော်ရော် ပူဇော်တော်မူလေသည်။

ယင်းသို့ အမှတ်မထင် ဦးခေါင်းပေါ်သို့ ပင့်တင်၍ပူဇော်လိုက်သည်နှင့် တစ်ပြိုင်နက် စွယ်တော်မြတ်မှ ဖြူဖွေးကြည်လင်သော ရောင်ခြည်တော်များသည် တလျှပ်လျှပ်ဖြင့် အထောင်အသောင်းမကသော ပိုးစုန်းကြူးများ ပျံသန်းဝင်းလက်နေသကဲ့သို့ စွယ်တော်တိုက် ခန်းလုံး ပြည့်နှက်ပြီး ထွင်းဖောက်လျှံထွက် အပြင်ဘက်ကောင်းကင် အာကာသတခွင်သို့ မြူးရွှင်ပျံတက် တဝင်းဝင်းလက်၍ ကောင်းကင်ယံအထက်သို့ ပျံ့နှံ့၍ တက်သွားလေသတည်း။

ဤသို့ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ထူးကဲစွာ အုဂ်ဖိုရ်ဆရာတော်ကြီးခေါင်းပေါ်မှ စွယ်တော်မြတ်က ရောင်ခြည်တော် လွှတ်သည်ကို ပရိသတ်အားလုံး မျက်ဝါးထင်ထင် ဖူးမြင်ကြရလေလျှင် သီဟိုဠ်သူ၊ သီဟိုဠ်သားတို့မှာ ၎င်းတို့ဘာသာစကားဖြင့် အံ့သြစွာ ဆား... ဆား... ဆား...ဟု ကျံ့ကျံ့မစဲ အံ့အဲသာဓု အနုမောဒနာ ပြုကြလေကုန်သည်။ သီဟိုဠ်ဆရာတော်ကြီးများကလည်း "ပုညဝါ မဟာထေရော ပုညဝါ မဟာထေရော"ဟု (ဘုန်းကံကြီးမားသော



မထေရ်ကြီးပါတကားဟု) အံ့သြကြီးစွာ ချီးကျူးမြည်တမ်းကြလေသည်။

ဤသို့ အုဂ်ဖိုရ်ဆရာတော်ကြီး စွယ်တော်ကို ဦးခေါင်းပေါ်သို့ တင်ကပ်၍ ပူဇော်သောအခါ ရောင်ခြည်တော်လွှတ်သည်ဟူသော သတင်းမှာလည်း သီဟိုဠ်တကျွန်းလုံး ပြန့်နှံ့ကျော်ကြားသွားလေသတည်း။

(ဦးတင်ရွှေ–အငြိမ်းစာ တပြုအယ်ဒီတာ (သာသနာရေးဦးစီးဌာန)
သာသနာပြု အုဂ်ဖိုဆရာတော်ကြီး၏ သာသနာသန့်ရှင်းတည်တံ့ရေး–၁၉၅)

## ၆၆။ တရုတ်နိုင်ငံ မြတ်ဗုဒ္ဓစွယ်တော် သမိုင်းအကျဉ်း

တရုတ်နိုင်ငံမှ ဗုဒ္ဓစွယ်တော်မှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၅၀၀ ကျော်ခဲ့ပြီဖြစ်သည်။ ယခုအခါ ပီကင်း(ဆိုင်ဂျင်း) မြို့တော် အနောက်ဖက်တောင်တန်းတစ်နေရာမှ လင်ဂေါင်း LING GUANGကျောင်းတွင် အများပြည်သူ ဖူးမြော်နိုင်ရန်ထား ရှိသည်။

ဤစွယ်တော်သည် မူလက ဉဒယာန UDYANA နိုင်ငံ (ယခု ပါကစ္စတန်နိုင်ငံ)တွင် ရှိခဲ့သည်။ ပြီးတော့ ခိုတန်ပြည်နယ် (ယခုတရုတ်နိုင်ငံ စင်ကျန်ပြည်နယ်(XIN JIANG) သို့ ပြောင်းရွှေ့ထားရှိသည်။ ၅–ရာစုခေတ်တွင် တရုတ်ရဟန်းတော် ဖာဇီအင် (AD424-498)က ခိုတန်သို့ရောက်ခဲ့ပြီး စွယ်တော်ကို တောင်ပိုင်းကွီ၊ ဟင်ဆက်မြို့တော် နန်ကျင်း(NANJING) သို့ ပင့်ဆောင်သွားသည်။

တရုတ်နိုင်ငံ ဘုရင်များ ပေါင်းစည်းလို့ရကြသော ဆူ SU မင်းဆက်ကာလတွင် တရုတ်နိုင်ငံ မြို့တော်ဟောင်း ချန်အန် CHANG -AN သို့ စွယ်တော်ကို ပင့်ဆောင်သွားသည်။



တရုတ်နိုင်ငံ၌ ဘုရင်မင်းဆက် ၅–ခု အပြိုင်အုပ်စိုးသော ကာလတွင် တရုတ်ပြည် အလယ်ပိုင်းဒေသမှာ မငြိမ်မသက်ဖြစ်လာသည်။ စွယ်တော်သည်လည်း တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ နေရာချခဲ့ရာက နောက်ဆုံး ရင်ဂျင်း ယခုအခေါ် ရိုင်ဂျင်း=ပီကင်းသို့ရောက်သည်။ ခရစ်နှစ် ၁၀၇၁ တွင် ပီကင်းမြို့တော် ZHAO XIAN ဇိုဇင်းဘုရား၌ ဌာပနာလိုက်ကြသည်။

ဇိုဇင်းဘုရားကြီးမှာလင်ဂေါင်း LING GAUNG ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း တည်ရှိ၍ ဘုရားမှာ ၈မြောင့်ပုံသဏ္ဍာန်ရှိသည်။ အထပ်ဆယ်ထပ်ရှိသည်။ ဘုန်းတော်ကြီးကျောင်းကို ၈ ရာစုခေတ်က တည်ထောင်ခဲ့သည်။ ဘုရားကိုတည်ဆောက်ခဲ့သော အုတ်ချပ်အားလုံးမှာ ဗုဒ္ဓရုပ်ပွားပုံတော်များ ပါရှိသည်။ သို့ကြောင့် စွယ်တော်ကို ဌာပနာထားသောစေတီကို ဘုရားတစ်ထောင်စေတီ PAGODA OF ONE THOUSAND BUDDHAS ဟုထင် ရှားခဲ့ပါသည်။

အဆိုပါ လင်ဂေါင်းဘုရားကျောင်းနှင့် ဘုရားတစ်ထောင်စေတီမှာ ခေတ်အဆက်ဆက်က ဘုရားဖူးများနှင့် အစဉ်စည်ကားခဲ့ပါသည်။

ခရစ်နှစ် ၁၉၀၀–တွင် ပီကင်းမြို့တော်မှာ ပြည်ပရန်သူများ၏ ဖျက်ဆီးခြင်းခံရသည်။ လင်ဂေါင်းကျောင်းတော်နှင့် ဘုရားတစ်ထောင်စေတီတော်မှာ ပြာပုံဘဝကို ရောက်သွားခဲ့သည်။

စစ်ပွဲပြီးဆုံးသွားသောအခါ ရဟန်းတော်များက စေတီပျက်နေရာကို ရှင်းလင်းသောအခါ ဗုဒ္ဓစွယ်တော်ကို ဌာပနာထားသော

ကျောက်သေတ္တာကို တူးဖော်ရရှိသည်။ အတွင်း၌ နံ့သာသေတ္တာ တစ်ထပ်ရှိပြီး ဗုဒ္ဓစွယ်တော်ဖြစ်ကြောင်း စာတမ်းကို ခုနစ်သက္ကရာဇ်ဖြင့် တိတိကျကျ ရေးထိုးထားသည်ကို တွေ့ရသည်။

စွယ်တော်မှတူးဖော်ရရှိသော စာတမ်းမှနေ့ရက်များသည် "လို" LIAO မင်းဆက်သမိုင်း စာအုပ်ရေးကျမ်းပါ အချက်အလက်များနှင့် တိတိကျကျကိုက်ညီသည်ကို တွေ့ရပါသည်။ အဆိုပါစာတမ်းအရ ဗုဒ္ဓစွယ်တော်ကို ခရစ်နှစ် ၁၀၇၁ ၌ ဌာပနာခဲ့၍ ခရစ်နှစ် ၁၉၀၀-တွင်မှ ပြန်လည်တူးဖော်ရရှိသဖြင့် နှစ်ပေါင်း ၈၃၀ ကြာမြင့်ခဲ့သည်ဟု သိရသည်။

ဗုဒ္ဓ၏စွယ်တော်မြတ်ကို ခရစ်နှစ် ၁၉၀၀ ကပင် တူးဖော်ရရှိခဲ့ပေမယ့် တရုတ်နိုင်ငံမှာ စုစည်းမှုမရှိခဲ့ဘဲ နိုင်ငံခြားသားတို့၏ ကျူးကျော်မှုကို ခံရသောကာလဖြစ်သဖြင့် စွယ်တော်အတွက် သင့်တော်သော အဆောက်အဦးကို မတည်ဆောက်နိုင်ခဲ့ချေ။

တိုင်းပြည်လွတ်လပ်ရေးရပြီး ပြည်သူ့အစိုးရသစ်ကို တည်ထောင်နိုင်သော ကာလကျမှ ၁၉၅၅ တွင် အစိုးရနှင့် ဗုဒ္ဓဘာသာဝင်အဖွဲ့အစည်းများ ပေါင်းစပ်ကာ စွယ်တော်ကို ဂေါင်းဂျီ GAUNG-JI ကျောင်းတိုက်သို့ ရွှေ့ပြောင်းထားရှိသော ရတနာ ခုနစ်ပါးနှင့် စီချယ်ထားသော ရွှေအုပ်ဖြင့် ထားရှိခဲ့ကြသည်။

ဤစွယ်တော်ကို သီရိလင်္ကာကျွန်းနှင့် မြန်မာနိုင်ငံများသို့ ပင့်ဆောင်ကိုးကွယ်ခဲ့ကြသေးသည်။ ၁၉၅၇ တွင် တရုတ်နိုင်ငံ ဗုဒ္ဓဘာသာအသင်းတော်မှ ဦးဆောင်၍ ၁၉၅၈-၁၉၆၄ ခုနှစ်များ အတွင်း ကြီးမားသောစေတီတော်ကို တည်ဆောက်နိုင်ခဲ့ကြသည်။



ဗုဒ္ဓမြတ်စွယ်တော်

ဤမြတ်ဗုဒ္ဓစွယ်တော်သည် တရုတ်နိုင်ငံ ပီကင်းမြို့နှင့်ကီလိုမီတာ ၃၀ ကွာဝေးသည့်နေရာ၌ တည်ရှိသည်၊ ဤမြတ်ဗုဒ္ဓစွယ်တော်ကို တရုတ်ဘာသာဖြင့် ၇၆၆ခုနှစ်က လုံချန်(နဂါးစမ်းချောင်း)၊ ၁၁၆၂ ခုနှစ် က ကျွယ်စည်း(နီးကြားခြင်း)၊ ၁၄၇၈ခုနှစ်က လွင်ကျန်(ရောင်ခြည်တော်) ဟူ၍ ခေါ်တွင်ခဲ့သည်။ ဤဗုဒ္ဓစွယ်တော်အား ကြာပန်းလေးပွင့်ဖြင့် ကပ်လှူပူဇော်ထားသည် ကိုတွေ့မြင်ရ၏။ ကြာပန်းလေးပွင့်သည် သစ္စာလေးပါးကို ညွှန်းဆိုသည် ဟူ၍ ဆိုနိုင်၏။

(ဆရာဝန်တင်ရွှေ+ဒေါ်အေးသန့်၊ ဗုဒ္ဓ၏ မြတ်စွယ်တော်- ပထမတွဲ)




မူလစေတီအပျက်

၁၀၇၁–ခုနှစ်က တည်ဆောက်ခဲ့သည်။

ဘုရားတစ်ဆောင်စေတီတော်

၁၉၀၀-တွင် ပြည်ပ ကျူးကျော်လာသော ရန်သူများကြောင့် ပျက်စီးခဲ့သည်။ နောင်အခါ ဘုရားအုတ်ခဲများအကြားမှ စွယ်တော်ကို လင်ကွမ်းကျောင်းတော်မှ ရဟန်းတော်များ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြသည်။

(ဆရာဝန်တင်ရွှေ+ဒေါ်အေးသန့်၊ ဗုဒ္ဓ၏ မြတ်စွယ်တော်- ဒုတိယတွဲ)



စွယ်တော်ကို ထည့်ထားသော အတွင်းသေတ္တာ
နံ့သာကြုတ်

(ဆရာဝန်တင်ရွှေ+ဒေါ်အေးသန့်၊ ဗုဒ္ဓ၏မြတ်စွယ်တော်-ဒုတိယတွဲ)

မြတ်စွာဘုရား၏စွယ်တော် ထည့်သွင်းထားသော စန္ဒကူး သေတ္တာပေါ်တွင် တရုတ်စာများကို အောက်ပါအတိုင်း အဓိပ္ပါယ် ပြန်ဆိုရရှိပါသည်။

သေတ္တာအဖုံးထိပ်တွင်

| | |
|---|---|
| ကျောင်း | သ |
| ကြီး | ကျ |
| ရှင် | မု |
| ဘိက္ခု | နိ |
| ယီကျယ် | မြတ် |
| မဟာထေရ် | စွာ |
| စုံထုန်း | ဘုရား |
| | ၏ |
| | စွယ် |
| | တော် |
| | မြတ် |
| | ဓာတု |

သေတ္တာအဖုံးဘေးနှစ်ချက်တွင် ရဟန်းတော်များ၏ ဘွဲ့အမည်

စန့်ကျုန်း – ကုဟောရှင်ကောက်

ဟွေ့ကျင်း – စာမိကျူအော်

သေတ္တာနံဘေးတွင် ကျန်ဟွေ သက္ကရာဇ်(၇)ခုနှစ် (၄)လ မြတ်စွာဘုရား၏စွယ်တော်မြတ် ဓာတုဘိက္ခုစံဟွေ့။

သေတ္တာအောက်တွင် စံဟွေ့ဟု ရေးသားထားပါသည်။

(ဗုဒ္ဓစွယ်တော်နှင့်တရုတ်ဗုဒ္ဓဘာသာ – ပြင်ဦးလွင် ချစ်မွေ)

(ဗုဒ္ဓ၏မြတ်စွယ်တော် ဒုတိယတွဲ – ဆရာဝန်တင်ရွှေ+ဒေါ်အေးသန့်)



စွယ်တော်စေတီတော်ကို ၁၉၅၈–၁၉၆၄နှစ်များအတွင်း
တည်ဆောက်ခဲ့သည်။

(ဆရာဝန်တင်ရွှေ+ဒေါ်အေးသန့်၊ ဗုဒ္ဓ၏ မြတ်စွယ်တော်-ဒုတိယတွဲ)



အဂ်ဖိုရ် ဆရာတော်ဘုရားကြီးသည် နောက်ပါ တပည့်သံဃာ၊ လူဒါယကာများနှင့်တကွ ၁၂၄၉ခု၊ တပေါင်းလဆန်း၅-ရက်နေ့တွင် သီဟိုဠ်ကျွန်း သခ်ဍ္ဍမြို့ စွယ်တော် တိုက်အတွင်း၌ စွယ်တော်ကို ဖူးမျှော်နေပုံ။
(ဆရာတော်ကြီးကို မြှားပြထားသည်။)

(ဦးတင်ရွှေ - အငြိမ်းစားစာပြု အယ်ဒီတာ(သာသနာရေးဦးစီးဌာန) သာသနာပြုအဂ်ဖိုရ်ဆရာတော်ကြီး၏ သာသနာ သန့်ရှင်း တည်တံ့ရေး)

စေတီတော်မှာ ကိုးမြှောင့်ပုံသဏ္ဍာန်ရှိ၍ ၅၁–မီတာမြင့်သည်။ ရှေးခေတ် တရုတ်စေတီပုံတော်ကို ခေတ် နည်း ကရိယာပစ္စည်းများဖြင့် ခိုင်ခန့်စွာ တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။ စေတီကြီး တစ်ခုလုံးကို အစိမ်းရောင်စဥ့် သုတ်ထားသောအုတ်များဖြင့် တည်ဆောက်ထားသည်။ ပြင်ပမှကြည့်လျှင် အထပ်တစ်ထပ်ထဲရှိသော အဆောက်အဦးဟု ထင်ရပြီး၊ အတွင်း၌ အထပ် ၇ ထပ်ရှိသည်။

အောက်ဆုံးမြေအောက်ထပ်တွင် စေတီနှင့်ပတ်သက်သော အထောက်အထားပစ္စည်း၊ စာအုပ်စာတမ်းများကို ထားရှိသည်။ စွယ်တော်ကို ခန်းမတစ်ခုမှာ သပ်သပ်ရပ်ရပ်ထားရှိသည်။ ခန်းမတစ်ခု၏ အခင်းနံရံအားလုံးကို ကျောက်ပြားအပြည့်ခင်းထားသည်။

အထပ် ၆ ထပ်မှာတော့ ရှေးဟောင်းဗုဒ္ဓစာပေ (ဟန်၊ တိဘက်၊ မွန်ဂိုလီးယားနှင့် ထိုင်းလူမျိုးတို့၏ ဗုဒ္ဓစာပေ)တို့ကို ထိန်းသိမ်းထားရှိသည်။

၁၉၆၄ ဇွန်လ ၂၅ ရက်နေ့က စေတီတော်ဖွင့်ပွဲကို ခမ်းခမ်းနားနား ကျင်းပခဲ့သည်။ အဆိုပါဖွင့်ပွဲသို့ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ဂျပန်၊ လာော၊ မွန်ဂိုလီးယား၊ နီပေါ၊ ပါကစ္စတန်၊ ဗီယက်နမ်နိုင်ငံများမှ ဗုဒ္ဓဘာသာကိုယ်စားလှယ်များ ဘက်ရောက်ခဲ့ကြသည်။

(ဆရာဝန်တင်ရွှေ– ဒေါ်အေးအေးသန့် ဗုဒ္ဓ၏မြတ်စွယ်တော် ဒုတိယတွဲ–၁၆, ၁၇)

## ၆၇။ သင်္ဂါယနာနိဒါန်း

**ရှင်မဟာကဿပမထေရ်မြတ်**သည် နောက်ပါရဟန်း ၅၀၀ ခြံရံလျက် မြတ်စွာဘုရားကို ဖူးမြင်ရန် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွလာကြသည်။

မထေရ်မြတ်နှင့်အဖွဲ့သည် လမ်းခရီးအကြား၌ ရာသီဥတု ပူပြင်းသောကြောင့် သစ်ပင်အောက်၌ နားခိုနေကြသည်။ ထိုစဉ် အာဇီဝ တက္ကတွန်းတစ်ယောက်သည် ကုသိနာရုံမှ ပါဝါပြည်သို့ လာနေ၏။ တက္ကတွန်းသည် အနားယူနေသော ရှင်မဟာကဿပ နှင့် တွေ့ဆုံကြသည်။

အရှင်မဟာကဿပမထေရ်မြတ်က မြတ်စွာဘုရား၏ အကြောင်းကို မေးမြန်းရာ "ဘုရားရှင် ပရိနိဗ္ဗာန်ပြုသွားပြီဖြစ်ကြောင်း" လျှောက်ထား၏။ ရဟန်းသံဃာတို့သည် ထိုသတင်းကို သိလိုက်ရသဖြင့် ဆောက်တည်ရာမရတော့ဘဲ ဝမ်းနည်းပူဆွေး၍ ငိုကြွေးကြလေသည်။

အခြားရဟန်းတော်များ ငိုကြွေးနေကြသော်လည်း သုဘဒ္ဒ ရဟန်းမှာ ငိုကြွေးရမှန်းမသိ၊ ဘုရားမရှိတော့သည်ကိုပင် ဝမ်းသာ



နေ၏။ သုဘဒ္ဒရဟန်းသည် ငိုကြွေးသောရဟန်းတော်တို့ကို အားပေး စကားပြောကြားသည်။

"ငါ့ရှင်တို့၊ ဘာဖြစ်လို့ ငိုကြွေးနေကြသနည်း။ ငါတို့ဟာ ဂေါတမရဟန်းကြီးလက်က လွတ်မြောက်သွားကြပြီ၊ ဂေါတမ ရှိတုန်းကဆိုလျှင် ငါတို့ကို ဒီအမှုမလုပ်နှင့်၊ ဒီအမှုလုပ်ရမည်ဆိုပြီး ကန့်သတ်ချက်တွေ ပြုလုပ်နေခဲ့သည်။ သူမကြိုက်တာလုပ်မိလျှင် ဘယ်အာပတ်သင့်စေဆိုပြီး ဥပဒေပညတ်ချက်တွေနှင့် တားဆီး နေသည်။ ဂေါတမဟာ ငါတို့ကို နှိပ်စက်ညှဉ်းဆဲနေသူဖြစ်သည်။ ခုတော့ ငါတို့ပြုလိုသမျှ ပြုနိုင်ကြပြီ လုပ်ချင်ရာကို လုပ်နိုင်ပြီ၊ လွတ်လပ်ပြီ။"

သုဘဒ္ဒရဟန်း၏စကားကိုကြားရသဖြင့် ရှင်မဟာ ကဿပ မထေရ်ကြီးသည် **"ယခုအချိန်ကပင် မဖွယ်မရာ ပြောဆိုစည်းရုံး နေပြီ၊ နောင်တစ်ချိန် ဒီရဟန်းမျိုးတွေတိုးပွားလာပါက အဓမ္မမှု များ တွင်ကျယ်လာတော့မည်၊ သာသနာတော်လည်း အားနည်း လျော့ပါးချေတော့မည်၊ ဗုဒ္ဓဘုရားရှင် ဟောကြားထားသော ဓမ္မဒေသနာတော်တို့ကို သင်္ဂါယနာတင်ထားမှသာလျှင် သင့်တော် လိမ့်မည်"**ဟု ကြံစည်စဉ်းစားမိလေသည်။

ရှင်မဟာကဿပနှင့် အဖွဲ့သည် ကုသိနာရုံပြည်သို့ ရောက် လာသောအခါ ဘုရားရှင်၏ ရုပ်ကလာပ်တော်ကို တေဇောဓာတ် လောင်ကျွမ်းခြင်း၊ ဓာတ်တော်ဖြန့်ချိခြင်းကိစ္စတို့ကို ဆောင်ရွက် ရသည်။ ထို့နောက် နယုန်လဆန်း ၅ ရက်နေ့တွင် ဓာတ်တော်ထား ရာဇရုပ်၌ သံဃာအစည်းအဝေး ကျင်းပသည်။

သံဃာအစည်းအဝေးကြီးတွင် ရှင်မဟာကဿပ မထေရ်ကြီးက သင်္ဂါယနာတင်ပွဲ ကျင်းပရေးကို အဆိုပြုလျှောက်ထား၏။

"ငါ့ရှင်တို့ သုဘဒ်ရဟန်းလို ရဟန်းဖျင်းများ အသင်းအပင်းများခဲ့လျှင် ဗုဒ္ဓဘုရားရှင်၏ သြဝါဒ ဒေသနာတော်များ ကွယ်ပသွားနိုင်ပါသည်။ ဘုရားရှင်၏ ဒေသနာတော်များ မပျက်မစီး တည်ရှိနေမှသာလျှင် ဘုရားရှင်၏သာသနာတော် အရှည်တည်တံ့နေမည် ဖြစ်ပါသည်။

သို့ဖြစ်၍–

- မသူတော်တရား မပြန့်ပွားမီ
- သူတော်ကောင်းတရား မပျောက်ပျက်မီ
- အလဇ္ဇီ အဝိနယဓမ္မ မပြန့်ပွားမီ
- လဇ္ဇီတို့ ဝိနည်းတရား မပျက်ပြားမီ
- အဓမ္မဝါဒီတို့ အင်အားမကောင်းမီ
- ဓမ္မဝါဒီတို့ အားမနည်းမီ

ဘုရားရှင် ဟောကြားတော်မူသော သုတ္တန်ဒေသနာတော်၊ ဝိနည်းဒေသနာတော်၊ အဘိဓမ္မာဒေသနာတော်တို့ကို စုပေါင်း၍ သင်္ဂါယနာတင်ကြပါကုန်အံ့"ဟု လျှောက်ထားသည်။

အရှင်မဟာကဿပ၏ အဆိုပြုချက်ကို သံဃာတော်တို့က "အရှင်တင်ပြသောအကြောင်းမှာ အလွန်သင့်လျော်လှပါသည်။ သင်္ဂါယနာတင်ရန်အတွက် အရှင်ဘုရားက ဦးဆောင်ဦးရွက်ပြု၍ သင့်လျော်မည့် သံဃာတို့ကို ရွေးကောက်တော်မူပါ"ဟု လျှောက်ထားကြသည်။

(ရေစကြိုအရှင်သေိက–ထေရဝါဒ ဗုဒ္ဓဘာသာ–၄၆, ၄၇)



**၆၈။ ပထမသင်္ဂါယနာတင်ခြင်း**

- မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ၃လ အချိန်
- မဟာသက္ကရာဇ် ၁၄၈ ခု၊ ဝါခေါင်ပြည့်ကျော် ၅ ရက်နေ့
- သာသနာသက္ကရာဇ် ၁ နှစ်၊ ဘီစီ ၅၄၄
- အဇာတသတ်မင်း၏ အကူအညီဖြင့် အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာတို့ အမှူးပြုသော ရဟန္တာမဟာထေရ်ကြီးအပါး ၅၀၀ တို့က ရာဇဂြိုဟ်ပြည်၌ ပထမသင်္ဂါယနာ တင်တော်မူခဲ့သည်။
- ပထမသံဂီတိနာယက ပုစ္ဆက (အမေးပုဂ္ဂိုလ်)အဖြစ် ရှင်မဟာကဿပမထေရ်က ဆောင်ရွက်သည်။
- ဝိနည်း ပိဋကတော်ကို ဘုရားရှင်ရှိစဉ်က ဧတဒဂ်ထားခဲ့သော ရှင်ဥပါလိမထေရ်က ဝိဿဇ္ဇက (အဖြေပုဂ္ဂိုလ်) ပြု၍ ဖြေဆိုရသည်။
- ထို့နောက် သုတ္တန်ပိဋကနှင့် အဘိဓမ္မာပိဋကဒေသနာတို့ကို ရှင်အာနန္ဒာမထေရ်က ဝိဿဇ္ဇကပြု၍ ဖြေကြားလေသည်။
- ဤကဲ့သို့ အမေးအဖြေများ ပြုလုပ်ပြီးနောက် သံဃာတော်ငါးရာတို့က ပေါင်းစု၍ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။
- ပထမအကြိမ် သင်္ဂါယနာတင်ပွဲမှာ ၇လ ကြာမှ ပြီးမြောက်ခဲ့လေသည်။

- ထိုသင်္ဂါယနာသည် နှုတ်တက်ရွတ်ဆိုသော သင်္ဂါယနာ ဖြစ်သည်။
- အဇာတသတ်မင်းက ပစ္စည်း ၄ ပါး ဒါယကာပြုလုပ်၍ အာဏာစက်ဖြင့် ကူညီခဲ့သည်။

ပထမသင်္ဂါယနာပွဲကြီး၌ အောက်ဖော်ပြပါ မူကြီးသုံးချက်ကို တညီတညွတ်တည်း ဆုံးဖြတ်တော်မူခဲ့ကြ၏။

၁။ သံဃာတော်သည် မြတ်စွာဘုရား မပညတ်ခဲ့သည်ကို အသစ်တိုးချဲ့ပညတ်ခြင်း မပြုအံ့။

၂။ မြတ်စွာဘုရား ပညတ်ခဲ့သည်ကို ဖြုတ်ပယ် ဖျက်ဆီးခြင်း မပြုအံ့။

၃။ မြတ်စွာဘုရား ပညတ်တော်မူခဲ့သော သိက္ခာပုဒ် (စည်းကမ်းဥပဒေ)များကို ရှိသေစွာ လိုက်နာကျင့်သုံးပါအံ့။

**ဤဖော်ပြပါ မူကြီးသုံးချက်အတိုင်း ဖြည့်စွက်ခြင်း ထုတ်ပယ်ခြင်း လုံးဝမပြုဘဲ မူလအရှိအတိုင်း တရိုတသေ ထိန်းသိမ်းစောင့်ရှောက်ကျင့်သုံးလာသောဂိုဏ်းကို ထေရဝါဒဂိုဏ်းဟုခေါ်တွင်လေ၏။**

(ရေစကြိုအရှင်ဧသိက–ထေရဝါဒဗုဒ္ဓဘာသာ–၄၉)
[မောင်အုံ မဟာဝိဇ္ဇာ ဘုံသော–ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး]

## ၆၉။ ဒုတိယသင်္ဂါယနာတင်ခြင်း

ရဟန်းအချို့သည် ဝိနည်းကျင့်စဉ်နှင့်မညီသောအကျင့် ၁၀မွဝါဒီ ဆယ်ပါးကို ဟောပြောပြုကျင့်သည်ကို အကြောင်းပြု၍



သာသနာ့အန္တရာယ်ကို ဟန့်တားစေရန်နှင့် မြတ်စွာဘုရားရှင်၏ တရားတော်များ တည်တံ့ခိုင်မြဲစေရန်အတွက်–

သာသနာနှစ် ၁၀၀ ပြည့်နှစ်၊ ဘီစီ ၄၄၃ တွင် ဝေသာလီပြည် ကာလာသောကမင်းကြီး၏ အကူအညီဖြင့် အရှင်ရေဝတ အမှူးပြုသော ရဟန္တာမဟာထေရ်မြတ်အပါး ၇၀၀ တို့က ဝေသာလီပြည် ဝါလိကာရုံကျောင်းတော်ကြီး၌ **၈ လ**တိုင်တိုင် ဒုတိယအကြိမ် သင်္ဂါယနာ တင်တော်မူခဲ့ကြသည်။

ထိုသင်္ဂါယနာသည်လည်း နှုတ်တက်ရွတ်ဆိုသော သင်္ဂါယနာ ဖြစ်သည်။ ကာလာသောကမင်းကြီးက ပစ္စည်းလေးပါးဖြင့် သာသနာ့ဒါယကာပြုလုပ်၍ အာဏာစက်ဖြင့် ဖြည့်စွက်ကူညီခဲ့လေသည်။

ယင်းအဓမ္မဝါဒီဆယ်ပါးဆိုသည်မှာ–

(၁) **သိင်္ဂီလောဏကပ္ပ** –သားချိုဘူးထဲ၌ထည့်၍ ဆောင်ထားအပ်သောဆားကို နေ့စဉ်ဆွမ်းစားတိုင်း ရောနှော၍ စားနိုင်သည်ဟု ပြင်ဆင်သည်။
(ရဟန်းတော်တို့သည် မိမိတို့ဘာသာ သိမ်းဆည်း၍ နောက်ရက်ရောက်မှ ဆွမ်းနှင့်ရော၍ သုံးဆောင်လျှင် ပါစိတ်အာပတ်သင့်၏။)

(၂) **ဒွင်္ဂုလကပ္ပ** – မွန်းတည့်ပြီးနောက် နေရိပ်လက်နှစ်သစ်လွန်သည်အထိ ရဟန်းများ ဆွမ်းစသော အာဟာရကို သုံးဆောင်နိုင်သည်ဟု ပြင်ဆင်သည်။
(ရဟန်းတော်တို့သည် မွန်းတည့်ပြီးနောက် ဘောဇဉ်

အာဟာရကို သုံးဆောင်လျှင် ဝိကာလဘောဇနသိက္ခာပုဒ် အရ ပါစိတ်အာပတ်သင့်၏။)

(၃) **အာဝါသကပ္ပ**–သိမ်တစ်ခုအတွင်း၌ပင် ကိုယ့်အုပ်စုနှင့်ကိုယ် တစ်ဖွဲ့စီခွဲ၍ သံဃာ့ကံများ ပြုလုပ်နိုင်သည်ဟု ပြင်ဆင်သည်။

(ဝိနည်းဒေသနာအရ သိမ်တစ်ခုအတွင်းမှာ သံဃာညီညွတ်မှုကိုပြရန် ရဟန်းတစ်ပါးနှင့်တစ်ပါး တစ်ထောင့်ထွာ ဟတ္ထပါသ်စပ်အောင် ထိုင်ကြရသည်။ ကိုယ့်အုပ်စုနှင့် ကိုယ် သံဃာ့ကံပြုလုပ်ပါက ကံပျက်သည်။ သံဃာကွဲပြားနေသောကြောင့် အာပတ်သင့်သည်။)

(၄) **အနုမတိကပ္ပ**–သံဃာ့အစည်းအဝေး ပြုလုပ်ရာတွင် သံဃာစုံအောင် မစောင့်ဘဲ နောက်မှရောက်လာသော သံဃာ့ထံမှ သဘောတူညီချက်ကို နောက်မှ ရယူမည်ဟု ကြံရွယ်၍ အလျင်ရောက်နှင့်သော သံဃာများက သံဃာ့ကံ ပြုနိုင်သည်ဟု ပြင်ဆင်သည်။

(သံဃာ့အစည်းအဝေးသို့မတက်ရောက်နိုင်သော ရဟန်းများသည် ထိုအစည်းအဝေးက ဆုံးဖြတ်သမျှကို သဘောတူကြောင်းကြိုတင်၍ ဆန္ဒမဲပေးကြရသည်။ အစည်းအဝေးပြီးမှပေးသောဆန္ဒသည် တရားမဝင်ပေ။ ထို့ကြောင့် သဘောတူညီချက်မရရှိဘဲ ရောက်သမျှ သံဃာတစ်စိတ်တစ်ပိုင်းဖြင့် ဆုံးဖြတ်မှုသည် တရားမဝင်။ သံဃာမညီညွတ်သော ဆုံးဖြတ်မှုမှာလည်း အောင်မြင်ခြင်း မရှိချေ။)



(၅) **အာစိဏ္ဏကပ္ပ**–မိမိတို့၏ ဆရာသမားပြုလုပ်ခဲ့သော အစဉ်အလာကို လက်ခံ၍ ပြုလုပ်နိုင်ခွင့်ရှိသည်။ ဆရာသမားတို့ကို အတုလိုက်၍ ပြုလုပ်ခြင်းကြောင့် အာပတ်မသင့်ဟု ပြင်ဆင်သည်။

(ဆရာသမားတို့ ပြုလုပ်သော အစဉ်အလာထုံးစံများသည်လည်း ဝိနည်းနှင့်ညီလျှင် အာပတ်မသင့်။ ဝိနည်းနှင့် မညီလျှင်ကား အာပတ်သင့်သည်သာ ဖြစ်သည်)

(၆) **ဂါမန္တရကပ္ပ**–အခြားရွာသို့သွားရန် ကိစ္စရှိပါက ပဝါရိတ်သင့်သောရဟန်းသည် အတိရိတ်ဝိနည်းကံဖြင့် မပြုဘဲ ဆွမ်းကို စားနိုင်သည်ဟု ပြင်ဆင်သည်။

(ရဟန်းသည် ဆွမ်းစားစဉ် "တော်ပြီ"ဟု ပြောလျှင် ပဝါရိတ်သင့်သည်ဟု ခေါ်၏။ စားခွင့်မရှိတော့ပေ။ အကယ်၍ စားလိုပြန်လျှင် အခြားရဟန်းအား စွန့်လိုက်ရသည်။ ထိုရဟန်းက ပြန်ပေးမှ စားခွင့်ရှိ၏။ ဤသို့ပြုလုပ်ခြင်းကို အတိရိတ်ဝိနည်းကံ ပြုသည်ဟုခေါ်၏။ အတိရိတ် ဝိနည်းကံ မပြုဘဲစားသုံးပါက ပါစိတ်အာပတ်သင့်သည်။)

(၇) **အမထိတကပ္ပ**– ပဝါရိတ်သင့်သောရဟန်းသည် အတိရိတ်ဝိနည်းကံ မပြုဘဲ နို့ရည်အဖြစ်ကို လွန်၍ ဒိန်ချဉ်အဖြစ် မရောက်သေးသော နို့ချဉ်ကို သောက်ခွင့် ရှိသည်ဟု ပြင်ဆင်သည်။

(ဝိနည်းသိက္ခာပုဒ်တွင် နို့ရည်ကိုလည်းကောင်း၊ ဒိန်ချဉ်ကိုလည်းကောင်း၊ ဘောဇဉ်၌ထည့်သွင်းထားရာ၊ စပ်ကူး

မပ်ကူးကာလဖြစ်သော နို့ချဉ်ရည်မှာ ဘုရားဟောသောဇဉ်မှ အလွတ်ဖြစ်သည်ဟု ကြံဆ၍ လျှော့ပေါ့ပြင် ဆင်ခြင်းဖြစ်သည်။)

(၈) **ဇဠောဂီ** –ကောက်ညှင်းဆန်၊ ထန်းလျက်၊ ကြံသကာစသည်တို့ကို စိမ်ရည်ဖြစ်အောင် ဖော်စပ်ရာ၌ စိမ်ရည်အဖြစ်မရောက်သေးသော သေရည်အနုစား၊ စိမ်ရည်အနုစား၊ ထန်းရည်ခါးတို့ကို ရဟန်းတော်များ သောက်သုံးနိုင်သည်ဟု ပြင်ဆင်သည်။

(ရဟန်းတော်များသည် စိမ်ရည်၊ ခေါင်ရည်၊ ထန်းရည်၊ သေရည်အနုစား၊ မူးယစ်ဆေးဝါးကို သုံးဆောင်ခွင့် မရှိ၊ သုံးဆောင်ပါက ပါစိတ်အာပတ်သင့်သည်။

(၉) **အဒသကံနိသီဒနံ**–ရဟန်းများအတွက် အမြိတ်အဆာမပါသော နိသီဒိုင်(နေရာထိုင်ခင်း)ကို သုံးဆောင်အပ်သည်ဟု ပြင်ဆင်သည်

(အမြိတ်အဆာ မပါသော နေရာထိုင်ခင်း (နိသီဒိုင်)ကို မအပ်စပ်ဟု ဗုဒ္ဓပညတ်ချက်ရှိသည်။)

(၁၀) **ဇာတရူပ ရဇတ**–ရဟန်းတော်များသည် ရွှေငွေ အသပြာကို အလှူခံနိုင်သည်ဟု ပြင်ဆင်သည်။

(ရဟန်းတော်များသည် ရွှေငွေတို့ကို အလှူမခံရဟု ဗုဒ္ဓပညတ်ချက် ရှိသည်။)

**(ရေစကြိုအရှင်ဇေသိက–ထေရဝါဒဗုဒ္ဓဘာသာ–၁၈, ၁၉, ၂၀)**
**(အရှင်သေဋ္ဌိလ–ဗုဒ္ဓဘာသာဝင်လက်စွဲ–၃၀)**



# ၇၀။ တတိယသင်္ဂါယနာတင်ခြင်း

ပါဋလိပုတ်ပြည် အသောက (သီရိဓမ္မာသောက)မင်းလက်ထက်တွင် ဗုဒ္ဓသာသနာတော် စည်ပင်ဖွံ့ဖြိုးနေ၏။ အသောကမင်းသည် စောစောပိုင်းက ဗုဒ္ဓဘာသာဝင် မဟုတ်သော်လည်းနောက်ပိုင်းတွင် ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့သည်။

အသောကမင်းသည် ဗုဒ္ဓဘာသာဝင် ဖြစ်လာပြီးနောက် ဗုဒ္ဓသာသနာကို အကြီးအကျယ်ချီးမြှောက်သည်။ သို့အလျောက် သာနာ့ဝန်ထမ်း ရဟန်းယောကျ်ား၊ ရဟန်းမိန်းမများ အမြောက်အများ တိုးပွားလာ၏။

ဤအခြေအနေကို အခွင့်ကောင်းယူလျှက် သာသာနာ့ပြင်ပမှ တိတ္ထိတို့သည် ဗုဒ္ဓသာသာအတွင်းသို့ဝင်၍ ရဟန်းပြုကြသည်။ ယင်းတိတ္ထိတို့သည် ဗုဒ္ဓဘာသာကို ယုံကြည်၍ ဝင်ရောက်လာသူများမဟုတ်ကြ၊ သာသနာတော်တရားကိုလည်း မသင်ကြားကြပေ။

ထိုရဟန်းတု၊ ရဟန်းယောင်တို့သည် ဗုဒ္ဓတရားနှင့် မစပ်ဆိုင်သော အယူဝါဒများကို ဗုဒ္ဓတရားတော်အဖြစ် ဟောပြောနေ

ကြသည်။ မိမိတို့၏ အယူဝါဒများကို ဗုဒ္ဓဘာသာတရားထဲသို့ ထည့်သွင်းနေကြသည်။ ဗုဒ္ဓ၏ ဓမ္မဒေသနာများမှာ သန့်စင်မှု မရှိတော့။ အချို့ရဟန်းတို့ကမူ မီးကိုပူဇော်ကြသည်။ လုပ်ကျွေးကြသည်။ နေကို ပူဇော်ကြသည်။ လုပ်ကျွေးကြသည်။ ဗုဒ္ဓရဟန်းတော်အမည်ခံပြီး သာသနာ့ပြင်ပကိုးကွယ်မှုများကို ပူဇော်ကိုးကွယ်နေကြသည်။ သံဃာစစ် သံဃာမှန်တို့သည် ဖော်ပြပါ ရဟန်းတုများနှင့် အပေါင်းအသင်းမပြုကြ။ ဥပုသ် ပဝါရဏာစသော သံဃာ့ကံများ မပြုလုပ်ကြချေ။

အသောကမင်းသည် ဤကဲ့သို့ မသန့်ရှင်း မစင်ကြယ်ဖြစ်နေသော ဗုဒ္ဓသာသနာတော်ကို သန့်ရှင်းသော သာသနာဖြစ်စေရန် စီမံသည်။

အသောကမင်းသည် ဗုဒ္ဓသာသနာအတွင်း ဝင်ရောက်နေကြသော ရဟန်းတု ရဟန်းယောင်တို့ကို ဝါဒရေးရာနှင့်ပတ်သက်၍ စစ်မေးသည်။ ရဟန်းယောင်တို့သည် ဗုဒ္ဓဝါဒ အစစ်အမှန်ကို မဖြေကြားနိုင်ကြ။ ဗုဒ္ဓဝါဒမှ ပြင်ပအယူဝါဒများကို ဗုဒ္ဓဝါဒအဖြစ် ရောနှောဖြေဆိုကြသည်။

အသောကမင်းသည် ဤကဲ့သို့ စစ်ဆေးပြီးနောက် ဗုဒ္ဓဝါဒအမှန်ကို မဖြေနိုင်သော ရဟန်းတု တိတ္ထိပေါင်း ခြောက်သောင်းကို အဝတ်ဖြူလဲ၍ လူထွက်စေသည်။ အသောကာရုံကျောင်းတိုက်မှ နှင်ထုတ်ပစ်လိုက်သည်။

အသောကမင်းတရားသည် သာသနာတော် သန့်စင်ရေးကို ဆောင်ရွက်ပြီးနောက်



သာသနာနှစ် ၂၃၅ ခုနှစ်၊ နယုန်လ၊ ဘီစီ ၂၅၂ တွင် ရှင်မဟာမောဂ္ဂလိပုတ္တတိဿ အမှူးပြုသော ရဟန္တာပေါင်း ၁၀၀၀ (တစ်ထောင်)တို့သည် ဗုဒ္ဓ၏ဓမ္မဒေသနာ သန့်စင်ရေးအတွက် တတိယအကြိမ် သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ ထိုသင်္ဂါယနာတင်ပွဲသည် ၉လကြာမှပြီးမြောက်သည်။

ထိုတတိယအကြိမ် သင်္ဂါယနာတင်ပွဲကြီး၏ သာသနာ့ဒါယကာမှာ အသောကမင်းတရားပင် ဖြစ်လေသည်။

(ရေစကြိုအရှင်သေီက–ထေရဝါဒဗုဒ္ဓဘာသာ–၅၀,၅၁)

## ၇၁။ စတုတ္ထသင်္ဂါယနာတင်ခြင်း

စတုတ္ထသင်္ဂါယနာမတင်မီ အကြိုနှစ်များက သီဟိုဠ်ကျွန်း၌ ဝဋ္ဋဂါမဏီမင်း နန်းစံခဲ့သည်။ နန်းစံ၍ မကြာမီမှာပင် ကျည်းသားလူမျိုးတို့၏ဗြဟ္မဏတိဿ သူပုန်ဘေးကြီးဖြစ်ပွားသည်။ ဝဋ္ဋဂါမဏီသည် သူပုန်ရန်ဘေးကြောင့် နန်းမှဆင်း၍ ထွက်ပြေးပုန်း အောင်းနေရ၏။

ထိုကာလမှာပင် မိုးကလည်း ခေါင်သဖြင့် သီးနှံများပျက်ခဲ့ရာ တစ်ကျွန်းလုံး ငတ်မွတ်ခေါင်းပါးပြီး ဒုဗ္ဘိက္ခန္တရကပ်ကြီးနှင့် ရင်ဆိုင်ကြရလေသည်။ ထိုအချိန်အထိ သံဃာတော်တို့သည် ဗုဒ္ဓ၏ဓမ္မဒေသနာတော်တို့ကို နှုတ်ဖြင့်သာရွတ်ဆိုထိန်းသိမ်း လာခဲ့ကြသည်။ ဤကဲ့သို့သော ငတ်မွတ်ဘေးနှင့် ကြုံတွေ့ရသောအခါ ရဟန်းတို့ လေနာရောဂါထ၍ ရောဂါဘယများ ဖြစ်ပေါ်လာကြသည်။ သို့သော်လည်း ပိဋကတ်တော်များ မမေ့မပျောက်စေရန်

ကြိုးစား၍ ရွတ်ဆိုထိန်းသိမ်းနေကြရသည်။ အချို့ရဟန်းတော်များမှာအာဟာရပြတ်၍ ပျံလွန်တော်မူကုန်ကြသည်။

မသေမပျောက်ဘဲ ကျန်ရစ်သော သံဃာတို့က ပိဋကတ်တော်တို့ကို နှုတ်ဆင့်ကမ်း၍ ထိန်းသိမ်းနေကြရသည်။ ဤသို့ပင်ပန်းကြီးစွာ စောင့်ရှောက်နေရသည်မှာ ၁၂ နှစ်မျှကြာမြင့်ခဲ့လေသည်။

ထိုနှစ်များအတွင်း ဝဋ္ဋဂါမဏိမင်းသည် သူပုန်ရန်ကိုပြန်လည်နှိမ်နင်းနိုင်သဖြင့် ဒုတိယအကြိမ် ထီးနန်းကို စံမြန်းရပြန်သည်။

ထိုအခါ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်ခဲ့သော ရဟန္တာတို့သည် နှုတ်ဆင့်ကမ်း သယ်ဆောင်ရသဖြင့် တာဝန်ကြီးလှသည်။ အကယ်၍ ဘေးဒုက္ခနှင့် ကြုံသဖြင့် ပြန်ဆိုခြင်း မပြုနိုင်လျှင် ဗုဒ္ဓဒေသနာတော်များ ကွယ်ပျောက်သွားနိုင်သည်။ ထို့ကြောင့် ဒေသနာတော်အရပ်ရပ်ကို စာပေဖြင့် မှတ်တမ်းတင်ထားမှ စိတ်ချ ရမည်ဟု စဉ်းစားမိကြသည်။

ထို့ကြောင့် သီဟိုဠ်သံဃာ ရဟန္တာတို့သည် ပိဋကတ်တော်များကို ပေလွှာရွက်ပေါ်၌အက္ခရာစာဖြင့် မှတ်တမ်းပြု၍ သင်္ဂါယနာတင်ကြရန် ဆုံးဖြတ်ကြသည်။ ယင်းသို့ ဆုံးဖြတ်ပြီးနောက် အရှင်မဟာဓမ္မရက္ခိတ အမှူးပြုသော ရဟန္တာ ၅၀၀ တို့သည် သာသနာနှစ် ၄၅၀၊ ဘီစီ ၉၀ တွင် မလယဇနပုဒ် အာလောကလိုဏ်ဂူ၌ စတုတ္ထသင်္ဂါယနာ တင်တော်မူခဲ့ကြသည်။



မြတ်စွာဘုရားရှင် လက်ထက်တော်မှစ၍ နှုတ်တိုက်ကျက်မှတ်ခဲ့ရသော ပိဋကတ်ပါဠိတော်ကို ဤအကြိမ်တွင် ပေရွက်၌ အက္ခရာတင်တော်မူခဲ့ကြသည်။

**(ရေစကြိုအရှင်ဇေသိက–ထေရဝါဒဗုဒ္ဓဘာသာ–၅၂)**

## ၇၂။ ပဥ္စမသင်္ဂါယနာတင်ခြင်း

မြန်မာနိုင်ငံကို စိုးအုပ်သော မင်းတုန်းမင်းသည် မြန်မာသက္ကရာဇ် ၁၂၁၂ ခုနှစ်တွင် မန္တလေးရတနာပုံမြို့ကို တည်ထောင်သည်။ မင်းတုန်းမင်းသည် မြို့တော်သစ်၌ ကောင်းမှုတော်လောကမာရဇိန် ကျောက်တော်ကြီးဘုရား၊ အတုမရှိကျောင်းတော်ကြီးစသော ကောင်းမှုတော်များစွာတို့ကို တည်ထားသည်။ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီးကိုလည်း ထီးတော်အသစ် ဟင်လှူသည်။

မင်းတုန်းမင်းသည် ၁၂၂၂ ခု၊ တန်ဆောင်မုန်းလကစ၍ ပိဋကတ်သုံးပုံ ပါဠိတော်တို့ကို ပေထက်အက္ခရာတင်သည်။ ထိုမှဖြင့် အားမရသေးဘဲ ပိဋကတ်တော်များ အရှည်တည်တံ့ရေးအတွက် ရှေးခေတ်သာသနာပြုမင်းများ မဆောင်ရွက်ဖူးသော ပိဋကတ်တော် ကျောက်ထက်အက္ခရာတင်ရန်ဆန္ဒရှိလာပြန်သည်။

ထို့ကြောင့် စကျင်တောင်မှ ကျောက်ပြားများကို မှာယူ၍ ပိဋကတ်တော် ကျောက်ထက်အက္ခရာတင် လုပ်ငန်းကို ဆောင်ရွက်သည်။ ပိဋကတ်တော်တို့ကို မှုမှန်သန့်စင်ရေးအတွက် အောက်ပါဆရာတော်ကြီးများကို လျှောက်ထားတာဝန်ပေးသည်။

(၁) မိဖုရားခေါင်ကြီး စကြာဒေဝီ၏ဆရာဖြစ်သော "ဓာဂရာဘိဝံသ ဇာပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တော်ရ ဒက္ခိဏာရာမဆရာတော်၊

(၂) သေနတ်ဝန်ကြီး၏ဆရာဖြစ်သော "နရိန္ဒာဘိ သိရိသဒ္ဓမ္မဇောတိပါလ ဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့ရဆရာတော်၊

(၃) သုမင်္ဂလသာမိ သိရိ ပဝရ မဏိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့ရဆရာတော်တို့ဖြစ်သည်။

လူပုဂ္ဂိုလ်များဘက်မှလည်း ခန်းပတ်မြို့စား၊ ယောမြို့စား၊ မိုင်းခိုင်းမြို့စား စသည့် ပုဂ္ဂိုလ်တို့ကို ကြီးကြပ်ဆောင်ရွက်စေ၏။

မင်းတုန်းမင်း၏ ကျောက်ထက်အက္ခရာတင်လုပ်ငန်းမှာ သက္ကရာဇ် ၁၂၃၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့တွင် ပြီးစီး အောင်မြင်ခဲ့သည်။ ပိဋကတ်တော်တို့ကို ကျောက်စာအဖြစ် မှတ်တမ်းတင်ရာ၌–

၁။ ဝိနည်းငါးကျမ်းပါဠိတော် (၁၁၁) ချပ်

၂။ အဘိဓမ္မာပါဠိတော် (၂၀၈) ချပ်

၃။ သုတ္တန်ပါဠိတော် (၄၁၀) ချပ်

စုစုပေါင်း ကျောက်ချပ်ရေ ၇၂၉ ချပ် ရှိပေသည်။

မင်းတုန်းမင်းသည် ရှေးရှေးသောမင်းများဖြစ်သည့် အဇာတသတ်၊ ကာလာသောက၊ သီရိဓမ္မာသောက၊ ဝဋ္ဋဂါမဏိမင်းတို့ လက်ထက်ကဲ့သို့ ပိဋကတ်တော်ကို နှုတ်ဖြင့်ရွတ်ဆိုသော သင်္ဂါယနာ တင်ပွဲပြုလုပ်လိုသောဆန္ဒ ဖြစ်ပေါ်လာပြန်သဖြင့် သာသနာ



တော်နှစ် ၂၄၁၅၊ မြန်မာသက္ကရာဇ် ၁၂၃၃၊ ခရစ်နှစ် ၁၈၇၁၊ ဘန်ရှူးလပြည့်ကျော် ၁၁ ရက်နေ့တွင် ဘဒ္ဒန္တ ဇာဂရာဘိဝံသမဟာထေရ်အမှူးပြုသော သံဃာတော်အပါး ၂၄၀၀ တို့က ပဉ္စမသင်္ဂါယနာ တင်ခဲ့ကြသည်။

ထိုသင်္ဂါယနာတင်ပွဲကို ပိဋကတ်တော်များကို နှုတ်ဖြင့် ရွတ်ဆိုကြရာ ၅ လနှင့် ၃ ရက်ကြာမှ ပြီးမြောက်ခဲ့လေသည်။

(ရေစကြိုအရှင်ဇေသိက–ထေရဝါဒဗုဒ္ဓဘာသာ–၅၃)

(အရှင်သေဋ္ဌိလ–ဗုဒ္ဓဘာသာဝင်လက်စွဲ–၃၁)

## ၇၃။ ဆဋ္ဌမသင်္ဂါယနာတင်ခြင်း

သာသနာတော်နှစ် ၂၄၉၈ ခု၊ မြန်မာသက္ကရာဇ် ၁၃၁၆ ခု၊ ခရစ်နှစ် ၁၉၅၄ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် မြန်မာနိုင်ငံတော် သမ္မတဦးဘဦးက သာသနာ့ဒါယကာအဖြစ်ခံယူသည်။ နိုင်ငံတော်အစိုးရအဖွဲ့၏အကြီးအကဲဖြစ်သူ ဝန်ကြီးချုပ် ဦးနုက အထွေထွေ အာဏာစက်ဖြင့် ကူညီဆောင်ရွက်ရန် တာဝန်ယူသည်။

သတိုးသီရိသုဓမ္မသူဌေးကြီး ဆာဦးသွင် ဦးဆောင်သော နိုင်ငံတော် ဗုဒ္ဓသာသနာပြုအဖွဲ့ကြီးကလည်း ပစ္စည်းလေးပါး ထောက်ပံ့ကူညီရန် တာဝန်ယူပြီး၊ မန္တလေးမြို့မှ ညောင်ရမ်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ရေဝတ အမှူးပြုသော သံဃာတော် ၂၅၀၀ တို့သည် မြန်မာနိုင်ငံ ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆဋ္ဌသင်္ဂါယနာ စတင်ခဲ့ပေရာ သာသနာသက္ကရာဇ် ၂၅၀၀ ပြည့်နှစ် တစ်နည်း မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသော ၂၅၀၀ နှစ်မြောက် မေလ


၁၉၅၆ တွင် ပြီးဆုံးသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသို့ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ သီရိလင်္ကာနိုင်ငံတို့မှ ထေရဝါဒရဟန်းတော် ၁၄၄ ပါး၊ မြန်မာနိုင်ငံမှ ရဟန်းတော် ၂၄၇၃ ပါးတို့က ၂၄၅ ရက်ကြာမြင့်စွာ ရွတ်ပွားတော်မူကြ၏။

ထိုသင်္ဂါယနာတင်ပွဲကြီးတွင် ဆဋ္ဌသံဂီတိပုစ္ဆက (အမေးပုဂ္ဂိုလ်)အဖြစ် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘဏမထေရ်က ဆောင်ရွက်ပြီး၊ ဆဋ္ဌသံဂီတိ ဝိဿဇ္ဇက (အဖြေပုဂ္ဂိုလ်)အဖြစ် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မထေရ်က ဆောင်ရွက်တော်မူပေသည်။

(ရေစကြိုအရှင်ဒေသိက–ထေရဝါဒ ဗုဒ္ဓဘာသာ)
(အရှင်သေဋ္ဌိလ ဗုဒ္ဓဘာသာဝင်လက်စွဲ)


## ဗုဒ္ဓသာသနာတော် ဆင်းသက်ပြန့်ပွားပုံ




(မောင်အံ့ - မဟာဝိဇ္ဇာ - ဘုံဘော - ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး)

B. C = Before Christ (ခရစ်တော် မပေါ်မီ)

A. D = Anno Domini (ခရစ်တော် ပေါ်ပြီး)




(မောင်အုံ - မဟာဝိဇ္ဇာ (ဘုံဘေ) - ဗုဒ္ဓသာသနာ [illegible])

# ကျွန်ုပ်တို့ နားလည်ထားရမည့် ၃၁ ဘုံအကျဉ်း

- ၃၁ ဘုံ
  - ဗြဟ္မာဘုံ–၂၀–
    - ရူပဗြဟ္မာဘုံ ၁၆ အသညသတ်ဘုံ (ရုပ်ရှိ၊ နာမ်မရှိ) မှတစ်ပါးကျန်(၁၅) ဘုံ (ရုပ်+နာမ်)ရှိ
      - စတုတ္ထဈာန် ၇ ဘုံ
        - ဝေဟပ္ဖိုလ်ဘုံ
        - အသညသတ်ဘုံ
        - သုဒ္ဓါဝါသ ၅ဘုံ (အနာဂါမ်ဗြဟ္မာများ + ရဟန္တာဗြဟ္မာများ)
      - တတိယဈာန် ၃ ဘုံ
      - ဒုတိယဈာန် ၃ ဘုံ
      - ပထမဈာန် ၃ ဘုံ
    - အရူပဗြဟ္မာဘုံ – ၄ (ရုပ်မရှိ၊ နာမ်သာရှိ)
  - ကာမဘုံ သုဂတိ – ၇
    - နတ်ပြည် ၆ ဘုံ
    - လူ့ပြည် ၁ ဘုံ
  - အပါယ် ၄ ဘုံ (ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်)

နေဝသညာနာသညာယတနဘုံ
↑
အာကိဉ္စညာယတနဘုံ
↑
ဝိညာဏဉ္စာယတနဘုံ
↑
အာကာသာနဉ္စာယတနဘုံ
— ပဉ္စမရျာန် ၄ ဘုံ (အရူပ ၄ ဘုံ)

↑
အကနိဋ္ဌဘုံ
↑
သုဒဿီဘုံ
↑
သုဒဿာဘုံ
↑
အတပ္ပာဘုံ
↑
အဝိဟာဘုံ
— သုဒ္ဓါဝါသ ၅ ဘုံ
↑
ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ
— စတုတ္ထဈာန် ၇ ဘုံ
↑
ပရိတ္တသုဘာဘုံ၊ အပ္ပမာဏသုဘာဘုံ၊ သုဘကိဏှာဘုံ (တတိယဈာန် ၃ ဘုံ)
↑
ပရိတ္တာဘာဘုံ၊ အပ္ပမာဏာဘာဘုံ၊ အာဘဿရာဘုံ (ဒုတိယဈာန် ၃ ဘုံ)
↑
"ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံ (ပထမဈာန်–၃ ဘုံ)

— ဗြဟ္မာ ၂၀ ဘုံ (တစ်ဘုံနှင့်တစ်ဘုံ ယူဇနာ ၅ သန်း၊ ၅ သိန်း၊ ၈ ထောင်ကျော် ကွာဝေးသည်။)

↑
ပရနိမ္မိတဝသဝတ္တီနတ်ဘုံ
↑
နိမ္မာနရတိနတ်ဘုံ
↑
တုသိတာနတ်ဘုံ
↑
ယာမာနတ်ဘုံ
↑
တာဝတိံသာနတ်ဘုံ
↑
စတုမဟာရာဇ်နတ်ဘုံ

— နတ်ပြည် ၆ ဘုံ (တစ်ဘုံနှင့်တစ်ဘုံ ယူဇနာ ၄၂၀၀ ကွာဝေးသည်။)

↑

| လူ့ဘုံ | တိရစ္ဆာန်ဘုံ | ပြိတ္တာဘုံ | အသုရကာယ်ဘုံ |
|---|---|---|---|



| လူ့ဘုံ | တိရိစ္ဆာန် | ပြိတ္တာဘုံ | အသုရကာယ်ဘုံ |
|---|---|---|---|

ယူဇနာ ၁၅၀၀ (တစ်ယူဇနာ= ၈ မိုင်)
↓
ပထမငရဲဘုံ (သိဉ္စိုင်းငရဲ)
↓
ဒုတိယငရဲဘုံ (ကာလသုတ်ငရဲ)
↓
တတိယငရဲဘုံ (သင်္ဃာတငရဲ)
↓
စတုတ္ထငရဲဘုံ (ရောရုပငရဲ)
↓
ပဉ္စမငရဲဘုံ (မဟာရောရုဝငရဲ)
↓
ဆဋ္ဌမငရဲဘုံ (တာပန ငရဲ)
↓
သတ္တမငရဲဘုံ (မဟာတာပန ငရဲ)
↓
အောက်ဆုံးထပ်ငရဲ (အဝီစိငရဲ)

— ငရဲဘုံ ၁ ဘုံ — တစ်ဘုံနှင့်တစ်ဘုံ ယူဇနာ ၁၅၀၀ ကွာဝေးသည်

ငရဲကြီးရှစ်ထပ်တွင် တစ်ထပ်လျှင် တစ်မျက်နှာစီ၌ ဥဿဒငရဲ(ငရဲငယ်) လေးထပ်စီ ခြံရံထားသဖြင့် ငရဲကြီးတစ်ထပ်လျှင် ငရဲငယ်ပေါင်း ၁၆ ထပ်ရှိသည်။ ၎င်းတို့မှာ–

(၁) ဘင်ပုတ်ငရဲ
(၂) ပြာပူငရဲ
(၃) လက်ပံတောငရဲ
(၄) သန်လျက်တောငရဲတို့ ဖြစ်သည်။

# နတ်သက်တမ်းဇယားအကျဉ်းချုပ်

| နတ်ဘုံ | လူ အရေအတွက် | နတ် အရေအတွက် | လူ့ပြည် (နှစ်) | နတ်ပြည် (ရက်) |
|---|---|---|---|---|
| စတုမဟာရာဇ် | (နှစ်) ၉ သန်း | (နှစ်) ၅၀၀ | (နှစ်) ၅၀ | ၁ ရက် |
| တာဝတိံသာ | ၃ ကုဋေ ၆ သန်း | ၁၀၀၀ | ၁၀၀ | ၁ ရက် |
| ယာမာ | ၁၄ ကုဋေ ၄ သန်း | ၂၀၀၀ | ၂၀၀ | ၁ ရက် |
| တုသိတာ | ၅၇ ကုဋေ ၆ သန်း | ၄၀၀၀ | ၄၀၀ | ၁ ရက် |
| နိမ္မာနရတိ | ၂၃၀ ကုဋေ ၄ သန်း | ၈၀၀၀ | ၈၀၀ | ၁ ရက် |
| ပရနိမ္မိတဝသဝတ္တီ | ၉၂၁ ကုဋေ ၆ သန်း | ၁၆၀၀၀ | ၁၆၀၀ | ၁ ရက် |

## ဗြဟ္မာသက်တမ်း

| | | |
|---|---|---|
| ပဌမဈာန် ၃ ဘုံ | ဗြဟ္မပါရိသဇ္ဇာဘုံ | အသင်္ချေယျကပ် ၁/၃ |
| | ဗြဟ္မပုရောဟိတာဘုံ | အသင်္ချေယျကပ် ၁/၂ |
| | မဟာဗြဟ္မာဘုံ | အသင်္ချေယျကပ် ၁ |
| ဒုတိယဈာန် ၃ ဘုံ | ပရိတ္တာဘာဘုံ | မဟာကပ် (ကမ္ဘာ) ၂ |
| | အပ္ပမာဏာဘာဘုံ | မဟာကပ် (ကမ္ဘာ) ၄ |
| | အာဘဿရာဘုံ | မဟာကပ် (ကမ္ဘာ) ၈ |
| တတိယဈာန် ၃ ဘုံ | ပရိတ္တသုဘာဘုံ | မဟာကပ် (ကမ္ဘာ) ၁၆ |
| | အပ္ပမာဏသုဘာဘုံ | မဟာကပ် (ကမ္ဘာ) ၃၂ |
| | သုဘာကိဏှာဘုံ | မဟာကပ် (ကမ္ဘာ) ၆၄ |



| | | |
|---|---|---|
| စတုတ္ထဈာန် ၇ ဘုံ | ဝေဟပ္ဖိုလ်ဘုံ | မဟာကပ် (ကမ္ဘာ) ၅၀၀ |
| | အသညသတ်ဘုံ | မဟာကပ် (ကမ္ဘာ) ၅၀၀ |
| | အဝိဟာဘုံ | မဟာကပ် (ကမ္ဘာ) ၁၀၀၀ |
| | အတပ္ပာဘုံ | မဟာကပ် (ကမ္ဘာ) ၂၀၀၀ |
| | သုဒဿာဘုံ | မဟာကပ် (ကမ္ဘာ) ၄၀၀၀ |
| | သုဒဿီဘုံ | မဟာကပ် (ကမ္ဘာ) ၈၀၀၀ |
| | အကနိဋ္ဌဘုံ | မဟာကပ် (ကမ္ဘာ) ၁၆၀၀၀ |

| | | |
|---|---|---|
| အရူပ ၄ ဘုံ | အာကာသာနဉ္စာယတနဘုံ | မဟာကပ်(ကမ္ဘာ) ၂၀၀၀၀ |
| | ဝိညာဏဉ္စာယတနဘုံ | မဟာကပ် (ကမ္ဘာ) ၄၀၀၀၀ |
| | အာကိဉ္စညာယတနဘုံ | မဟာကပ် (ကမ္ဘာ) ၆၀၀၀၀ |
| | နေဝသညာနာသညာယတနဘုံ | မဟာကပ် (ကမ္ဘာ) ၈၄၀၀၀ |

မှတ်ချက်။ ။ စတုတ္ထဈာန် ၇ ဘုံအနက်
- အဝိဟာဘုံ
- အတပ္ပာဘုံ
- သုဒဿာဘုံ
- သုဒဿီဘုံ
- အကနိဋ္ဌဘုံ တို့သည်
  **သုဒ္ဓါဝါသ** ၅-ဘုံဖြစ်သည်။
- ထိုဘုံ၌ **အနာဂါမ်**နှင့် **ရဟန္တာ**တို့သာ ဖြစ်နိုင်ကြသည်။

**(ဗုဒ္ဓဘာသာလက်စွဲကျမ်း-ပထမတွဲ-၆၄၁,၆၄၂)**

## အသင်္ချေယျကပ် (ကပ္ပအသင်္ချေ)

ကပ္ပအသင်္ချေဟုခေါ်သော အသင်္ချေယျကပ်သည် ဤကမ္ဘာကြီး၏ဖြစ်မှုပျက်မှုနှင့် ဆက်စပ်လျက်ရှိသည်။ အသင်္ချေယျကပ်လေးမျိုးရှိသည်။

(၁) သံဝဋ္ဋကပ် (ကမ္ဘာပျက်ဆဲကာလ)

(၂) သံဝဋ္ဋဋ္ဌာယီကပ် (အပျက်အတိုင်း တည်နေသော ကာလ)

(၃) ဝိဝဋ္ဋကပ် (ကမ္ဘာတည်သောကာလ)

(၄) ဝိဝဋ္ဋဋ္ဌာယီကပ် (ကမ္ဘာတည်သည့်အတိုင်း ဆက်လက်တည်ရှိနေသော ကာလ)

အထက်ဖော်ပြပါ ၄ ကပ်ကို **'မဟာကပ်တစ်ခု'** ဟု ခေါ်ဆိုရသည်။

ယင်းမဟာကပ်တစ်ခုကို **တစ်ကမ္ဘာ** ဟု အချိန်ကာလ သတ်မှတ်ရသည်။

**ထို့ကြောင့် တစ်ကမ္ဘာဟူသည် အသင်္ချေယျကပ် ၄ ကပ်မျှ ကြာမြင့်သည်။**

(ဗုဒ္ဓဘာသာလက်စွဲကျမ်း–ပထမတွဲ–၂၄၄)



## ဘုရားရှင်လက္ခဏာတော် ၃၂ ပါးနှင့် လက္ခဏာတော်ငယ် ရှစ်ဆယ်

(၁) ခြေဗွေ အညီအညွတ်ကောင်းစွာထိသော ခြေဖဝါးရှိတယ်။

(၂) စက်လက္ခဏာနှင့် ပြည့်စုံသော ခြေဖဝါးပြင်ရှိတယ်။

(၃) တင့်တယ်ရှည်သွယ်သော ဖနောင့်ရှိတယ်။

(၄) ရှည်သွယ်ပျော့ပျောင်းသော ခြေချောင်းလက်ချောင်းရှိတယ်။

(၅) နူးညံ့သိမ်မွေ့သော ခြေဖဝါး, လက်ဖဝါးရှိတယ်။

(၆) ရွှေပွတ်လုံးကဲ့သို့ ညီညွတ်သော လက်,ခြေရှိတယ်။

(၇) မြင့်သော ဖမျက် ရှိတော်မူတယ်။

(၈) ဇကီသား၏ မြင်းခေါင်းကဲ့သို့ ပြည့်ဖြိုးသော မြင်းခေါင်းရှိတယ်။

(၉) မကိုင်းညွတ်ဘဲ ရပ်လျက် နှစ်ဖက်သောလက်ဝါးပြင်တို့ဖြင့် ပုဆစ်ဒူးဝန်းကို သုံးသပ် ဆုပ်နယ်နိုင်တယ်။

(၁၀) အရေအိတ် အိမ်ဖြင့် ဖုံးလွှမ်းသော ယောကျ်ားနိမိတ်ရှိတယ်။

(၁၁) ရွှေရောင်ကဲ့သို့ ထိန်ဝါတောက်ပသော အရေအဆင်းရှိတယ်။

(၁၂) သိမ်မွေ့နူးညံ့၍ မြူအညစ်အကြေး မငြိကပ်သော ကိုယ်တော်ရှိတယ်။

(၁၃) မွေးညင်းပေါက်တစ်ခု တစ်ခု၌ တစ်ချောင်းတစ်ချောင်းစီ မွေးညင်းရှိတော်မူတယ်။

(၁၄) ညိုသောအဆင်းရှိ၍ လက်ယာရစ်ကော့တက်သော မွေးညင်းရှိတယ်။

(၁၅) ဗြဟ္မာမင်း၏ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိတယ်။

(၁၆) ခြေဖမိုးအစုံ၊ လက်ဖမိုးအစုံ၊ ပခုံးစွန်းနှစ်ဖက်၊ လည်ကုတ်တော် ဤ ၇ ဌာနတို့၌ ပြည့်ဖြိုးသော အသားရှိတယ်။

(၁၇) ခြင်္သေ့မင်း ရှေ့ကိုယ်ထက်ဝက်ကဲ့သို့ ပြည့်ဖြိုးကြံ့ခိုင်သော ကိုယ်တော်ရှိတယ်။

(၁၈) ကြောရိုးကြောင်းမထင်၊ တစ်ပြင်တည်း ပြည့်ဖြိုးသော လက်ပြင်ကျောသား ကျောရေ ရှိတော်မူတယ်။

(၁၉) ပညောင်ပင်သည် အဝန်းနှင့်အရပ် ညီမျှသကဲ့သို့ အလံနှင့် အရပ် ညီမျှ၍ ပြည့်ဝန်းသောကိုယ် ရှိတော်မူတယ်။

(၂၀) ရွှေမုရိုးစည်ကဲ့သို့ ညီညွတ်လုံးဝန်းသောလည် ရှိတော်မူတယ်။

(၂၁) အရသာကို ဆောင်နိုင်သော တစ်ထောင်သောအကြော ရှိတယ်။

(၂၂) ခြင်္သေ့မင်း၏ အောက်မေးကဲ့သို့ ပြည့်ဖြိုးသောမေးရှိတယ်။

(၂၃) စွယ်တော်လေးဆူပါ အားလုံး သွားတော်လေးဆယ်ရှိတယ်။

(၂၄) လွှဖြင့်တိသကဲ့သို့ ညီညွတ်သော သွားရှိတယ်။



(၂၅) မကျဲမခေါမူ၍ အလွန်စေ့စပ်သော သွားရှိတယ်။

(၂၆) သောက်ရှူးကြယ်အတူ ဖြူစင်သော စွယ်တော်လေးဆူ ရှိတယ်။

(၂၇) နဖူးပြင်ကို ဖုံးလွှမ်းနိုင်သော အလွန်ပြန့်ကျယ်သောလျှာ ရှိတယ်။

(၂၈) ဗြဟ္မာမင်း၏အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောအသံ ရှိတယ်။

(၂၉) အလွန်ညိုမှောင်သော မျက်နက်ဝန်း ရှိတော်မူတယ်။

(၃၀) နွားငယ်၏ မျက်ကွင်းကဲ့သို့ ပွင့်လင်းကြည်လင်သော မျက်မှောင်ရှိတော်မူတယ်။

(၃၁) မျက်ခုံးနှစ်ဖက်၏အလယ် သောက်ရှူးကြယ်ကဲ့သို့တင့်တယ်သော ဥဏ္ဏာလုံမွေးရှင်တော်ပါရှိတယ်။

(၃၂) ရွှေသင်းကျစ် ရစ်ပတ်သကဲ့သို့ နဖူးသင်းကျစ်ဖြင့် တင့်တယ်သော ဦးခေါင်းရှိတော်မူတယ်။

အခုပြောခဲ့တာက ဗြဟ္မာယုသုတ်ကလာတဲ့ ဘုရားရှင်ရဲ့ လက္ခဏာတော်ကြီး ၃၂ ပါးဖြစ်တယ်။

## လက္ခဏာတော်ငယ် ရှစ်ဆယ်

(၁) စေ့စပ်သော ခြေချောင်း လက်ချောင်းတော်ရှိခြင်း၊

(၂) သွယ်ဖြူး၍ဖြောင့်သော ခြေချောင်း၊ လက်ချောင်းတော်ရှိခြင်း၊

(၃) လုံးလျောင်းချောမွေ့သော ခြေချောင်း လက်ချောင်းတော်ရှိခြင်း၊

(၄) နီမြန်းသော ခြေသည်းလက်သည်းတော်ရှိခြင်း၊

(၅) ရှည်သွယ်မြင့်မားသော ခြေသည်း လက်သည်းတော်ရှိခြင်း၊

(၆) ပြေပြစ်ချောမွေ့သော ခြေသည်း လက်သည်းတော်ရှိခြင်း၊

(၇) ပြေပြစ်ချောမွတ်သော ဖမျက်တော်ရှိခြင်း၊

(၈) တို, ရှည်, နိမ့်, မြင့် မရှိ၊ ညီညတ်သောခြေ ရှိတော်မူခြင်း။

(၉) ဆဒ္ဒန်ဆင်မင်းကဲ့သို့ သွားလာပုံ ယဉ်ကျေးတော်မူခြင်း။

(၁၀) ခြသေ့်မင်းအလား သွားလာပုံ ခန့်ငြားတော်မူခြင်း။

(၁၁) ရွှေဟင်္သာ ကွန့်မြူးသကဲ့သို့ အထူးတင့်တယ်သော သွားလာဟန် ရှိတော်မူခြင်း။

(၁၂) ဥသဘနွားမင်းကဲ့သို့ တင့်တယ်သော သွားလာဟန်ရှိခြင်း။

(၁၃) လက်ယာခြေတော်ကိုချီ၍ လက်ယာရစ်လည်သော သွားခြင်းရှိခြင်း။

(၁၄) အဖုအထစ်မထင်သော လုံးဝန်းသော ပုဆစ်ရှိခြင်း။

(၁၅) ပြည့်စုံသော ယောကျ်ားမြတ်နိမိတ်ရှိခြင်း။

(၁၆) အရေးအကြောင်းမပြတ်သောချက် ရှိခြင်း။

(၁၇) နက်သောချက် ရှိတော်မူခြင်း။

(၁၈) လက်ယာရစ်လည်သောချက် ရှိတော်မူခြင်း။



(၁၉) ဆင်နှာမောင်းကဲ့သို့ သွယ်ပျောင်းသောပေါင်တော်၊ လက်ရုံးတော်ရှိခြင်း။

(၂၀) တစ်သားတည်းညီညွတ်သောကိုယ် ရှိတော်မူခြင်း။

(၂၁) အစဉ်အတိုင်း ချောပြေညီညွတ်သောကိုယ် ရှိတော်မူခြင်း။

(၂၂) ချောမွေ့လှပသော ကိုယ်တော်ရှိခြင်း။

(၂၃) ရှိုင်းသင့်ရာ ရှိုင်း၊ ဖြိုးသင့်ရာ ဖြိုး၊ အမျိုးမျိုးတင့်တယ်သော ကိုယ်တော်ရှိခြင်း။

(၂၄) အရေရှုံ့တွန့်ခြင်းကင်းသောကိုယ်တော်ရှိခြင်း။

(၂၅) ဝက်ခြံ၊ မှဲ့၊ တင်းတိတ်၊ ပွေး စသည်တို့မှ ကင်းဝေးသန့်ရှင်းသော ကိုယ်တော်ရှိခြင်း။

(၂၆) အစဉ်အတိုင်း နှစ်သက်မြတ်နိုးဖွယ်သောကိုယ်တော်ရှိခြင်း။

(၂၇) စင်ကြယ်သောကိုယ်တော်ရှိခြင်း။

(၂၈) နူးညံ့ပျော့ပျောင်းသော ကိုယ်တော်ရှိခြင်း။

(၂၉) လမင်းကဲ့သို့ အေးမြကြည်လင်သော ကိုယ်တော်ရှိခြင်း၊

(၃၀) အရောင်ထွက်သောကိုယ်တော်ရှိခြင်း။

(၃၁) ဆီခွေးကင်း၍ သန့်ရှင်းသောကိုယ်တော်ရှိခြင်း။

(၃၂) နှစ်မြို့ဖွယ်သော ကိုယ်တော်ရှိခြင်း။

(၃၃) ပြေပြစ်ချောမွေ့သော ကိုယ်တော်ရှိခြင်း။

(၃၄) မွေးကြိုင်သောကိုယ်တော်ရှိခြင်း။

(၃၅) ကုဋေတစ်ထောင်အားကိုဆောင်နိုင်သော ကိုယ်တော်ရှိခြင်း။

(၃၆) ရွှေချွန်းကဲ့သို့ တင့်တယ်မြင့်ချွန်းသောနှာခေါင်းတော်ရှိခြင်း။

(၃၇) ပတ္တမြားသွေး နီတွေးသော သွားဖုံးတော်ရှိခြင်း။

(၃၈) မွေးဖြူစင်ကြယ်သော သွားတော်ရှိခြင်း။
(၃၉) ညီညာပြေပြစ်သော သွားတော်ရှိခြင်း။
(၄၀) စင်ကြယ်သန့်ရှင်းသော ဣန္ဒြေတော်ရှိခြင်း။
(၄၁) ကောင်းစွာလုံးဝန်းသော စွယ်တော်ရှိခြင်း။
(၄၂) အဖျားချွန်သော စွယ်တော်ရှိခြင်း။
(၄၃) နီမြန်းသော နှုတ်ခမ်းတော်ရှိခြင်း။
(၄၄) ကျယ်ပြန့်သော ခံတွင်းတော်ရှိခြင်း။
(၄၅) ကောင်းသောရနံ့ရှိသော ခံတွင်းတော်ရှိခြင်း။
(၄၆) လက်ဝါးတော်၌ နက်နဲသော အရေးအကြောင်းရှိခြင်း။
(၄၇) ဖြောင့်မတ်သော လက္ခဏာအရေးရှိခြင်း။
(၄၈) ရှည်လျားသော လက္ခဏာအရေးအသားရှိခြင်း။
(၄၉) နှစ်သက်တင့်တယ် ရှုချင်စဖွယ်သဏ္ဍာန် အရေးအသားရှိခြင်း။
(၅၀) ကိုယ်တော်ကို ဝိုင်းဝန်း၍ တစ်လံမျှလောက်သော ဗျာမပ္ပဘာ ကိုယ်ရောင်တော်ရှိခြင်း။
(၅၁) ပြည့်ဖြိုးသော ပါးပြင်တော်ရှိခြင်း။
(၅၂) ရှည်လျားကျယ်ပြန့်သော မျက်လုံးတော်ရှိခြင်း။
(၅၃) အညို၊ အရွှေ၊ အဖြူ၊ အနီ၊ အနက် အဆင်းငါးပါးထွက်သော မျက်လုံးတော်ရှိခြင်း။
(၅၄) ကော့သောမျက်တောင် မျက်ခုံးတော်ရှိခြင်း။
(၅၅) နူးညံ့၍ နီမြန်းသော လျှာတော်ရှိခြင်း။
(၅၆) ရှည်လျားတင့်တယ်သော နားရွက်တော်ရှိခြင်း။
(၅၇) ချောမွေ့သော ဦးခေါင်းတော်ရှိခြင်း။



(၅၈) ညီညွတ်သော ဦးခေါင်းတော်ရှိခြင်း။
(၅၉) ထီးဝန်းအသွင် ထက်ဝန်းကျင် ရောင်လျှံထွက်သော ဦးခေါင်းတော်ရှိခြင်း။
(၆၀) ကောင်းသောရနံ့တို့ဖြင့် ထုံသော ဦးထိပ်တော်ရှိခြင်း။
(၆၁) ကျယ်ပြန့်သော နဖူးတော်ရှိခြင်း။
(၆၂) တင့်တယ်သော သဏ္ဍာန်ရှိသော မျက်မှောင်တော်ရှိခြင်း။
(၆၃) အဖျားသွယ်ဖြူး၍ အထူးတင့်တယ်သော မျက်မှောင်တော်ရှိခြင်း။
(၆၄) ရှည်လျားကျယ်ပြန့်သော မျက်မှောင်တော်ရှိခြင်း။
(၆၅) နူးညံ့သော အမွေးရောက်သော မျက်ခုံးမျက်မှောင်ရှိခြင်း။
(၆၆) မွေးတွင်းစီ၍ အညီအညွတ်ပေါက်သော မွေးညင်းရှိခြင်း။
(၆၇) စိမ်းစိုသိမ်မွေ့သော မွေးညင်းရှိခြင်း။
(၆၈) လက်ယာရစ်လည်သော မွေးညင်းရှိခြင်း။
(၆၉) မျက်ဝန်းညိုအသွင် စိမ်းလွင်ညိုမှောင်သော အမွေးရှိခြင်း။
(၇၀) ကောက်ကွေ့ခြင်းကင်း၍ သန့်ရှင်းသော ပြေပြစ်သော အမွေးရှိခြင်း။
(၇၁) ပိတုန်းရောင်ကဲ့သို့ ညိုမှောင်သော ဆံတော်ရှိခြင်း။
(၇၂) လက်ယာရစ်လှည့်ဝိုက်၍ ဦးထိပ်၌စုသော ဆံတော်ရှိခြင်း။
(၇၃) ကောင်းသောသဏ္ဍာန်ရှိသော ဆံချောင်း၊ ဆံပင်ရှိခြင်း။
(၇၄) ပြေပြစ်သန့်ရှင်းသော ဆံတော်ရှိခြင်း။
(၇၅) နူးညံ့သိမ်မွေ့သော ဆံတော်ရှိခြင်း။
(၇၆) မရှုပ်မထွေးသော ဆံတော်ရှိခြင်း။
(၇၇) စိုပြည်သော ဆံတော်ရှိခြင်း။

(၇၈) မွေးကြိုင်သော ဆံတော်ရှိခြင်း။

(၇၉) သိမ်မွေ့သော ထွက်သက်ဝင်သက်ရှိခြင်း။

(၈၀) ဦးခေါင်းတော်အထက်၌ ပြိုးပြက်ရောင်စုံ မကိုဋ်ရုံသကဲ့သို့ ယှက်ဆုံပေါင်းစုသော ကေတုမာလာ ရတနာရောင်လျှံ တော်ရှိခြင်း။

ယခုပြောခဲ့တာက အနာဂတဝင်ကျမ်း ဇိနာလင်္ကာရ ဋီကာတို့ကလာတဲ့ ဘုရားရှင်ရဲ့ လက္ခဏာတော်ငယ် ၈၀ ဖြစ်တယ်၊ လက္ခဏာတော်ကြီး ၃၂ ပါးမှာ အမှတ် ၂ စက်လက္ခဏာနှင့် ပြည့်စုံသော ခြေဖဝါးအပြင် ရှိတယ်လို့ ဆိုပါတယ်။ စက်လက္ခဏာ ဆိုတဲ့ စကားရပ်မှာ စက်ဆိုတာက အဝန်းအဝိုင်း စကြာဘီး ပုံဖြစ်ပြီး လက္ခဏာတော်ဆိုတာက အမှတ်အသား ရုပ်ပုံအကွက် ၁၀၈ ကွက် ပါတာကို ဆိုလိုတယ်။

(ထီးချိုင့်မြို့ တည်တောာဆရာတော် ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ အမှတ် ၅)



မြတ်စွာဘုရားရှင်၏ စက်လက္ခဏာတော် (၁၀၈)ကွက် ပါရှိသော ခြေတော်ရာ

# စက်လက္ခဏာတော် ၁၀၈ ပါး

လက္ခဏာတော်ကြီး ၃၂ ပါးမှာ အမှတ် (၂) စက်လက္ခဏာနှင့်ပြည့်စုံသော ခြေဖဝါးအပြင် ရှိတယ်လို့ဆိုပါတယ်။ စက်လက္ခဏာဆိုတဲ့ စကားရပ်မှာ စက်ဆိုတာက အဝန်းအဝိုင်း စကြာဘီးပုံဖြစ်ပြီး လက္ခဏာတော်ဆိုတာကအမှတ်အသား ရုပ်ပုံအကွက် ၁၀၈ ကွက်ပါတာကို ဆိုလိုတယ်။

အဲဒီ ၁၀၈ ကွက်သော စက်လက္ခဏာတော်ကို အနာဂတဝင်ကျမ်း၊ ဓိနာလင်္ကာရဋီကာတို့မှာ ဒီလို ဖွင့်ပြထားတယ်။

(၁) **သတ္တိ** = လှံမပုံ၊ (၂) **သိရိဝစ္ဆ** = ကျက်သရေရှိသောအိမ်မွန်၊ (၃) **နန္ဒိယာဝဋ္ဋ**=ဇလပ်ပွင့်ပုံ၊ (၄) **သောတတ္တိယ** = လည်ရေးသုံးဆင့်ပုံ၊ (၅) **ဝဋံသက**=ဦးဆောက်ပန်းပွင့်ပုံ၊ (၆) **ပမှမာန** = ထမင်းပွဲပုံ၊ (၇) **ဘဒ္ဒပီဌ**=ရေအင်းပျဉ်ပုံ၊ (၈) အင်္ကုသ= ချွန်းတောင်းပုံ (၉) **ပါသာဒ**= ပြာသာဒ်ပုံ၊ (၁၀) **တောရဏ** = တုရင်တိုင်ပုံ၊ (၁၁) **သေတစ္ဆတ္တ**=ထီးဖြူပုံ၊ (၁၂) **ခဂ္ဂ**= သန်လျက်ပုံ၊ (၁၃) **တာလဝဏ္ဋ** = ထမ်းရွက်ယပ်ဝန်းပုံ၊ (၁၄) **မယူရဟတ္ထ**=ဥဒေါင်းမြီးစည်းယပ်ပုံ၊ (၁၅) **စာမရိဟတ္ထ**= စာမရီသားမြီးယပ်ပုံ၊ (၁၆) **ဥဏှီသ**=ရွှေသင်းကျစ်ပုံ၊ (၁၇)**ပတ္တ**=

မြသပိတ်ပုံ၊ (၁၈) **မဏိ**=ပတ္တမြားပုံ၊ (၁၉) **သုမနဒါမ** = မုလေးပန်းကုံးပုံ၊ (၂၀) **နီလုပ္ပလ** = ကြာညိုပန်းပုံ၊ (၂၁) **ရတ္တုပ္ပလ**= ကြာနီပန်းပုံ၊ (၂၂) **သေတုပ္ပလ**= ကြာဖြူပန်းပုံ၊ (၂၃) **ပဒုမ**= ပဒုမ္မာကြာနီပုံ၊ (၂၄) **ပုဏ္ဍရိက**=ပုဏ္ဍရိတ်ကြာပန်းပုံ၊ (၂၅) **ပုဏ္ဏဃဋ**= ရေပြည့်အိုးပုံ၊ (၂၆) **ပုဏ္ဏပါတိ**=ရေပြည့်ဖလားပုံ၊ (၂၇) **သမုဒ္ဒ**=သမုဒ္ဒရာလေးစင်းပုံ (၂၈) **စက္ကဝါဠ**= စကြဝဠာတောင်ပုံ၊ (၂၉) **မေရု**=မြင်းမိုရ်တောင်ပုံ၊ (၃၀) **သူရိယမဏ္ဍလ**= နေစက်ဝန်းပုံ၊ (၃၁) **စန္ဒမဏ္ဍလ**=လစက်ဝန်းပုံ၊ (၃၂) **နက္ခတ္တ**= နက္ခတ်ပုံ၊ (၃၃၊ ၃၄၊ ၃၅၊ ၃၆) **စတုမဟာဒီပ**=အခြံအရံနှင့်တကွကျွန်းကြီးလေးကျွန်းပုံ၊ (၃၇) **စက္ကဝတ္တိ**=စကြာမင်းရုပ်ပုံ၊ (၃၈) **ဒက္ခိဏာဝဋ္ဋသင်္ခ**= လက်ယာရစ်ခရုသင်းပုံ၊ (၃၉) **သုဝဏ္ဏမစ္ဆယုဂလ**=ရွှေငါးကြင်းအစုံရုပ်ပုံ၊ (၄၀)**စက္ကာဝုဓ**=လက်နက်စကြာပုံ (၄၁) **သတ္တမဟာဂင်္ဂါ**= မြစ်ကြီးခုနစ်စင်းပုံ၊ **သတ္တကုလပဗ္ဗတာ**= သတ္တရဘ္ဘန်တောင်စဉ်ခုနစ်ထပ်ပုံ၊ **သတ္တမဟာသာဂရ**=အိုင်ကြီးခုနစ်အိုင်ပုံ (ဤ၌ မြစ်ကြီး ၇ စင်း၊ တောင်စဉ် ၇ ထပ်၊ အိုင်ကြီး ၇ အိုင်၊ ၇ x ၃ = ၂၁ဖြစ်၍ ယခင် ၄၀ နှင့် ပေါင်းလျှင် ၆၁ ဖြစ်ပါသည်။)

(၆၂) **သုပဏ္ဏရာဇ**=ဂဠုန်ငှက်မင်းပုံ (၆၃) **သုံသုမာရ**= မိချောင်းမင်းပုံ (၆၄) **ဓေပဋာက**=တံခွန်၊ ကုက္ကားမုလေးဖွားပုံ (၆၅) **သုဝဏ္ဏသိဝိကာ** = ရွှေထမ်းစင်ပုံ (၆၆) **သုဝဏ္ဏဝါဠဗီဇနီ**= ရွှေသား မြီးယပ်ပုံ၊ (၆၇) **ကေလာသပဗ္ဗတ**=ကေလာသငွေတောင်ကြီးပုံ (၆၈) **သီဟရာဇ**=ခြင်္သေ့မင်းပုံ၊ (၆၉) **ဗျဂ္ဃရာဇ**= ကျားမင်းပုံ၊ (၇၀) **ဝလာဟကအဿရာဇ**=ဝလာဟကမြင်းပျံပုံ



(၇၁) **ဥပေါသထဆဒ္ဒန္တနာဂရာဇ**= ဥပေါသထဆင်+ ဆဒ္ဒန်ဆင်မင်းပုံ (၇၂) **ဗာသုကီနာဂရာဇာ**= ဗာသုကီနဂါးမင်းပုံ၊ (၇၃) **ဟံသရာဇာ**= ရွှေဟင်္သာမင်းပုံ (၇၄) **ဥသဘရာဇ**=နွားလားဥသဘပုံ (၇၅)**ဧရာဝဏ**= ဧရာဝဏ်ဆင်မင်းပုံ၊ (၇၆) **သုဝဏ္ဏမကာရ** =ရွှေမကန် ရုပ်ပုံ (၇၇) **စတုမုခ** =မျက်နှာလေးဘက်ရှိသောဗြဟ္မာမင်းပုံ (၇၈)**သုဝဏ္ဏနာဝါ**=ရွှေလှေပုံ၊ (၇၉) **သဝစ္ဆဂါဝီ**= နွားငယ်နှင့် တကွသော နွားမပုံ၊ (၈၀)**ကိံပုရိသ**=ကိန္နရာဖိုပုံ (၈၁) **ကိံပုရိသီ**= ကိန္နရီမပုံ (၈၂) **ကရဝိက**=ကရဝိတ်ငှက်မင်းပုံ၊ (၈၃) **မယူရရာဇာ**= ရွှေဥဒေါင်းမင်းပုံ (၈၄) **ကောဉ္စရာဇာ**= ကြိုးကြာငှက်မင်းပုံ (၈၅) **စက္ကဝက္ကရာဇာ**=စက္ကဝက်ငှက်မင်းပုံ (၈၆) **ဇီဝဇီဝကရာဇာ**= ဇီဝဇိုးငှက်မင်းပုံ၊ **ဆဒေဝလောက**= နတ်ပြည် ၆ ထပ်ပုံ၊ **သောဠသ ရူပဗြဟ္မလောက**= ရူပဗြဟ္မာဘုံ ၁၆–ထပ်၊ ပေါင်း ၂၂–ထည့် ပေါင်းလျှင် ၁၀၈–ကွက် စက်လက္ခဏာ ဖြစ်သည်။

(ထီးချိုင့်မြို့–တည်တောဆရာတော်–ယနေ့ဗုဒ္ဓဝါဒ အမေးအဖြေများ–၇–၈–၉)

## နိဂုံး

ကျွန်တော် နိဂုံးချုပ် တင်ပြလိုသည်မှာ–

သုမေဓာရှင်ရသေ့ဘဝမှသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ကိုယ်ကျိုးများကို စွန့်လွှတ်အနစ်နာခံ၍ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအတွက် သဗ္ဗညုတဉာဏ်တော် ရရှိသည်အထိ အားထုတ်ကျင့်ကြံမှုသည် **၃၁ ဘုံတွင် ကျင်လည်စေဖို့မဟုတ်ပါ။**

**မြတ်စွာဘုရားရှင်၏ စေတနာတော်သည် ၃၁ ဘုံမှ ကင်းလွတ်၍ နောင်တစ်ဖန် သံသရာမလည်နိုင်စေသော နိဗ္ဗာန်ရွှေပြည်မြတ်ကို မျက်မှောက်ပြုနိုင်စေဖို့ ဖြစ်ပါသည်။**

သည့်အတွက်ကြောင့် မြတ်စွာဘုရားရှင်သည် ဝေနေယျသတ္တဝါတို့၏ အကျိုးငှာ နေ့စဉ်တရားဓမ္မများကို သဗ္ဗညုတဉာဏ်တော်ရရှိပြီးသည်မှစ၍ ပရိနိဗ္ဗာန်ပြုသည့် နောက်ဆုံးအချိန်အထိ ၄၅ ဝါပတ်လုံး မနေမနား ဟောကြားသွန်သင် ဆုံးမလမ်းညွှန်တော် မူခဲ့ပါသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုသည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော်ပင် ကျော်သော်ငြားလည်း၊ မြတ်စွာဘုရားရှင်၏ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းညွှန်ပြသည့် တရားတော်များကိုတူရာစုစည်းကာ **ဝိနည်းပိဋက(စည်းကမ်းဥပဒေ)၊သုတ္တန်ပိဋက(ကျင့်စဉ်)၊**



**အဘိဓမ္မာ ပိဋက (အတွေးအခေါ်ပိုင်း သဘောတရား)** ဟူသော ခြင်းတောင်းကြီး သုံးလုံးထဲသို့ ခွဲဝေထည့်သွင်းတော်မူကြပြီး သင်္ဂါယနာအဆက်ဆက်တင်ကာ ကျေးဇူး တော်ရှင် သံဃာတော်အရှင်သူမြတ်တို့သည် အစဉ်အဆက်စောင့် ထိန်း၊ စောင့်ရှောက်၊ ကာကွယ်နိုင်ခဲ့ကြသောကြောင့် ယခုထက်တိုင် မပျောက်မပျက်တည်ရှိနေရခြင်း ဖြစ်ပါသည်။

သည့်အတွက်ကြောင့် မြတ်စွာဘုရားရှင်၏ နိဗ္ဗာန်လမ်းညွှန်အတိုင်း ကျွန်တော်တို့ အားလုံးသည်–

**အဓိသီလ**

**အဓိသမာဓိ**

**အဓိပညာ**

သိက္ခာ ၃ ရပ်ကို ဖြည့်ဆည်း ကျင့်ကြံအားထုတ်၍ ဒုက္ခသစ္စာတရားဖြစ်သော ရုပ်၊ နာမ်ဓမ္မတို့ ချုပ်ငြိမ်း ရုပ်သိမ်းရာ အမြိုက်နိဗ္ဗာန်သို့ ယခုဘဝမှာပင် မျက်မှောက်ပြုနိုင်အောင် ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ကြပါစို့ဟု နှိုးဆော်တိုက်တွန်းလျက် ဤစာမူကို ဤတွင်နိဂုံးချုပ်အပ်ပါသည်။

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ။

သာသနာအကျိုး ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေ။

၄–၁၀–၀၄


**ည ၉:၃၀ နာရီတွင် ပြီးစီး၏။**

# ကျမ်းကိုးစာရင်းများ

၁။ ဓိနတ္ထပကာသနီ - ကျီးသဲလေးထပ်ဆရာတော်
၂။ ရတနာဂုဏ်ရည် - အရှင်ဇနကာဘိဝံသ
၃။ ဘုရားအဖြစ်တော်စဉ်
ဗုဒ္ဓဝင်အမေးအဖြေ - အရှင်ဇနကာဘိဝံသ
၄။ လူတိုင်းအတွက်ပိဋကသုံးပုံ - ဦးမောင်မောင်စိုးတင့်
၅။ ထေရဝါဒဗုဒ္ဓဘာသာ - ရေစကြိုအရှင်ဓသိက
၆။ ဗုဒ္ဓဝင်မှတ်တမ်း - သစ္စာနီ
၇။ လူငယ်တို့အတွက်
ဗုဒ္ဓအကြောင်း - သာမဏေကျော်
၈။ ဘုရားနဲ့စပ် အထူးမှတ်ဖွယ် - သာမဏေကျော်
၉။ ဗုဒ္ဓဘာသာဝင်လက်စွဲ - အရှင်သေဋ္ဌိလ
၁၀။ ဦးလောကနာထ၏
ကမ္ဘာလှည့်တရား - ဓမ္မာစရိယဦးငွေးလှိုင်
၁၁။ လောကသားတို့၏
အနှိုင်းမဲ့ကျေးဇူးရှင် - ဦးရွှေအောင်
၁၂။ သုခမှတ်စု - ဦးသုခ
၁၃။ သင်္ဂါယနာသုံးတန် - ဝဏ္ဏသိရိ
၁၄။ သိဒ္ဓတ္ထ၏ဒဿနအလင်း - အောင်ခင်စိုး
၁၅။ မြတ်စွာဘုရားပွင့်တော်မူရာ - မောင်အံ့
ဗုဒ္ဓဂယာ (မဟာဝိဇ္ဇာ–ဘုံဘေ)
၁၆။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ - ဓမ္မာစရိယဦးငွေးလှိုင်
၁၇။ ဗုဒ္ဓ၏မြတ်စွယ်တော်(ပ+ဒု) - ဆရာဝန်တင်ရွှေ÷



ဒေါ်အေးသန့်
၁၈။ သတ္တဝါအစဖြစ်ပုံ၊ တည်တောဆရာတော်
ဗုဒ္ဓဘာသာဟူသည်အရိယာ - (ထီးချိုင့်မြို့)
၁၉။ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာအမေးအဖြေများ
အမှတ်စဉ် (၁) မှ (၆) - တည်တောဆရာတော်(ထီးချိုင့်မြို့)
၂၀။ ဗုဒ္ဓဘာသာလက်စွဲကျမ်း
(ပထမတွဲ) - သာသနာရေးဦးစီးဌာန
၂၁။ မဟာလူသားဗုဒ္ဓ - ပါရဂူ
၂၂။ ဝိပဿနာဒီပနီ - လယ်တီဆရာတော်ဘုရား[illegible]
၂၃။ မဇ္ဈိမပဏ္ဏာသပါဠိတော် - သာသနာရေးဝန်ကြီးဌာန
၂၄။ ဗုဒ္ဓသာသနာတော် ၂၅၀၀ခရီး- မောင်အံ့ (မဟာဝိဇ္ဇာ–ဘုံဘေ)
၂၅။ ထူးခြားပြည့်စုံသော
ရွှေတိဂုံစေတီတော်သမိုင်း - ဦးညွန့်ဝေ
၂၆။ သာသနာပြု အုဂ်ဖိုရ်ဆရာတော်၏
သာသနာသန့်ရှင်းတည်တံ့ရေး- ဦးတင်ရွှေ
၂၇။ ဗုဒ္ဓ၏ဩဝါဒအမြုတေ - ဒဂုန်ဦးထွန်းမြင့်
၂၈။ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်
ဆည်းကပ်လာသူတစ်ယောက်အကြောင်း - ဆန်းလွင်
၂၉။ ဘယ်သွားချင်လဲ လူသားတိုင်းအတွက်
ဘဝခရီးလမ်းညွှန် - ပြည်ကျော်လွင်(ပညာရေး)
၃၀။ ပါရမီဆယ်ပါး - ဓမ္မာစရိယ ဦးမောင်မောင်လေး
၃၁။ ဗုဒ္ဓဝါဒ
အခြေခံသဘောတရားများ - အရှင်ဉာဏိဿရ
၃၂။ မင်္ဂလာ ဓာရဏကထာ - မဟာဗောဓိမြိုင်ဆရာတော်
၃၃။ နှစ်ပေါင်း–၂၅၀၀ကျော်က
စကားမြတ်များ - သာမဏေကျော်


ဗုဒ္ဓဘာသာဝင် လူငယ်တိုင်း သိသင့်သော
လူသားစစ်စစ်
ဗုဒ္ဓ
ဦးငွေအောင် (ရုက္ခဗေဒ)
စုစည်းတင်ပြသည်